www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

**စာမူခွင့်ပြုချက်**

၅၀၀၇၆/၂၀၀၅၀၇

**အဖုံးခွင့်ပြုချက်**

၅၀၀၉၀၄၀၅၀၇

**ထုတ်ဝေသူ**

ဦးချစ်ညွန့်

(ဇင်ရတနာစာပေ)

အမှတ်-၂၀၅၊ က/၄လမ်း၊ မြို့သစ်ရပ်ကွက်၊

အင်းစိန်မြို့။

**အတွင်းနှင့်အဖုံးပုံနှိပ်သူ**

ဦးမောင်မောင်လွင်

ကဝိရတနာပုံနှိပ်တိုက်

အမှတ်(၂၀၄)၊ ၃၀လမ်း၊ ပန်းဘဲတန်းမြို့နယ်။

၂၀၀၅ ခုနှစ်၊ ဩဂုတ်လ၊ ပထမအကြိမ်

အုပ်ရေ(၅၀၀)၊ တန်ဖိုး(၇၀၀)ကျပ်

BURMESE CLASSIC

စီစဉ်သူ

**မယုယုလွှင်**

(ရွှေမင်းသမီးစာပေ)

ဖြန့်ချိရေး

**ရွှေမင်းသမီးစာပေ**

အမှတ်(၁၅) F ၊မဟာဗောဂလမ်း၊ မြေနီကုန်း၊

စမ်းချောင်းမြို့နယ်။ ဖုံး- ၀၉ ၅၁၃ ၁၉၈၄

www.burmeseclassic.com

www.burmeseclassic.com

'ဆရာကျော်'

'ဝေ…'

'ဘာလဲကွ ရဲမြင့်'

'ဆရာကျော်ရယ်၊ ကိုတင်မြတ်နဲ့ ကိုမိုးကျော်တို့ကို ဆရာကြီးခေါ်တယ်၊ အခုလာခဲ့ပါတဲ့'

'ဘာကိစ္စလဲ ညီလေး'

'မသိဘူး ဆရာကျော်၊ ရွာလူကြီးတွေ ရောက်နေတယ်၊ ရွာလူကြီးတွေ မျက်နှာတော့မကောင်းဘူး၊ ကဲ… ဆရာကျော်တို့ သုံးယောက် အခုလိုက်ခဲ့ကြပါလား'

'အေး… မင်းသွားနှင့်၊ ငါ မိုးကျော်နဲ့ တင်မြတ် ခေါ်ပြီး လာခဲ့မယ်'

'ကိုတင်မြတ်တို့ ဘော်လီဘောကစားနေတာ တွေ့တယ်၊ ကျွန်တော် သွားခေါ်လိုက်မယ်လေ'

www.burmeseclassic.com

www.burmeseclassic.com



'ညီလေး သွားနှင့်ပါ၊ ငါခေါ်ပြီး လာခဲ့မယ်'

'ဒါဆို ကျွန်တော်သွားပြီ'

'အေး--- အေး'

ကျွန်တော်သည် ဘောလီဘောကွင်းဘက်သွားတော့ တင်မြတ်တို့ ဘောလီဘော ကစားနေကြသည်။ မိုးကျော်အောင်မှာ ဒိုင်လူကြီး လုပ်ပေးနေသဖြင့် ကျွန်တော် သူတို့ထံ ရောက်ပြီး မိုးကျော်အောင်နှင့် တင်မြတ်အားခေါ်ယူကာ တပ်စုရုံး ရှိရာသို့ ထွက်ခဲ့ကြပါသည်။

'ဆရာကြီး၊ ကျွန်တော်တို့ ရောက်ပါပြီ'

'အေး--- ထိုင်ကွာ'

ထိုင်ရင်း ရှာလူကြီးတွေကြည့်လိုက်တော့ စီအုပ်ရှာသူကြီး ဦးလောဟူနှင့်အတူ နောက်ထပ်လူကြီးနှစ်ဦး တွေ့ရပါသည်။ ကျွန်တော် နောက်ထပ်လူကြီး ဦးပန်းမောင်အား ကောင်းစွာသိလိုက်ပါသည်။ ဦးပန်းမောင်မှာ စီမော်ရွာလူကြီးဖြစ်ကြောင်း၊ ကျွန်တော်တို့အား မလိုလားသောအကြည့်၊ မလိုလားသော ဆက်ဆံမှုဖြင့် တုံ့ပြန်ခဲ့သော ရွာလူကြီးဖြစ်နေသည့်အပြင် သူ့အားမှ ဦးကြင်ဖမှာလည်း စီမော်ရွာမှပင်ဖြစ်သည်ကို ကျွန်တော် ကောင်းစွာ သိလိုက်သကဲ့သို့ မိုးကျော်အောင်နှင့် တင်မြတ်တို့ပါ သတိထားသိလိုက်သည့်အပြင် မိုးကျော်အောင်မှ ကျွန်တော့်အား လက်တို့လိုက်၏။

ထိုစီမော်ရွာလူကြီး ဦးပန်းမောင်နှင့်အတူ ဦးကြင်ဖတို့



သည် ကျွန်တော်တို့အားမြင်ပြီး သူတို့မျက်နှာတွေ ပျက်သွားကြ၏။ မျက်လုံးတွေလည်း ပြူးသွားသည်ကို ကျွန်တော်တို့ သုံးယောက် ကောင်းစွာ သတိထားလိုက်မိပါသည်။ သူတို့ ကျွန်တော်နှင့် မိုးကျော်အောင်၊ တင်မြတ်တို့အား နောက်ထပ် မကြည့်တော့ဘဲ ခေါင်းငုံ့သွားကြသည်။

ထိုအချိန်တွင် တပ်သားရဲမြင့်သည် လက်ဖက်ရည် အချိုသုံးခွက်အား မတ်ခွက်နှင့်ယူလာပြီး လူကြီးသုံးယောက်အား တလေးတစား လက်ဖြင့် တစ်ယောက်တစ်ခွက်စီပေးနေကြ၏။ ကျွန်တော်တို့သုံးယောက်အတွက်တော့ စိတ်ထဲမှာ ဆော်တော်လေး ဒေါကန်နေမိသည်။ လက်ဖက်ရည်တိုက်နေမှုကိုပင် မလိုအပ်ဟု တွေးမိသည်။

ကျွန်တော်တို့သုံးယောက် စီအုပ်ရွာသူကြီး ဦးလောဟူကိုဖြင့် အပြစ်မတင်ပါ။ သို့သော် စီမော်ရွာလူကြီး ဦးပန်းမောင်နှင့် ဦးကြင်ဖတို့နှစ်ယောက်အပေါ်တော့ အခဲမကျေချင်ပါ။ အဘယ်ကြောင့်ဆိုသော် ကျွန်တော်တို့ ခံခဲ့ရသောအဖြစ်ကရင်ထဲမှာ အောင့်နေဆဲပင်။ ထိုအဖြစ်အား ရှည်ရှည်ဝေးဝေးပြန်တွေးရပါ၏။ သတိရသည်နှင့် ဒေါသပါချင်လာ၏။ အကြောင်းမှာ ကျွန်တော်တို့အဖွဲ့ ပြီးခဲ့သော လေးရက်ခန့်က ဆရာကြီးတပ်စုအား ဒုအရာခံဗိုလ်လှဝေ၏ တာဝန်ပေးချက်အရ စီမော်ရွာသို့ ရောက်သွားပါသည်။

ထိုစီမော်ရွာရောက်တော့ ပထမဆုံး ဦးကြင်ဖရှိသူအား

www.burmeseclassic.com

www.burmeseclassic.com



တွေ့လိုက်သည်နှင့် ကျွန်တော်သည် မျက်နှာချိုသွေးကာ ဦးကြင်ဖ နားကပ်သွားပြီးသည်နှင့် တလေးတစားပင် မိတ်ဆက်လိုက်ပါသည်။

'အဘ… ကျွန်တော်တို့ စီအူးစခန်းကပါ၊ ဒီဘက်ကို နယ်မြေလုံခြုံရေးနဲ့အတူ တစ်ခါမှ မရောက်ဘူးသေးလို့ နယ်မြေလေ့လာရင်း အဘတို့ရွာလူကြီး ဦးပန်းမောင်နဲ့လည်း တွေ့ချင်ပါတယ်၊ ဒါကြောင့် ကျွန်တော်တို့ကို ရွာလူကြီး ဦးပန်းမောင်အိမ် လိုက်ပြပေးပါလား အဘ'

'ရော်… ပန်းမောင် ဟိုမှာပ၊ ကိုယ့်ဘာသာကိုယ် သွားတာပ'

'ဩော်… ဟုတ်ကဲ့ပါအဘ၊ ကျွန်တော့်နာမည် ကျော်မင်းပါ အဘ'

'အင်း…'

အဘဦးကြင်ဖသည် ဆေးတံခဲလျက် ကျွန်တော်တို့အား အလေးမထားသောအကြည့်၊ ကျွန်တော်မိတ်ဆက်သည်ကိုပင် ဂရုမစိုက်၊ အိမ်မသိ၍ပြောပါသော်လည်း ဟိုမှပ ကိုယ့်ဘာသာကိုယ်သွားဆိုသော စကားရပ်များသည် ကျွန်တော်တို့အတွက် အောင့်သီးအောင့်သက် ခံလိုက်ရပါသည်။ ကျွန်တော့်နာမည် ပြောသည့်ကိုပင် ဂရုမစိုက်ပါ၊ အင်းတစ်လုံးသာပြောပြီး ကျွန်တော်တို့အား ခါးထောက်ရင်း ကြည့်ကာ ကျန်ခဲ့သည်။

'ဆရာကျော်'



'အေး'

'ကြောက်ရမလိုပဲဗျ'

'အင်း… တစ်မျိုးကြီးပဲ ဆရာကျော်ရေ'

မိုးကျော်အောင်နှင့် တင်မြတ်တို့သည် ကျွန်တော့်အား ပြော၏။ ထိုအဘ ဦးကြင်ဖကိုလည်း သဘောမတွေ့ကြသော်လည်း သူတို့ရွာဖြစ်၍ အောင့်သက်သက်ဖြင့် ကျွန်တော့်နောက်မှ လိုက်ခဲ့ကြသည်။

ကျွန်တော်လည်း အဘဦးကြင်ဖ လက်ညှိုးထိုးပြသည့် ရွာလူကြီး ဦးပန်းမောင်အိမ်ဘက် လျှောက်ရင်း ခြံထဲအဝင် ဦးကြင်ဖအား ပြန်ကြည့်တော့ ဦးကြင်ဖသည် နောက်မှလိုက်လာသော်လည်း ခပ်ခွာခွာပင် ကျွန်တော်တို့ ခြံထဲဝင်သည်ကို တွေ့ရသော ဦးပန်းမောင်သည် သူ၏ ရှမ်းအိမ်ခြေတံရှည်ကြီး ပေါ်မှနေ၍ ကျွန်တော်တို့အားကြည့်ရင်း…

'ဘာကိစ္စရှိတာပ'

'ဩော်… ရွာလူကြီး အဘ ဦးပန်းမောင်လား မသိ'

'ဟုတ်ပ'

'ကျွန်တော်တို့ စီအူးစခန်းကပါ အဘ'

'ရော်… ခဏပ'

ရွာလူကြီး ဦးပန်းမောင်သည် ကျွန်တော်တို့အား အိမ်ပေါ်တက်ရန်ပင် မခေါ်ဘဲ စကားဆိုကာ သူသည် အိမ်ပေါ်မှ ဆင်းလာစဉ် သူ၏ခြံဝင်းဝယ် စောစောက လက်ညှိုး ညွှန်ပြသည့်

www.burmeseclassic.com

www.burmeseclassic.com



အဘဦးကြင်ဖအား လှမ်းကြည့်ရင်းမှ အောက်ရောက်သည်နှင့် ကျွန်တော့်ကိုမြော်ပြီး–

'ရော်–– ကြင်ဖ လာတာပအေး'

'ဘာကိစ္စရှိတာပ'

'ဪ... ကိစ္စမရှိပါဘူး၊ ကျွန်တော်တို့ စီအုံးမှာ စခန်းချတာ အဘတို့ ကြားမယ်ထင်ပါတယ်'

'ကြားတာပ'

'ဟုတ်ကဲ့... စီအုံးမှာ ဟိုတုန်းက စခန်းမရှိပါဘူးနော်'

'အင်း...'

'ဟိုနှစ်လင်းပါ၊ ရွာမှာတော့ ရဲတပ်ဖွဲ့ရှိပါတယ်၊ အခု ကျွန်တော်တို့ ဒီစီအုံးရွာမှာ စခန်းလာချထားတာကတော့ နယ်စပ်ဖြစ်တဲ့အပြင် လုံခြုံရေးပါ ဆောင်ရွက်ပေးဖို့ ရောက်လာခဲ့တာပါ'

'အင်း...'

'ဒီတော့ ကျွန်တော်တို့က ပတ်ဝန်းကျင်နယ်မြေအသစ်ကို လေ့လာရင်း ကျေးရွာအတွက် လိုတာရှိလည်း ကူညီပေးရန်ဆိုပြီး လာခဲ့တာပါ'

'အင်း...'

'ဟို အဘတို့ရွာအတွက် ဘာတွေများ လိုအပ်ပါသလဲ၊ နောက်ပြီး နယ်မြေကော အေးဆေးရဲ့လား၊ ကျွန်တော်တို့



ဘာတွေများ ကူညီပေးဖို့လိုပါသလဲ.အဘ'

'ဪ... ကျွန်တော့်နာမည် ကျော်မင်းပါ အဘ'

'ရော်... ဘာမှမလိုပ၊ ရွာက အေးဆေးတာပအေး'

ရွာလူကြီး ဦးပန်းမောင်၏ စကားသည် သူ့ဘေးတွင် ဆေးတံကြီးခဲနေသော အဘဦးကြင်ဖပုံစံကဲ့သို့ ကျွန်တော်တို့အား မလိုလား၊ မနှစ်မြို့သည်အသွင် ကျွန်တော်တို့အား လုံးဝ အိမ်ပေါ်တက်ရန် မခေါ်မပြော၊ မျက်နှာတွေမှာလည်း ခပ်တင်းတင်း၊ ရွာအေးဆေး၍ ဘာမှမလိုဆိုသော စကားကဆုံးနေပါပြီ'

'ဆရာကျော်'

'အေး...'

'ပြန်ကြစို့'

'အေးပါ'

'အဘ ဦးပန်းမောင်၊ ဒါဆိုလည်း ကျွန်တော်တို့ ပြန်ကြမယ်'

'ကောင်းတာပ'

'ဗျာ...'

'ရော်... ပြန်တာကောင်းတာပအေး၊ ဒီမှာ ဘာမှ မလိုတော့ ပြန်တာပ'

'ကောင်းပါပြီ အဘ'

'ဦးကျော်ရေ ပြန်ကြမယ်'

'ဆရာကျော် ပတ်ဝန်းကျင် ကြည့်သေးတာပေါ့'

www.burmeseclassic.com

www.burmeseclassic.com



'အေး... ရောက်တော့မှတော့ ပတ်ဝန်းကျင် လေ့လာတာပေါ့ကွာ'

ကျွန်တော် အံ့ဩမိသည်။ ကျွန်တော်တို့ တပ်မတော်သားတွေဖြစ်သည်ကို ကောင်းစွာသိ၏။ မြင်၏၊ သူတို့ကြားထားကြ၏။ သို့သော် ကျွန်တော်တို့အပေါ် ဆက်ဆံပုံမှာ အားမရှိရား အလေးမထား၊ မလိုလားသည့်ပုံစံမျိုး စကားပြောရာတွင်လည်း တုံးတိတိပြောပြီး ပြန်မည်ပြောတော့လည်း သူတို့မှ ပြန်တာကောင်းတာပဆိုသော စကားရပ်သည် ကျွန်တော်တို့နားထဲ ခိုးလိုးခုလု နားခါးသွား၏။

အတတ်နိုင်ဆုံး သည်းခံလိုက်ပါသည်။ ကျွန်တော်တို့မှာ သူတို့အတွက် ယခုလို ဖန်းမော်ခရိုင်အဆုံး စီအူးရွာသို့ ရောက်ရှိခဲ့ရ၊ စခန်းထိုင်ရသည်မှာ ပထမဆုံး ဖြစ်ပါသည်။ ဖန်းမော်ခရိုင်အတွင်း တောင်ဘက်နယ်နိမိတ်သည် စီအူးရွာအဆုံးပင်။ ဖန်းမော်၊ မံရှက်၊ မိုးခေါင်၊ နန်လင်းပါပြီးသော် စီအူးရွာကြီး။ ထိုရွာကြီးသည် မဘိန်းနှင့် ဆက်စပ်နေသည့် ဖန်းမော်ခရိုင်အဆုံးဒေသတွင် ဖန်းမော်နှင့် မိုင်များစွာ ကွာဝေးသည့် နယ်မြေသစ်အား ပထမဆုံး စခန်းတည်ဆောက် ရောက်ရှိခဲ့သည်မှာ သူတို့တွေအသိ။

အဘယ့်ကြောင့် မလိုလားကြပါသနည်း ဟူသော အတွေးတွေ ကျွန်တော့်ဦးနှောက်ထဲသို့ တိုးဝင်လာခဲ့သည်။ ထိုအဖြေမရသမျှ ကာလပတ်လုံး ကျွန်တော်တို့အား ချည့်ဝတ်



ခကျေ၊ မလိုလားသော စီမော်ရွာလူကြီး ဦးပန်းမောင်နှင့် ဦးကြင်ဖတို့အား စိတ်ဆိုးနေမိသည်မှာ အမှန်ပင်။ တင်မြတ်နှင့် နိုးကျော်အောင်လည်း တော်တော်လေး မကျေမနပ်ဖြစ်နေ၍ ကျွန်တော်မှ စိတ်အေးအေးထားရန်နှင့် သူတို့တွင် အကြောင်းတစ်ခုခုတော့ ရှိမယ်ဟု နှစ်သိမ့်ခဲ့ရသည်။

ကျွန်တော်တို့ စီမော်ရွာအား အစအဆုံး လျှောက်ကြည့်၏။ အိမ်နှစ်ဆယ်ကျော်ခန့်ရှိပြီး အိမ်ကြီးအိမ်ကောင်း များ၏။ ရွာအဆုံး ဘုန်းတော်ကြီးကျောင်းလည်းတွေ့ရသည်။ ရွာကျောင်းသို့ မဝင်ခဲ့ပါ။ အခင်းတွေမှာ တမျှော်တခေါ် မြေပဲခင်းတွေ တော်တော်များ၏။ စပါးလည်း စိုက်ပျိုးကြောင်း သိထားရသည်။ နှမ်းခင်း၊ မုံညှင်းခင်းတွေလည်း ရှိကြသည်။

ရွာသည် မြေပြန့်၊ အခင်းတွေလည်း မြေပြန့်၊ သို့သော် ဘုန်းတော်ကြီးကျောင်းသည် တောင်တန်းကြီး၏အခြေ တောင်ခြောင်းတွင်တည်ရှိပြီး ထိုဘုန်းတော်ကြီးကျောင်းနှင့် တစ်ဆက်တည်း စီအူးနှင့် မဘိန်း ဆက်စပ်နယ်မြေ၏ တောင်တန်းကြီးသည်ကား စိမ်းမြမြမောင်းနေသကဲ့သို့ ညို့ညို့မှိုင်းကာ တောင်တန်းပြာကြီးတွေတော့ မဟုတ်။ ညို့ညို့မောင်းမောင်း မြူတွေဆောင်းထားသည့် သစ်တောကြီးတွေ ထူထပ်သည့် သစ်ကြီးဝါးကြီး တောင်တန်းကြီးတွေ ဖြစ်နေပါသည်။

ကျွန်တော်တို့အား မယုံသင်္ကာသဘောဖြင့် ခပ်ခွာခွာမှ လိုက်၍ ကြည့်ရှုနေကြသည်ကိုတော့ဖြင့် ကျွန်တော်တို့ မကျေ

www.burmeseclassic.com

www.burmeseclassic.com



မနှပ်ချင်၊ မသက်သာသော မျက်စိတွေ၊ အမူအရာတွေကြောင့် တော်ဆော် ခံပြင်းရရှာဟန် ကောင်းနေ၏။ ခံပြင်းမှုကို အံတင်း၍ ဖာန်လျှော့ခဲ့ရပါသည်။

'ဆရာကျော်'

'ဘာလဲ မိုးကျော်'

'တော်တော် ဒေါသဖြစ်ဖို့ကောင်းတယ်၊ ကျွန်တော်တို့ကို မယုံသင်္ကာကြည့်နေပုံတွေဟာ စိတ်တိုစရာ အကောင်းဆုံးပဲ'

'ဟုတ်တယ် ဆရာကျော်၊ မိုးကျော် ပြောသလိုပဲ၊ ကျွန်တော် မေးကြည့်ချင်တယ်၊ ဘာသဘောလဲဗျ၊ သူတို့အတွက်လည်း လုံခြုံရေးလုပ်ပေးနေတာပါလို့ ပြောတဲ့လူကိုတောင် အားမနာဘူး'

'ထားလိုက်ပါကွယ်၊ သူတို့က မကျေနပ်တော့ တို့အတွက် အလုံးလည်းမလျော့၊ အရပ်လည်း မလျော့ပါဘူးကွာ၊ ထားလိုက်စမ်းပါ'

'တောက်… လူတွေကို သူခိုးသူဝှက်တွေများ ထင်နေကြသလား၊ လွန်လွန်းတယ် ဆရာကျော်ရာ၊ တော်တော် သည်းခံနေရတယ်'

'သူတို့ကို ကြည့်မနေနဲ့ ပြန်ကြမယ်'

'ဟုတ်တယ်၊ ကြာရင် အကုသိုလ်ပွားနေတယ်'

'တင်မြတ်နဲ့ မိုးကျော်၊ ပြည်သူနှင့် ဆက်ဆံရာတွင်



ရေလို လလို ဆက်ဆံပါဆိုတာ မမေ့နဲ့လေ'

'အင်း… ထားပါတော့၊ ရှိပါစေတော့ ဆရာကျော်ရေ၊ ဟား… ဟား… ဟား… ဟား'

တင်မြတ်၏ တဟားဟား ရယ်မောမှုမှာ အသက်မဝင် လှောင်ရယ်ရယ်နေခြင်းကို ကျွန်တော် သိလိုက်၏။ တင်မြတ်၏ အာခေါင်အာရင်းကျယ်ကျယ်၊ ဒေါသအငွေ့ပါနေသော မုန်တိုင်းလေတို့ တိုက်ခတ်လိုက်သည်ကိုတော့ဖြင့် ကျွန်တော် သိလိုက်ပါသည်။

'ဆရာကျော်မင်း'

'ဟုတ်ကဲ့ ဆရာကြီး'

'မင်း သူတို့ရွာကို ဟိုနေ့က ရောက်တယ်နော်'

'ဆရာကြီးကို ကျွန်တော် သတင်းပို့ပြီးပါပြီ'

'အေး… ဒါပေမဲ့ အခု အကြောင်းတစ်ခုပေါ်လာတယ်ကွ'

'ဗျာ…'

'ဆရာကြီး'

'ဘာလဲ မိုးကျော်'

'ကျွန်တော်တို့နဲ့ ပတ်သက်တာတော့ ဘာမှမရှိပါဘူးနော်'

'အေးပါ… အကြောင်းတစ်ခုဆိုတာက သူတို့ကျေးရွာအတွက် အန္တရာယ်ဆိုး ကျရောက်မှုပဲကွ'

www.burmeseclassic.com

www.burmeseclassic.com



‘ပြောပါ ဆရာကြီး’

‘ဒီလိုကွ’

စီမော်ရွာသည် များသောအားဖြင့် ချမ်းသာကြွယ်ဝသည်ဟု ပြောရမည်သာ။ မြေပဲခင်း အကြီးအကျယ်လုပ်ကြ၏။ မြေပဲအလွှန်ထွက်သလို စပါးလည်းကောင်းကောင်း ထွက်သည်။ သို့သော် စပါးကိုတော့ စမ်းစာစပါးပဲ လုပ်ကြပြီး အဓိက မြေပဲဖြင့် ကြီးပွားကြသည်သာ။ ရွှေမရှား ငွေမရှား စီမော်ကိုသွားဟူသော စကားပင် ဖြစ်ပေါ်လာကြသည်။ လူတိုင်းလူတိုင်း မံစီ၊ မံသာ၊ စီအူးဘက်၊ နောက် မဘိန်းနယ်မြေမှ အလုပ်သမားငှား၍ လုပ်ကြရ၏။

မိမိ စီမော်ရွာသူ ရွာသားတွေမှာ ကိုယ်ပိုင်မြေပဲခင်း လယ်နှင့် တချို့ နှမ်း၊ မုံညင်းကတစ်ဖက်၊ စီးပွားတက်ကြ၏။ စီမော်ရွာသည် ရွှေကူမြို့နယ်၏ တောင်ဘက် စင်းခန်းချောင်း၏ ချောင်းအဖျားကို အခြေခံထားသောရွာ ဖြစ်သည်။ မဘိန်းဒေသမှ အလုပ်လာလုပ်ကြသူက ခပ်များများ၊ ဆက်စပ်နယ်မြေ ဗန်းမော်ခရိုင်အဆုံး၊ ကချင်ပြည်နယ်အဆုံးဆိုလည်း မမှားပါ။

မဘိန်းမြို့နယ် အစဆိုသော်လည်း မဘိန်းဘက်မှာ ရွာတွေ သိပ်မရှိလှ။ စီမော်ရွာနှင့် မဘိန်းဘက်မှ လာရောက် အလုပ်လုပ်ကြသူများမှာ ဆယ့်ငါးမိုင်မျှဝေးသော ကျေးရွာတွေမှ လာရောက် လုပ်ကိုင်ကြ၏။ အခကြေးငွေလည်း ကောင်းကောင်းရ၏။ မြေပဲ၊ နှမ်း၊ မုံညင်းဆီမှအစ ဆန်အဆုံး လုပ်ခနှင့်



နိုင်၍ရသောကြောင့် အလုပ်သမား ရှာရသည်မှာ မခက်လှ။

စီမော်ရွာ၏ ဓလေ့ထုံးစံတစ်ခုမှာကား သူတို့ရွာသူ ရွာသားတွေသည် အများအားဖြင့် တခြားရွာသူရွာသားတွေနှင့် အိမ်ထောင် မပြုကြခြင်းပင်။ တခြားရွာသူရွာသားနှင့် အိမ်ထောင်ကျခဲ့သော အမျိုးသမီးနှစ်ဦး၊ အမျိုးသားတစ်ဦးသာရှိ၏။ ထိုအမျိုးသမီး အမျိုးသားတို့သည် စီမော်ရွာသား ရွာသူနှင့်ရပြီးပါက စီမော်ရွာတွင်သာ နေကြ၏။ စီမော်ရွာသူ ရွာသားတွေ ထွက်မသွား။ ဤသည်မှာ စီမော်ရွာ၏ ဓလေ့ပေလား၊ သို့မဟုတ် ရေကြည်ရာ မြက်နုရာဆိုသကဲ့သို့ စီမော်ရွာတွင် ဆက်သက်အခြေချနေကြ၏။

လွန်ခဲ့သော တစ်နှစ်ကျော်ကျော် ကာလဝယ် စီမော်ရွာသို့ ကပ်ဆိုးကြီးဟု ဆိုရမည်လားမသိ ဝင်ရောက်သွားခဲ့ရသည်။ ထိုကပ်ဆိုးသည်ကား ရောဂါဆိုးလည်း မဟုတ်ပါ။ သားရဲတိရစ္ဆာန်တွေ နှောင့်ယှက်ဖျက်ဆီးခြင်းလည်း မဟုတ်၊ လက်နက်ကိုင် ဓားပြတစ်စုကြောင့် ဖြစ်ပါသည်။

‘ဒိုင်း’

‘ဒိုင်း’

‘ဒိုး’

‘ဟေ့… ရွာသားတွေ၊ အိမ်ပေါ်က အောက်ကိုဆင်းကြစမ်း’

‘ဆင်းကြလေ၊ မသာဖြစ်ချင်ကြပြီလား’

www.burmeseclassic.com

www.burmeseclassic.com



'ဒိုင်း'

'ရော်… ဆင်း… ဆင်းပါပြီ၊ မသတ်ပါနဲ့'

'အေး… မသေချင်ရင် ငွေအားလုံးပေးကြ၊ တို့သိတာပဲအေး'

'ပေး… ပေးမှာပ၊ ရှိတာအကုန်ယူကြတာပ၊ လူ… လူကိုတော့ ချမ်းသာပေးတာပ'

'ရော်… ငါတို့ပြောပြီပဟ၊ လိုတာရရင် လူမသတ်၊ အေး… မပေးရင်တော့ ပစ်သတ်ထားခဲ့မှာပ'

ဓားပြတိုက်လေပြီ။ ဓားပြငါးယောက် ရိုင်ဖယ်တစ်လက်၊ တူမီးနှစ်လက်၊ တစ်ယောက်မှာ ဓား၊ တစ်ယောက်မှာ လှံနှင့် ရွာထဲတွင် အလွန် ကြွယ်ဝနေသော ဦးသာထွန်း၊ ဒေါ်အေးခင်တို့အိမ်သို့ ဝင်ရောက် ဓားပြတိုက်ကြပါပြီ။ ဦးသာထွန်းနှင့်ဒေါ်အေးခင်တို့မှာ သားတစ်ယောက်မျှမရှိ၊ သမီးသုံးယောက်၊ နှစ်ယောက်မှာ အရွယ်ရောက်ပြီး အငယ်မှာတော့ ဆယ့်သုံးလေးနှစ်အရွယ်ပင် ရှိသေး၏။ တစ်ရွာလုံးနှင့်ယှဉ်ပါက အချမ်းသာဆုံးအိမ်ဖြစ်ပါသည်။ ဓားပြများ ကြိုတင်လေ့လာပြီးမှ လာရောက်တိုက်ခိုက် လုယက်သည့်အတွက်လည်း ဓားပြတွေ ပေါ်ပေါ်ဆဆလွယ်လွယ်နှင့်ရသော ငွေတွေ၊ ရွှေတွေ မတော်မရောနေစဉ် ဦးသာထွန်းသည် အိမ်အောက်ရှိ လှေကားအောက်တွင် ဖုက်ထားသည့် လှံဖြင့် အမှောင်ထဲဝယ် ဓားပြတစ်ဦးအား ခုခံထိုးလိုက်သည်မှာ အလွန်လျင်မြန်သွက်လက်လေသည်၊



'အား… ဟား'

'ရော်… ငတိုး၊ ဘာ… ဘာဖြစ်တာပ'

လှံနှင့် အထိုးခံလိုက်ရသော ငတိုးဆိုသူမှာ လှံတန်းသန်းဖြင့် ခြံထဲမှ သွေးရှူးသွေးတမ်းဖြင့် ထွက်ပြေးရာမှ လမ်းမဆီအရောက် သေလေပြီ။ ဦးသာထွန်းသည် သူထားသည့် လှံဖြင့် ဓားပြတစ်ဦးအား ထိုးပြီးသည်နှင့် ဂုက်ကြီးတောင်ဓားဖြင့် နောက်တစ်ယောက်အား စလွယ်သိုင်း ပိုင်းချလိုက်ပြန်သည်။

'ဒုတ်'

'အား'

'ရော်… ပြေးကြ၊ ပြေးကြ'

'ရွာသားတွေ လာကြတာပအေး'

'ရွာသားတွေ၊ သေချင်တာပအေး'

'ကဲ… ဒိုင်း'

'ဒုန်း'

'အား'

'လိုက်ကြ၊ လိုက်ကြဟေ့၊ လိုက်ကြ'

ရွာသားတွေ၏ ညာသံပေးမှုကြောင့် ဓားပြများသည် ရသမျှငွေတွေ ယူထွက်ပြေးကြသော်လည်း ဓားပြအဖွဲ့မှ နှစ်ယောက်သေကျန်ခဲ့သည်။ တစ်ယောက်မှာ လှံကိုင်သူ၊ တစ်ယောက်မှာ ဓားကိုင်သူ၊ ဦးသာထွန်း၏ပေါင်လည်း သေနတ်

www.burmeseclassic.com



မှန်သွားသည်။

မှောင်ထဲဖြစ်နေ၍ ဦးသာထွန်း၏ လှုပ်ရှားမှုသည် သေနတ်သမားနှင့် အလှမ်းကွာသဖြင့် နီးစပ်ရာ လူဆိုးအား ခုခံသကဲ့သို့ ဓနီးဒေါ်အေးခင်နှင့် ဟန်ချက်ညီစွာ အိမ်အောက်ရှိ ထင်းပုံကြီးဆီသို့ ပြေးကပ်ရင်း လုံခြုံမှုရရှိစေရန် မီးဖိုဘက်မှ တစ်ဆင့် အိမ်နောက်ဘက်တွင်ရှိသော ကျွဲတဲဘက် ထွက်ပြေး လွတ်မြောက်ခဲ့ပါသည်။

'သာထွန်း… သာထွန်းပ'

'အေး… ငါဒီမှာရှိတာပအေး၊ ပေါင်ထိသွားတာပ'

'ဓားပြတွေ ပြေးကုန်ပြီကွ'

'ရော်… လမ်းပေါ်မှာ တစ်ယောက်သေနေတာပ'

'ပန်းမောင်နဲ့ ကြင်ဖ၊ ဒီမှာတစ်ယောက် သေနေသေး တာပ'

'ရော်… ဟုတ်တာပ၊ ဓားကိုင်ထားတာပ၊ သေနေပြီ တောက်… သာထွန်း သတ္တိကောင်းတာပအေး'

'ရော်… ကိုသာထွန်းပ၊ သေနတ်မှန်တာပအေး၊ ပေါင်ကိုထိတာပ'

ထိုနေ့မှစ၍ နောက်ထပ် ရွာသို့ ဓားပြလည်း မလာတော့၊ ရွာ၏ညီညွတ်မှုကြောင့်တော့ မဟုတ်ပါ။ သတ္တိကောင်းသော ဦးသာထွန်းကြောင့် ဓားပြနှစ်ဦး သေဆုံးခဲ့သည့်သတင်း ပတ်ဝန်းကျင်ရွာတွေဝယ် ကျော်သွားကြ၏။



'ရော်… စိမော်ရွာဟာ ညီတာပ'

'ရော်… သတ္တိလည်းကောင်းကြတာပအေး'

'ဟုတ်ပ… ဟုတ်ပ၊ ရော်… တစ်ခုကြားသေး တာပ'

'ဘာလဲပ'

'သူတို့ရွာက လူကြီးတွေဟာ သေတဲ့ ဓားပြနှစ် ယောက်ကို ရွာတောင်စောင်းမှာ မြှုပ်ပြီး အမိန့်ဖေးတယ်ဆို တာပ'

'ဘာအမိန့်ပေးတာပအေး'

'ရော… သူတို့ရွာကို တစ်ခါတစ်ခါ ဝင်တဲ့ ကျားဆိုး တွေရန်လည်း အဲဒီဓားပြနှစ်ကောင်က ကာကွယ်ရမှာပ၊ နောက် သက်နက်ကိုင်တွေ ဝင်လာရင်လည်း ဓားလှံနဲ့ ကာကွယ်ကြလို့ အမိန့်ပေးထားတာပ'

'ရော်… ဟုတ်တာပအေး၊ ဓားလှံ ကျားရန်လို့ ပြော တာပ၊ တစ်ခုသိတာပ၊ ဓားပြနှစ်ယောက်ဟာ သရဲတွေဖြစ် နေတာပ၊ တစ်ယောက်က ဓား၊ တစ်ယောက်ကလှံ ကိုင်ပြီး စောင့်နေကြရတာပအေး၊ ကျားများလာလို့ကတော့ အဲဒီသရဲ တွေ လိုက်တာပ၊ ကျားလည်း ပြေးကြတာပ၊ ဒါကြောင့်ကျား ရန်လည်း အေးသွားတာပ'

'ဟုတ်ပ… ဟုတ်ပ၊ ခုတော့ ကျားလည်းမလာ၊ ဓားပြလည်း မလာရဲလို့ ပိုအဆင်ပြေတာပ'

www.burmeseclassic.com

www.burmeseclassic.com



'အင်း… ဦးသာထွန်းတို့ မိသားစုတော့ အဲဒီအခင်းတွေ ရောင်းချပြီး ရွှေကူကို ပြောင်းသွားကြတာပ၊ သူတို့မှာ လက်ကျန်ရွှေငွေတွေ တော်တော် ရှိခဲ့သေးတာပအေး၊ ရွှေကူရောက်တော့ သမီးတွေ ပညာတတ်ကြပေမယ့် စီးပွားရေးလုပ်ကြတာပ၊ ရွှေဆိုင်တွေ ဘာတွေဖွင့်လို့ ကြီးပွားနေကြတာပ'

ထိုစားပြတိုက်ခဲ့စဉ်မှစ၍ စီမော်ရွာသူ ရွာသားတွေသည် စာရင်းငှား အလုပ်သမားဆိုပါကလည်း လူဟောင်းတွေသာ ခေါ်၏၊ ငှား၏၊ အခကြေးငွေပိုပေး၏၊ သဘောမှာ လူယုံပဲသုံး၏။ ထိုလူက လူယုံအလုပ်သမားများ၏ သားသမီးတွေကို ဆင့်ကာဆင့်ကာ ခေါ်ယူငှားရမ်း၏။ အလုပ်ပြီး၍ ရွာအခင်းတွေ ဝယ်နေခွင့်မပြု၊ ကိုယ့်အရပ် ကိုယ့်ဒေသ ပြန်ကြရသည်သာ။ အလုပ်ချိန် ပြန်စမှ ပြန်လာကြရန် မှာကြားစေလွှတ်ခဲ့၏။

ထိုအချိန်မှစ၍ ရွာထဲသို့ သေနတ်လက်နက်ကိုင်၍ လူတစ်ဦးတစ်ယောက် တစ်ဖွဲ့မှ မလာကြရန်၊ လာခဲ့ပါကလည်း ရွာထဲ အဝင်မခံကြရန် ဆုံးဖြတ်ညှိနှိုင်းထား၏။ လက်နက်ကိုင်မှန်သမျှ ရန်သူလိုသဘောထား၏။ လုံးဝ လက်မခံလိုကြ၊ လက်နက်ကို ရွာသူရွာသား အားလုံး ရွံမုန်းရွံကြောက်ဖြစ်သွားကြသည်။

'ရော်… ဆရာတို့လာတော့ ဒါကြောင့် မခေါ်မပြောချင်တာပအေး'

'ဟုတ်ပါပြီ၊ ဟဲ… ဆရာကျော်၊ မင်းတို့ ဘာမှမပြော



ရဲ့ သူတို့လည်း သူတို့ရဲ့ ခံစားချက်ကြောင့် ဖြစ်ခဲ့ပြီးတာတွေ ထားလိုက်ပါတော့၊ ခုလာပြီး အကူအညီတောင်းတဲ့ ကိစ္စကို ငါပဲပြောမယ် ဆရာကျော်ခင်း'

'ဟုတ်ကဲ့ပါ ဆရာကြီး'

'အခု သူတို့အခင်းတွေထဲ ကျားဝင်တယ်၊ ကျားရန်ကို တော်တော်ခံစားနေကြတယ်၊ ဒါကြောင့် မင်းတို့ သုံးယောက်ကို ငါ စေလွှတ်မလို့ပဲ'

'ဆရာကြီး'

'မိုးကျော်… ပြော'

'သရဲတွေက ကျားကို ဓားနဲ့လှံကိုင်ပြီး လိုက်တယ်ဆို'

'ဟဲ့ပါ… သရဲဆိုတာ ရှိချင်လည်းရှိမှာပေါ့၊ နေရာတကာ သရဲက ဘယ်စွမ်းမလဲကွာ၊ တကယ်တမ်း စွမ်းဆောင်နိုင်တာက လူသားပဲ မဟုတ်လားလို့၊ ငါပြောပြီးပြီ၊ ပြီးခဲ့တာတွေ အားလုံး မေ့ထားကြ၊ ရွာသူ ရွာသားတွေရဲ့ စိုးရိမ်ကြောင့်ကျမှုကို ကာကွယ်ဖို့ တို့တာဝန်ပဲ၊ ဒီနယ်မြေမှာ သူပုန်မပြောနဲ့၊ သူခိုးတောင်မရှိပေမယ့် တောကောင်တွေရဲ့ သဘာဝအန္တရာယ်တော့ ရှိလာပြီ၊ ရှင်းလင်းပေးဖို့ မင်းတို့သုံးယောက် တာဝန်ပဲ၊ ဟောဒီ စီအူးရွာသူကြီးကလည်း အကူအညီတောင်းပြီး ရွာသားတွေအတွက် သူက တာဝန်ယူမှာပါ'

'ဟုတ်ကဲ့ ဆရာကြီး တာဝန်ပေးထားတာ လက်ခံပါတယ်၊ ကျွန်တော်တို့သုံးယောက် တာဝန်ထားပါ၊ ဘယ်နှရက်

www.burmeseclassic.com

www.burmeseclassic.com



လောက်နေရမလဲ ဆရာကြီး'

'ကွာဝေးတာမှ မဟုတ်တာ၊ နေပါ၊ ရွာသားတစ်ယောက်ကို ဆက်သားထားလိုက်ပေါ့'

'ဟုတ်ကဲ့ပါ'

'ကဲ... ရိက္ခာ ရွာက ကျွေးမှာပအေး'

ကျွန်တော်တို့သုံးယောက်သည် ရိက္ခာသုံးပတ်စာဖြင့် ရွာလူကြီး ဦးပန်းမောင်၊ ဦးကြင်ဖတို့ဖြင့် လိုက်ခဲ့ရပါပြီ။ အခုလို လာရောက်ခေါ်တော့လည်း ရွာလူကြီးတွေမှာ သနားစဖွယ် မျက်နှာငယ်နေကြသည်။ ကျွန်တော်တို့သုံးယောက်မှာကား လူငယ်များဖြစ်ကြ၍ စိတ်တိုစရာရှိတော့လည်း မြန်၏။ စိတ်မြေစရာရှိတော့လည်း ချက်ချင်းပြေခဲ့ရသည်။ သူတို့ရွာသားတွေ စော်တော့ကို စိုးရိမ်ကြောင့်ကျနေရမည်ဟူသော အသိသည်လည်း ကျွန်တော်တို့ ရင်ထဲသို့ တိုးဝင်လာခဲ့ကြပါ၏။

စီအူးရွာသို့ ကျွန်တော်တို့ ရောက်ခဲ့သည်မှာ ဆယ်ရက်ခန့်သာ ရှိပါသေး၏။ ဆယ်ရက်ခန့်အတွင်း ထိုရွာသူ ရွာသားတွေ၏ စိတ်နေသဘောထားကို လေ့လာမိပါ၏။ ရွာသူ ရွာသားတွေမှာ အလွန်ရိုးသားသော ရှမ်းလူမျိုးတွေ ဖြစ်ပါသည်။ ထိုရွာသူရွာသားတွေ၏ ခံယူချက်မှာ အသားစားကြသော်လည်း သတ်ဖြတ်မစားကြ။ အမဲသား၊ ဝက်သားပေါ်ရောင်းလျှင်တော့ ဝယ်ယူစားကြ၏။



ကြက်သတ်စားရန်ပင် အလွန်ဝန်လေးကြသည်သာ။ တချို့ လူငယ်တွေသတ်မှ လူကြီးတွေ စားကြ၏။ အိမ်တိုင်းလိုလိုတော့ ကြက်မွေးကြ၏။ ဝက်တွေလည်း တော်တော်များများ မွေးသည်။ ထိုကြက်၊ ဝက်၊ အမဲအား နန်လင်ပါ ရွာသားတွေ လာဝယ်ပြီး ခေါ်ရောင်းမှ ပြန်ဝယ်စားကြသည့်အတွက် ရယ်စရာကောင်းနေသည်ဟု တင်မြတ်က ဈေးနေ့တွင် ပြောဖူးပါသည်။

စီမော်ရွာသည်လည်း ထိုနည်းတူပင်။ အိမ်တွေမှာ ကြက်တွေ၊ ဝက်တွေ စီးပွားဖြစ်တော့ မဟုတ်ပါ။ မွေးမြူထားကြသည်။ နန်လင်းပါရွာမှ လာဝယ်လျှင် လွယ်လွယ်တူရူရောင်းလိုက်ကြသည်။ သူတို့ရှေ့တွင် သတ်ဖြတ်လိုက်ပါကနောင် အဲဒီကြက်၊ ဝက်ဝယ်သူ၊ သတ်ဖြတ်သူအား လုံးဝမရောင်းတော့။ တောင်းပန်၍လည်းမရ၊ တစ်ယူသန်ဟုဆိုပါကလည်း မမှားနိုင်တော့ပါ။

'ကဲ... အဘ ဦးပန်းမောင်နဲ့ အဘ ဦးကြင်ဖရေ၊ ကျွန်တော်တို့ကို လူငယ်ပိုင်းနဲ့ မိတ်ဆက်ပေးပါ'

'ရော်... မိတ်ဖွဲ့မှာပ၊ ကြင်ဖ လူငယ်ခေါင်းထွားမောင် ခေါ်တာပ'

'ခဏ... ခဏပဲ'

ဦးလေး ဦးကြင်ဖသည် အဘဦးပန်းမောင် အိမ်ပေါ်မှ ဆင်းသွားပြီးနောက် ရွာသားလူပျိုလောင်း ကိုထွားမောင်နှင့်အတူ

www.burmeseclassic.com

www.burmeseclassic.com



ရွာသားငါးယောက် လူငယ်တွေ ပါလာကြသည်တွင် အဘ ဦးဖန်းမောင်မှ မိတ်ဆက်ပေးလာပါသည်။

'ကိုထွားမောင်'

'ဟုတ်ကဲ့ ဆရာကြီး'

'ကျွန်တော်တို့ကို ခင်ဗျားတို့ရဲ့ ဖတ်ဝန်းကျင်ကို လိုက်ပြပေးပါ၊ နောက်ပြီး ကျားထွက်တတ်တဲ့နေရာရယ်၊ နောက်တစ်ခုက ဒီမှာ အင်းတစ်ခုလည်း ရှိတယ်လို့ ကြားရတယ်ဗျ၊ လိုက်ပြပေးပါလား'

'ရော်… ဆရာကြီးသိတာပ၊ အင်းက ကျွဲလူးအိုင်အင်းပ၊ အင်းသူကြီးက ဦးသက်မြင်း၊ ကျွဲလူးအင်းက သက်ပြင်းလို့ ခေါ်ကြတာပ'

'ဘာဖြစ်လို့လဲ ကိုလှလေး'

'ရော်… ဦးသက်ပြင်းက အရက်သောက်ပြီး အင်းထဲကျတာ မသေပ၊ အသက်ပြင်းတာပ၊ နောက်ပြီး သူ့အင်းမှာ သရဲပေါတာပအေး၊ ဘယ်သူမှ မသွားရဲ၊ အင်းထဲကငါး မခိုးရဲတာပ၊ ငါးခိုးလို့ကတော့ တစ်စုံတစ်ခု ဖြစ်ကြတာပ'

'ရော်… မေ့နေတာပ၊ ဦးသက်ပြင်းဆိုတာ တစ်ပွဲစားကြီးပအေး'

'ဗျာ… တစ်ပွဲစားဆိုတာ ဘာလဲ ကိုလှလေး'

'ရော်… ဦးသက်ပြင်းဟာ ငါးတွေ သတ်ဖြတ် ရောင်းစားနေတာပ၊ ဒါကြောင့် တစ်ပွဲစားကြီး ဖြစ်နေတာပ'



'ခင်ဗျားတို့ရွာမှာ သားကောင်တွေ မသတ်ကြဘူးဆို'

'ဟုတ်တာပ၊ ဦးသက်ပြင်းက ဒီရွာသားမဟုတ် ငအိုးဘက်က ဒီမှာ အင်းလာလုပ်တာပအေး'

'အင်းက တော်တော်ကြီးသလား'

'ရော်… ကျွဲလူးအင်းပ၊ ကျွဲလူးအိုင်က အင်းဖြစ်တာလို့ ကြားဖူးတာပ၊ အကြီးကြီးတော့ မဟုတ်၊ သူ့ရှူ သုံးယောက်ရှိတာပ၊ သူ့လူတွေကလည်း သူတို့ငါးအလုပ်ပြီး ဖြန့်ကြတာပ၊ လူအေးတွေပအေး'

'လှလေးပ'

'အေး… ဘာလဲ ထွားမောင်'

'ဆရာကြီးတို့ကို ဝက်ကော်ချောင်းဘက် အရင်ခေါ်သွားကြတာပအေး'

'ကောင်းတာပ'

သူတို့အပြောမှာ ကျားသည် အခင်းတွေထဲ အများဆုံးလာကြောင်း၊ အခင်းလုပ်ကြသူတွေ မြေပဲနုတ်ကြသူတွေမှာ မိုးချုပ်ရင် တဲပြင်မထွက်ရဲအောင် ဖြစ်နေသည့်အတွက် ညပိုင်း ဆိတ်ငြိမ်နေကြသည်။ ယခင်က ဒါမျိုး မဟုတ်၊ လူပျို ကာလသားတွေ တဲတစ်တဲမှ တစ်တဲကူးကြ၊ ဟွန်းသရော ထိုးရင်း ရှမ်းသီချင်းတွေဆိုကြ၊ တစ်ခါတလေ ရွာဘက်ပြန် လာပြီး ကာလသားတစ်သိုက် အပေါက်နိုက်ကြသည်။ ယခု တော့ ကျားရန်ကြောင့် အပေါက်နိုက်ရန် မပြောပါနှင့် ဟွန်း

www.burmeseclassic.com

www.burmeseclassic.com



အရောအိမင် မကြားရသည်မှာ တစ်လခန့် ရှိနေပါပြီ။

ကျားသည် ဝက်ကော်ချောင်းဘက်မှလည်း ထွက်၏။ ဘုန်းကြီးကျောင်းဘေးတွင်ရှိသော နတ်ကြီးစင်ကုန်းဘက်မှလည်း ပေါ်လာ၏။ ကျားမှာ တစ်ကောင်တည်းပါဟု ပြောသော်လည်း သူတို့ပြောပုံထောက်လျှင် ကျားတစ်ကောင်တည်းတော့ မဖြစ်နိုင်ဟု ကျွန်တော်တို့သုံးယောက် တွေးမိသည်။ တစ်ခုတော့ တော်ပါသေးသည်။ ကျားအား လူတိုင်းမတွေ့သလို အသံတော့ ကြားဖူး၏။ အသံကြားသော်လည်း ရွာသားတွေမှာ တစ်ကောင်တည်းပြောသည့်အတွက် စိတ်အေးရသည်။ သုံးလေးကောင်ဆိုလျှင်တော့ ရွာသားတွေ တော်တော် စိုးရိမ်ကြမည်သာ။ ကျွန်တော်တို့ကတော့ ရွာသားတွေပြောသမျှ လေ့လာကြည့်သည့် သဘောပဲ ရှိပါသေးသည်။ အတွေ့အကြုံအရ ကျားနှစ်ကောင်ထက် များမည်ဟု တွေးမိထားပါသည်။

'ဆရာကြီးဗ'

'ပြောပါ ကိုထွားမောင်'

'ရော်… ကျွန်တော်ပြောတာ ဘယ်သူမှ မသိစေချင်တာပအေး၊ ကျွန်တော့် ကိုယ်တွေ့ပြောတာပ၊ ကျားနှစ်ကောင်ပအေး၊ ကျွန်တော့်အထင် ကျားအစစ်မဟုတ်လို့ ထင်ထားတာပ'

'ဘာဖြစ်လို့လဲ ကိုထွားမောင်'

'နောက်မှ ပြောပြမှာပ၊ ရွာသားတွေ ကြောက်ကြ



မှာ စိုးတာပ'

ကျွန်တော်တို့ စကားပြောနေစဉ်မှာပင် ရွာသားသုံးယောက် ရောက်လာကြသည့်အတွက် ကိုထွားမောင် စကားရပ်လိုက်သည်။ ကိုထွားမောင်သည် ဗန်းမော်၊ မြစ်ကြီးနား၊ မန္တလေး စသည့် မြို့ကြီးများတွင် ကျောင်းနေဖူးသူ တက္ကသိုလ်တက်ရင်း ဖခင်ဆုံး၍ မိခင်၏ အဖော်မဲ့မှုအား ကျောင်းမနေတော့ဘဲ ရွာပြန်ပြီး လက်ငုတ်လက်ရင်း မြေပဲခင်းနှင့် လယ်အား ဦးစီးလုပ်ကိုင်နေသူ ဖြစ်ပါ၏။

သို့သော် ရွာတွင် လူပျိုခေါင်းလုပ်ရင်း မဟုတ်တာမပြော၊ စီးပွားရေး အခြေအနေကောင်းသော်လည်း ရွာတွင် လူတွင်ကျယ်မလုပ်၊ မျှတသောကြောင့် သူ ဦးဆောင်သမျှ ရွာရှိလူငယ်များအားလုံး နောက်ကောင်းပီသကြသည်။ ချင့်ချင့်ချိန်ချိန် တွေးခေါ်တတ်သူမို့လည်း လူကြီးတွေပါ လေးစားကြသည်။

ဦးထွားမောင် ဦးစီးပြီး ရွာသားတွေဖြစ်သော ကိုလှလေး၊ ကိုစိုင်းခမ်း၊ ကိုစိုင်းမောင်မောင်၊ ကိုကျော်ဆွေ (အာလူး) တို့ဖြင့်အတူ ကျွန်တော်တို့အားခေါ်၍ လိုက်လံ ပြသကြ၏။ ကိုကျော်ဆွေ (အာလူး)အား အဘယ့်ကြောင့် အာလူးဟုခေါ်သည်ကိုတော့ ဘယ်သူမှမသိ၊ သိချင်နေသူမှာ တင်မြတ်ဖြစ်သဖြင့် အခင်းတဲသို့ ရောက်တော့-

'ဆရာကြီးပ၊ ဒါကျွန်တော့်တဲနဲ့ အခင်းပ၊ ဒီမှာနေကြ

www.burmeseclassic.com

www.burmeseclassic.com



ရင် အကောင်းဆုံးပအေး၊ ကျားထွက်ရင် ကျွန်တော့်တဲနဲ့ အရင်တိုးတာပအေး’

‘ဟုတ်လား ကိုကျော်ဆွေ၊ ဒါဆို ကျွန်တော်တို့အတွက် အဆင်ပြေတာပေါ့၊ ကျွန်တော်တို့ကလည်း ထိပ်တိုက်တွေ့ပြီး ရှင်းချင်တာဗျ’

‘ဆရာကိုတင်မြတ်၊ ကျားပုစ်ဖူးလား’

‘ပစ်ဖူးပါတယ်၊ နပန်းလည်းလုံးဖူးတယ်ဗျ’

‘ရော်… အံ့တာပ’

‘ကိုကျော်ဆွေကော ကြုံဖူးလားဗျ’

‘ဟား… ဟား… ဟား… ဟား… ကျွန်တော် ဒီမှာကြည့်’

ကိုကျော်ဆွေသည် ပြောပြောဆိုဆို သူ၏လက်ရှည် အင်္ကျီ၏ ဝဲဘက်လက်မောင်းအား လှန်ပြီး သူ၏လက်ဖျံမှ ဒဏ်ရာကိုပြသည်။ အစင်းနှစ်စင်း လဲက်တစ်တစ်ကျော်ကျော် တွေ့လိုက်သည့် လက်သည်းရာတွေမို့-

‘အဲ… လက်သည်းရာတွေပဲ’

‘ရော… အဲဒါကြည့်ပအေး’

‘အာလူး ငါပြောလိုက်မှာပ’

‘ရော်… မင်းတို့မှာ ဒီလို ဒဏ်ရာရှိရဲ့လားပ၊ ကဲ… ပြောကြတာပ’

‘ဆရာကိုတင်မြတ်ပ’



‘ဟုတ်ကဲ့’

‘ရော်… ဆရာ ကိုတင်မြတ်၊ ဒီကောင်တွေ နောက်တာပ၊ တကယ်လက်သည်းနဲ့ အကုပ်ခံရတာက ကျွန်တော်ပ’

‘အဲဒါ ကျားကုပ်ထားတာပအေး၊ ကျွန်တော် ဒေါသ ဖြစ်တာပ၊ တစ်ခါတည်း နောက်ခြေနှစ်ချောင်းဆွဲပြီး တိုင်နဲ့ရိုက် သတ်တာပအေး၊ စနဲ့သွားတာပ’

‘ကိုစိုင်းမောင်မောင်’

‘ဟုတ်’

‘ကိုကျော်ဆွေ ပြောပုံထောက်ရင် ကျွန်တော် သိပြီဗျ’

တင်မြတ်သည် စိုင်းမောင်မောင်အားကြည့်ရင်း ကိုကျော်ဆွေ(အာလူး)၏ ပြောစကားကို သေသေချာချာ နားထောင်ကြည့်သည်နှင့် သိလိုက်ပြီ။ သို့အတွက် အရွှန်းဖောက်တာ ဆက်လက်နောက်လိုက်လေပြီ။

‘ရော်… ဆရာက သိနေတာပ၊ ပြောတာ့ပ၊ အားလုံး သွားရအောင်ပအေး’

‘ဟုတ်ကဲ့… ကိုကျော်ဆွေ၊ သူ့ကို ကုပ်တဲ့ကျား ခြေနှစ်ချောင်းကိုင်ဆွဲပြီး တိုင်နဲ့ရိုက်လိုက်လို့ စနဲ့သွားတော့ တစ်ပိသာကျော်ကျော်၊ နှစ်ပိသာလောက်ရှိမယ့် ကျားဆရာ ကြောင်ညောင်ခနဲတောင် အော်နိုင်မယ် မထင်ဘူးဗျ၊ ဟား… ဟား… မား… ဟား…’

‘ရော်… ဆရာကိုတင်မြတ် တော်တာပအေး’

www.burmeseclassic.com



'ဟား… ဟား… ဟား… ဟား…'

'ဝါး… ဟား… ဟား… ဟား…'

'ဆရာတို့ပအေး၊ အဲဒါကြောင့် ပြောတာပ၊ ကျော်ဆွေရဲ့နောက်က အာလူးဆိုတဲ့ ဘွဲ့ပေးထားတာပအေး၊ ဟား… ဟား… ဟား…'

'ကြောင်က ဘယ်လိုဖြစ်ပြီး ကုပ်တယ်ဆိုတာ ဆက်မေးတာပအေး'

'ဟာ… လုပ်ပါဦးဗျ ကိုကျော်ဆွေ၊ ရှင်းပါဦး'

တင်မြတ် နောက်ပြန်ပါပြီ။ ကိုကျော်ဆွေ ပြုံးနေပုံမှာ စောစောကနှင့်တော့ မတူပါ။ သူ့အပြုံးမှာ ရှက်ပြုံးဟုဆိုရပေမည်။ သူ့ကိုကြည့်ပြီး ရွာသားတွေ တဝါးဝါး တဟားဟားကြောင့် ကျွန်တော်တို့ သုံးယောက်ပါ ပြုံးနေမိသည်။ ဘာတွေကြောင့်ဆိုတာတော့ မသိသေး။

'ရော်… ပြောရမှာ ရှက်တာပအေး၊ အပေါက်နှိုက်သွားတာပ'

'ဘာ… အပေါက်နှိုက်'

'ဟုတ်ပ၊ အပေါက်နှိုက်ကနေ ခေါက်တာပ၊ အဆင်ပြေလို့ လက်ကိုပအေး အပေါက်ကနေ လှမ်းအတင်မှာပ'

'ဘာဖြစ်သလဲဗျ'

'ရော်… နန်းမှုအမေ မွေးထားတဲ့ ကျားကြီးပ'

'ဗျာ… ကျားကြီး'



'ဟုတ်တာပ၊ ရော်… ကြောင်နာမည်က ကျားကြီးပ၊ ကျွန်တော့်လက်ကို သူ့လှမ်းကုပ်တာပ၊ သူ့လက်သည်းက အသားလည်းထိတာပ၊ အကျိုးနဲ့ငြိပြီး ကျွန်တော် တအားဆွဲလိုက်တော့ ကျားကြီးပါလာလို့ ကျွန်တော် ဒေါသဖြစ်ဖြစ်နဲ့ ခြေနှစ်ချောင်းဆောင့်ဆွဲပြီး တိုင်နဲ့ရိုက်လိုက်တာပအေး'

'ဟာ… တစ်ချက်တည်း သေတာပေါ့နော်'

'ရော်… သေတော့ သေတာပ၊ ကျွန်တော်လည်း ပြေးရတာပ'

'ဘာဖြစ်လို့လဲ ကိုကျော်ဆွေ'

'ရော… နန်းမှုအဖေ ဦးစိတ်တိုပအေး၊ ဓားဆွဲလိုက်လို့ ပြေးရတာပ'

'ကျော်ဆွေ ဆက်ပြောလေ၊ ဇာတ်လမ်း မဆုံးတာပအေး'

'ဟုတ်ပ'

'ကျွန်တော် ပြေးတာပအေး၊ မလွတ်လို့ သူတို့ခြံနောက်က မအူပင်ပေါ် တက်ပြေးတာပ၊ အပေါ်လည်း ရောက်ရော မအူအကိုင်း ကျိုးကျတာပအေး'

'ဟာ… ထရုံကွာ သံရှုးဖြစ်ပြီထင်တယ်'

'ရော်… အဲဒီထက်ဆိုးတာပ၊ မအူပင် အကိုင်းကျိုးကျတာက နန်းမှုအဖေပေါ် ကျတာပ၊ ဟား… ဟား… ဟား… ဟား…'

www.burmeseclassic.com

www.burmeseclassic.com



'ဟား... ဟား... ဟား... ဟား...'

တင်မြတ်က ဝင်နောက်၏။ ကိုကျော်ဆွေက ရယ်ရယ်မောမောဖြင့် ဆက်ပြောပြ၏။ တဝါးဝါးတဟားဟား ရယ်နေရင်း ကိုကျော်ဆွေ၏ နောက်ထပ်စကားကြောင့် ပိုမို ဟားတိုက်ရတော့သည်။

'ရော်... ယောက္ခမလောင်းကြီးက ဒေါသကြီးတတ်တာပ၊ ဒါကြောင့် ဦးစိတ်တိုလို့ ခေါ်တာပ၊ ဒေါသနဲ့ ဓားဆွဲလိုက်တဲ့ ယောက္ခမကြီးမှာ သစ်ပင်ရဲ့ဖိမှုက ဒဏ်ရာမကြီးပအေး၊ ကျွန်တော် အပေါ်က ပိမိတာ ပြားနေလို့ နန်းမူရဲ့အမေက မီးတုတ်နဲ့လာမှ ပိုဆိုးတာပ'

'ဗျာ'

'ဘယ်လိုဗျ... ကိုကျော်ဆွေ'

'ဟား... ဟား... ဟား... ဟား... ဟား... ဟား... ဟား... ဟား...'

ကိုကျော်ဆွေသည် တဟားဟားဟား ရယ်နေ၏။ စကားပင် မပြောနိုင်။ ကျွန်တော်တို့ပါ ရောရယ်နေမိသည်။ ဇာတ်လမ်းကား မသိသေး။ ကိုကျော်ဆွေ ဆက်အပြောကို နားထောင်နေစဉ်မှာပင် စကားဆက်လာပါပြီ။

'အသွားကြီးပ၊ မီးတုတ်ကြီးနဲ့ မှောက်လိုက်တော့မှ အားလားလား ယောက္ခမကြီး ဒေါသတကြီးနဲ့ ကျွန်တော့်နောက်လိုက်လာတာ သူ့ခါးမှာ ဘာမှမပါ အင်္ကျီလည်း မဝတ်ဆိုတော့



ကျွန်တော်က အော်လိုက်တာပအေး'

'ဟား... ဟား... ဟား... ဟား...'

'ဝါး... ဟား... ဟား... ဟား... ဟား...'

'ဘယ်လိုအော်တာလဲဗျ'

'အိုပိန် အိုပိန် မြန်မြန်ပြေး၊ မြန်မြန်ပြေး တန်းလန်းကြီးဗျ၊ ဟား... ဟား... ဟား... ဟား...၊ တန်းလန်းကြီး ဟား... ဟား... ဟား... ဟား...၊ အိုပိန်လည်း မီးတုတ်ကြီးကိုင်ပြီး အိမ်ဘက်ပြန်ပြေးတာပ၊ ဟား... ဟား... ဟား... ဟား...'

'အိုပိန်က ဘာဖြစ်လို့ ပြေးတာလဲဗျ၊ သူ့ယောကျ်ားပဲဟာ'

'ရော... အိုပိန်က လန့်သွားတာလည်း ပါတာပ၊ နောက်ပြီး အိုပိန်ဟာ ယောင်တတ်တာပအေး၊ လန့်တာရယ် ယောင်တာရယ်ကြောင့် အိမ်ဘက်ပြေးတာပ၊ ကျွန်တော်လည်း လွတ်အောင် ပြေးခဲ့ရတာပ၊ ဟား... ဟား... ဟား... ဟား... ဟား... ဟား... ဟား... ဟား...'

'အဲဒီတော့ နောက်ထပ် ဘာဖြစ်သေးလဲ ကိုကျော်ဆွေ'

'ဖြစ်တာပအေး၊ နောက်နေ့ ဘပန်းခေါ်တော့တာပ'

'ခေါ်တော့'

'ရော်... ခေါ်တော့ ကျော်ဆွေတို့ တပဲပဲ မိန်းမရ

www.burmeseclassic.com

www.burmeseclassic.com



တော့တာပအေး'

'ဘာဖြစ်လို့'

'ဆရာကိုတင်မြတ်ပ၊ စာပန်းအိမ်မှာ ယောက္ခမကြီး ဒေါ်သထွက်နေတာပ၊ သူ့ရှက်လည်း ရှက်တာပအေး၊ သူ့ခမ်းနဲ့ လိုက်တဲ့အကြောင်းမပြော၊ သူ့ကျားကြီးဆိုတဲ့ ကြောင်ကြီး သတ်တော့ စိတ်တိုတာပ၊ ဘာပြောတယ်ထင်တာပ'

'မသိဘူးလေ'

'အေး··· ငါစိတ်တို့ရင် မလွယ်ပ၊ ငါ့ကျားကြီးကို သတ်တာ နင်ပ၊ ဒီတော့ သမီးက တောင်းပန်လို့ ငါကျေအေးတာ၊ မင်းတို့ မြန်မြန်ယူချင်ယူ မယူရင် ငါ့အကြောင်းသိတာပ'

'ရှော်··· သိတာပအေး တန်းလန်း'

'ဘာကွ'

'ရှော်··· အဘက စားကြီးတန်းလန်းကြီး ပြောတာပ၊ ကျွန်တော် မကြည့်ရဲတာပ'

'ဟေ့ကောင်'

'ဟုတ်··· ဟုတ်··· ကျွန်တော် ဟိုကြည့်ရဲတာပ၊ နန်းမှူကိုပ၊ လူကြီးတွေရှေ့မှာ ကျွန်တော်ကတိပေးတာပ'ဆို ပြီး သူ့သမီးကို လက်ထပ်ပါ့မယ်လို့ ကတိပေးတော့ ဘာပြော တယ် ထင်တာပ'

'ရှော်··· ပြောပြတာပ၊ [illegible]တို့ ဘယ်သိမှာပအေး'

'ဟုတ်တာပနော့၊ အဘစိတ်တို ပြောတာ၊ ရှော်···



ကျော်ခွေ၊ မင်း ငါ့သမီးယူမယ်လို့ပြောတာပ၊ ငါလည်း မရှက် ချင်တာပ၊ ဒီတော့ ဘာမှမပြောကြတာပ၊ ပြီးတာတွေ ပြီးတာ ပအေး၊ ဟိုဟိုဒီဒီ လျှောက်မပြောရလို့ ကတိပေးထားတာပ'

'ရှော်··· အဘ··· ကျွန်တော်တန်းလန်း··· အယ်'

'ရှော်·· ဘာပြောတာပ'

'ဒီလိုပ၊ အဘ ဒေါ်သကြီးလို့ ဓားတန်းလန်းနဲ့ လိုက် တဲ့အကြောင်း မပြောတာပအေး၊ ကျွန်တော် နန်းမူနဲ့ အမြန်ယူ မှာပ'

'အေး··· ကောင်းပြီ၊ ကတိမတည်လို့ကတော့ တန်း လန်းမဟုတ်ဘူး၊ တွဲလောင်းဖြစ်ပြီသာမှတ်'

'ရှော်··· ဟား··· ဟား··· ဟား··· ဟား'

'ဘာရယ်တာပအေး'

'ရှော်··· မဟုတ်တာပ'လို့ ကျွန်တော် ပြောလိုက်ရ တာပအေး၊ ဒါနဲ့ သူ့သမီးကိုယူလိုက်ရတာပ၊ အဲဒီမှာ ကျွန်တော် က တန်းလန်းအကြောင်းပြောလို့ ကျွန်တော့်ကို အာလူးဘွဲ့ပေး တာပ'

'အာလူးနဲ့ တန်းလန်းက ဘယ်လို ပတ်သက်နေတာလဲ ကိုကျော်ခွေ'

'ရှော်··· ကျွန်တော်ပအေး၊ ကျားကြီးအကြောင်းကနေ တန်းလန်းကော၊ တွဲလောင်းတာ လျှောက်ပြောတာကနေ ဒီစိတ် တိုပအေး၊ ရှက်ရှက်နဲ့ လူတွေကိုပြောတာပ၊ ဒီကောင်ကျော်ခွေ

www.burmeseclassic.com

www.burmeseclassic.com



ပ၊ အာလူးသိပ်များတာပလို့ ပြောရာက ရှူတွေက ကျွန်တော့်ကို အာလူးလို့ပြောကြ ခေါ်ကြတာပအေး၊ ယောက္ခမကြီးကိုတော့ ကျွန်တော်က ချစ်စနိုးနဲ့ ဦးစိတ်တိုကနေ တန်းလန်းလို့ ခေါ်တာပ၊ ဟား… ဟား… ဟား… ဟား’

တော်တော်နောက်တဲ့ သားမက်နဲ့ ယောက္ခမဟု ကျွန်တော် တွေးမိပါသည်။ သို့သော် ဟာသမြောက်တတ်သော ကိုကျော်ဆွေ (အာလူး)နှင့် တွေ့ရသည်မှာလည်း အသက်ရှည်ဆေးတစ်ခွက် ရခဲ့ပါသည်။ တော်တော်လည်း စေ့စပ်ပြီး သူမသိတာမရှိ၊ တော်တော် လေ့လာထားသူပင် ကျားနှင့်တွေ့ဆုံမှုလည်း သူပြောဖြစ်ခဲ့ပါသည်။ ကျားလာသည့်အခါ တဲထဲမှမထွက်ရဲ၍ တဲတွင် ကာထားသော ဝါးထရံအပေါက်မှ ကြည့်ရကြောင်း ပြောပြရင်း ကျားကြီးလာသည့်ဘက် ကျွန်တော်တို့သွားကြရန်အတွက်–

‘တင်မြတ်နဲ့ မိုးကျော်ရေ၊ စောတုန်းက ကျားထွက်တဲ့တောင်စောင်းဘက် သွားကြည့်ရအောင်’

‘ဟုတ်ကဲ့… ကဲ… ကိုကျော်ဆွေတို့၊ ကျွန်တော်တို့ဘယ်သူလိုက်ပြမလဲဗျ၊ စောတုန်းက ကျွန်တော်နဲ့ ထွားမောင်လိုက်မှာပအေး’

‘ရော်… ကျွန်တော်နဲ့ ထွားမောင် လိုက်မှာပအေး’

‘ကဲ… ဒါဆို သွားကြရအောင်’

‘ဆရာကြီးပ’



‘ဟုတ်ကဲ့’

‘ကျွဲလူးအိုင်အင်းဘက်ကော သွားမှာပ’

‘ဝေးလား’

‘နည်းနည်း လှမ်းတာပအေး’

‘နောက်နေ့ပေါ့၊ ဒီညနေ ဒီမှာပဲ စီစဉ်စရာ စီစဉ်ရအောင် သွားကြတာပေါ့’

ကျွန်တော်တို့ငါးယောက် တောင်စောင်းရှိ ဘုန်းကြီးကျောင်းနှင့် နတ်ကြီးစင်ဘက်သို့ ထွက်ခဲ့ပါသည်။ အခင်းတဲမှာတော့ မြေပဲနုတ်နေကြသူတွေမှာ စောသေး၍ မပြန်ကြသေးပါ။ အမျိုးသမီးဆယ်ဦးခန့်၊ အမျိုးသား လေးဦးခန့်လည်း တွေ့ရပါသည်။

ခြံစည်းရိုးဘေး ရောက်တော့ ခြံအား ကာထားသည့်စည်းရိုးကိုကြည့်လိုက်ရာ လူတစ်ရပ်ပင် မမြင့်ပါ။ ဒီခြံလောက်တော့ ကျားကြီးမှာ အသာလေး ခုန်ဝင်နိုင်၏။ ကျားမဝင်နိုင်ရန်ကာဖို့မှာလည်း မလွယ်၊ အဓိက ကာထားသည်မှာ တုံးတင်စည်းရိုးတွေသာ ဖြစ်ပါသည်။ ကိုကျော်ဆွေ အာလူးသည် သူ၏ ခြံစည်းရိုးကို ကိုင်၍–

‘ကျားကြီး ဒီပတ်ဝန်းကျင်ကနေ ကျော်ဝင်တာပ’

‘ဘယ်အချိန်လောက် ဝင်တတ်သလဲ’

‘ရော်… တစ်ခါတလေ နေမဝင်တတ်တာပ၊ တစ်ခါတလေတော့လည်း မိုးချုပ်မှ ဝင်တာပအေး’

www.burmeseclassic.com

www.burmeseclassic.com



'လူတွေနဲ့တော့ မတွေ့ဘူးပေါ့နော်'

'မတွေ့၊ ခြံထဲမှာ လူမရှိ၊ တဲထဲမှာပဲ ရှိကြတာပ'

'အမျိုးသမီးတွေက ရှာပြန်ကြတာပေါ့နော်'

'ပြန်ကြတာပ၊ မနက်စောစောမှ ပြန်ကြတာပ'

'တင်မြတ်'

'ဗျာ… အပြင်ထွက်ရမလား'

'အေး… ထွက်တော့ကွာ'

ကျွန်ုပ်တော် တင်မြတ်အား တောစပ်ဘက်ဝင်ရန် စည်းရိုးအပြင် ထွက်ခိုင်းလိုက်သည်တွင် တင်မြတ်နှင့်အတူ မိုးကျော်အောင်ပါ တောစပ်နှင့် စည်းရိုးကာထားသည့် ခြံမှာ ကပ်နေ၏။ စည်းရိုးနှင့် တောစပ် ကိုက်ငါးဆယ်ခန့်ထားသည့်ခြံမှာ ကပ်နေ၏။ စည်းရိုးနှင့် တောစပ် ကိုက်ငါးဆယ်လောက်တော့ ရှင်းလင်းထားသင့်သည့် ပထမအပြစ် တွေ့ရှိရပါပြီ'

'ဆရာကျော်၊ တောဝက်ခြေရာတွေဗျ'

'ဟုတ်တယ် ဆရာကျော်၊ တောဝက်ခြေရာတွေ ထပ်နေတာပဲ'

'ကိုကျော်ခွေ'

'ဟုတ်'

'တောဝက်တွေ ခြံထဲမဝင်ဘူးလား'

'တစ်ခါတလေ တောဝင်တာပ၊ လောက်လေးနဲ့မောင်းရတာပအေး'



'ဟုတ်တာပ ဆရာကြီး၊ စည်းရိုးက တုံးတင်ပ၊ ဒီတော့ ဆောဝက်တွေ သိပ်မတိုးနိုင်ပ၊ မြေအောက်တူးဝင်မှရတာပ'

'ခင်ဗျားတို့ လိုတာက ဟောဒီ ခြံစည်းရိုးနဲ့ တောဟာ ငါးဆယ်လောက် ရှင်းထားရမှာဗျ'

'ဗျာ…'

'မဗျာနဲ့၊ ဒါမှ တောကောင်တွေ ရုတ်တရက် မဝင်ရဲဘူးလေ၊ ခုဟာက လွယ်လွယ်လေးပဲ၊ တောစပ်နဲ့ စည်းရိုးထိနေတော့ သူတို့အတွက် အကာအကွယ် ကောင်းကောင်း၏ရတာပေါ့၊ ကျားဆိုကြည့် အသာလေး ချုံဘေးကနေ ခုန်ဝင်ရုံပဲ မဟုတ်လား'

'ဟုတ်တာပနော့'

'နောက်နေ့တွေမှာ အခင်းသမားတွေက ညှိပြီး (ညှိ- အကူအညီခေါ်သည်ကို ဆိုလိုပါ၏)ရှင်းကြဗျာ၊ ပေ ငါးဆယ်လောက်အထိပေါ့'

'ဟုတ်… ဟုတ်… လုပ်မှာပအေး၊ ကောင်းတာပ'

တင်မြတ်နှင့် မိုးကျော်အောင် တောစပ်ထဲမှာ မွှေကြပါပြီ၊ ကျွန်ုပ်တော်တို့လည်း ခြံထဲမှထွက်ပြီး ပတ်ဝန်းကျင် လေ့လာသောအခါ မိုးကျော်အောင် အခန်းထဲဝင်သည်တော့မသိ။ ဝက်အုပ်မှာ အကောင်သုံးလေးဆယ်မျှ ရှိမလားဟု တွေးမိပါသည်။

'ဒီဝက်တွေ ဘယ်ကဝင်လဲ မသိဘူးဗျ'

www.burmeseclassic.com

www.burmeseclassic.com



'ခြံထဲမဝင်ဘဲ ကျွဲလူးအိုင်အင်းကို သွားတာပ၊ အဲဒီမှာ ဝက်ကော်ချောင်းလည်း ရှိတာပ'

'ဗျာ… ဝက်ကော်ချောင်း'

'ဟုတ်တာပအေး၊ တောဝက်က လူကိုလိုက်ထိုး၊ လိုက်ဖက်၊ လိုက်ကော်တာပ၊ ဒါကြောင့် တောဝက်ကော်ချောင်းလို့ ခေါ်ကြတာပ၊ တချို့က ဘာပင်တွေရှိလဲ'

'ရော်… တောဝက်အကြိုက်ပ၊ မျှစ်ပေါတာပ၊ ပိန်းတောကြီးနဲ့ တောင်ဖွေးသီးတွေ၊ ငှက်ပျောတောကြီးတွေ ရှိတာပ'

'ဒါဆိုရင် ဒီကနေ အဲဒီအထိ ဆင်းတာပေါ့'

'ဆင်းတာပ၊ တစ်ခါတစ်ခါ စစ်သားတွေ တန်းစီသွားကြနေတာပအေး၊ တန်းစီသွားနေတာ ဖြစ်ကုန်ပြီ'

'အေး… ဟား… ဟား… ဟား… ဟား…'

'ရော်… စိတ်မရှိတာပ၊ တောင်းပန်တာပ'

'ရပါတယ်ဗျာ၊ ဒီတစ်ခါ အဲဒီကို တန်းစီလာရင်တော့ ရွာသားတွေအတွက် ဟင်းလျာပစ်ပေးမယ်၊ ခင်ဗျားတို့ ဝက်သားစားလား'

'ရော်… စားတာပ၊ ကျွန်တော် အရမ်းကြိုက်တာပ၊ သေရင် ပါးစပ်ထဲတောင် ဖမ်းလွှတ်ချင်တာပ'

'အင်း… ဒါ့ကြောင့်လည်း အာလူးတော်ဘွဲ့ရတာဗျို့၊ ဟား… ဟား… ဟား… ဟား'



တင်မြတ်က နောက်၏။ ကိုကျော်ဆွေနှင့် ကိုထွားအောင်တို့ သဘောကျရယ်မောနေကြ၏။ ကျွန်တော်နှင့် မိုးကျော်သည်း ခြေရာတွေထဲတွင် တောဝက်ခြေရာမဟုတ်သော ခြေရာတွေ တွေ့ပါပြီ။ သို့အတွက် ထိုခြေရာများအား အသေအချာကြည့်နေရင်း ဘာကောင်ဖြစ်မယ်ဆိုတာကို စဉ်းစားနေသည်။

'ကိုထွားမောင်'

'ဟုတ်ကဲ့'

'ခင်ဗျားတို့ အခင်းတွေမှာ ကျွဲတွေ၊ နွားတွေရှိတယ်နော်'

'ရှိတာပအေး'

'လွှတ်ပေးလား'

'တောစပ်ထဲမှာ မလွှတ်ပ၊ ဟိုးအောက်မှာ ကျွဲနွားတွေအတွက် စားကျက်ရှိတာပအေး၊ အဲဒီမှာလွှတ်တာပ'

'ရော်… ဆရာကြီး ဘာတွေ့တာပ'

'အင်း… ဒီခြေရာက ဘာခြေရာလဲဗျ'

ကျွန်တော်သည် နွားခြေရာပုံသဏ္ဌာန်တွေ့ရသော ခြေရာအား လက်ညှိုးနှင့် ထောက်ပြ၏။ သူတို့နှစ်ယောက်သာကြည့်၍ သူတို့မသိ၊ ထူးဆန်းနေသည်ကိုတော့ သူတို့သတိထားမိပါသည်။ စဉ်းစားရင်း အဖြေရှာသော်လည်း မတွေ့၊ အဖြေရှာမရသည့်အဆုံး-

'မသိပအေး'

www.burmeseclassic.com

www.burmeseclassic.com



'ဝက်အုပ်နဲ့ ဘာကောင်ပါတာပ'

'ကျွန်တော်တို့ ဘာကောင်မှမတွေ့၊ တောဝက်ပဲ တွေ့တာပ'

'ဟုတ်ပ၊ တောဝက်တွေ လေးနဲ့ပစ်တော့ ပြေးတာပ၊ ဒါပဲ သိတာပ'

'ရော်... ကျားခြေရာ၊ မဟုတ်ပနော့'

'ကျားခြေရာ မဟုတ်ပါဘူး၊ ခင်ဗျားတို့ကျွဲ၊ နွား ဒီဘက်မလာဘူးဆိုရင်တော့ ဒီခြေရာဟာ စိုင်တွေပဲဖြစ်မယ်'

'ဟုတ်မယ် ဆရာကျော်၊ ပြောင်ခြေရာ မဖြစ်နိုင်ဘူး၊ ခြေရာ နည်းနည်းငယ်တယ်၊ စိုင်တွေပါ ဒီမှာ ရောက်နေပြီ ထင်တယ်'

'ဖြစ်နိုင်တာပအေး၊ တစ်ခါက ကျွန်တော် တွေ့တာပ၊ နွားတွေပဲဆိုပြီး စိတ်ထဲမှာတောင် ထင်မိတာပ၊ ဒီနွားတော့ ကျားစာဖြစ်တော့မှာပလို့ တွေးမိတာပ'

'ခင်ဗျားတွေ့တာ ကြာပြီလား'

'တစ်လလောက်ရှိပြီ ထင်တာပ၊ ကျွန်တော် သေသေချာချာတော့ မမှတ်မိပါဘူးအေး'

'ဘယ်နှကောင် လောက်တွေ့လဲ'

'ရော်... ဟုတ်တာပနော့၊ အင်း... သုံးလေးကောင်လောက်ပ၊ တောဝက်မထွက်ဘဲ လသာသာမှာ သူတို့သုံးလေးကောင်ပဲ တွေ့တာပအေး'





'ဆရာကျော်ရေ'

'ဘာလဲ မိုးကျော်'

'အင်း... မုတ်ဆိတ်ပျားစွဲပြီ ထင်တယ်'

'အေးကွ... ရာရမှာက ကျား၊ တွေ့မှာက တောဝက်နဲ့စိုင် ထင်တယ် မိုးကျော်ရေ'

'အဲဒါကြောင့် ပြောတာပေါ့၊ မုတ်ဆိတ်စွဲတဲ့ပျား ဆိုတော့ မလွတ်အောင် ကြံရမယ်'

'အေး... ကျားရှာရင်း စိုင် ပစ်မယ်'

'မဟုတ်ဘူး ဆရာကျော်'

'ဘာလဲကွ တင်မြတ်'

'ကျားပစ်ရင်း စိုင်နဲ့ ဝက်ပါ ပစ်မယ်လေ၊ ဟား... ဟား... ဟား... ဟား...'

'အေး... အထီးအကောင်ပေါက်နဲ့ အမတွေ မပစ်မိအောင်တော့ ဂရုစိုက်ရမယ်ကွနော်'

'စိတ်ချပါ ဆရာကျော်'

'ဆရာကြီးတို့ပ'

'ပြော... ကိုထွားမောင်'

'ဟောဟို ကုန်းတန်းဟာ နတ်ကြီးစင်ပ'

'ဟုတ်လား... အဲဒီ သွားကြမယ်'

'ဆရာကျော် သွားမယ်နော်'

'အေး...'



www.burmeseclassic.com

www.burmeseclassic.com



တင်မြတ်သည် နတ်ကြီးစင် ကုန်းကျောလေးဘက် ဦးဆောင်ထွက်သွားပါသည်။ ကျွန်တော်နှင့် ရွာသား ကိုထွားမောင်၊ ကိုကျော်ဆွေတို့ ကပ်လိုက်ချပြီးနောက် မိုးကျော်အောင်သည် နောက်ပိုင်း တာဝန်ယူခဲ့ပါပြီ။ နတ်ကြီးကုန်းကျောမှာ မဝေးပါ။ ဆယ်မိနစ်ပင် မကြာပါ ရောက်သွားပါပြီ။ နတ်ကြီးစင်တွေအား ခြံစည်းရိုးဖြင့် အသေအချာ ကာထား၏။ တော်ရုံတန်ရုံ သားကောင်တွေ မတိုးဝင်နိုင်အောင် ဝါးတွေ စေ့နေအောင်လည်း ကာထား၏။

'ခင်ဗျားတို့ ရွာနဲ့ နတ်ကြီးစင် မဝေးဘူးလား'

'ဝေးတော့ ဝေးတာပ၊ ဒါပေမဲ့ ဒီမှာပဲ ကုန်းကျောရှိတာပ'

'ဟုတ်တာပ ဆရာကြီး၊ ဒီကုန်းကျောကနေ ဟိုမှာပ၊ ဘုန်းကြီးကျောင်းရှိတာပ၊ ဘုန်းကြီးကျောင်းကနေ ဆွမ်းခံတော့ စိုင်းမောင်မောင်တို့ အခင်း တောနဲ့ရွာထဲ ရောက်တာပ'

'ဒါဆို ကျွန်တော်တို့ ဘုန်းကြီးကျောင်းဘက်ပါ သွားရအောင်'

ကိုထွားမောင်သည် စာသေးသည့်အတွက် ဘုန်းတော်ကျောင်းဘက် ကျွန်တော် သွားချင်သည်ကို ဖြည့်စွက်ပြီး ပြောလိုက်သည်။ တင်မြတ်နှင့် မိုးကျော်အောင်မှာတော့ နတ်ကြီးစင် စည်းရိုးဘေးတွင် တွေ့ရသော ကျားခြေရာအား ကြည့်ရင်း သူတို့နှစ်ယောက်သည် သုံးသပ်နေ၏။





'ဘာလဲ တင်မြတ်၊ ဟော… ကျားခြေရာပါလား'

'အဲဒါ ကျွန်တော်တို့ ကြည့်နေတာ ဆရာကျော်'

'ဟုတ်တယ်၊ မနက်ပိုင်းက ခြေရာတွ ဖြစ်နိုင်တယ်'

'အေးကွ… ခြေရာ တော်တော်လတ်တယ်'

'ဒီကောင်ကြီး တောင်ပေါ်ပြန်တက်တဲ့ ခြေရာပဲ'

'အေး… အခင်းတွေထဲကနေ ပြန်လာတာပဲ'

'သေချာတာပေါ့၊ ဟိုမှာ… ဟိုမှာ… အခင်းဘက်က လာတာပဲ'

'ကိုထွားမောင်ရေ၊ ကျောင်းဘက် ဝင်ရအောင်'

'ဟုတ်… ဟုတ်'

ကျွန်တော်တို့ ကျားခြေရာအား ကြည့်ရှု လေ့လာနေစဉ် ကိုထွားမောင်နှင့် ကိုကျော်ဆွေတို့နှစ်ယောက် ကြောက်ရွံ့ပြီး တောစပ်ဘက်သို့ ကြည့်နေ၍ မျက်လုံးအနည်းငယ်တော့ ပြူးနေကြပြီ၊ ကျွန်တော် သူတို့နှစ်ယောက်အား ကြည့်ရင်း ပြုံးလိုက်၏။

'ကိုကျော်ဆွေနဲ့ ကိုထွားမောင် ဘာလဲ၊ လန့်နေပြီပေါ့'

'လန့်တာပေါ့အေး'

'ကျွန်တော်တို့ပါ ပါတယ်ဗျ'

'ဟုတ်တော့ ဟုတ်တာပ၊ ဟဲ… ဟဲ… ဟဲ… ကြောက်တာကတော့ ကြောက်တာပအေး'

'ကိုကျော်ဆွေကတော့ လုပ်ပြီ၊ ဒါနဲ့ ကျားကြီးရဲ့



www.burmeseclassic.com

www.burmeseclassic.com



ခြေနှစ်ချောင်းကိုင်ရိုက်တယ်ဆို'

'ရော်… အဲဒီကျားက ကျားမဟုတ် ကြောင်ပ၊ အဝါနဲ့အနက်အစင်းတွေပါလို့ ကျားကြီးလို့ ခေါ်ကြတာပ၊ ခုဟာက ကြောင်မှမဟုတ်၊ ကျားမှ ကျားပအေး'

'ဘယ်မှာလဲ ကျား၊ ပြောပါ… ကျွန်တော် ပစ်မယ်လေ'

'ရော်… ဒီမှာပ၊ အယ်… ဒီမှာ တွေ့တာ ခြေရာပ၊ ခြေရာဆိုတော့ ကျားရှိမှာပအေး'

'မကြောက်ကြပါနဲ့ဗျာ၊ ခင်ဗျားတို့ တစ်ရွာလုံး စိတ်အေးလက်အေးသွားအောင် အဲဒီ ကျားနှစ်ကောင်လုံး ရအောင် ပစ်ပေးမယ်'

'ရော်… နှစ်ကောင်ပ'

'ဟုတ်တယ်၊ နှစ်ကောင်ဗျ ကိုကျော်ဆွေ၊ ကိုထွားမောင်လည်း သိနေတယ်၊ ကဲပါ… ထားလိုက်၊ ကျွန်တော်တို့ ရှင်းပေးမယ်'

'ကဲ… ဘုန်းကြီးကျောင်း သွားကြစို့'

'ဟုတ်… ဟုတ်'

ကိုထွားမောင်နှင့် ကိုကျော်ဆွေတို့ ဦးစီးပြီး ဘုန်းတော်ကြီးကျောင်းဘက်သို့ ကျွန်တော်တို့ ဆက်ထွက်ခဲ့ပါသည်။ ကျောင်းအဝတွင် ကိုရင်လေး တစ်ပါးအားတွေ့သဖြင့် ကိုကျော်ဆွေမှ ကျောင်းထိုင် ရှိ မရှိမေးတော့ ရှိကြောင်း သိရသည်တွင်



ကျွန်တော်တို့အားလုံး ကျောင်းဝင်းအတွင်း ဝင်ခဲ့ကြပါသည်။

ကျောင်းထိုင်ဆရာတော်မှာ သက်တော်ငါးဆယ်ခန့်ရှိသော ခန့်ခန့်ညားညား ဥပဓိရုပ်သည်လည်း အလွန်ကောင်း မျက်နှာတော်မှာ အေးအေးဆေးဆေး နှုတ်ခမ်း ခပ်စေ့စေ့ ပါသည်။ ကျွန်တော် ဆရာတော်အား ဖူးမြော်ပြီးသည်နှင့် ဆရာတော်မှာ တော်တော်လေး တိကျပုံရမည်ဟု တွေးနေစဉ် -

'ဘုန်းဘုန်း… ဒါက တပ်က ဆရာတွေပါ'

'ရော်… တပ်ကလား၊ ကိစ္စများ ရှိတာပ'

'ကိစ္စရှိတာပ ဘုန်းဘုန်း၊ ကျားကိစ္စပ'

'ရော်… ကျားတွေသောင်းကျန်းတာပအေး၊ ဘုန်းကြီး သိတာ သူများအသက်မပစ်မှ ကောင်းတာပ၊ ဒါပေမဲ့ ဒီ ကောင်တွေ တစ်နေ့တခြား အတင့်ရဲပြီး သောင်းကျန်းနေတာ ကျောင်းက ခွေးသုံးကောင်လည်း အစားခံရတာပ၊ ဒီကြား ကျောင်းသားလေးတွေ ကိုရင်တွေလည်း ဆွမ်းခံထွက်တာ မနက်ညှ တံမြက်စည်းတောင် မလှဲရဲအောင် ဖြစ်နေ တာ'

'ကျောင်းဝင်းထဲ ဝင်တဲ့သဘောပေါ့ဗျာ'

'ဝင်တာပအေး၊ ခွေးသုံးကောင် ဆွဲသွားတာပ၊ နှစ် ကောင်ပျောက်သွားတာ မသိပ၊ နောက်ဆုံး ရွှေနီဆိုတဲ့ ခွေးကို ဟိုက စောင်းလျှားပင်အောက်မှာ ကိုက်ဆွဲသွားတာကျောင်း

www.burmeseclassic.com

www.burmeseclassic.com



က ကိုရင်ကြီးတွေနဲ့ ကျောင်းသားတွေ သိတာပ၊ မြင်တာ'

'ဒါဆို လူပါ အန္တရာယ်ဖြစ်ဖို့ နီးလာပါပြီး ဘုန်းဘုန်း'

'ဟုတ်ပ'

'ကိစ္စမရှိပါဘူး၊ တပည့်တော် တာဝန်ယူပြီး ရှင်းပေးမှာပါ ဘုရား၊ တစ်ခုလောက် သိချင်ပါတယ်'

'ရော်… သိချင်တာ မေးတာပ'

'ကျားတွေဘယ်နှကောင်လို့ ဘုန်းဘုန်း ထင်ပါသလဲ'

'နှစ်ကောင်တော့ သေချာတာပ'

'ကောင်းပါပြီ၊ ကျားတွေရဲ့ ဝင်လမ်း ထွက်လမ်း တပည့်တော်တို့ ဒီနေ့ကစပြီး စုံစမ်းမှာပါ ဘုရား'

'ရော်… စုံစမ်းမနေနဲ့ ဒကာကြီးပ၊ ဒီကျောင်းရဲ့ ဟောဟို မရမ်းတောမှာ ညပိုင်းအမြဲရောက်တာပ၊ နေ့တိုင်း ရောက်တာပအေး'

'ဟာ… ဒါဆို ဆရာကျော် အဆင်ပြေတာပေါ့'

'အေး… နေရာသိပြီဆိုတော့ တို့အတွက် တစ်ဝက် သေချာပြီပေါ့'

'ရော်… ဒကာကြီးတို့ တစ်ခုတော့ ရှိတာပ'

'ဘာများလဲ ဘုရား'

'ဟဲ့… အာလူး၊ ဒီဒကာကြီးတွေ ပြောပြီးပြီလား'

'ဘာများလဲ ဘုရား'

'ရော… အရေးကြီးတဲ့ သရဲတစ္ဆေတွေလေ'



'ရော… မပြောရသေးပ'

'တောက်… ညှေ့သည်ကို အသိပေးရမှာပအေး၊ …က်တာပ'

ကျွန်တော်ထင်သည့်အတိုင်း ကျောင်းထိုင်ဆရာတော် … စိတ်က ထက်ထက်ပင်။ တောက်ခေါက်ပြီး အိမ်ရှင် …ည့်သည် ခွဲခြားကာ သိသင့်သိထိုက်သော ကိစ္စများအား …ပြောမထားရန် ဒေါသထွက်ကာ မျက်နှာ ပိုမိုတည်သွားပါ …သည်။

'ကဲ… ဒကာကြီးတို့ပ၊ ဒီနားမှာ ကျောင်းအပြင်မှာ …အေး၊ မားသရဲ လုံးသရဲရှိတာပ၊ ခြောက်တာလှန့်တာတွေနဲ့ …တွေ့ ရွာသားတွေ ဒုက္ခပေးတာလည်း များတာပ၊ တစ်ခါ …တစ်ရဲ ကျောင်းသားတွေကိုတောင် ခြောက်လှန့်တာပ၊ လူဝင် …ဘာတို့၊ ကလေးတွေ ငိုအောင် ရယ်အောင် ဖောက်ပြန်အောင် …လုပ်တတ်တာပအေး'

'အဲဒီတော့ ရွာသားတွေ ဘာလုပ်ပါသလဲ ဘုရား'

'အင်း… ရွာသားတွေ ကြောက်သလားမမေးနဲ့ပအေး၊ …သာဒီ ထွေးတို့၊ အာလူးတို့ကအစ ကျုပ်က ပွင့်ပွင့်လင်းလင်း …ပြောတာပ'

'ကိုထွေးမောင်'

'ဟုတ်'

'အဲဒီသရဲနှစ်ကောင်ကိုလည်း ကျွန်တော်တို့ ရှင်း

www.burmeseclassic.com

www.burmeseclassic.com



ပေးမယ်'

'ဗျာ…'

'ဪ… မယုံဘူးလား၊ ကိစ္စမရှိပါဘူး၊ ကျားနှစ်ကောင်၊ သရဲနှစ်ကောင် အပြတ်ရှင်းပေးမယ်လို့ ကျွန်တော်တို့ကတိပေးပါတယ်'

ကိုထွားမောင်နှင့် ကိုကျော်ဆွေ (အဲလူး)တို့သည် ကျွန်တော့်အား ကြက်ထင်လေမည်လားမသိ။ ကျွန်တော့်အား စိုက်ကြည့်သလို ကျောင်းထိုင်ဆရာတော်သည်လည်း ကျွန်တော့်စကားအား မယုံတစ်ဝက် ယုံတစ်ဝက်ဖြစ်နေပုံ ရပါ၏။ ကျွန်တော် သိပါ၏။

'ဒကာကြီး ပြောတာ ဝမ်းသာတာပအေး၊ ဘုန်းကြီးကတော့ ပွင့်ပွင့်လင်းလင်းပဲ၊ ကျားနှစ်ကောင်ကို ရှင်းပေးမယ်ဆိုတာပဲ ကျေနပ်လှပါပြီ၊ ဒီသရဲနှစ်ကောင်ကတော့ မလွယ်ဘူးထင်ပါရဲ့'

'လွယ်အောင် ဖန်တီးပေးပါ့မယ် ဘုရား၊ ထားလိုက်ပါ၊ သရဲလောက်တော့ အသေးအဖွဲလို့ သဘောထားလိုက်ပါ'

'မှန်လှပါ ဘုရား၊ တပည့်တော်ဟာ မိုးကျော်အောင်လို့ ခေါ်ပါတယ်၊ တပည့်တော်ဟာ ဘုန်းကြီးကျောင်းသားပါ၊ သရဲတစ္ဆေဆို အရမ်းမုန်းပါတယ်၊ ကြောက်လည်း မကြောက်ပါဘူး၊ တပည့်တော်တို့ရဲ့ ဆရာဟာ သရဲကောင်းကောင်းနိုင်တာမို့ သရဲအတွက် အရေးမကြီးပါဘူး ဘုရား၊ ပထမဆုံး ကျားနှစ်



ကောင်အတွက်သာ ဦးစားပေး ရှင်းရမှာပါဘုရား'

'ဟုတ်ပါတယ် ဘုရား၊ တပည့်တော်တို့ဟာ မုဆိုးတွေဖြစ်ပါတယ်၊ ကျားဆိုတာ တောထဲက တောမုဆိုးပါ၊ တပည့်တော်တို့ ကျားဆိုရင် မပစ်ပါဘူး၊ ဒါပေမဲ့ ရန်သူလိုဆက်ဆံလာရင်တော့ ရှင်းပစ်ဖို့တာဝန်ယူပါတယ် ဘုရား၊ ခု အထက်ကလည်း တာဝန်ပေးတာကြောင့် တပည့်တော်တို့ ကျားက ပထမ၊ သရဲက ဒုတိယဖြစ်နေပါပြီ၊ ရှင်းပေးရမှာပါ ဘုရား'

'ကောင်းတာပအေး၊ ကူညီတာ ကျေးဇူးတင်တာပေါ့'

ကျွန်တော်တို့အား ဘုန်းတော်ကြီးကလည်း အထင်သေးပုံရသည်။ ကျားအတွက်တော့ မဟုတ်ပါ။ သရဲနှစ်ကောင်အတွက် ဖြစ်ပါသည်။ ဓားသရဲ၊ လှံသရဲတဲ့၊ ဘုန်းတော်ကြီးပါးစပ်ကပင်လျှင် ကမ္ပည်းတွင်နေသော ထိုသရဲ နှစ်ကောင်နှင့် လူတွေ၊ အခင်းသမားတွေမှအစ တစ်ရွာလုံး ဘုန်းတော်ကြီးကျောင်းအပါအဝင် ကြောက်ရွံ့ထိတ် လန့်နေကြသော ကျားနှစ်ကောင်၏ ရန်တို့ကို ကျွန်တော်တို့ ကာကွယ်ရန် စနစ်တကျစီစဉ်ရတော့သည်။

'ဆရာကျော်'

'ပြော… တင်မြတ်'

'ကျွန်တော်တို့က မုဆိုး၊ တောပစ်ချင်တယ်'

'အေးလေ… အဲဒီတော့ ဘာဖြစ်သလဲ'

'ခုတော့ ဟိုရွာ ဟိုစခန်းရောက်၊ ဒီရွာ ဒီစခန်း ရောက်

www.burmeseclassic.com

www.burmeseclassic.com



ဘယ်ရောက်ရောက် ရွာသားတွေရဲ့ ကျားအန္တရာယ်နဲ့ ကျားပဲ ပစ်နေရသလို ဖြစ်နေပြီ'

'တင်မြတ်ကလည်းကွာ၊ တို့တာဝန်က ကာကွယ်ရေး လေ'

'မိုးကျော်ရာ၊ ငါ ပြောတယ်လေ၊ ကာကွယ်ရေးကို အသာထား တို့လုပ်ချင်တာက မုဆိုးကွ၊ တောတိုး မယ်၊ တောပစ်မယ်၊ ခုဟာက သားကောင်မဟုတ်တဲ့ ကျားကြီးတွေပဲ ပစ်နေရမှာလားကွာ'

'တင်မြတ်ရေ၊ ရွာသားတွေ စိတ်အေးရအောင် ကူညီ မယ်၊ နောက်တော့ မင်းရဲ့ လျှပ်တစ်မြက်ဘွဲ့နဲ့အညီ သား ကောင်ပစ်ရမှာပေါ့ကွာ'

ကျွန်တော် တင်မြတ်ကို နှစ်သိမ့်ရသည်။ တင်မြတ် ပြောလည်း ပြောစရာပင်။ ကျွန်တော်တို့ဘဝမှာ တစ်ခါလာ လည်း ကျားအန္တရာယ်ကို ကာကွယ်ပေးရမှုတွေမှာ တိုက်ဆိုင် လွန်းပါ၏။ တောပစ်မုဆိုးမဟုတ်တော့ဘဲ ကျားပစ်မုဆိုးဘဝ ရောက်နေရပါ၏။ ဘဝတူတွေ ဖြစ်ပါလျက် စည်းမစောင့်သော ကျားစည်းဖောက်သော ကျားအားရှာဖွေ ရှင်းလင်းနေရသည် သာ။

ကျွန်တော်တို့တစ်တွေ ကိုကျော်ဆွေ၏တဲကို ပြန် ရောက်တော့ မြေပဲနုတ်ကြသူတွေပါ တဲတွင်အားလုံး ရောက်ရှိ နားနေကြ၏။ မြေပဲနုတ်သူတွေ စောစောသိမ်းကြသည်ကို



ကျွန်တော်တို့ မသိပါ။ ပုံမှန်စောစောသိမ်း ကြသည်ဟု ထင်မိ သော်လည်း ထိုအဖွဲ့တွေမှာ နောက်မှသိရသည်။ ကျားကြောက် ၍ စောစောသိမ်းကြခြင်းဖြစ်ကြောင်း အားလုံး ရှာပြန်ရန်လည်း လှုပ်ရှားနေကြခြင်းပင်။

'ရော်… လူစုံတာပအေး၊ ပြန်ကြတာပ'

'ကိုကျော်ဆွေ'

'ဟုတ်'

'အစောကြီး ပြန်ကြမှာပေါ့နော်'

'အဲဒါပအေး၊ ကျားက မိုးချုပ်ရင် အန္တရာယ်ပေးမှာ ကြောက်ရတာပ၊ အလုပ် စောစောသိမ်းပြီး အုပ်စုလိုက် ယောကျ်ားတွေနဲ့ အမျိုးသမီးတွေ စုပေါင်း ပြန်ကြရတာပ'

'ကိုကျော်ဆွေနဲ့ ကိုထွားမောင်'

'ဟုတ်ကဲ့ ဆရာကြီးပ'

'ကျားက အဲဒီလောက်အထိ သောင်းကျန်းနေတယ် ပေါ့'

'ရော်… ဟိုကြောက်ကြတာပ၊ ကြိုတင်ပြီး ရှောင် ကြတာပ'

'ကျားကို မြင်ဖူးကြလား'

'ရော်… ကျားအော်သံ ကြားဖူးတာပ'

'ဟား… ဟား… ဟား… ဟား…'

မိန်းကလေးတစ်ယောက်မှ ခပ်သွက်သွက် ပြောလာ

www.burmeseclassic.com

www.burmeseclassic.com



သည့်အတွက် တင်မြတ် သဘောကျသွား၏။ မိန်းကလေးမှာ တကယ်ပင် ကျားသံကြားဖူး၍ပြောသည်ကို တင်မြတ် သဘောကျသည်မှာ အဘယ့်ကြောင့်ဟု ကျွန်တော် သိလိုက်ပါ၏။ သို့သော် ရွာသားတွေတော့ သိမည်မထင်ပါ။

'ရော... အသံကြားတာပ၊ အော်သံကြားတာ ရယ်စရာပအေး'

'ဟုတ်တာပေါ့ဗျာ၊ အဲဒီအော်သံ ကြားတယ်ဆိုလို့ ရယ်မိတာ ညီမရဲ့၊ ကျားဆိုတာ မအော်ဘူး'

'ရော်... အစ်ကိုပ၊ ကျားမတွေ့ဘူး၊ အော်သံ မကြားဘူးထင်တာပ'

'ကျားတွေ့ဖူးပါတယ်၊ ပစ်ဖူးပါတယ်၊ အသံလည်း ကြားဖူးတာပေါ့ ညီမ၊ ကျားဆိုတာ မအော်ဘူး၊ ကျားဆိုတာ ဟိန်းတာကွဲ့၊ တဟောင်းဟောင်း ဟိန်းတယ်၊ ချေကြတော့ ဟောက်တယ်ကွ၊ ဒါကြောင့် ကျားအော်တယ်ဆိုလို့ ရယ်မိတာကွ၊ ဟား... ဟား... ဟား... ဟား'

'ရော်... ဘယ်သိမှာပအေး၊ ဟောင်တာလား၊ ရော်... ဟိန်းတာပနော်၊ မသိ ရှုပ်တာပ'

'ခွေးဆိုတာ ဟောင်တယ်၊ ကျားဆိုတာ ဟိန်းတယ်၊ ချေဆိုတာ ဟောက်တယ် ညီမရဲ့'

တင်မြတ်နှင့် စကားပြောနေသော အမျိုးသမီးငယ်အား ကျွန်တော် ဂရုတစိုက်ကြည့်နေမိသည်။ တအံ့တဩလည်း



ဖြစ်မိ၏။ ကျွန်တော်ကဲ့သို့ မိုးကျော်အောင်လည်း သတိထားရင်း ကျွန်တော့်အား လှမ်းကြည့်ကာ ခေါင်းညိတ်ပြလိုက်သည်ကို ကျွန်တော် သိလိုက်ပါ၏။ သြော်... လူတူမရှား၊ နာမည်တူ ရှားပါတကား။

စကားပြောနေသော အမျိုးသမီးအား တင်မြတ် ကြည့်ရင်း စကားပြောရင်းမှ ကျွန်တော့်ဘက်လှည့်ပြီး တီးတိုးစကား ပြောလာပါ၏။ သူသည်လည်း သိနေသည်။

'ဆရာကျော်'

'အေး'

'မယုံနဲ့၊ တူမှတူပဲနော်'

'အေး... ဟုတ်တယ်၊ ပါးလေးချိုင့်တာကစ တူတယ်ကွ'

'ပါးချိုင့်လေးနဲ့ မယုရယ်'

တင်မြတ်သည် ကျွန်တော့်အားကပ်ပြီး နောက်လိုက်၏။ ကျွန်တော် ထိုအမျိုးသမီးလေးအားကြည့်ရင်း မယုကိုသတိရသွားမိသည်က အမှန်ပင်ဖြစ်ပါ၏။ တစ်ခုတော့ရှိသည်။ ထိုအမျိုးသမီးလေးမှာ ရှေ့ကဆံပင်ကို မျက်ခုံးနှင့် မထိတထိ ညီညီကလေးညှပ်ထားပြီး ရှမ်းအပျိုမလေးဖြစ်ကြောင်း သိအောင် ဆံပင်ကို ကျစ်ဆံကျစ်ကာ ခေါင်းမှာ ပတ်ထားပါသည်။

'မြန်ကြတာပ'

'ဟုတ်... ဟုတ်'

www.burmeseclassic.com

www.burmeseclassic.com



ကိုကျော်ခွေမှ ပြန်ကြရန် ပြောၾ၏။ အားလုံး ပြန်ကြရန် ပါလာသော သူတို့၏ ပုဆိုးတွေ၊ ခေါင်းပေါင်းကြသည့် တဘက်ကလေးတွေ ကောက်လိုက်ကြပြီး ထသူထ လုပ်နေစဉ်မှာဝင်–

'ရော်… ဟိုအစ်ကိုပအေး၊ ကျားကြီးဟောင်တာ၊ ရော်… အဟိ… ကျားကြီးအော်တာပ၊ ရော်… ဟုတ် ပေါင်ဘာတဲ့ပ'

'ကျားဟိန်းတာလေ မယုရဲ့'

'ရော… ကျွန်မနာမည် သိနေတာပ'

'ဟော… ညီမနာမည်က မယု ဟုတ်လား'

'နန်းခင်ယုပအေး'

'သြော်… ကဲ… ပြောပါဦး၊ ကျားဟိန်းတာ ဘာဖြစ်လဲ ညီမရဲ့'

'ရော်… အဲဒီ ကျားကြီး ပစ်ချင်တာပ၊ ဖမ်းပြုပအေး'

'သြော်… ကျားမဖမ်းခင် အံ့သြစရာတစ်ခု ညီမလေးကို ပြမယ်နော့'

'ရော်… ဘာပြမှာပ'

'ဆရာကျော်… ဓာတ်ပုံလေး ခဏလောက်'

'တင်မြတ်ကလည်းကွာ'

'ဆရာကျော်ရာ၊ လူလည်းတူတယ်၊ နာမည်လည်းတူနေလို့ပါ၊ ကိုယ့်ညီမလေးတွေပဲနော့'



'ဟုတ်တာပအေး'

တင်မြတ်သည် အားလုံးရှေ့တွင် ကျွန်တော့်ထံမှ မယု၏ ဓာတ်ပုံတောင်းလာသဖြင့် ကျွန်တော် ခက်ရလေပြီ။ မပြရင်လည်း တင်မြတ်အတွက် ခက်ချေမည်။ ပြပါကလည်း ကျွန်တော့်အတွက် ရှက်စရာလိုလို ဖြစ်နေသည်။ မတတ်သာတော့ လက်ဆင့်ကမ်းပြီး ဖြန့်ထားသော တင်မြတ်လက်ထဲသို့ ကျွန်တော်၏အိတ်ထဲမှ မယုဓာတ်ပုံကို ပေးလိုက်ရသည်။

'ညီမလေး… ဒီမှာကြည့်စမ်း'

တင်မြတ်သည် ထိုနန်းခင်ယုဆိုသည့် ခပ်သွက်သွက် မိန်းကလေးအား မယု၏ဓာတ်ပုံ လှမ်းပေးလိုက်သည်တွင် အမျိုးသမီးကလေးတွေ ဝိုင်းပြီးကြည့်ကြရင်းမှ တအံ့တသြ ဖြစ်ကုန်ကြ၏။ ဓာတ်ပုံကိုကြည့်ပြီး နန်းခင်ယုကိုလည်း ပြန်ကြည့်ကြ၏။

'ရော်… မိယုပအေး၊ နင့်ပုံလား'

'ရော်… မဟုတ်တာပအေး၊ ဆံပင်မတူပ'

'ဟုတ်တာပနော့၊ အင်း… မျက်ခုံးနည်းနည်း ထူတာပအေး'

မှန်ပါသည်။ နန်းခင်ယု၏ မျက်ခုံးနှင့် မယု၏ မျက်ခုံးမှာ မယုမျက်ခုံးက နန်းခင်ယုလောက် မထူတာမှ လွဲ၍ အားလုံးအတူတူ ပါးချိုင့်လေးတွေပေါ်အောင် ခပ်ပြုံးပြုံးလေး မယု၊ ကျွန်တော့် ချစ်ရသူ၊ ယခု အလွန်ဝေးပြီး တောခေါင်ခေါင်

www.burmeseclassic.com

www.burmeseclassic.com



တောင်ခြေရင်းက ကျေးရွာလေးတွင် ရှပ်ဆင်းသဏ္ဌာန် အလွန်တူသော နန်းခင်ယုု၊ တစ်ဖန်နှာမည်ပါ ဆင်တူဖြစ်နေသောကြောင့် ကျွန်တော့်ပင်လျှင် အသက်ရှုမှားခဲ့ရပါသည်။

ဓာတ်ပုံနောက်ကျောအား လှည့်ကြည့်လိုက်သောအခါ နန်းခင်ယုနှင့် အမျိုးသမီးအားလုံး ပွဲကျသွား၏။ အားလုံး စိတ်ထဲမှာ မျှော်ရှင်ကြည်နူးနေသည့်အတွက် ကျွန်တော်၏ စပ်ယှက် မိသော စိတ်တွေလည်း သူတို့လေးတွေအတွက် တစ်ထောင့် တစ်နေရာ တစ်ခန်းတစ်ကဏ္ဍမှ ကူညီရာရောက်သည်ဟု သဘောထားလိုက်ပါ၏။

နောက်ကျောမှ စာအား နန်းခင်ယုလေးက တစ်လုံးချင်း အသံထွက်အောင် ဖတ်နေပါသည်။

'မောင့်အတွက် အချစ်ဆုံးယု'

သူ့ခမျာ စာကို ကောင်းကောင်း တတ်ပုံမရပါ၊ သို့အတွက် အဓိပ္ပာယ်ပေါက်အောင် တစ်လုံးချင်းပေါင်းပြီး ဖတ်နေရာမှ စာဆုံးသွားသောအခါ ကျွန်တော့်အား မော့ကြည့်နေရှာသည်။ သူ့အကြည့်တွေမှာ ကျွန်တော်ချစ်ရသော ယုနှင့်တစ်ပုံစံ၊ တစ်ထေရာတည်းပင် ဖြစ်နေ၏။ ကျွန်တော် သက်မချလိုက်ရသည်။

ကျွန်တော်၏ ရင်ထဲမှာလည်း တမ်းတမ်းတတ ဖြစ်သွားရင်းမှ တီးတိုးကလေး ရေရွတ်နေသည်ကိုတော့ ဘယ်သူမှ မသိနိုင်၊ မကြားနိုင်ပါ။ ကျွန်တော့်ကို စိုက်ကြည့်နေသော



ပြုံးလက်တောက်ပနေသော မယုအမည်ခံ နန်းခင်ယု၏ ရင်ထဲမှာတော့ မည်သို့ ခံစားရမည်မသိ။ ကျွန်တော်၏ အသံမထွက်သော တီးတိုးစကားကိုတော့ဖြင့် ကျွန်တော် ကောင်းစွာ ကြားနေရပါသည်။

'သြော်… ယုလေးရယ်၊ သတိရလိုက်တာကွယ်'

ဟူသော ငြီးတွားမှုနှင့် ကျွန်တော် စိုက်ပြီးပြန်ကြည့်နေမိသော မယုခေါ် နန်းခင်ယုလေးတစ်ယောက်၏ နှလုံးသားသည် မခံစားပါရစေနှင့်ဟုလည်း ဆုတောင်းနေမိပါ၏။

ကျွန်တော်၏ ဆုတောင်းကား ပြည့်သည် မပြည့်သည်ကိုတော့ မသိရ။ နန်းခင်ယုလေး၏ အကြည့်စူးစူးတွေမှာတော့ ချိုသခြင်းတွေလား၊ သို့တည်းမဟုတ်၊ ရင်ထဲမှာ လှိုင်းလုံးကလေးတွေ လူးနေသည်လား ခွဲခြားမရသည့် အသွင်ကြောင့် ကျွန်တော့်ရင်တွေ ပိုမို ခုန်နေပါ၏။ နန်းခင်ယုတစ်ယောက် ဘယ်သို့သောဝေဒနာ ပေါ်ပေါက်နေပါသနည်းဟု တွေးလိုက်မိပါတော့သည်။

'ရော်… ပြန်ကြတာပ'

'ဟုတ်… ဟုတ်… ရော်… မိယု ပြန်တာပ'

'ရော်… မေ့နေတာပ'

နန်းခင်ယုသည် အမှန်အတိုင်းပင် ပြောဆိုပြီးမှ ဓာတ်ပုံလေးအား ပြန်ကြည့်ရင်း ကျွန်တော့်ထံ ထလာ၏။ ထို့နောက် ဓာတ်ပုံလေး ပြန်ပေးလာပုံမှာ ပြုံးရောင်သန်းတော့ ပန်းနုရောင်

www.burmeseclassic.com

www.burmeseclassic.com



ပင်လွှမ်းနေပြီး နှုတ်ခမ်းလေးတွေပင် တုန်သလိုလို တွေ့ရသော အခါ သူ့ရင်တွေခုန်နေသည်ဟု ကျွန်တော် တွေးမိသကဲ့သို့ ကျွန်တော်၏ ရင်တွေမှာလည်း ဒိုင်းဒိုင်း ခုန်နေသည်က အမှန်။ စိတ်ထဲမှာလည်း ကျွန်တော့်ချစ်သူ ချစ်ရသူ ယု ရှေ့မှောက်ရောက်လာသည်နှင့် ပြောနေကျ စကားကို ကြားယောင်လာမိသည်။

'ရော်... မောင်ရောက်လာပြီ'

'ယုလေး'

'အားကို ညီမကို ခေါ်တာလားပ'

'ခြော်... အေး... ညီမလေးမယုတို့ ပြန်... ပြန်တော့မယ်ပေါ့နော်'

'ဟုတ်... ဟုတ်... နောက်နေ့မှ တွေ့ကြတာပေါ့ ဖြည်းဖြည်းပအေး'

'ကောင်းပါပြီ ညီမရယ်'

နန်းခင်ယု စကားသံလေးတွေမှာ နိမ့်တုံမြင့်တုံ အသံလေးတွေ တုန်နေသည်ကအမှန်။ အဘယ်သို့သော ခံစားချက်တွေနှင့် နန်းခင်ယုတစ်ယောက် ဝေဒနာအသစ် ခံစားရစ်ပါသနည်းဟူသောအတွေးကို ကျွန်တော် မတွေးလိုပါ။ မတွေးချင်ပါ။ ကျွန်တော့်ရင်ထဲဝယ် မယုမှအပ နန်းခင်ယုကိုတော့ဖြင့် ထည့်သွင်းမထားလိုပါ။ သို့သော် လူတူမရှား နာမည်တူမရှား။ ရှာမှရှားခဲ့ပါသော ဤအဖြစ်ဝယ် ရင်ထဲက အမြစ်တွယ်ချင်



သော နန်းခင်ယု ရင်ထဲမှာ အသစ်နွယ်ချင်လေသော နှလုံးသားဖြင့် ထိတွေ့ခံစားရပါသော ဇာတ်ကြောင်း။

'အို... ငါ... ငါ... ဘာတွေလျှောက်တွေးနေပါလိမ့်'

ရီဝေစွာ တွေတွေလေးကြည့်ပြီး ကျွန်တော့်အပါးမှ လှည့်ထွက်သွားလေသော နန်းခင်ယုအတွက် ကျွန်တော့် ရင်ထဲမှ လှိုင်ထအံထွက်လာခဲ့သော ပင့်သက်လေပူတစ်ချက် ကျွန်တော် မှုတ်ထုတ်လိုက်မိပါသည်။

ကျွန်တော်နှင့် နန်းခင်ယုဆိုသည့် မိယုလေးတို့၏ အဖြစ်တွေကို မသိမသာ ကြည့်နေရှာသော မိုးကျော်အောင်နှင့်တင်မြတ် သူတို့ရင်တွေမှာလည်း တလှပ်လှပ် ဖြစ်နေသည့်အပြင် ကျွန်တော်မှ မမျှော်လင့်ဘဲ ဖွင့်ဟထွက်ပေါ်လာသော 'ယုလေး'ဟူသော ခေါ်သံကြောင့် သူတို့ရင်တွေ ပိုမို ခုန်လှုပ်သွားသကဲ့သို့ နန်းခင်ယုမှလည်း အာလေးလျှာလေး အဘယ်သို့သော အတွေးတွေဖြင့် ပြန်မေးလာသော စကားသံနှင့် မေးလိုက်သော 'အားကို ညီမကိုခေါ်တာလားပ' ဟူသော နှစ်ယောက်သား၏ ခံစားရမှုတွေအပေါ် စိုးရိမ်ကြောင့်ကျလာသည်ကား အမှန်ပင်။

'ဆရာကျော်'

'အေး'

'ဘာတွေဖြစ်ကုန်ကြတာလဲ'

www.burmeseclassic.com

www.burmeseclassic.com



'ဟင်'

'မဟင်နဲ့၊ မြင်နေတယ်လေ'

တင်မြတ်၏ မတိုးမကျယ်စကားကြောင့် မိုးကျော်အောင်ကပါ ပြုံးလိုက်ပြီး ထပ်မံ တီးတိုးစကား ပြောလာပြန်ပါသည်။ သူ့စကားက ကျွန်တော့်နှလုံးသားသို့ တည့်တည့်မတ်မတ် စိုက်ဝင်သွားသည်လားမသိ။ အမှန်ပင် ခံစားလိုက်ရပါ၏။

'နှလုံးသားအတွက် အချစ်မြားလေး စူးစိုက်သွားပြီထင်တယ် ဆရာကျော်'

'ဟူး… တော်ပါတော့ကွာ၊ အံ့သြစရာတွေပဲ ထားလိုက်ပါတော့'

'ဟုတ်တယ် ဆရာကျော်၊ ထားလိုက်တာပေါ့'

'ဆရာကျော်'

'ပြော မိုးကျော်'

'မြားမပစ်နဲ့၊ ကျားပဲပစ်ကြရအောင်'

'ဟင်… ဩော်… အေး… အင်း… ဟုတ်တယ်၊ မြား… မြား… အဲဒီမြားက ယုထံမှာပဲ ထားခဲ့ပါတယ်လေ'

'ကဲ… ကျွန်တော်တို့ ကျားပစ်ဖို့ စီစဉ်ကြရအောင်'

'အေး'

ကျွန်တော် အေး… ဟုပြောရင်း တဲပေါက်ဝမှ တစ်ဆင့် အခင်းရင်ပြင်ပေါ်ဝယ် ရွှေ့လျားနေကြသည့် နန်းခင်ယုတို့



ရှာပြန်ကြသည့်အဖွဲ့အား ကြည့်လိုက်မိပါသည်။

နေရောင်ခြည်သည် ဆည်းဆာအိုသို့ ပြောင်းနေသော်လည်း ပုစွန်ဆီတော့ မသန်းသေးပါ။ အမျိုးသမီးငယ်တွေမှာ ဦးခေါင်းပေါ်ဝယ် တချို့မှာ ပုဆိုးတွေ၊ တချို့မှာတော့ ပဝါတွေ တင်ထားကြ၏။ နန်းခင်ယု၏ ဦးခေါင်းပေါ်ဝယ် တင်ထားသော ပဝါနီနီကလေးကို မြင်နေရသေးသည်။ နန်းခင်ယုတစ်ယောက်ရင်ဝယ် ဝေဒနာအသစ်များ သယ်ယူသွားလေသလားဟူသောအတွေးက စိတ်လေးစရာ ကျန်နေခဲ့သည်။

'ဆရာကျော်'

'ပြော မိုးကျော်ရေ'

'ကျွန်တော်တို့ ညနေစာစောစောစားပြီး ဘုန်းကြီးကျောင်းဘက် သွားစောင့်ရင် ကောင်းမလားဘဲ'

'အေး… ကောင်းတယ်၊ ဩော်… ကိုကျော်ခွေ၊ ကျွန်တော်တို့ ထမင်းစောစော စားရအောင်'

'ရော်… အသင့်ပဲ ဆရာကျော်၊ ကျွန်တော် တဲမှာ ထမင်းချက်ခိုင်းထားတာ ကျက်နေပြီ၊ စားတော့မလား'

'နည်းနည်းတော့ စောပါသေးတယ်'

'ကိုထွားမောင်နဲ့ ကိုကျော်ခွေ'

'ဟုတ်ကဲ့'

'ပြောပါ ဆရာကိုတင်မြတ်'

'အမြည်း ဘာရှိလဲ'

www.burmeseclassic.com

www.burmeseclassic.com



'ရော်… ကြက်သားဟင်းရှိတာပ'

'ဗျာ… ဒါနဲ့ ခင်ဗျားတို့ ကြက်မသတ်ဘူးဆို'

'ရော်… လူငယ်တွေ သတ်ကြတာပအေး၊ သတ်မှစားရမှာပ၊ အရှင်ချက်လို့မရ၊ ဟဲ… ဟဲ… ဟဲ… ဟဲ… စားချင်တဲ့အခါ လူကြီးတွေ မသိအောင်သတ်တာပ၊ လူကြီးတွေကျွေးကြည့်၊ တဝတီးတာပ၊ ဟား… ဟား… ဟား… ဟား…'

'အဲဒါပေါ့၊ သိတော့သိစေ၊ မမြင်စေနဲ့ပေါ့'

'ဟုတ်ပဗျာ၊ ကျွန်တော်တော့ သိပ်မကြိုက်ပ၊ မသတ်ရဘူးလို့ ပြောကြတာပ၊ သတ်တော့လည်း စားတာပ၊ ဒီတော့ ဘာမှမပြောဘဲ နေရင်ပြီးတာပအေး'

'ဟုတ်တယ်နော်'

'အင်း… ကျွန်တော်တို့ ငယ်ငယ်က အသက် ဆယ့်ခြောက်နှစ်လောက်ကပေါ့ဗျာ၊ ကျွန်တော်တို့ ညဘက်ကို ကင်းစောင့်ကြတာပေါ့၊ လူငယ်တွေစုပြီး တစ်ည တစ်ကျပ်ရတယ်၊ ကင်းတဲမှာ အနည်းဆုံး သုံးယောက်စောင့်ရတယ်၊ တစ်လမ်း သုံးယောက်ပေါ့၊ ရပ်ကွက်ဆိုတော့ တစ်လမ်းနဲ့တစ်လမ်း နီးနီးလေးဗျ'

ကျွန်တော်တို့ ငယ်ငယ် မြောက်ဥက္ကလာပမြို့ တည်ခါစက ဖြစ်ပါသည်။ ကျွန်တော် မောင်မြင့်၊ တင်အေး သုံးယောက် အမြဲတွဲနေကြပြီး နှစ်လမ်းမှာလည်း သုံးယောက်



သို့နှစ်လမ်းမှ ကိုကြည်တင်သည် လူငယ်အဖွဲ့ခေါင်းဆောင် အလေးနှစ်ယောက်ဖခင် ပျော်တတ်၏။

ထိုသို့ အတူတကွ ကင်းစောင့်နေကြစဉ် သူကြီး ဦးလှ ဆောင်မှာ သဘောကောင်း၏။ အော်ကြီးဟစ်ကျယ် စကား ပြောတတ်၏။ သူ၏ဇနီး ဒေါ်သူဇာမှာလည်း သဘောကောင်း ပြီး သားသမီးမရှိကြ။ ပိုက်ဆံချမ်းသာသော ဇနီးမောင်နှံသည် အိမ်နောက်တွင် ခြံကြီးစိုက်ထား၏။ ဘူးသီးတွေမှာ အလွန်သီး၏။ အကြော်သည်တွေမှ ဖောက်သည်ယူသည့် အတွက် နေ့စဉ် ဝင်ငွေရနေသည့်အပြင် ဥဏာကြက် အကောင် လေးဆယ် ငါးဆယ်မျှ မွေးထား၍လည်း ကြက်ဥ ရရှိမှုငွေနှင့် သင်မယားနှစ်ယောက် ကောင်းကောင်းလောက်၍ ဝင်ငွေ သည်းကောင်းသည်။

'ဟော့… မောင်မြင့်'

'ပြော… ကိုကြည်တင်၊ ဘာလဲဗျ'

'ဒီည ထမင်းချက်စားရအောင်'

'ချက်လေ'

'အေး… ငါ့အိမ်က ထမင်းချက်မယ်ကွ'

'ဟင်းကော'

'ဒီလိုလုပ်မယ်ကွ'

ကိုကြည်တင်၏ တီးတိုးစကားကြောင့် ကျွန်တော်တို့ သဘောပေါက်ပြီး လူငယ်ပီပီ လုပ်ငန်းစကြ၏။ လုပ်ငန်းစပြီး

www.burmeseclassic.com

www.burmeseclassic.com



နောက် ကျွန်တော်တို့ ထမင်းဟင်း ချက်ပြုတ်ပြီးသောအခါ ကိုကြည်တင် တင်မြင့်၏အစီအစဉ်ဖြင့် သူကြီးအိမ်သို့ ရောက်သွားပြီး–

'သူကြီး··· သူကြီး'

'ဟေ့··· ဘယ်သူလဲကွ'

'ကျွန်တော်တို့ပါ၊ ကင်းသမားတွေပါ'

'ဟေ··· ဘာဖြစ်လို့လဲဟ'

'သူကြီးကို လာသတင်းပို့တာပါ'

'ဘာကိစ္စလဲ'

သူကြီး ဦးလှမောင်သည် တံခါးဝမှ အပြင်ထွက်လိုက်ပြီး သူကြီးကတော် ဒေါ်သူဇာသည်လည်း လိုက်ပါ၍ ရပ်ပြီး နားထောင်နေစဉ် ကိုကြည်တင်မှ–

'သူကြီး ဦးလှမောင် စဉ်းစားနေ၏။ သို့သော် အမြဲပင် လူငယ်တွေနှင့်လည်းကောင်း၊ လူကြီးတွေနှင့် လည်းကောင်း သင့်လျော်အောင်နေတတ်သော သူကြီးဦးလှမောင်မှာ ပျော်ပျော် လည်းနေတတ်သူမို့ ဆက်လက် မစဉ်းစားတော့ဘဲ–

'ကဲ··· ကဲ··· မသူဇာ အိပ်တော့၊ ငါ လိုက်သွားမယ်'

'ဟုတ်ကဲ့'

သူကြီး ဦးလှမောင် လိုက်လာပြီး ကင်းတဲတွင် ထမင်းဟင်းပြင်ဆင်ကြစဉ် သူကြီးသည် ဟိုဟိုဒီဒီကြည့်ရင်းမှ မေးလိုက်သည်။



'ဟော··· ထမင်းဟင်းတွေ ဘယ်မှာချက်တာလဲ'

'ကျွန်တော့်အိမ်မှာ ချက်တာပ'

'မီးရေးထင်းရေးကွာ'

'သူကြီးကလည်း သုံးယောက်လောက် ချက်ကြတာ၊ နောက်ပြီး ခုလို မိုးကျော်အောင်ဆိုတော့ သိပ်စိုးရိမ်စရာ မလိုပါဘူး'

'ဟုတ်တော့ ဟုတ်ပါတယ်ပေါ့ကွာ၊ ဒါပေမဲ့ ဂရုစိုက်ကြနော်'

'ဟုတ်ကဲ့ပါ'

ထမင်းပွဲပြင်ပြီးနောက် ထမင်းစားကြပါပြီ၊ သူကြီး ခန်းတန်ထဲသို့ ကိုကြည်တင် အသည်းထည့်ပေးလိုက်၏။ ဟင်းမှာ ကာလသားချက် ချက်ထားသည်။ ကိုကြည်တင်သည် ဟင်းချက်အလွန်ကောင်းသူ၊ လူလတ် ပိုင်းတွင်ဖြစ်သော်လည်း သူကြီးဦးလှမောင်ကဲ့သို့ အထက်လူကြီး အောက်လူငယ်တွေဖြင့် သင့်တင့်သော လူငယ်လူလတ်တစ်ဦး။

'ဒီဟင်း မောင်ကြည်တင်ရဲ့ လက်ရာပဲနော်'

'ဟုတ်ပါတယ် သူကြီး၊ ကာလသားချက်လေ'

'အေး··· ဘူးသီးနုလို့ ချိုတယ်ကွ'

သူကြီး ဦးလှမောင်သည် ဘူးသီးဟင်းရည်သောက်ပြီး နောက်မှန်းပြန်ချကာ ကြက်သားပေါင်အားကိုက်ရင်းမှ ဘူးသီးနုရှိကြောင်း ပြောသည့်အတွက် ကျွန်တော် ပြုံးလိုက်မိသည်။

www.burmeseclassic.com



ဝါးနေရော့ ကြက်သား ပြောတော့ ဘူးသီး၊ လူကြီးဆိုတာ သိတာသိစေ၊ မမြင်စေနဲ့ဆိုသကဲ့သို့ ဝတ်နည်းရှောင် စကား ပြောရင်း ကောင်းကောင်းဝါး၏။

'သြော်… မေ့နေတာကွ၊ နောက် ဒါမျိုးချက်ဖို့ အစီ အစဉ်ရှိရင် ငါ့ပြောလေ၊ အိမ်မှာ ဘူးသီးတွေ အများကြီးသီး နေတာပဲ၊ စိတ်ကြိုက်လာခူးကြပေါ့၊ အေး… ငါ့ပြောပြော၊ မင်းတို့ အန်တီကြီးပြောပြော ရပါတယ်ကွ'

'ဟုတ်ကဲ့ပါ သူကြီး၊ အခု ဘာရယ် ညာရယ် မဟုတ် ပါဘူး၊ စုပေါင်းချက်စားကြတာပါ'

'ကောင်းတာပေါ့ကွာ၊ စုပေါင်းညီညာဆိုတာ ဒါမျိုး ပေါ့'

ထမင်း တစ်ပန်းကန် ကုန်သွားပါပြီ။ ကြက်အသည်း နှင့် အသားလည်း တော်တော်ဝါး၏။ ဟင်းရည်နှင့် ဘူးသီး လည်း ချိုသည့်ဟုပြောကာ လက်ကမချ စားသောက်ပြီးသော အခါ မောင်မြင့်မှ-

'သူကြီး… စားလို့ကောင်းရဲ့လား'

'ဟ… ကောင်းတာပေါ့ကွ၊ ငါတို့ ငယ်ငယ်ကလည်း ဒါမျိုးဝါးသနားပါတာပေါ့၊ ဒါကြောင့် နာမည်တွင်တာ ထင်ပါရဲ့ ကွာ'

'ဘာများလဲသူကြီး'

'သြော်… မင်းတို့စောစောက ပြောသလိုလေ၊ ဟိုကွာ



ကာလသားဟင်းဆိုတာလေ'

'သြော်… ဟုတ်သားပဲ'

'အေး… အေး… ကင်းလည်းလှည့်ကြဟေ့၊ မပေါ့ ကြနဲ့နော်၊ ကဲ… ငါပြန်မယ်ဟေ့'

'သူကြီး ကျွန်တော်တို့ လိုက်ပို့မယ်'

'အေး… ကောင်းတာပေါ့ကွာ'

ကျွန်တော်နှင့် ကိုကြည်တင် သူကြီးအိမ်အထိ လိုက် ပို့ပြီး ပြန်ခဲ့ပါပြီ။ မောင်မြင့်တို့၊ ကိုသိန်းတို့မှာ ပန်းကန်တွေ ဆေးကြောပြီးနောက် ကျွန်တော်တို့ ပြန်ရောက်တော့ မောင်မြင့် မှ-

'ကိုကြည်တင်'

'အေး'

'သူကြီး စားလို့ကောင်းလားလို့ မေးတော့၊ ဟ… ကောင်းတာပေါ့ကွတဲ့၊ ဟား… ဟား… ဟား… ဟား…'

'အေးကွ… ပယ်ပယ်နယ်နယ်ကို ဝါးတာပဲ'

'သြော်… သူကြီး၊ သူကြီး၊ စားဖို့သောက်ဖို့များ သွားခေါ်လို့ကတော့ ဝါသနာပါပါ့၊ တစ်ရေးနိုးလာချိန် လာ ခေါ် စိတ်မဆိုးဘူးဆိုတာ ဒါမျိုးပဲဟေ့၊ ဟား… ဟား… ဟား… ဟား…'

နောက်နေ့ မိုးလင်းသောအခါ ကျွန်တော်တို့ပြန်ခဲ့ သွားကြသော်လည်း မောင်မြင့်နှင့် ကိုကြည်တင်မှာ သူကြီး

www.burmeseclassic.com



အိမ်နှင့်ကပ်နေသော ကိုအောင်မြတ်ကျော်တို့အိမ်တွင် အလည် သဘောသွားပြီး အခြေအနေစောင့်ကြည့်နေကြသည်ကို သူကြီး မသိ။

'ကိုလှ… ကိုလှရေ'

'ဘာလဲ မသူဇာ'

'ဒီမှာ လာကြည့်ပါဦးရှင့်'

ကိုကြည်တင်နှင့် မောင်မြင့်တို့နှစ်ယောက် ပြဿနာ တော့ပေါ်ပြီပဲဟုတွေးကာ ကိုအောင်မြတ်ကျော်၏ အိမ်မီးဖို ဆောင်ထဲမှ ချောင်းကြည့်နေစဉ် ဒေါ်သူဇာခေါ်၍ ရောက်လာသော သူကြီးနှင့် ဦးလှမောင်မှာ ဘူးစင်အောက်အရောက်–

'ဒီမှာလေ၊ ရှင့်ကောင်လေးတွေ လုပ်ထားတာ'

'အယ်… ဟုတ်ပဗျာ၊ ဒီကောင်လေးတွေ တော် တော်သိတတ်တယ် မသူဇာရဲ့'

'အင်းလေ… ဘူးသီးတစ်ခြမ်း ခြမ်းယူတာ မပြောရဲ လို့ ကြက်တစ်ခြမ်းပါ ထားခဲ့တယ်'

'ဟုတ်ပတော်၊ ဒီနေ့မနက် ဈေးမသွားတော့ဘူး၊ ရှင်က ညကစားခဲ့သလို ကြက်သားနဲ့ဘူးသီးရောပြီး ကာလ သားဟင်း ချက်တာပေါ့'

'အေး… ညက တော်တော်ချိုတာကွ'

ဒေါ်သူဇာ၏အပြုံး၊ သူကြီး ဦးလှမောင်၏ ကြည်နူး နေသော မျက်နှာ တွေ့မြင်ရသော မောင်မြင့်နှင့် ကိုကြည်တင်



ဆို့ ဖြူးပြီး ကိုအောင်မြတ်ကျော် အိမ်မှပြန်လစ်ရန် မီးဖိုချောင်မှ အိမ်ရှေ့ဘက်အရောက်မှာပင် သူကြီးဦးလှမောင်၏ အသံကျယ် ချယ် ထွက်ပေါ်လာပါပြီ။

'ဟေ့… မသူဇာ၊ မသူဇာ'

'ဘာလဲ ကိုလှ'

'ဟာ… နေဦး၊ ငါ… ငါသတိရပြီ၊ အိမ်ကကြက် သွား ပြန်စစ်စမ်း၊ စစ်ကြည့်စမ်း'

'ဘာဖြစ်နေရတာလဲတော်'

'ပြော… စစ်ကြည့်စမ်းပါဟ'

သူကြီးဦးလှမောင်၏ အမောတကော ပြောသံကြောင့် သူကြီးကတော် ဒေါ်သူဇာ စစ်ရပါပြီ။ ကြက်တွေမှာ ဥစား ကြက်တွေဖြစ်၍ ခြံထဲမှာခေါ်ရင်း အစာကျွေးပြီး ရေတွက် နေရာမှ ကြက်တစ်ကောင်လိုနေသဖြင့် နောက်ထပ် ထပ်မံ ခေါ်ရပြန်သည်။

'မသူဇာကလည်း နှစ်ခါရှိပြီ မသိဘူးလား'

'နှစ်ခါ… နှစ်ခါစလုံး စစ်ပြီးသွားပြီ'

'အေး… ဘယ်လိုလဲ'

'ရှင် အသည်းတစ်ခုလုံး စားခဲ့တယ်နော်'

'အေးလေ… စားခဲ့တာပေါ့'

'ဒါကြောင့် အိမ်က ကြက်တစ်ခြမ်းမှာ အသည်း မရှိတာပေါ့'

www.burmeseclassic.com

www.burmeseclassic.com



'ဟ… ဒါနဲ့ ဘာဆိုင်လို့လဲ'

'ဆိုင်သပေါ့တော်၊ အိမ်က ဘူးသီးတစ်ခြမ်း၊ အိမ်က ဥစားကြက်မကြီး တစ်ခြမ်းလေ၊ ဟင်… ရှင်ဟာလေ မစဉ်းစားဘူး၊ ခုတော့ ရှင် ဘာတတ်နိုင်သေးလဲ၊ ရှင် လှစ်နိုင်းတာပဲဖြစ်မယ်'

'ဟာကွာ… ငါက လုပ်ပါ့မလား'

'ဟင်း… မသိတာကျလို့၊ လူငယ်တွေကို အိမ်က ကြက်ခိုးခိုင်း၊ ဘူးသီးခိုးခိုင်းပြီး သူတို့နဲ့ တစ်ဝစားတာ မသိတာကျနေတာပဲ၊ အစားအသောက်ဆို မီးလိုတောက်နေတာပဲ'

'တိုးတိုးပြောပါကွ၊ လူငယ်တွေ ကြားကုန်ပါ့မယ်'

'ညက လိုက်သွားတာက ကော့လို့၊ ပြန်လာတော့လည်း တစ်ဝစားလာပြီး၊ ဟင်း… မပြောလိုက်ချင်ဘူး'

'မျက်နှာကြီးကိုက တော်ပါတော့၊ ဟား… ဟား… ဟား… ဟား…'

'ဝါး… ဟား… ဟား… ဟား… ဟား…၊ ဟား… ဟား… ဟား… ဟား…'

အားလုံး ကျွန်တော် ပြောပြသည်ကို သဘောကျနေကြ၏။ ကိုကျော်ဆွေ(အာလူး)နှင့် ကိုထွားမောင်တို့ အရမ်းသဘောကျနေကြ၏။ ကျွန်တော်၏ ရည်ရွယ်ချက်ကိုပင် သူတို့မေ့နေကြသည်လား မသိပါ။ ကျွန်တော် ဆက်မပြောတော့၊ ကျွန်တော် မပြောတော့သဖြင့် မိုးကျော်အောင်မှ ကျွန်တော့်



ကြည့်ပြီး–

'ကိုကျော်ဆွေနဲ့ ကိုထွားမောင်'

'ဟုတ်'

'ဟုတ်… ဟား… ဟား… ဟား… ဟား…'

'ဆရာကျော်ပြောတာ ထမင်းဝတော့'

'ဟား… မဟုတ်တာဗျာ၊ ဟား… ဟား… ဟား… ဟား…'

'ရော်… ဘာပါလိမ့်'

'လူကြီးတွေလေ၊ ခင်ဗျားတို့ ရွာကလူကြီးတွေ ပြောတာ၊ ကြက်တို့ဝက်တို့ မသတ်ရဘူးတော့ ပြောပါတယ်၊ သတ်ပြီး ချက်ကျွေးတော့ ဝါးကြတာပဲ မဟုတ်လားဗျ'

'ရော်… ဟုတ်တာပအေး၊ ဟုတ်တာပ'

'ဟုတ်ပ၊ အဲဒီလူကြီးတွေလည်း တစ်ဝစားကြတာ ဆရာကြီးပြောတာ သဘောကျတာပ၊ သူကြီးကတော် ပြောတာပနော့၊ ထမင်းဝတော့ ဟား… ဟား… ဟား… ဟား…'

'ရော်… ကျော်ဆွေပ၊ ထမင်းဝတော့၊ ထမင်းဝတာပ၊ ဟား… ဟား… ဟား… ဟား…'

'ဟား… ဟား… ဟား… ဟား…'

ကျွန်တော်တို့၏ အရက်ဝိုင်းလေးသည်ကား အားရဝါးရ ရယ်ကြသည့်အတွက် ကိုကျော်ဆွေ(အာလူး)မှာ မျက်ရည်

www.burmeseclassic.com

www.burmeseclassic.com



များပင် ထွက်နေပါပြီ။ ပျော်စရာကောင်းသော အရက်ဝိုင်းကို ကိုကျော်ဆွေနှင့် ကိုထွားမောင်တို့ ဘယ်တော့မှ မမေ့နိုင်ဟု ကျွန်တော်တို့အား ပြောပြပါသည်။

ညနေစောင်း ဆည်းဆာကြောင့် နီမြမြ ယာခင်းဖြစ်နေသည်။ အစိမ်းရင့်ရင့်ဖြစ်နေသော လက်ကျန်မြေပဲခင်းသည် ရွက်ရင့်တွေကြောင့် အစိမ်းရင့်မှ အညိုဘက်ပင် သန်းနေသော်လည်း နီမြမြပုစွန်ဆီလွှမ်းသော ဆည်းဆာအလှတို့ အတူတကွ ဖော်ကျူးနေစဉ် ထိုယာခင်းကို ဖြတ်၍ မှိုင်းမြမြညှို့တို့ တောရိပ်နိုကို ကျွန်တော်တို့ ထွက်ခဲ့ပါသည်။

ကျွန်တော်တို့နှင့်အတူ ကိုထွားမောင်၊ ကိုကျော်ဆွေတို့နှစ်ယောက်သာ ခေါ်ယူခဲ့၏။ ကိုကျော်ဆွေ၏တဲဝယ် လူငယ်တွေ စုပေါင်းအိပ်ကြမည်ဟု ပြောဆိုကာ ကိုလှလေး ဦးစီးလျက် စိုင်းခမ်း၊ စိုင်းမောင်မောင်၊ အကောက်အစီ၊ ကျားကြီးတို့ (၆)ယောက် နေခဲ့ကြ၏။ နောက်ထပ် အရက်မသောက်ကြရန်နှင့် ကျားထွက်လျှင် သတိထားကြရန် အပြင်–

'တကယ်လို့ ကျားကြီးတွေ အခင်းထဲရောက်ခဲ့ရင် ခင်ဗျားတို့အားလုံး ကျားကို ထွက်ဖမ်းကြ'

'ရော်··· ဆရာကိုတင်မြတ်၊ နောက်တာပအေး'

'ဆရာပ၊ ကျွန်တော်တို့ မိန်းမ မရသေးတာပ၊ကောင်းတာလေးတွေ မသိဘဲ မသေပါရစေနဲ့ပ၊ ဟား··· ဟား··· ဟား··· ဟား···'





'ကဲ··· အားလုံး နားထောင်ကြ၊ ကျွန်တော် ပြောမယ်'

'ဟုတ်··· ဟုတ်ကဲ့'

'ကျားကို ကျွန်တော်တို့ သွားရှာမယ်၊ ကျားနဲ့ရင်ဆိုင်တွေ့အောင် ကျွန်တော်တို့ ကြိုးစားမယ်၊ တကယ်လို့ အဲဒီကျားဟာ တခြားတစ်နေရာကနေပြီးတော့ ဒီအခင်းတွေဘက်ရောက်ရင် ဝိုင်းသာအော်ပြီး မောင်းကြ၊ ဝါးတွေခေါက်၊ သံပုန်းတွေတီးကြ၊ ကျွန်တော်တို့ ကြားတာနဲ့ ပြေးလာခဲ့မယ်'

'ကောင်းတာပ၊ ကျွန်တော်တို့ တဲထဲမှာတီးမှာပ နော့'

'ဒါပေါ့၊ အပြင်တော့ တစ်ယောက်မှ မထွက်ကြနဲ့၊ ကျွန်တော်တို့ ဒီတောအစပ် ဘုန်းကြီးကျောင်းဘေးနားမှာရှိတဲ့ လက်ပံတောမှာ နေမှာဆိုတော့ ခင်ဗျားတို့ တီးတာနဲ့ အသံကြားရမှာပဲဗျ'

'နောက်တစ်ခုက ကျွန်တော်တို့ပစ်ခတ်မယ့် အစီအစဉ်ရှိနေတော့ ခင်ဗျားတို့ အပြင်မထွက်နဲ့၊ မတော်တဆ ကျည်ဆံဟာ မျက်စိမပါတော့ ခင်ဗျားတို့နဲ့ ရင်ဆိုင်တိုးနေမယ်၊ ကျားနဲ့တိုးတာထက် ပိုဆိုးသွားမယ်နော်'

'ရော်··· ဟုတ်တာပ၊ စိတ်ချ ဆရာကြီး၊ ကျွန်တော် ဘယ်သူမှ မထွက်စေရပါဘူး'

'ကဲ··· ကျွန်တော်တို့ ထွက်မယ်'

ဟုလည်း ခြောက်လှန့်မှာကြားခဲ့ရပြန်သည်။ ကျွန်



www.burmeseclassic.com

www.burmeseclassic.com



တော်တို့ထွက်တော့ ဆည်းဆာတွေ လှပေမယ့် နေလုံးကြီးက လုံးဝ မကျသေးပါ။ နီမြမြအရောင်တွေမှာ ထိတွေ့သမျှ အပင်တွေအား သွေးရောင်စွန်းနေစေပါတော့၏။

သုံးယောက်သား ရင်ပေါင်တန်း၍ ကျွန်တော် အလယ်တွင်နေကာ ကျွန်တော့်ဘေးတွင် ကိုထွားမောင်မှာ ယာဘက်၊ ကိုကျော်ခွေက ဝဲဘက်မှ ထွက်လာခဲ့စဉ် အခင်းနှင့် ဘုန်းတော်ကြီးကျောင်း တောကုန်းအစပ်သည် တစ်မိုင်နီးပါး တော်တော်လေး ဝေးပါသည်။ တောင်စောင်း တောတန်းဘက်သို့ သတိထားပြီး ထွက်ခဲ့စဉ်မှာပင် နီထွေးထွေး တောအုပ်ဆီမှ ပြေးထွက်လာသော အကောင်တစ်ကောင်–

'ဆရာကျော်··· ဆရာကျော်၊ ကျားကြီးဗျ၊ ကျားကြီး ပြေးလာပြီ'

'အေးဟ··· ဝမ်းသာလိုက်တာကွာ'

'ရော်··· ဆရာကြီး၊ ကျားကြီးပအေး၊ ပြေးကြတာပ'

'ကိုကျော်ခွေ မပြေးနဲ့၊ ပြေးချင်ရင် ကျွန်တော်တို့ရှေ့ကနေပြီး ကျားကြီးဆီ ပြေးသွားလေ၊ ကျားကြီးကို ပြေးဖက်ထားပါလား၊ ဟား··· ဟား··· ဟား··· ဟား···'

'ရော်··· ဆရာကြီး၊ ကြောက်တာပအေး'

'မကြောက်ပါနဲ့၊ နီးသထက် နီးအောင်လာပါ မြန်မြန်လေး၊ ရှေ့ကို ထိုးကြရအောင်လေ'





ကိုကျော်ခွေမှာ အလွန် ကြောက်ရွံ့နေသည်။ မျက်နှာသွင်ပင် သွေးမရှိတော့။ နောက်လည်း လှည့်မပြေးရဲ၊ ရှေ့တိုးသွင်လည်း မရဲတရဲ၊ ကျွန်တော်တို့သုံးယောက်အတွက် အကြိုက်တွေ့နေသော်လည်း သူတို့အတွက် အရိုက်နင်းမိလေပြီ။ ရွာသားတွေဆိုတော့လည်း ကြောက်ကြမည်သာ၊ ဓားတွေတော့ အသင့်ဆုပ်ကိုင်ထားလျက်–

'ဆရာကျော်'

'ဘာလဲ တင်မြတ်'

'ပေတစ်ရာလောက်အထိ တိုးပါစေ'

'အေး··· မိုးကျော်၊ အသင့်ပြင်ထား'

'စိတ်ချ ဆရာကျော်'

'မိုးကျော်နဲ့ တင်မြတ်ရေ၊ ဒီလိုမြင်ကွင်း တစ်ခါမှ မကြုံဖူးဘူးနော်၊ ကြည့်လို့ကောင်းလိုက်တာ၊ ဒီကောင်ကြီးအားရပါးရကို ပြေးလာနေတာပဲ'

'ဆရာကျော်၊ သတိထား၊ ကိုက်တစ်ရာမရှိတော့ဘူး'

'အေး··· ငါ တိုင်ပင်ဆိုမယ်၊ သုံးယောက်စလုံး ပစ်မယ်၊ ဒါပေမဲ့ ပထမဆုံးတင်မြတ်၊ ဒုတိယ မိုးကျော်၊ တတိယ ငါ ပစ်မယ်၊ ပြိုင်တူ မဟုတ်ဘူးနော်'

ကျွန်တော်တို့ မြင်ကွင်းကောင်းကောင်းထဲသို့ ပြေးဝင်လာသော သားကောင်ဟူ၍ မုဆိုးဘဝတစ်လျှောက် မတွေ့ခဲ့ဖူးပါ။ ကျားက လူကိုရှောင်း၍ လူက ကျားကိုရှာရင်း ရှောင်း



www.burmeseclassic.com

www.burmeseclassic.com



မြောင်းပစ်ရသည့် ပစ်ခတ်မှုများ၊ တစ်ခါတစ်ရံ လူကို ခုန်အုပ်၏။ ထိုအချိန်တွင် တင်မြတ်၏ လျှပ်တစ်ပြက်ပစ်ခတ်မှု၊ မိုးကျော်အောင်နှင့် ကျွန်တော်တို့၏ အမြန်ပစ်နည်းတွေ၊ တစ်ခါကဆိုလျှင် ကျားကိုပစ်လိုက်၏။ ကျားကမှန်ပြီး မိုးကျော်အောင်အပေါ် ပိကျသွားသည်လည်း ရှိခဲ့ဖူးပါ၏။ တင်မြတ် နောက်ကျောမှ ဝင်အုပ်၍ ကျွန်တော် ပစ်ခတ်ခဲ့ရသည်။ ယခုတော့ ကျားကြီးသည် ကျွန်တော်တို့အား တောစပ်ထဲမှ သူမစောင့်နိုင်၊ သူက အပိုင်ကြိုတင်တိုက်ခိုက်မည်ဟူသော အင်မတန်မိုက်မဲသောစိတ်ဖြင့် ကျွန်တော်တို့အား သူ၏သားကောင်အဖြစ် အသုံးချဝါးမျိုရန် တိုက်တွက်အပိုင်အနိုင်ဆင်ကာ ပြေးလွှားလာချေပြီ။

'တင်မြတ်… ရပ်… ပစ်မယ်'

'မိုးကျော် အသင့်'

ကျွန်တော်တို့သုံးယောက် မတ်တတ်အနေအထားမှပင် သေနတ်တွေ ချိန်လိုက်သည်။ ကျားကြီးသည် ကျွန်တော့်တည့်တည့် အလယ်ဗဟိုအား တိုက်ကွက်ဆင်ကာ အပြေးအလွှားဝင်လာလေပြီ။ ကျွန်တော်တို့အကြိုက် မြင်ကွင်းကောင်းကောင်းဝယ် လျှပ်တစ်ပြက် တင်မြတ်၏ ပစ်ခတ်မှုကို စရန်ဖြစ်ပါ၏။

'တင်မြတ်… ပစ်'

'ဒိုင်း'

'ဝေါင်း… ဝေါင်း… ဝုန်း'

'မိုးကျော်…ပစ်'



'ဒိုင်း'

'ဝေါင်း'

'ဒိုင်း'

'ဝေါင်း… ဘုန်း… ဝုန်း'

'ဝေါင်း'

ကိုကျော်ဆွေနှင့် ကိုထွားမောင်တို့ မပြေးရဲဘဲ မြေပြင်ဝယ် ပြားပြားမှောက်နေကြပါ၏။ ကျွန်တော်တို့ သုံးယောက်အနက် တင်မြတ်၏ ပထမပစ်ချက်မှာ ကျားကြီးအား အားတစောင်းထိမှန်သွားသော်လည်း သွေးဆူနေသော ကျားကြီးခမျာ သိပ်မသိလိုက်။ မိုးကျော်အောင်၏ပစ်ကွင်းမှာ အလွန်ကောင်းသည်။ အနေအထားစောင်းသွားသော ကျားကြီးအား သူ၏ နောက်ချိန်ပေါက်ထဲသို့ အားတစောင်းအဝင်တွင် ကျည်တစ်တောင့် ပစ်ခတ်ပေးလိုက်ရာဝယ် ကျားကြီးခမျာ သူ၏နှလုံးသည်းပွက်ကို ထိုးဖောက်သွားသည့်အတွက် လေထဲဝယ် ကွေးကောက် တွန့်လိမ်လျက် မြေပေါ်ပြန်အကျ၊ ထိုမြေပေါ်ပြန်အကျကို စောင့်နေသော ကျွန်တော်၏ တွက်ကိန်းထဲ တည့်တည့်မတ်မတ်ကြီး ထိုးကျလာသည်တွင် ကျွန်တော်၏ နောက်ဆုံးသုံးတောင့်မြောက် ကျည်တစ်တောင့်ကြောင့် တွန့်လိမ်ကောက်ကွေးပြီး ကြောက်မက်ဖွယ်ကောင်းလွန်းသော မာန်ဖီသံတွေနှင့် နာကျင်မှုဒဏ်တွေကြောင့် မြေပေါ်မှ လူးလဲထမည်သော်လည်း ပြန်၍လဲကျသွားသည်။ သို့သော် ကျားကြီးသည် နောက်

www.burmeseclassic.com

www.burmeseclassic.com



ဆုံးရှိသမျှ ခွန်အားသုံးရင်း အားယူကာ ထလိုက်ရင်း သွေးရူး သွေးတန်းဖြင့် မိုးကျော်အောင်ဘက်သို့ ခုန်အုပ်ရန် အရှိန်ယူပြီး လေထဲဝယ် ဝဲပျံလာပါသည်။

'တင်မြတ်… မုဆိုး ဒူးထောက်ပစ်'

'ဒိုင်း… ဒိုင်း…'

'ဝေါင်း'

'ဝေါင်း… ဝူး… ဝေါင်း'

'ဘုန်း… ဝူး… ဝူး… ဝူး… ဟူး… ဟူး… ဟူး…'

'ရော့… ကျားကြီး ခုန်အုပ်တာပ'

'ဆရာကြီး… ဆရာကြီး… ကျားကြီးဘေးမှာ မည်းမည်းအကောင်ကြီးပ၊ အကောင်ကြီး၊ အကောင်ကြီး'

'ဆရာကျော်၊ အပကောင် ကပ်နေတယ်'

'အေး… ကိစ္စမရှိပါဘူး'

'တင်မြတ်ရဲ့ မုဆိုးဒူးထောက်ကြောင့် ပြီးသွားပါပြီ'

ကျွန်တော်နှင့် မိုးကျော်အောင် မတ်တတ်ရပ်ရင်း ချိန်ထား၏။ တင်မြတ်မှာတော့ မုဆိုးဒူးထောက် အနေအထားမှ အမြဲအသင့်ပင်ဖြစ်နေ၏။ ကိုထွားမောင်၏ မည်းမည်းအကောင်ကြီးဆိုသော စကားနှင့်အတူ လဲနေသော ကျားကြီးဘေးမှာ တွေ့နေရကြောင်း ပြောနေသကဲ့သို့ မိုးကျော်အောင်မှလည်း အပကောင် ကပ်နေတယ်ဟူသော စကားတွေ ဆက်စပ်နေ၏။



ကျားကြီးအား အပကောင်မှီနေသည်မှာ စောစောက ပြေးလာစဉ် တောဝန်းအထွက် သူ့နောက်မှ အပကောင် လိုက်လာသည်တော့ ဖြစ်မည်။ သို့သော် အပကောင်သည် ထိုအချိန်ဝယ် မမီသေး၊ ကျားကြီးမှာ လုံးဝကျားစိတ်၊ ဒေါသတွေမှာ ကျားဒေါသပင်။ မိုးကျော်အောင် ပစ်ခတ်မှုကြောင့် ထိမှန်လိုက်စဉ် သွေးထွက်သွားသော ကျားကြီး၏ခန္ဓာကိုယ်သို့ အပကောင် မှီဝဲတွယ်ကပ်လိုက်လေပြီ။

သို့အတွက်ကြောင့် ကျည်သုံးတောင့်လုံးထိ၏။ မှန်ချက်တွေလည်း ကောင်း၏။ လဲကျသွား၏။ သို့ပါသော်လည်း ကိုထွားမောင် မြင်သလို မိုးကျော်အောင်၏စကား မမှားပါ။ ကျားကြီး၏ သွေးသံရဲရဲ သေလုဆဲဆဲတွင် အပကောင်ဝင်ရောက် ပူးကပ်သည်ကို ကိုထွားမောင်က မြင်၏။ မိုးကျော်အောင်မှာတော့ အဘယ်သို့ မြင်လိုက်သည် မသိပါ။

'ကိုထွားမောင်'

'ဟုတ်… ဟုတ်'

ကိုထွားမောင်၏ ဟုတ်ဟုတ်နှင့် ထူးပုံမှာ တုန်လှုပ်မှုတော့ ဖြစ်နေ၏။ သူ့အား ကျွန်တော် ကြည့်လိုက်သောအခါဝယ် ကျွန်တော့်စိတ်ထဲ မသင်္ကာဖြစ်နေသည့်အတွက် ကျွန်တော် မုဆိုးဒူးထောက်ထိုင်ရင်း ကိုထွားမောင်၏ဝခုံးကို ဆုပ်ကိုင်လိုက်ကာ-

'ကိုထွားမောင်'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ကဲ့'

'ဘာမှမစိုးရိမ်ပါနဲ့၊ ကျားသေပါပြီ၊ ဘာအရိပ်ကောင်မှ မရှိပါဘူးဗျ၊ မိုးကျော်နဲ့ တင်မြတ် ကျားဆီသွားမှာပါ'

'ရော်.. ဆရာကြီးပ၊ မသွားရင် ကောင်းမှာပ'

'ဘာဖြစ်လို့လဲဗျ'

'ရော်... ကျွန်တော် မြင်တာပ'

'ဘာတွေမြင်လဲ၊ ခုကော မြင်သေးလား'

'ရော်... ခုတော့ မမြင်ပအေး၊ စောစောက မြင်တာပ၊ ကျွန်တော် ထင်တာက ကျားကြီးပြေးလာတာပ၊ သူ့အိပ်နောက်က ပါနေတာလို့ ထင်ထားတာပ၊ မဟုတ်၊ သူ့အရိပ် မဟုတ် ခါးနဲ့လူလိုလို မည်းမည်းအကောင်ကြီးပအေး'

'အဲဒီတော့'

'ရော်... ထူးဆန်းတာပ'

ကိုထွားမောင် ထိုင်လိုက်သည်။ ကျွန်တော်ကတော့ ဒူးထောက်အနေအထား မိုးကျော်အောင်နှင့် တင်မြတ်တို့နှစ်ယောက် ခတ်တတ်ရပ်နေကြရင်း ကိုထွားမောင်ကို ကြည့်နေစဉ် ကိုကျော်ဆွေမှာလည်း တော်တော့ကိုကြောက်ရွံ့ထိတ်လန့်နေသည်။ ကိုထွားမောင်ကိုပင် မကြည့်ရဲသလို ဖြစ်နေ၏။

ကျွန်တော် စဉ်းစားမိပါပြီ။ လုံသရဲ၊ ခါးသရဲ ဒီနှစ်ကောင် ဒီပတ်ဝန်းကျင်တွင် လှုပ်ရှားနေသည်မှာ အမှန်ဖြစ်ပါပြီ။ ဒီနှစ်ကောင်အား ကောင်းကောင်း ရှင်းရပေတော့မယ်။



သားတွေအားနှောင့်ယှက်နေသော အရိပ်နှစ်ကောင်အား ဒီ ဝန်းကျင်သို့ ဘယ်တော့မှ မလာနိုင်အောင် ရှင်းရမည်သာ။ ရွာသားတွေမှာ ရိုးသားကြ၏။ စိုးရိမ်ထိတ်လန့်မှု များ ကြသည်ကို အခွင့်ကောင်းယူနေကြသော လုံသရဲ၊ ခါးသရဲ တော့ ကျွန်တော်တို့သုံးယောက်နှင့် ထိပ်တိုက်ရင်ဆိုင်တွေ့ကြပြီ တွေးရင်း ဆက်မေးလိုက်ပါသည်။

'ကဲ... ထူးဆန်းတယ်ဆိုတာ ပြောပြပါ ကိုထွား မောင်'

'ကိုထွားမောင်'

'ဟုတ်ကဲ့... ဆရာကိုမိုးကျော်'

'ခင်ဗျား သရဲတစ္ဆေကို ကြောက်တတ်လား'

'ရော်... ကျွန်တော် မကြောက်ပ၊ ဒီတစ်ခါတော့ ကျားကြီးကို ဒီလိုပြေးလာတာ မမြင်ဘူးတော့၊ ကျားကို ကြောက်တာပ၊ ဆရာကြီးတို့ မကြောက်၊ ကျွန်တော်တို့တော့ ကြောက်တာပ၊ နှစ်ယောက်တည်းသာဆိုရင် ရော်... မတွေးရဲ ကျားမကိုက်ဘဲ လန့်ပြီးသေမလားပအေး'

'ဟွ... ခင်ဗျားတို့လက်ထဲကဓားတွေက ဘာလုပ် ဖို့လဲ၊ နှစ်ယောက်စလုံး အသေခံမှာလား၊ တစ်ယောက်ကို ကိုက်ရင် တစ်ယောက်က ဓားနဲ့ဝင်ခုတ်ပေါ့ဗျ၊ နှစ်ယောက် သား ပူးပေါင်းပြီး ခုခံရင် ဒီကျား ဘာတတ်နိုင်မှာလဲ'

'ရော်... ဟုတ်တော့ ဟုတ်တာပ၊ ကျွန်တော်တို့

www.burmeseclassic.com

www.burmeseclassic.com



သရဲ မကြောက်ကြပအေး၊ ဒါပေမဲ့ ကျားကြီးဟာ ကျွန်တော် ထင်တဲ့အရိပ် ကပ်ပါလာတာမှ မဟုတ်ဘဲ၊ နောက်က အရိပ် ကြီးက တဖြည်းဖြည်း ကျားထက် နှစ်ဆလောက် ကြီးလာတာ က ကျားကြီး သေနတ်မှန်တာပ၊ မှန်လည်း မှန်တာပ၊ မှန်တာနဲ့ ကျားကြီးဟာ အရိပ်ကြီးနဲ့ ပေါင်းပြီး အကောင်ကြီးကြီး ဖြစ် သွားတာပအေး၊ ကြောက်စရာပ၊ ဘာကြောက်မှန်း မသိတာ အမှန်ပ၊ ကျွန်တော့်စိတ်တွေ တုန်လှုပ်ပြီး မနည်းကို သတိထား နေရတာပအေး၊ ဆရာကြီး ကျွန်တော့်ကို ကိုင်လိုက်တော့မှ လူဟာ တုန်လှုပ်သွားရာက ပြန်ပြီး သတိရတာ အမှန်ပ'

'ကောင်းပြီ၊ ခုကော ဘယ်လိုနေလဲ'

'အင်း… ခုတော့ ကောင်းပါတယ် ဆရာကြီး'

'ခင်ဗျားမြင်တဲ့ ဓားနဲ့ အရိပ်ကြီးကော ကျားကြီးထံမှာ တွေ့သေးလား'

'မတွေ့'

'ဘယ်ရောက်သွားတာ မြင်သလဲ'

'ဆရာ ကိုတင်မြတ်၊ နောက်ထပ်ပစ်တော ကြားတာပ၊ အဲဒီမှာ မည်းမည်းအကောင်ကြီး တောတန်းပြန်သွားတာ မြင် တာပအေး'

'ဘယ်လိုမြင်တာလဲ'

'ဇော်… အရိပ်ပ၊ မီးခိုးလုံးလိုလို၊ မြူလိုလို မြူတူတူ ကြီးဖြစ်သွားပြီး တရွေ့ရွေ့ တောထဲဘက် လေတိုက်လို့ လွင့်ပါ



သွားသလို မြင်လိုက်ရတာပအေး၊ တောက် … တော်တော် ခြောက်လှန့်နေကြတာပ'

'ကဲ… ဘာမှ မကြောက်နဲ့တော့၊ ကျွန်တော်တို့ ဒါ ပထမ အဆင့်နိုင်ပြီ၊ ဒုတိယအဆင့် ဆက်လုပ်မှာပေါ့၊ ဘာမှ မကြောက်နဲ့တော့ ကိုထွားမောင်'

ကျွန်တော် သဘောပေါက်လိုက်ပါသည်။ လူငါး ယောက်ထဲဝယ် ကိုထွားမောင်၏ လိပ်ပြာသိမ်ငယ်နေသဖြင့် နောက်ထပ် တောထဲဝင်ပါက လောလောဆယ် ကိုထွားမောင် အား ခေါ်၍မသင့်ပါ။ သူ့အတွက် အန္တရာယ်ဖြစ်နိုင်သလို ကျွန်တော်တို့အတွက်လည်း သူ့အား ငဲ့နေရမည်၊ ခက်ခဲမည်ဖြစ် သောအတွေးဖြင့် ဆက်လုပ်ရမည့် ကိစ္စအား မပြောမပြီး မတီး မမည်ဟူသော စကားအတိုင်း လောလောဆယ် ကျားကြီးကိစ္စ ရှင်းရမယ်'

'မိုးကျော်နဲ့ တင်မြတ်ရေ'

'ဗျာ'

'ဟုတ်ကဲ့'

'ကျားကြီးကိုဆွဲပြီး တဲကိုယူကြရအောင်'

'ဆရာကျော်၊ တဲက သုံးလေးယောက်လောက် ခေါ်ရင် ကောင်းမလား၊ သူတို့ သယ်နိုင်းမယ်လေ'

'ကဲ… ကိုကျော်ဆွေ၊ တဲကိုပြန်ပြီးခေါ်ဗျာ၊ ကြော်… မိုးကျော် လိုက်သွား၊ အော်ခေါ်လို့ရရင် အော်ခေါ်လိုက်'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ကဲ့'

မိုးကျော်အောင်နှင့် ကိုကျော်ဆွေတို့ တဲဘက် ပြန်လျှောက်ရင်း တဲဝတွင် ပြုံးတစ်ပြုံးတစ်ဖြစ်နေကြသော ရွာသားလေးယောက် ခေါ်လိုက်သည်တွင် လေးယောက် ပြေးထွက်လာကြသည်ကို စောင့်နေရင်း ရွာသားတွေနှင့် မိုးကျော်အောင်တို့ ဆုံမိတော့ အားလုံး ကျွန်တော်တို့ထံ ရောက်ခဲ့ကြပါပြီ။

'တဲထဲကနေ ဘာတွေမြင်နေကြလဲ'

'ရော်... ကျားကြီး ပြေးလာတာ မြင်တာပ၊ ဆရာကြီးတို့ကလည်း ရင်ပေါင်တန်းပြီး သွားနေတာ တွေ့ရတာပအေး၊ ဆရာကြီးတို့ စော်တော်သတ္တိကောင်းတာပ'

'ရော်... သတ္တိလည်းကောင်းတာပ၊ ပစ်လိုက်တော့ ကျားကြီး မြောက်တက်သွားတာ ကြည့်လို့ကောင်းမှ ကောင်းပအေး'

'ဟုတ်ပ၊ ဟုတ်ပ၊ ကျားကြီးဟိန်းသံ ဟောက်သံတွေနဲ့ သေနတ်သံတွေ ဆူသွားတာပ၊ ကျားကြီးမြောက်တက်လိုက် ပြန်ကျပြီး ပြန်ထ၊ ရော်... ကြည့်ကောင်းတာပအေး၊ ကြောက်စရာလည်း ကောင်းတာပ၊ ဆရာကြီးတို့ လက်တည့်တာ အံ့တာပ'

'ကဲ... အားလုံး ကျားသေကြီးကို သယ်မယ်၊ ဒီတော့ လာကြ၊ ကျားကြီး သေနေပါပြီ'

ကျွန်တော် ကိုထွားမောင်အား လည်ပင်းဖက်ပြီး ကျား



သေထဲသွားတော့ ရှေ့ဆုံးမှ တင်မြတ် သွက်သွက် သွား၏။ မိုးကျော်အောင်သည်လည်း တင်မြတ်အား အဓိပ္ပာယ်ရှိရှိ အကဲခတ်ရင်း အခြေအနေကြည့်၏။ ဘာမျှမထူးတော့ပါ။ နေကလည်း တောင်စွယ်မှာ မေးတင်နေပြီ။ အနီရောင်သန်းရာမှ အမှောင်လွှမ်းတော့မည်။

တင်မြတ် ကျားကြီးအား သူ၏ခြေဖြင့် ကန်၏။ ကျားကြီး မလှုပ်နိုင်တော့။ အသက်မရှိ၍ ကျားကြီးသည် သစ်တုံးတစ်တုံးပမာ အနည်းငယ်ပင် တောင့်နေပါပြီ။ သို့အတွက် ကျွန်တော်တို့ ကျားကြီးအား တဲဘက်သယ်ရန် ရွာသားလေးယောက်သည် သူရဲကောင်းကြီးများပမာ ကျားကြီးအား ခွေးသေကောင် လင်းတဆွဲသကဲ့သို့ ဝိုင်းအုံဆွဲနေကြပါသည်။

'ဆရာကျော်'

'ပြော... မိုးကျော်'

'ကျွန်တော်တို့ တစ်ခုလိုနေသေးတယ် ထင်တယ်ဗျ'

'ဘာများလဲ'

'ဟုတ်တယ် ဆရာကျော်၊ မိုးကျော်ပြောမှ ကျွန်တော် သိတယ်'

'ကဲ... ပြောပါဦး တင်မြတ်'

'မိုးကျော် ငါ သိတယ်၊ အာမီ မော်ရအောင် မဟုတ်လား'

'ခွေးကောင် အရေးကောင်း ဒိန်းခေါင်းဖျက် ဆိုသလို

www.burmeseclassic.com

www.burmeseclassic.com



ပဲ၊ ဟိုကိစ္စကွ'

'ဘာလဲမိုးကျော်'

'သရဲကိစ္စ'

'ဩော်… အေး… ငါတော့ နည်းနည်းမေ့လိုက်ဦးမယ်ကွ'

မိုးကျော်အောင် ပြောမှ ကျွန်တော်လည်း သဘောပေါက်မိသည်။ ဒီသရဲနှစ်ကောင် ရှင်းလင်းရေး ဦးစားပေးမှ ဖြစ်တော့မယ်။ သို့မဟုတ်ပါက အပမီတတ်သော ထိုနှစ်ကောင်သည် အညီရှာပြီး ခြောက်လှန့်ခြင်း၊ ဝင်ရောက်ပူးကပ်ခြင်း ဆိုသည့် နှောင့်ယှက်မှုတွေမှာတော့ အဆက်မပြတ် လုပ်နေပေတော့မည်။

'မင်း ဘယ်လို သဘောရလဲ'

'ကျွန်တော် ဒီနှစ်ကောင်ကို အရင်ရှင်းချင်တယ်'

'ဟုတ်ပြီ၊ ရှင်းတာထက် ဒီနှစ်ကောင်နေတဲ့ နေရာကို ပထမ စုံစမ်းရမယ်ကွ'

'အင်း… ဟုတ်တယ်'

'ဩော်… နေဦးကွ၊ ငါ သဘောပေါက်ပြီ'

ကျွန်တော်၏ အတွေးထဲသို့ အလင်းရောင်တန်းက ပြေးဝင်လာပါ၏။ သို့အတွက် ပထမဆုံး လုပ်ဆောင်ရမည့် ဦးစားပေးအဆင့်မှာ ရှာပုံတော်ကို ဖွင့်ရမည်။ ပထမလုပ်ဆောင်လှုပ်ရှားရန်ထက် ကျွန်တော်တို့ ဒီညအတွက် ချေတစ်ကောင်



ပစ်ရန် စီစဉ်ရင်း-

'မိုးကျော်နဲ့ တင်မြတ်ရေ၊ တို့ ချေတစ်ကောင်လောက် ဒီညစာ ပစ်ရအောင်ကွာ'

'ဆရာကျော်၊ ဦးတည်ချက် ပြောင်းမယ်ပေါ့'

'မဟုတ်ဘူး၊ ချေတစ်ကောင်လောက် ပစ်ပြီးမှ ဆက်လုပ်ကြတာပေါ့၊ ဒါပေမဲ့ တို့ ပထမလုပ်တဲ့ အလုပ်ကို ငါ ပြောပြမယ်'

ကျွန်တော်၏ အလင်းတန်း လုပ်ဆောင်ချက်အား တင်မြတ်နှင့် မိုးကျော်တို့နှစ်ယောက် ရှင်းပြလိုက်၏။ သူတို့နှစ်ယောက်ဖြင့် တိုင်ပင်ပြီးနောက် သူတို့လည်း သဘောပေါက်ကြပါပြီ။ သို့အတွက် ဒီနေ့ညအဖို့ ချေတစ်ကောင်၊ ဒါမှမဟုတ် ဒရယ်တစ်ကောင်ကောင်တော့ ရအောင်ပစ်ခတ်ရပေတော့မည်။

'ဆရာကျော်၊ တို့သုံးယောက် သွားမလား'

'အေး… သွားမယ်'

'သွားစို့'

'ကဲ… ကိုကျော်ဆွေတို့ရေ၊ ကျွန်တော်တို့သုံးယောက် ဒီအခင်းအစပ်တွေမှာ ကင်းလှည့်မယ်ဗျာ၊ ခင်ဗျားတို့ ဒီမှာနေခဲ့ကြ'

'ရော်… ဆရာကြီးပ၊ ကျွန်တော် လိုက်ခဲ့မှာ ပအေး'

'မလိုက်ပါနဲ့ ကိုကျော်ဆွေ၊ ကျွန်တော်တို့ တစ်ညလုံး

www.burmeseclassic.com

www.burmeseclassic.com



မနေပါဘူး၊ ဆယ်နာရီလောက် ပြန်ခဲ့မှာပါ'

'ရော်… မဟုတ်တာပဲ၊ ကျွန်တော်တို့နှစ်ယောက် လိုက်ခဲ့မှာပအေး၊ ဆရာကြီးတို့ချည်း ဘယ်ဖြစ်မှာပ'

'ဖြစ်ပါတယ်၊ ကျွန်တော်တို့ ညနေကတည်းက ပတ်ဝန်းကျင် လှေ့လာပြီးပါပြီ၊ ခင်ဗျားတို့အတွက် လက်ဆောင် တစ်ကောင်လောက်ပစ်ပေးဦးမလို့'

'ရော်… ကျားလား'

'မဟုတ်ပါဘူး၊ ချေ၊ ဒါမှမဟုတ် ဒရယ်တစ်ကောင် လောက်ပါ၊ ဒီညအတွက်ပေါ့၊ ဩော်… ကျားတွေလည်းပစ်မှာ ပေါ့ဗျာ၊ နှစ်ကောင်လုံးရတော့လည်း ပြီးတာပေါ့'

'ကျွန်တော် လိုက်ချင်တာပ'

'ကဲ… ကဲ… ကိုကျော်ဆွေ၊ ခင်ဗျားတစ်ယောက်ပဲ လိုက်ခွင့်ပြုမယ်၊ ဩော်… ကိုထွားမောင်ရေ၊ အားလုံး အတွက် ခင်ဗျား တာဝန်ယူထားဗျာ၊ အပြင်မထွက်ကြနဲ့ ကျွန်တော်တို့ ဆယ်နာရီလောက် ပြန်ခဲ့မယ်နော်'

'ဟုတ်… ဟုတ်… စိတ်ချပါ၊ ကျွန်တော် တာဝန်ယူ မှာပအေး'

'ကဲ… ဒါဆို ကျွန်တော်တို့ ထွက်ပြီဗျို့'

ကျွန်တော်တို့သုံးယောက်နှင့်အတူ ကိုကျော်ဆွေ လိုက်ပါလာ၍ လေးယောက်သား တောစပ်နှင့် ဆက်စပ်နေ သော အခင်းအစပ်တွေဘက် ထွက်ခဲ့ကြပါသည်။ ကျွန်တော်တို့



ထွက်တော့ ခုနစ်နာရီပင် ထိုးနေပါပြီ။ ဒီအချိန်ဆိုလျှင် သား ကောင်တွေ ထွက်ကြပြီ။

'ကိုကျော်ဆွေ'

'ဟုတ်'

'ချေတို့၊ ဒရယ်တို့ ပစ်ချင်တယ်'

'ဟုတ်'

'အများဆုံးထွက်တတ်တဲ့ နေရာသိလား'

'ရော်… ဟိုဒရယ်ရော၊ ချေပါထွက်တာတော့ ဒီ ခြံစပ်တွေမှာပအေး'

'မိုးကျော်နဲ့ တင်မြတ်တို့၊ အခင်းထဲကနေ စောင့် မလား'

'ခဏလောက် စောင့်ကြည့်ကြတာပေါ့ ဆရာကျော်'

'ဒါဆို နေရာရွေး မိုးကျော်'

'ရှေ့နည်းနည်းတိုးပြီး စည်းရိုးမှာ ကပ်နေကြတာပေါ့'

'အေး… အေး'

ကျွန်တော်တို့၏ နေရာအခြေအနေ အရွေးကောင်း သော မိုးကျော် ညွှန်ပြသည့် စည်းရိုးဘေးရှိကိုင်းပင်နှင့် ရော နှောနေသော သက်ငယ်ပင်လေးများထဲ တိုး၍ပစ်ကွင်းရှင်းရင်း စောင့်နေလိုက်ပါသည်။

စောစောက သေနတ်သံတွေကြောင့်လားမသိ။ သားကောင်မျှ မထွက်ကြသဖြင့် စောင့်ရသည်မှာ ပျင်းစရာကောင်းလှသည်။

www.burmeseclassic.com

www.burmeseclassic.com



လာသည်။ ခြောက်လှန့်မှုလည်းမရှိ။ အသံလည်း မကြားရ၊ တောမကြီးဘက်မှာတော့ ပုစဉ်းရင်ကွဲနှင့် ပုရစ်သံများ ကြားရ၏။ မြေပဲခင်းတွေ နောက်ခံထားရသဖြင့် အသံဟူ၍ ပုရစ်တစ်ကောင်၏ အော်သံပင် မကြားရပါ။

'ရှပ်… ရှပ်… ရှပ်'

'ဖြောက်… ရှပ်'

'ဆရာကျော်'

'အေး… တစ်ကောင်လာနေပြီ'

'မိုးကျော်… သတိထား၊ မင်းဘက်က…'

'ဟုတ်တယ်'

မိုးကျော်အောင်၏ဘက်မှ သားကောင်တစ်ကောင်ဖြင့် လာနေပါပြီ။ မိုးကျော်အောင်ဘက်မှာ တောတန်းနှင့် တောင်တန်းအစဖြစ်ပြီး တင်မြတ်ဘက်မှာတော့ ဘုန်းတော်ကြီးကျောင်းနှင့် နီးနေသည်။ စောစောက ကျားကြီးထွက်လာသည့်ဘက်နှင့် မကွာလှပါ။ ညပိုင်းလည်းဖြစ်၊ ဘုန်းတော်ကြီးကျောင်းနှင့်လည်း နီးမည်စိုး၍ ခပ်လှမ်းလှမ်းတွင် စောင့်နေစဉ်မှာပင် သားကောင်သည် မိုးကျော်အောင်ဘက်မှ လာ၍ ကျွန်တော်ကျေနပ်မိပါ၏။

တိတ်ဆိတ်လွန်းသော ညဥ့်ဝယ် သဲစပ်စပ်တောင်စောင်းမှဆင်းလာသော သားကောင်ငယ်တစ်ကောင်၏ ခြေသံသည် သူ၏ရှာနှင့် သဲတိုက်သံ တစ်ဖန်ကိုင်းအခြောက်တစ်



တိုင်းအား နင်းမိသော အသံကြောင့် ဖြောက်ဟူသော အသံကြားလိုက်ရသည်။

မိုးကျော်အောင် သေနတ်အသင့်ပြင်ထားစဉ်မှာပင် သားကောင်သည် စည်းရိုးဘေးကပ်လာပါပြီ။ စည်းရိုးဘေးကပ်လာရာမှ အပေါက်မတွေ့သဖြင့် သားကောင်အား ဦးခေါင်းထောင်ကြည့်ရန်မလို၊ မီးထိုးရန်အတွက် ကျွန်တော်သတိထားစောင့်နေစဉ် သားကောင်သည် မိုးကျော်အောင်နှင့် နှစ်လံဆယ်ပေမျှပင် မကွာသော နေရာအရောက်၌ သေသေချာချာ စောင့်ကြည့်နေသော မိုးကျော်အောင်သည် ထိုသားကောင် သူ၏ သေနတ်ပြောင်းနှင့် ထိုးချိန်ထားပြီး ရှေ့အတိုးကို စောင့်နေလိုက်သည်။

'အင်း… ချေအထီးဟ၊ ဦးခေါင်းတော့ရောက်ပြီ၊ ဟော… လည်ပင်း…'

မိုးကျော်အောင် စိတ်ထဲက မှတ်ရင်း ချေ၏ဦးခေါင်းနှင့် သူ၏ သေနတ်ပြောင်းဝ၏ အကွာအဝေးမှ နီးသထက် နီးလာ၏။ အလွန်ဆုံး အကွာအဝေးမှာ ငါးပေခန့် ပြေးဖက်တောင် ရနိုင်သဖြင့် မိုးကျော်အောင် မီးထိုးရန် မပြောတော့၊ စိတ်ထဲမှ ဦးခေါင်း၊ ဟော… လည်ပင်း… လည်ပင်း… လည်ပင်းမှ လက်သို့ရောက်ခါနီးမှာပင်-

'ဘွ'

'ဒိုင်း'

www.burmeseclassic.com

www.burmeseclassic.com



'ဝေါက်'

'ဝုန်း… ဝေါက်… ဘုန်း'

'ဖြောက်… ဖြောက်… ဘုန်း'

'ဝူး… ဟူး… ဟူး… ဟူး'

မိုးကျော်အောင်သည် ချော၏လက်ပတ်အား စိတ်ကြိုက် အနီးကပ် ပစ်မည်ဟုတွေးပြီး အသက်ရှူရန်ပင်မေ့နေစဉ် ချော သည်လည်း လမ်းလျှောက်ပုံမှာ ခြေလုံအောင် သတိထား၏။ ခြံပေါက်ရာရင်း ရှေ့သို့ တရွေ့ရွေ့အတိုး သူ၏ ကြောက်ရွံ့ တတ်သော အသည်းငယ်စိတ်တို့ တထိတ်ထိတ်ဖြင့် ခြေတစ် လှမ်း ငွေတစ်သန်းဆိုသတဲ့သို့ ဆင်မယဉ်သာထက်သာသော ခြေအလှမ်း သူ၏လန့်စိတ်ကို လှုပ်နှိုးလိုက်သော ချော်အီးချော်လန့် ဆိုသည့်အတိုင်း ဘွှဟူသော အီးတစ်လုံးအတွက် မိုးကျော် အောင်၏ အသက်မရှူသောပစ်ခတ်မှု၊ တိတ်ဆိတ်မှုတွေအတွင်း သို့ ချော၏အီးကြောင့် မိုးကျော်အောင်လည်း လန့်ပြီး ခလုတ်ကို ဆွဲ လိုက်သည်တွင် ချောလည်းလန့်အပြေး မှဆိုးပစ်ခတ် လက် ပတ်ဆိုသည့်အတိုင်း လက်ပတ်သို့ တည့်တည့်ပင် မှန်ကာ ချောသည် အပေါ်သို့ပင် သုံးပေခန့်မြောက်တက်ရင်း ပါးစပ်မှ ဝေါက်ဟူသော တစ်ချက်ဟောက်အပြီး မြေပေါ်ပြန်ကျစဉ် နောက်တစ်ချက် ထပ်ဟောက်၏။ လှမ်းပြေးရန် အားယူကုန်း ထ ပြေးပါသော်လည်း သုံးလှမ်းမျှသာ လှမ်းရသေးသည်။ ချောလဲကျသွားပါပြီ။



'တောက်… တော်တော် နောက်တဲ့ချော'

'ဘာလဲ မိုးကျော်'

'ဟာ… ကျွန်တော်က ပစ်ခတ်ဖို့အတွက် ပထမ နားများ၊ နောက် ဦးခေါင်း၊ ခေါင်းကနေ လည်ပင်း၊ လည်ပင်း ကနေ လက်ပတ်ရောက်ခါနီးမှာပေါ့ ဆရာကျော်ရာ၊ ဆရာ ကျော်တို့ ကြားမှာပေါ့၊ ချောလေ ချောပေါ့၊ အီးထွက်လိုက် တာပေါ့၊ သူလည်းလန့်၊ ကျွန်တော်လည်း တိတ်ဆိတ်နေတာ ဆိုတော့ လန့်ပြီး ခလုတ်ဆွဲလိုက်မိတာပေါ့၊ တော်သေးတယ်၊ လက်ပတ်ကို မှန်သွားတာ'

'မိုးကျော်'

'အေး'

'မင်း လန့်သွားတာပေါ့'

'လန့်တာမှ တင်မြတ်ရေ၊ ဒီတစ်ခါ တော်တော့်ကို လန့်တာကွ'

'ဒါဆို နေဦး၊ ငါ မင်းရဲ့လိပ်ပြာကို ပြန်ခေါ်ပေး မယ်၊ မိုးကျော်ရဲ့ လိပ်ပြာလေးရေ၊ အို့… အို့… အို့'

'ဟာ… ဒီကောင် အရေးထဲ နောက်နေပြန်ပြီ'

'ဟား… ဟား… ဟား… ဟား…'

မိုးကျော်အောင်၏ လန့်၍ပစ်ခတ်မှုမှာ ဟန်ချက်ညီကာ ချောမှာ ခြေသုံးလှမ်းမျှသာ ရောက်ရှိမည်ဟု ခန့်မှန်းရသော် လည်း ချောလဲကျသွားသည်မှာ မထနိုင်တော့ပါ။ သို့အတွက်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ ချေသွားကောက်ပြီး မိုးကျော်အောင် ထမ်းမည် အပြု ကိုကျော်ဆွေမှ သူထမ်းမည်ဟု အတင်းလုရ၍ ကျွန်တော် တို့ ချေကိုထမ်းပြီး တဲသို့ ပြန်ခဲ့ပါသည်။

'ဝေါင်း'

'ဝေါင်း'

'ဝေါင်း'

ကျွန်တော်တို့ ကျောပေးခဲ့သော ခင်းခန်းချောင်းဘေး တောင်ထွန်းကြီးပေါ်မှ တောမုဆိုးကြီးတစ်ကောင်၏ အသံကို ကြားရပါသည်။ ထိုကျားကြီး၏ အသံအား နားထောင်ကြည့် သောအခါဝယ် တော်တော်ဝေး၏။ သို့အတွက် ကျွန်တော်တို့ အလေးမထားတော့ပါ။ တဲသို့ ရောက်တော့ ကိုထွားမောင်နှင့် ရွာသားတွေသည် ချေထမ်းလာသည်ကို မီးထိုးကြည့်ကြ၊ မီး တုတ်မြှောက်ကြည့်ကြနှင့် ပျော်ရွှင်နေကြ၏။

'ကဲ… ကိုထွားမောင်တို့၊ ကိုလှလေးတို့ရေ၊ ထင်းမီး ထပ်ဖိုကြဗျာ၊ ချေသားကင်မယ်လေ'

'ရော်… ဆရာတင်မြတ်ပ၊ ချေသားကြော်ထား အေး၊ တဲမှာ ဆီရှိတာပအေး၊ ဆီနဲ့ကြော်တာပ'

'ဟော့… အစီ၊ ဟောဟိုဆီက မုံညင်းဆီနော်၊ မြေ ဆီနဲ့ကြော်တာပ၊ မုံညင်းဆီဆိုတော့ နည်းနည်းသက်တာ ဆရာတို့ ကြိုက်မှာမဟုတ်ပအေး'

'ကိုကျော်ဆွေ'



'ဟုတ်ကဲ့ ဆရာကိုတင်မြတ်ပ'

'ချေတောင် မဖျက်ရသေးဘူးလေ၊ ဟား… ဟား… ဟား… ဟား… အကောင်လိုက်ကြော်တော့မှာလား'

'ရော်… ဟုတ်တာပ၊ ထွားမောင်ပ၊ မြန်မြန် အရေခွဲ ကြတာပအေး'

'အေးပါဟ'

'ဆရာကိုမိုးကျော်အောင်ပ၊ မုံညင်းဆီစားဖူးလား'

'စားဖူးပါတယ် ကိုကျော်ဆွေ၊ အမြှုပ်ထတယ်လေ၊ ထအောင် ဆီကျက်တာနဲ့ ရေတောက်တာပေါ့ဗျ'

'ရော… ဆရာကိုမိုးကျော်အောင် သိထားတာပအေး'

'သိတာပေါ့ဗျာ၊ ဒီနယ်မြေမှာ နေတာကြာပြီလေ၊ ကျွန်တော်က ချက်တာပြုတ်တာ ဝါသနာပါတယ်၊ ပိုလေ့လာ ထားတာပေါ့'

'ကောင်းတာပအေး'

ကိုထွားမောင်နှင့် ကိုကျော်ဆွေတို့သည် သူတို့ထံတွင် ရှိသော ကချင်အရက်၊ ရှမ်းအရက်တွေဖြင့် ချေသားကြော်၊ ချေသားကင် စားကြ၏။ အားလုံး ပျော်ရွှင်နေကြသည်။ ကျွန် တော် ကိုထွားမောင်အား ကြည့်လိုက်တော့ ကျားပစ်စဉ်က ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်တွေ ဘယ်ရောက်ကုန်သည် မသိတော့ပါ။ ကျွန်တော် ကျေနပ်စွာဖြင့် အာမီတစ်ငုံ ငုံရင်း ချေသား လတ်လတ်ဆတ်ဆတ် ကြော်ထားသည့် အသားတုံး

www.burmeseclassic.com

www.burmeseclassic.com



လေး ကောက်ယူဝါးလိုက်မိတော့သည်။

ကျွန်တော် စဉ်းစားမိသည်။ ညနေ့က ကိုထွားမောင်အပြင် ကိုလှလေးတို့ ပြောပြချက်အရ သူတို့ရွာအား ပိုမိုချီးကျူးမိပါ၏။ အကြောင်းမှာ စီမော်ရွာသည် အိမ်ခြေနှစ်ဆယ့်ကသုံးလုံးသာရှိကြောင်း၊ သူတို့ရွာမှာ ဤအိမ်ခြေသည် ယခုမှ နှစ်ဆယ့်သုံးလုံးမဟုတ်ဘဲ ရွာစတည်ကတည်းက နှစ်ဆယ့်သုံးအိမ်သာ ရှိခဲ့ပြီး ယခုဆိုလျှင် သက်တမ်းတစ်ရာခန့် ရှိနေကြပြီဖြစ်ကြောင်း -

'ကျွန်တော်တို့ရွာဟာ အံ့သြစရာတော့ မဟုတ်ပ'

'အရင်လည်း အိမ်ခြေနှစ်ဆယ့်သုံးလုံး၊ အခုလည်း နှစ်ဆယ့်သုံးလုံးပ'

'ဘာဖြစ်လို့လဲ ကိုကျော်ဆွေ'

'ရော်... နောက်ထပ် တိုးမှမတိုးတာပအေး'

'နေပါဦးဗျ၊ အိမ်ထောင်အသစ်တွေ ပြုကြမှာပေါ့နော်'

'ရော်... ရှိတာပ၊ အိမ်ထောင်ပြုလည်း မတိုးပ'

'ဒါဆိုရင် ခင်ဗျားတို့ ရွာသူရွာသားတွေက အိမ်ထပ်မဆောက်ဘဲ မိဘအရိပ်ထဲ ခိုနေကြတာပေါ့နော်'

'မှန်တာပ၊ မိဘအရိပ်က အေးတာပ၊ ကျွန်တော်တို့အိမ်ဆို မိသားစုနှစ်ဆယ့်ခြောက်ဦး ရှိတာပအေး'

'ဗျာ...'



'အဟုတ်ပ၊ ကျွန်တော်တို့အားလုံး တစ်အိမ်တည်းပအေး၊ အိမ်ထောင်စုဆိုရင်တော့ လေးစုရှိတာပ၊ အိမ်ကြီးတွေလည်း ဆရာကြီးတို့ မြင်ကြတာပအေး၊ အကြီးကြီးတွေပ၊ အိမ်မှာ အများကြီးနေကြတာပ'

'ပျော်စရာကြီး နေမှာပဲနော် ကိုထွားမောင်'

'ပျော်စရာလည်း ကောင်းတာပ၊ တစ်ခါတစ်ခါ စိတ်ညစ်စရာလည်း ကြုံတာပ၊ ကလေးတွေကဆူ၊ လူကြီးတွေကကလေးတွေဆူ၊ ရော်... ဆူပြီး ဆူကြ၊ ရယ်ပြီး ရယ်ကြတာပအေး'

'စီးပွားရော ခွဲကြလား'

'ခွဲတာပ၊ အဘတို့က အိမ်ထောင်ပြုတာနဲ့ အခင်းဖွဲ့ပေး၊ ကျွဲပေး၊ မြေပဲတို့၊ နှမ်းတို့၊ မုံညင်းတို့ မျိုးပေးတာပ၊ စိုက်လို့အောင်ရင် ယူကြ၊ မအောင်ရင် အဘတို့ ကျွေးတာပ၊ ငတ်စရာမလိုပအေး၊ ဟား... ဟား... ဟား... ဟား...'

'ကျွန်တော်လည်း မိတ္ထီလာဘက်မှာ ခင်ဗျားတို့လိုပဲ ရွာတစ်ရွာ ကြားဖူးတယ်ဗျ၊ အဲဒီရွာဟာလည်း အံ့သြစရာပေါ့၊ အိမ်ခြေနှစ်ဆယ်ကျော်ဟာ ရှေးဘုရင်လက်ထက်ကနေ ခုချိန်တထိ ဒီအတိုင်းပဲဗျ၊ အိမ်တစ်အိမ်တည်း အိုးခွဲစားကြတဲ့ မိသားစု အိမ်ထောင်စုတွေ သုံးလေးဦးရှိတယ်ဗျ၊ ခင်ဗျားတို့ ယောဒီ စီမော်ရွာနဲ့ တော်တော်တူတယ်'

'ရော်... ဆရာကြီးပြောမှ ကြားရတာပ၊ အဲ... နေ

www.burmeseclassic.com

www.burmeseclassic.com



တာ ကျွန်တော်တို့ တစ်ရွာတည်းလို့ ထင်ထားတာ၊ အဖော်ရှိသေးတာပအေး’

‘ဟုတ်တာပ၊ ဆရာကြီး လေ့လာတော့ တော်တော်လေ့လာထားတာပ’

‘အင်း… သွားရင်းလာရင်း လေ့လာရတာပေါ့ဗျာ’

ကျွန်တော်တို့ ညဥ့်ကပြောခဲ့သောစကား ပြန်သတိရနေမိသည်။ ကျွန်တော့်အား မြေပဲကြော်၊ ကြက်ဥကြော်၊ ချေသားကြော်တွေနှင့် ရှမ်းဆန်ဖြင့် ချက်ထားသော ထမင်းပူပူနွေးပေးရင်း ကိုကျော်ဆွေလည်း စား၏။

‘ဆရာကြီးပ၊ ဒီမြေပဲက နုနုလေးတွေ အစိုကြော်တာပ၊ စားလို့ကောင်းမှကောင်း၊ များများစားတာပ’

‘ဟုတ်ကဲ့… ကိုကျော်ဆွေ၊ ခင်ဗျားတို့ကတော့ ချေသားကြိုက်မှာပဲ၊ စားကြလေ’

‘ရော်… ကြိုက်တာပ၊ ဆရာကြီးတို့ကို ကျေးဇူးတင်တာပ’

‘ဆရာကြီး ဒီမှာ ကျွဲနို့ပ၊ ပျစ်နေအောင် ကျိုထားတာပအေး’

‘ကျေးဇူးပဲ ကိုလှလေးရေ’

ကျွန်တော် မနက်စောစော အဝေးပြေ ထမင်းစားရင်း သေနတ်သံ နားထောင်၏။ သေနတ်သံမကြားရပါ။ တင်မြတ်နှင့် မိုးကျော်အောင်တို့သည် ကိုထွားမောင်နှင့် သုံးယောက်သား



အစောစီးစီး သွားကောင် ထချောင်းကြခြင်းသာ ဖြစ်၏။ သေနတ်သံ ကြားလျှင်တော့ ရပြီဟု တွက်ထားသော်လည်း သေနတ်သံ မကြားရသဖြင့် သူတို့သုံးယောက် ဘာကောင်မျှ ပစ်ရမည် မထင်ပါ။

ညက ရထားသော ကျားသေကြီးအား ရွာသား လေးယောက် ထမင်းယူသွားကြပါပြီ။ ထိုကျားကြီးအား ရွာလူကြီး ဦးပန်းမောင်အိမ်တွင် လိုအပ်သလို လုပ်ကြပါဟု ကျွန်တော် မှာလိုက်၏။ ရွာလူကြီး ဦးပန်းမောင်နှင့် ဦးကြင်ဖတို့ ကြိုက်သလို စီစဉ်ရန်ဖြစ်ကြောင်းနှင့် ရွာသားတွေ တစ်ရွာလုံး ကြည့်ကြရန် ရွာသားတွေအား ဒုက္ခပေးနေသော ကျားဆိုးကြီးတစ်ကောင်အား နှိမ်နင်းပြီးကြောင်း ရွာသားတွေ မျက်မြင်ကိုယ်တွေ့ ပြသပါကြောင်း နောက်တစ်ကောင်နှင့် ရွာသားတွေမှအစ ဘုန်းတော်ကြီးကျောင်းအထိ ခြောက်လှန့်နေသော သရဲနှစ်ကောင်ကိုလည်း နှင်ပေးမည်ဖြစ်ကြောင်း၊ ကျွန်တော်မှာလိုက်သည်ကို ရွာသား စိုင်းမောင်မောင်တို့ ပြောပြပြီးနောက် အခင်းထဲသို့ ပြန်ခဲ့ကြရန် မှာလိုက်ပါသည်။

ရွာသားတွေ အခင်းထဲ ပြန်ရောက်လာပြီးနောက် တင်မြတ်နှင့် မိုးကျော်အောင်အပြင် ကိုထွားမောင်တို့ ပြန်ရောက်ကြပြီ။ လူလည်းစုံပြီဖြစ်၍ စားစရာတွေ စားကြ၏။ ထို့နောက် ကျွန်တော်တို့သုံးယောက် စီစဉ်ထားသည့် လုပ်ငန်းအတွက် ကျွန်တော်မှ စတင်အသိပေး ပြောလိုက်ရပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



'ကဲ… ကိုထွားမောင်၊ ကိုကျော်ဆွေတို့၊ ကိုလှလေး တို့အားလုံးပေါ့ဗျာ၊ ခင်ဗျားတို့နဲ့ ကျွန်တော်တို့ ပူးပေါင်းပြီး လုပ်ရမယ့်လုပ်ငန်းတစ်ခု ရှိနေတယ်ဗျ'

'ရော်… ဘာလုပ်ငန်းပ'

'ပြောမှာပေါ့ ကိုကျော်ဆွေ'

'ဒီလိုလေ၊ ခင်ဗျားတို့ မြေမြှုပ်ထားတဲ့ ဓားသရဲ၊ လှံသရဲပေါ့'

'ဟုတ်'

'အဲဒီနေရာ ခင်ဗျားတို့ သိမှာပေါ့'

'သိတာပအေး'

'မြေမြှုပ်တုန်းက ဓားတွေ၊ လှံတွေထည့်မြှုပ်လား'

'ရော်… သူတို့လက်နက်တွေပ၊ သူတို့နဲ့အတူ ရောပြီး မြေမြှုပ်လိုက်တာပ ဆရာကြီး'

'ကဲ… ထားပါတော့၊ အဲဒီနှစ်ယောက်အတွက် ခင်ဗျားတို့ ဘာလုပ်ကြသေးလဲ၊ ဥပမာဗျာ၊ အလှူဒါနတို့၊ ဆွမ်းသွတ်တာတို့တွေပေါ့'

'ရော်… ဘာမှမလုပ်၊ ဒီအတိုင်း ကျင်းတူးပြီး မြှုပ်တာပ'

ကျွန်တော်ထင်သည့်အတိုင်း ပိုးလိုးပက်လက်သေရေ့သော ဓားပြနှစ်ဦးအား ရွာထဲတွင် မထားလိုသည်က တစ်ကြောင်း၊ နောက်တစ်ခု ရွာသားတွေ၏သင်္ချိုင်းကုန်းတွင် မမြှုပ်



လိုသည့်အတွက် တောစပ်တွင် လာရောက် မြှုပ်နှံခြင်းသာ ဖြစ်ပါသည်။

ထိုဒေသတွင် တချို့ရွာတွေမှာ ညှော်သည်၏ သင်္ချိုင်း သတ်သတ်ရှိ၏။ ရွာတိုင်းလိုလိုမှာတော့ ကလေးသင်္ချိုင်းနှင့် လူကြီးသင်္ချိုင်း ခွဲထား၏။ လူကြီးသင်္ချိုင်းတွင် ကလေးမမြှုပ်၊ ကလေးသင်္ချိုင်းဝယ် လူကြီး မမြှုပ်နှံပါ။ သီးသန့်ထားတတ်သည့်အပြင် ညှော်သည်သင်္ချိုင်းပင် တချို့ရွာတွေ သတ်သတ်ထား၏။ ရွာသားတွေနှင့် ရောနှော မထားတတ်။

'ကျွန်တော် ကြားဖူးနားဝပေါ့၊ စာထဲမှာလည်း အနည်းအပါးတော့ ဖတ်ဖူးပါတယ်၊ ရန်သူပဲဖြစ်ဖြစ်၊ သူရဲကောင်းပဲဖြစ်ဖြစ်၊ သူရဲကောင်းပဲဆိုပါတော့ဗျာ၊ သူတို့ကို မြှုပ်တဲ့အခါ သူတို့ရဲ့ အဆောင်အယောင် လက်နက်ခဲယမ်း စစ်ဝတ်တန်ဆာတို့ မမြှုပ်မသင်္ဂြိုဟ်ရလားဗျာ'

'ရော်… ကျွန်တော်တို့ သိတာပ'

'ဟုတ်ပါတယ်၊ ကျွန်တော် အပြစ်မပြောပါဘူး'

'ဟို… ကျွန်တော်တို့နယ်မှာ ဘုရားတစ်ဆူရှိတာပ၊ အဲဒီဘုရားဟာ လယ်ကွင်းထဲမှာ တည်ထားတာဗျ၊ ဘုရားအမည်တော်က ဓားသိမ်းဘုရားတဲ့၊ ဘယ်မင်းအဆက်ဆိုတာတော့ ကျွန်တော် အသေးစိတ် မသိဘူး၊ ကျွန်တော် ကြားဖူးတာပြောတာနော်၊ ဘုရင်မကြီး ရှင်စောပုလက်ထက်လို့ ပြောတာပဲ၊ ဟုတ်မဟုတ်တော့ ကျွန်တော် မသိဘူး၊ ကျွန်တော်သိ

www.burmeseclassic.com

www.burmeseclassic.com



တာကတော့ အဲဒီဘုရားပွဲပြုလုပ်တိုင်း ဓားခုတ်ပွဲ အမြဲနှစ်တိုင်း ဖြစ်လို့ နောက်ဆုံး အဲဒီဘုရားပွဲကို ဖိတ်လိုက်တယ်ဗျ'

'ဘယ်လိုဖြစ်တာလဲပအေး၊ ကျွန်တော်တို့ သိချင်တာပ'

'ဟုတ်ကဲ့ပါ၊ အဲဒီ ဘုရားတည်ဆောက်တဲ့နေရာမှာ ထွက်ပြေးသွားတဲ့ မင်းသားတစ်ပါးကိုမိတော့ မှာတဲ့အတိုင်း မင်းသားကို ဓားနဲ့ ခုနစ်ချက်ခုတ်ထစ်သတ်ပြီး မြေခုနစ်တောင် တူးပြီး မြှုပ်တယ်ဗျ'

'အံ့စရာပနော်'

'အင်း… မှာလိုက်တာက အဲဒီမင်းသားဟာ အင်းတွေ မှိုတားတာတဲ့၊ ဒီတော့ သူ့ကို ခုနစ်ပိုင်းပိုင်း၊ ကျင်း ခုနစ်ကျင်းတူး၊ တူးတဲ့ကျင်းအနက်ဟာ ခုနစ်တောင်ဖြစ်ရမယ်၊ အဲဒီ ခုနစ်ပိုင်းကို တစ်ကျင်းတစ်ပိုင်း မြှုပ်နိုင်းတာကို မမြှုပ်ဘဲ ခုနစ်တောင်တော့ တူးပါရဲ့၊ ဓားနဲ့ ခုနစ်ချက်ပဲ ခုတ်သတ်ပြီး မြှုပ်ခဲ့တာပေါ့ဗျာ၊ ဒီလိုနဲ့ ခြောက်ရက်မြောက်တဲ့နေ့မှာ နန်းတော်ထဲကို ကြိမ်းတယ်တဲ့၊ နင်တို့ ထမင်းဝအောင် စားထားကြလို့ ဆိုတာပဲ'

'ဒီလို ကြိမ်းလိုက်တာနဲ့ မင်းကြီးသိပြီး သုတ်သင်ရှင်းလင်းခဲ့တဲ့ စစ်သူကြီးတွေခေါ်မေးပြီး အမြန်ပြန်တူးပါ၊ နောက် သူ့ရဲ့ဓားကို သိမ်းယူခဲ့၊ အလောင်းကိုလည်း ခုနစ်ပိုင်းပိုင်း၊ ခုနစ်ကျင်းတူးပြီး ခုနစ်တောင်နက်တဲ့ကျင်းတွေမှာ တစ်



ပိုင်းစီမြှုပ်နိုင်းတာပေါ့ဗျာ'

'ဒါနဲ့ စစ်သူကြီးတွေဟာ အမြန်သွားကြရတယ်၊ မြင်းတွေနဲ့ နေမဝင်ခင် အဲဒီသွားပြီး အဲဒီမြေကျင်းလည်း တူးလိုက်ရာက တစ်တောင်ပဲတူးရသေးတယ်၊ အဲဒီမင်းသားရဲ့ သံခမောက်ကို သွားတူးမိတာပဲ'

'ဒါနဲ့ ကြောက်ရွံ့ထိတ်လန့်ကြရင်း အမြန်တူးတော့ သူတို့သုတ်သင်ထားခဲ့တဲ့ မင်းသားဟာ အနက်ခုနစ်တောင် မြေကျင်းထဲက အပေါ်ကို ဘယ်လိုက ဘယ်လို တက်လာတယ် မသိပါဘူး၊ ခြောက်တောင် ရောက်နေသလို ဘာဓားဒဏ်ရာမှ မရှိဘဲ ဒူးထောက်အနေအထားနဲ့ သူ့ရဲ့ လက်ရုံးတော်ဓားကြီးကို ညာလက်နဲ့ဆုပ်ပြီး ပခုံးမှာ ထမ်းထားတာတွေ့ကြတော့ အံ့သြထိတ်လန့် တုန်လှုပ်သွားတာပေါ့၊ ဒါပေမဲ့ အသက်တော့ မဝင်သေးဘူးတဲ့ဗျ'

'ကြောက်စရာပ၊ တော်တော်စွမ်းကြတာပ'

'အဲဒီတော့မှ အထက်ကမှာထားတဲ့အတိုင်း လူကိုခုနစ်ပိုင်း ပြန်ပိုင်းပြီး ကျင်းခုနစ်ကျင်းမှာ ခုနစ်တောင်အနက်တူးပြီး ခုနစ်ပိုင်းလုံး မြှုပ်လိုက်တယ်၊ ဓားကိုလည်း သိမ်းခဲ့ပြီး မင်းကြီးကို အပ်ကြရတာပေါ့'

'မင်းကြီးလည်း စိတ်မကောင်းတာနဲ့ အဲဒီနေရာမှာ မြေစိုက်စေတီတစ်ဆူ တည်တယ်၊ ထိုဘုရားကို ဓားသိမ်းဘုရားလို့ အမည်တွင်စေခဲ့တယ်ဗျ၊ ခုချိန်ထိ ရှိနေသေးတယ်

www.burmeseclassic.com

www.burmeseclassic.com



ကိုကျော်ခွေ'

'တော်တော်ကြောက်စရာပ၊ ဆရာကြီးပြောသလိုပ၊ ဆေးကောင်းတော့ အင်းစောင်းသလောက်ဆိုတာ ဒါမျိုးပနော့'

ကျွန်တော် သူတို့အားလုံး ကြည့်လိုက်သည်။ အားလုံး ငြိမ်သက်စွာ နားထောင်နေကြ၏။ ကျွန်တော်၏ ရည်ရွယ်ချက်ကို မိုးကျော်အောင်နှင့် တင်မြတ်ကဖြင့် သဘောပေါက်ပါ၏။ သူတို့တော့ မသိကြပါ။ သို့အတွက် မိုးကျော်အောင်မှ ဆက်၍ ပြောလိုက်၏။

'ဆရာကျော်ပြောတာက နမူနာပြောပြနေတာ၊ ခင်ဗျားတို့ မြေမြှုပ်တဲ့ သူခိုးဓားပြနှစ်ယောက်ကို သူတို့ လက်နက်တွေနဲ့ အရှင်မြှုပ်ထားတော့ သူတို့မှာ မကျွတ်မလွတ်တဲ့အပြင် ခင်ဗျားတို့ ရွာသားတွေကို ဓားခွဲ၊ လှံခွဲပြီး ခြောက်လှန့်နေကြတာပေါ့ဗျာ၊ မြေမြှုပ်စဉ်က အဲဒီ ဓား၊ လှံတွေ မထည့်ရဘူးဗျ'

'ရော်… ဟုတ်တာပနော့၊ ကျွန်တော်တို့မသိ၊ သူတို့ ဓားလှံတွေ မကိုင်ချင်၊ မလိုချင်လို့ လုပ်ကြတာပအေး'

'ထားလိုက်ပါတော့ ကိုထွားမောင်၊ ဒီတော့ ကျွန်တော်တို့ အဲဒီမြေကျင်းတွေ ပြန်တူးမယ်၊ ခင်ဗျားတို့ ဝိုင်းကူကြပါ'

'ရော်… ကူမှာပအေး၊ ဆရာကြီးတို့တောင် ကျွန်တော်တို့ရွာအတွက် ကူညီနေတာပ၊ ကျွန်တော်တို့ ပိုလုပ်ရမှာပ။ ဘာလုပ်ရမယ်ဆိုတာ ပြော လုပ်မှာပ၊ ဆရာကြီးတို့ သုံးယောက် ဦးဆောင်ရင် လုပ်မှာပအေး'



ကျွန်တော်တို့ အားရှိသွားပါပြီ။ ရွာသားတွေ သဘောပေါက်လွယ်ကြပါသည်။ ဤကဲ့သို့လုပ်ဆောင်ပါက ကျွန်တော်တို့သုံးယောက် တိုင်ပင်ထားသည့်အတိုင်း အောင်မြင်ရမည်ဟူသော စိတ်ဖြင့် အားတက်ခဲ့ရပါသည်။

'ရော်… ကောင်မလေးတွေရောက်လာကြတာပ'

'ရော်… ဘဒွေးပန်းနဲ့ ဘဒွေးကြင်ဖတို့လည်း လိုက်လာတာပအေး'

'ဆရာကြီးတို့ပ၊ ကျေးဇူးတင်တာပအေး'

'ရပါတယ် အဘရယ်၊ ကျွန်တော်တို့ နောက်တစ်ကောင်နဲ့ ဓားနဲ့ လှံသမားတွေပါ ရှင်းမလို့ပါ'

ကျွန်တော် အဘနှစ်ယောက်အား တလေးတစား နေရာဖယ်ပေးရင်း ဆက်လုပ်မည့် ဓားသရဲ၊ လှံသရဲဟု မပြောလိုသည့်အတွက် ဆင်ဝှေ့ရန်ရှောင်လုပ်ကာ လှည့်ပြောသည်ကို အဘတို့ သဘောပေါက်ပါ၏။

'ရော်… သူတို့နှစ်ယောက်ဟာ နာနာဘာဝတွေ ဖြစ်လို့ မလွယ်ပ၊ သက်ရှိ ကျားရန်ရှင်းရင်တောင် ကျေနပ်တာအေး'

'ရပါတယ် အဘ၊ ကျွန်တော်တို့ အားလုံး စိတ်ချမ်းသာအောင် ရှင်းမှာပါ၊ တစ်ရွာလုံး စိတ်ချမ်းသာအောင် တတ်နိုင်သမျှ ကြိုးစားလုပ်မှာပါ'

'ကျွန်တော်တို့ အများကို ခွင့်လွှတ်တာပ၊ အခု ကျား



www.burmeseclassic.com

www.burmeseclassic.com



ကြီးရလို့ တစ်ရွာလုံး ကြွက်ကြွက်ညံနေတာပ၊ ပျော်နေကြတာ ကျွန်တော်လည်း ကျားကြီးအရေခွံခွာခိုင်းထားတာပ၊ စီအုံးရွာသူကြီးထံနဲ့ ဆရာကြီးတို့ တပ်ကိုလည်း အကြောင်းစာတင်ဖို့ လူလွှတ်ပါးလိုက်တာပ'

'ဝမ်းသာပါတယ် အဘ၊ ကျေးဇူးတင်ပါတယ်'

ကျွန်တော်တို့ လူကြီးတွေနှင့် စကားပြောနေစဉ်မှာပင် မြေပဲနုတ်ကြမည့် အမျိုးသမီးလေးတွေ တီးတိုးစကားဆိုကြ၏။ ဘာတွေတော့ မသိပါ။ ထိုအထဲတွင် နန်းခင်ယုသည် ကျွန်တော့်အား တစ်ချက်တစ်ချက် မျက်ဝန်းရွှဲကြီးတွေဖြင့် ကြည့်နေပုံမှာ ကျွန်တော့်နှလုံးသားကို လိုက်လှုပ်နေပါ၏။ ကျွန်တော်ချစ်သော ယုနှင့် ဗန်းမော်၊ ရွှေကျေးနား ဘုရားတွင် ဘုရားဖူးရင်းမှ စံပါရေဆိပ်သို့ စက်ဘီးလေးတွန်းပြီး ဆင်းလာ စကားပြောကြ၏။ ထိုသို့ ချစ်တဲ့အကြောင်းလေးတွေ၊ တခြားရယ်စရာလေးတွေ၊ အံ့သြစရာလေးတွေ ပြောတိုင်း ချစ်ရသော ယုတစ်ယောက်မှာ အပြုံးကလေး မပွင့်တပွင့်နှင့် ဝင်းပနေသော မျက်လုံးရွှဲကြီးတွေဖြင့် ကြည့်တတ်သည်ကို ပြန်လည်သတိရမိပါ၏။

နန်းခင်ယုလေးအတွက် ကျွန်တော် အသိအမှတ် ပြုသော အပြုံးတစ်ဝက်နှင့် စိုက်ကြည့်ရင်း ပြုံးပြလိုက်သည့်တွင် နန်းခင်ယုလေး ဝမ်းသာပီတိ ဖြစ်သွားရှာပါ၏။ ကျေကျေနပ်နပ် ပြုံးလိုက်လေသူ၏ ပါးချိုင့်လေးတွေမှာ ယုနှင့်တစ်ထပ်



တည်း တူလေပြီဖြစ်ပါပြီ။ သြော်... ခက်ချေပြီကော၊ ယုနဲ့ နန်းခင်ယုရယ်လို့ ကျွန်တော့်ရင်ထဲမှာ မောသွားအောင် ခံစားရသည်က အမှန်ပင်။

'ဆရာကြီးပ'

'ဟုတ်ကဲ့... အဘပြောပါ'

'ကျွန်တော်တို့နှစ်ယောက် ဆရာတော်ထံ သွားလျှောက်တာပ'

'ဘာများလဲအဘ'

'ရော်... ကျားကြီးတစ်ကောင်ရတဲ့ အကြောင်းပအား'

'ဟုတ်ကဲ့... ကောင်းပါတယ်၊ နောက်ပြီး ကျွန်တော်တို့ စားနဲ့လုံ့ကိုလည်း နှင်မယ့်အကြောင်း ကြိုတင် လျှောက်ထားပေးပါလား အဘ'

'ရော်... လျှောက်မှာပ၊ ဒီနှစ်ကောင်ကတော့ ဆရာတော်ရဲ့ ကျောင်းဝန်းကျင်အထိ လာနှောင့်ယှက်တာပ၊ ဆရာတော်ကြားရင် ဝမ်းသာမှာပအေး'

'ကောင်းပါပြီ အဘ'

'ဘဒွေးပန်းတို့အားလုံး ဒီမှာချေသားနဲ့ ထမင်း စားကြတာပ'

'ရော်... ကိုကြီးအာလူး၊ ကျွန်တော်တို့လည်း ငါးတာပ'

www.burmeseclassic.com

www.burmeseclassic.com



'ရော်… အားလုံးကို ကျေးမှာပ၊ ဆရာကြီးက ချေ သားဟင်းတွေ ချက်ခိုင်းထားတာပအေး၊ နင်တို့အတွက် ဟင်း တင်မက'

'ရော်… ကြော်တာကော ကျေးမှာပ'

'ဟုတ်ပ၊ နောက်ရှိသေးတာပ'

'ရော… ဝမ်းသာရအောင် မြန်မြန်ပြောတာပ၊ ချေချိုး တွေပါ ချန်ထားတာပ'

'ရော… တော်တော်နောက်တာပအေး'

မိန်းကလေးတွေ သဘောကျနေ၏။ မြေပဲနုတ်ပင် မဆင်းကြသေးပါ။ ရွာလူကြီး ဦးပန်းမောင်နှင့် ဦးကြင်ဖတို့ နှစ်ယောက်လည်း ဘုန်းတော်ကြီးကျောင်းဘက် ထွက်သွားကြ ပါပြီ။ လူကြီးနှစ်ယောက်သည် သူတို့၏လုပ်ဆောင်ချက် တစ် ဝက်ပင် အောင်မြင်ကြ၍ အတိုင်းထက် အလွန် ဝမ်းသာနေ ကြ၏။ ကျောင်းထိုင်ဆရာတော်ကိုပင် သွားကြွားရမည်တည်း။

'ဆရာကျော်၊ ကျွန်တော်တို့ နှစ်ယောက်နဲ့ လူငယ် အဖွဲ့ သွားနှင့်မယ်၊ ကျွန်တော်နဲ့ မိုးကျော် ရှင်းထားနှင့်မယ် လေ'

'အေး… ကောင်းတယ်၊ ငါ ကိုကျော်ဆွေတို့၊ ကိုထွား မောင်တို့နဲ့ လိုက်ခဲ့မယ်'

'ရော်… ဆရာကြီးပ၊ လှလေးနဲ့ လိုက်ခဲ့တာဗ၊ ကျွန်တော်တို့ မြေပုံနေရာတွေ သိတာပ၊ သွားနှင့်မှာပ'





'ဒါဆိုလည်း သွားကြလေ၊ ကျွန်တော် အမိန့်စာလေး ရေးပြီး ကိုလှလေးနဲ့ လိုက်ခဲ့မယ် ကိုကျော်ဆွေ'

'ကောင်းတာပအေး၊ ကဲ… အားလုံးသွားကြတာပ'

'ရော်… အစီတို့ ထမင်းများများချက်ကြတာပ၊ နန်း ခင်ယုပ'

'ဘာလဲပ'

'နင်နဲ့ အဲဆာနေခဲ့ကြ၊ ထမင်းဟင်း ကူချက်တာပ အေး'

'ဟုတ်… ဟုတ်'

ကျွန်တော်လည်း တတ်သမျှ မှတ်သမျှ တပ်အမိန့်ပုံစံ ကို စဉ်းစားပြီး ရေး၏။ ပြန်ဖတ်ကြည့်၏။ စိတ်ကြိုက် ရွေး ချယ်ပြီး အခေါက်ခေါက်အခါခါ ဖတ်ရ၏။ မကြိုက်သေး သော စာသားကိုဖြုတ်၊ အသစ်ထပ်တိုးရင်း စစ်မိန့်၊ မင်းမိန့်၊ မင်းအာဏာနှင့်တူအောင် တိတိကျကျရေးပြီးမှ ကျေနပ်သည့် အတွက် အချောကူးကာ အဆုံးသတ်လိုက်သည်။

'အားကိုပ'

'ဩော်… ညီမလေးယု ပြော'

'ဖတ်ခါးသောက်တာပ'

'ကျေးဇူးပဲ ညီမလေးယု၊ ဩော်… နန်းခင်ယုလေး'

'အားကိုကြိုက်သလို ခေါ်တာပအေး၊ အားကိုရဲ့ အမေ ယုက လှတယ်နော့'



www.burmeseclassic.com

www.burmeseclassic.com



'ဩော်… ညီမရယ်၊ ညီမလည်းလုပါတယ်၊ နာမည်လည်းတူ၊ ရုပ်လည်းတူတာကြောင့် အစ်ကို အံ့သြသွားတယ် ညီမလေးယုရဲ့၊ ခုတော့ နာမည်လည်းတူတယ်၊ ရုပ်ကလည်း တစ်ပုံစံတည်းပဲ ဆံပင်ကောဗျ'

'အားကို အံ့သွားတာပ'

'ဟုတ်တယ် ညီမလေးယု၊ ကြည့်စမ်း၊ ဆံပင်ပါတူအောင် လုပ်လာတယ်ပေါ့၊ အို… ညီမလေးယုရယ်'

နန်းခင်ယုသည် သူ၏ရှေ့ဆံပင်လေးတွေ တစ်ညီတည်း ဖြတ်ထားမှုအား ပုံစံပြောင်း၍ မရသော်လည်း အတတ်နိုင်ဆုံးတူအောင် ဘေးနှစ်ဖက်သို့ အလယ်တည့်တည့်မှ ခွဲထား၏။ ခွဲမရသည့်အတွက် အပေါ်ဆံပင်နှင့် ဖိတွဲကာ ခွဲထား၍ ကျွန်တော်ချစ်သော ယုနှင့် တစ်ထေရာတည်း တူနေသည်။

'ညီမလေးရယ်၊ အစ်ကို… ဟူး'

'အားကို'

'ယု… ဩော်… ညီမလေး'

'အားကိုကို တွေ့တာနဲ့ ခင်တာပ၊ နောက်ပြီး ညီမပြောတတ်ပအေး'

'ညီမရယ်'

'အားကို'

'ဟင်'

'အို… မမယုနော်'



'အင်း'

'အားကိုကို ဘယ်လိုခေါ်လဲပအေး'

'ဩော်… ဟိုလေ… ဟို…အစ်ကိုက ယုလို့ ခေါ်တယ်၊ သူက ယုပေါ့၊ အစ်ကိုကို…ဟို'

'ရော်…သိတာပအေး၊ ဓာတ်ပုံထဲကလိုပေါ့၊ မောင်… အဟိ ရှက်တာပအေး'

'ဟုတ်ပါတယ် ညီမလေးရယ်'

'အားကိုရယ်၊ ညီမလေးလို့ မခေါ်ဘဲ ယုလို့ခေါ်ပါလား'

'ညီမလေး… အစ်ကိုရဲ့မေမေကရှမ်းလူမျိုးပေါ့၊ ရှာနာမည်ကလည်း ရှမ်းရှာတဲ့လေ၊ ဟောဒီက ယုလေးတို့ နောက် ဗန်းမော်က ယုတို့နဲ့ လူမျိုးတူတွေပါ'

'ရော်… ဝမ်းသာတာပအေး၊ အားကိုခေါ်လေ'

'ဗျာ… ဩော်… ယုလေးရယ်'

'ရော်… ဝမ်းသာတာပအေး၊ ဝမ်းသာတာပ'

'ရော်… နန်းခင်ယု လာပြီးလေပန်းနေတာပ၊ သူ့အစ်ကို အတိုင်းပအေး'

ကိုလှလေးပြောမှ သိလိုက်ရသည်။ ကိုကျော်ဆွေ (အာလူး)၏ ညီမတဲ့။ နောက်တစ်ခု ကျွန်တော်တို့နှစ်ယောက်၏ စကားသံတွေ၊ ကြည့်ဟန်တွေမှာ သာမန်ထက် ကွာခြားနေသည်က အမှန်၊ ကျွန်တော်၏ နှလုံးသားဝယ် တစ်ခါတစ်

www.burmeseclassic.com

www.burmeseclassic.com



ခါ စည့်သည်ဆိုသော အသိထက် ပိုမိုများပြားနေသည်က ချစ်သောယုနှင့် ကြုံဆုံနေရခြင်းအလား နှလုံးသားတွေလှုပ်ရှား အချစ်လေ့လေးများ စီးနေကြသည်လား မသိတော့။

'ရော်… လုလေးပ၊ သူများ စကားပြောတာ နှောက်တာပ'

'မနှောက်၊ တို့သွားရမှာပအေး'

'သိတာပ၊ အားကို အင့်… ဖတ်ခါး၊ ရော်… မေ့နေတာပ၊ ဒါ အရင်စား'

နန်းခင်ယု အိမ်မှပါလာသော ကြက်သားကြော်ထဲမှ ကြက်အသည်းလေးကို ခွန်းနှင့်ခပ်ပြီး ပေးလာသည်မှာ ကျွန်တော် ယုတို့အိမ် ထမင်းစားစဉ်က ယုမှ ကျွန်တော့် ပါးစပ်အထိတော့ကာ–

'မောင်… အသည်းကြော်လေး စားလေ'ဟု ပြောသကဲ့သို့-

'အားကို… အသည်းကြော်လေး စားတာပ'တဲ့။

ကျွန်တော် ကြက်အသည်းကြော်လေးအား ပါးစပ်ဟပြီး ယုလေး ခွံ့ပေးသကဲ့သို့ နန်းခင်ယုလေး ခွံ့ပေးသည်ကိုပင် မြိန်မြိန်ရှက်ရှက်စားလိုက်သည်တွင် ယုလေး၏ အပြုံးမှာ ကြည်နူးစရာမှ သနားစရာလေးပင်။

'ယု…'

ကျွန်တော် တိုးတိုးလေး ခေါ်လိုက်၏။ ကျွန်တော်





၏ ခေါ်သံသည် နန်းခင်ယုအတွက် အာဟာရပြည့်စေကာ ဆန္ဒတွေဖြစ်သွားကာ တိုးတိုးလေး ပြန်ထူးလာသည်ကိုတော့ ကိုလှလေး မကြားနိုင်ပါ။

'မောင်…'

'အို… ယုလေးရယ်'

'မောင်ရယ်'

ကျွန်တော် ဆက်ပြီး မပြောရဲ၊ မခေါ်ရဲပါ။ သူတစ်ပါးအား ဒုက္ခပေးမိရန် စဉ်းစားချိန်ပေးလိုက်သည်မှာကတော့ ကိုလှလေး၏စကားသံကြောင့် တော်ပါသေးသည်။ သို့မဟုတ်လျှင် ကျွန်တော်သည် ဤအချစ်ဆိုသော မာယာနွံတွင်း နစ်မည်လား၊ နန်းခင်ယုလေးလည်း ဝေဒနာအသစ် စက်စက်ကြောင့် အသည်းအကဲ့ကွဲသွားမည်လား မသိ။

'အစီရေ… ထမင်းတွေကို တောင်းထဲခူးထားတာ ပနော့၊ အဘတို့လာရင်လည်း အရင်အကျွေးထား၊ တို့သွားမှာပ'

'ဩော်… အစ်ကိုတို့ သွားမယ်နော်'

'ယု မျှော်နေမှာပအေး'

'ဩော်… ညီမလေးရယ်'

'အင်… ဘယ်လိုခေါ်တာပ'

'ယုလေးရယ်'

'အဟိ'



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် တဲပေါ်မှ ကပျာကယာဆင်းခဲ့ပါပြီ။ ဆက်နေ၍ မဖြစ်တော့ပါ။ နန်းခင်ယုသည် ကျွန်တော့် နှလုံးသားဝယ် ယုတစ်ယောက်တည်းသာ ရှိစေရမယ်ဟု ကတိပြုခဲ့ပြီးသော ကတိတွေ ပျက်ကြေပြုန်းတော့မယ်။ သို့သော် ချစ်သောယု၊ ညီမလေးယု၊ အမည်တူ၊ ရုပ်ဆင်း သဏ္ဌာန်တူကြသော ထပ်တူထပ်မျှ အမြွှာညီမကဲ့သို့ တူလွန်းလှသော နှစ်မြွှာအသည်း ကျွန်တော် မဝေခွဲတတ်တော့ပါ။

တဲပေါက်ဝမှာ ရပ်ကြည့်နေသော နန်းခင်ယုခေါ်သော ယုကလေးသည် ကျွန်တော့်အား တစိုက်မတ်မတ် ကြည့်နေမည်ကို ကျွန်တော် သိ၏။ သို့အတွက် ကျွန်တော် နောက်လှည့်မကြည့်တော့ပါဟု စိတ်ကို ခိုင်ခိုင်ဆုံးဖြတ်ပြီး ခြေကိုသွက်သွက်လှမ်းရင်း ကိုလှလေးနောက်မှ ကပ်လိုက်ခဲ့၏။ သို့သော် ကျွန်တော် တင်းထားသောကြိုး ပြတ်သွားပါပြီ။ နောက်သို့ လှည့်ကြည့်မိလိုက်သောအခါ နန်းခင်ယုဆိုတဲ့ ယုကလေးမှာ လက်ကလေးမြှောက်ကာကြည့်ရင်း ပြုံးရောင်သန်း၍ ရွှင်လန်းသွားသည်ကို မြင်ရပြန်သောအခါ သနားပြီး ကျွန်တော် လက်ကလေး မြှောက်ပြလိုက်တော့ သူ့လက်ကလေး ဝှေ့ရမ်းရင်း သူ့ခေါင်းပေါ်မှ ပဝါနီနီကလေးကိုပါ ကိုင်၍ မြှောက်ပြရင်း ဝှေ့ယမ်းနေသည်မှာ လှပသော နံနက်ခင်း၏ပန်းချီကားတစ်ချပ်ဟု ကျွန်တော် မှတ်သားလိုက်ရင်း-

'ဩော်... ဗန်းမော်က ချစ်သောယု'



'စီမော်ရွာက ချစ်ညီမလေး နန်းခင်ယုခေါ် ယု'

ကျွန်တော့်ရင်တွေ လှိုင်းပုတ်လုလှ၊ အသက်ရှုလို့ မဝအောင် ဘယ်လိုများ ဖန်တီးလာကြပါသနည်းဟူသော ယုနှစ်ယုအကြားမှ နှလုံးသားအတွက် အဖုအထစ်များအား နူးညံ့သောအချစ်ဆိုသည့် လေပြည်လေညင်းလေးတို့ဖြင့် ဝှေ့ပတ်ရမ်းနေပြီကော။

ကျွန်တော်နှင့် ကိုလှလေးတို့ ရောက်သွားသောအခါ မိုးကျော်အောင်နှင့် တင်မြတ်တို့ ဆီးကြိုရင်း သူတို့ လုပ်ဆောင်ချက်ကို ပြသပါ၏။ သူတို့နှစ်ယောက်နှင့် ရွာသားတွေသည် မြေမြှုပ်ထားသည့် ဓားသမားနှင့် လှံသမားတို့အား ဖူးရှာနှစ်နေရာလောက် ပြောင်းတူးရ၏။

'ဆရာကျော်ရေ... ဟိုမှာ ပထမတူးတာ မတွေ့ဘူးဗျ'

'ဟုတ်တာပအေး၊ ကျွန်တော်တို့ အားလုံးသိတာပ၊ ဒီလက်ပံပင်ကြီးအောက်မှ မြှုပ်တာပ၊ နေရာရွှေ့သွားသလိုပ၊ ကြည့်... ဒီအကိတ်ရောက်နေတာပအေး၊ အံ့တာပ'

'ရော်... ဟုတ်တာပ၊ ထွားမောင်ပြောတာ မှန်တာပ၊ ကျွန်တော်လည်း မြေမြှုပ်တာပါတာပ၊ ခုတော့ နေရာရွှေ့နေတာ အံ့သြတာပအေး'

'ကဲပါ... ထားလိုက်ပါတော့၊ အဲဒီ အရိုးတွေအားလုံး မီးရှို့မယ်၊ ဒီတော့ အားလုံးစုကြ၊ ဩော်... [illegible] လုံကော'

www.burmeseclassic.com

www.burmeseclassic.com



'ဒီမှာလေ၊ ဒီဓားနဲ့ ပေဟာဒီလုံပဲ'

ကျွန်တော် ဓားနှင့် လုံအား ကြည့်လိုက်သည်။ ဓားအရိုးသည် ကျွဲချိုဖြင့်ပြုလုပ်ထားပြီး ထိုဓားအရိုး၏ ကျွဲချိုအပေါ် ဝယ် ဖန်းကနုတ်တွေ တွေ့ရ၏။ တော်တော်လှ၏။ သို့သော် မြေကြီးထဲမှာ နှစ်နှစ်တာ ကြာနေ၍ အသွားတွေ သံချေးကိုက်နေသော်လည်း အရိုးကား လှပနေဆဲ၊ တစ်ဖန် လုံအား ကြည့်လိုက်သည်တွင် လုံအရိုးသည် သံအရိုးတစ်ဆက်တည်း အရိုးအသွားဖြစ်နေပြီး တော်တော်လေး၏။ ဤလုံကိုင်သူမှာ ခန္ဓာကိုယ် တော်တော်ထွားကျိုင်း ပုံရသည့်အတွက် အရိုးစုအား ကြည့်လိုက်သောအခါ လူကောင် တော်တော်ထွားမည့်အရိုးစု ဖြစ်နေ၏။

'တဲ့… ဒီဓားနဲ့ ဒီလုံကို တစ်နေရာမှာ မီးရှို့၊ အရိုးတွေကိုတော့ ပုံပြီး မီးရှို့၊ အားလုံးပြာကျအောင် ရှို့မယ်'

'ရော်… ဓားနဲ့လုံကော ဆရာကြီး၊ ရှို့ပေါ့ဗျာ၊ ဒီနှစ်ကောင်နဲ့ ခွဲပြီး ရသလောက်ရှို့မယ်၊ နောက်ပြီး အဲဒီဓားနဲ့ ဒီလုံကို ကျွန်တော်တို့ စီရင်ပြမယ်'

'ဆရာကျော်… အရိုးတွေ ရှို့ကြရအောင်'

'အေး… အရိုးတွေ စုကြ၊ ငါ အမိန့်စာပြန်မယ်'

မြေကျင်းကဲ့သို့ ကျင်းတူး၏။ ထိုကျင်းထဲဝယ် အရိုးတွေစုပုံပြီး မီးတိုက်နေစဉ်မှာပင် ကျွန်တော်ရေးထားခဲ့သော အမိန့်စာအား ဖတ်ကြားရင်း နှင်နေပါပြီ။



'ကဲ… မကျွတ်မလွတ်သေးရင် ကျွတ်ကြလွတ်ကြအောင် အမျှပေးဝေတယ်၊ အေး… မကျွတ်နိုင် မလွတ်နိုင်ရင်လည်း မင်းတို့ကံတရားပဲ၊ ဒါပေမဲ့ ဒီနယ်မြေ ဒီပတ်ဝန်းကျင်မှာတော့ လုံးဝ နေခွင့်မပြုနိုင်ဘူး၊ လုံးဝကို ခွင့်မပြုဘူး၊ မင်းတို့နှစ်ကောင်ဟာ ရွာကို ဒုက္ခပေးတယ်၊ ဘုန်းတော်ကြီးကျောင်းကိုပါ နှောင့်ယှက်တယ်ဆိုတာ ငါ တို့သိပြီ၊ မင်းတို့ရဲ့ လက်နက်တွေလည်း တို့ သိမ်းပြီ'

'တို့အမိန့်တော်ကို လုံးဝ ဖီဆန်လို့မရဘူး၊ မင်းမိန့်မင်းအာဏာပဲ၊ ခုအချိန်ကစပြီး တောနက်ထဲ မြေးကြတော့၊ ကျွတ်မယ်ဆိုရင် အမျှ… အမျှ… အမျှ ယူကြပါ၊ သာဓု… သာဓု… သာဓုလို့ခေါ်နိုင်ပါစေ၊ ဒါဟာ မေတ္တာ လက်နက်ပဲ'

'အေး… အမိန့်ပေးပြီးပြီ သွားတော့၊ မင်းတို့ ဒီနယ်မြေမှာ နေခွင့်မပေး၊ ဒါဟာ တို့နယ်မြေ၊ တို့အပိုင်ဖြစ်လို့ နေခွင့်မပြုတဲ့ နယ်မြေမှာ ခုချိန်ကစပြီး မနေကြနဲ့တော့'

'ကဲ… ငါကို့ အထက်က အမိန့်အပြည့်အဝ ပေးခဲ့ပြီးပြီ၊ ဒါကြောင့် ငါ အမိန့်ပေးနေတယ်၊ မင်းတို့ကို သနားငဲ့ညာတဲ့ အနေနဲ့ တောနက်ထဲ သွားကြတော့ ဒါပဲ၊ ဒီအမိန့်စာဟာလည်း မင်းတို့နဲ့အတူ မီးသင်္ဂြိုဟ်လိုက်ပြီ၊ သွားကြတော့၊ ဒါ အမိန့်ပဲ'

'မိုးကျော်နဲ့ တင်မြတ် သေနတ်နဲ့ လုံကို တို့ သိမ်းပြီးပြီ၊ ဒီတော့ မင်းတို့ ပစ်ချိုးကြ၊ ငါကလည်း ဒီနှစ်ကောင်ကို ကျည်နှစ်တောင့်နဲ့ နှင်လိုက်ပြီ'

www.burmeseclassic.com

www.burmeseclassic.com



'ကဲ… ပစ်ကြ'

'ဒိုင်း… ဒိုင်း'

'ဒိုင်း…'

'ဒိုင်း…'

ကျွန်တော်သည် မီးလောင်နေသော အရိုးတွေအား နှစ်ချက်ပစ်လိုက်၏။ မိုးကျော်အောင်မှ လုံး၊ တင်မြတ်မှ ဓား တို့အား သေချာစွာ ချိန်တွယ်၍ ပစ်ချိုးလိုက်သည်။

ဓားသည် အလယ်မှ ကျိုးသွားသကဲ့သို့ မိုးကျော် အောင် စနစ်တကျချိန်၍ လုံအသွားနှင့် အရိုးဆက်နေသော အဆက်အား ပစ်ချိုးလိုက်သည့်အတွက် တစ်ချက်တည်း ဆက် လုပ်ထားသော လုံမှာလည်း လုံး၈ ကျိုးသွားပါပြီ။ ကျွန်တော်တို့ မီးပုံရှိပြီးသည်အထိ စောင့်နေကြ၏။

တိတ်ဆိတ်ငြိမ်သက်နေသော တောအစပ် တောင် စောင်းရှိ လက်ပံပင်အုပ်အုပ်တွေအကြားသို့ လေဖေ့ကာ တရွေ့ ရွေ့ မီးခိုးတွေသည် တောင်ပေါ်သို့ လွင့်ပါးနေမည်မှာ ကြည့်လို့ ပင် ကောင်းနေ၏။ ဘယ်ကလေပွေ့ အဘယ်သို့မွှေသည်မသိ၊ ကျွန်တော်တို့ရှိသော မီးတောက်မီးလျှံတွေအား လေမတိုက်ပါ မဝေ့ပါ။ အငွေ့သက်သက်တော့ လှုပ်ရှား၏။ လွတ်ရာကျွတ်ရာ တောမနှင့် တောင်တန်းကြီးပေါ်သို့ ပြေးကြပြီလား။ သို့တည်း မဟုတ် ကျွန်တော်၏ အမျှပေးသံကြောင့် သာဓု အနုမောဒနာ ခေါ်နိုင်၍ ဝမ်းသာစွာဖြင့် ဝိညာဉ်သစ်တစ်ခုဆီသို့ ပြောင်းရွှေ့



သွားကြလေပြီ လားဟူသောအတွေးတွေဖြင့် ကျွန်တော် ဆောင် ပါသို့ လိုက်လံကြည့်ရှုနေမိပါတော့သည်။

'ဆရာကျော်'

'မိုးကျော်၊ ဘာလဲ'

ကျွန်တော်၏ အတွေးတွေ လွင့်မြောနေမိ၏။ တော တောင် လျှိုမြောင်တို့၏ နက်ရှိုင်းလှသော ကချင်ရိုးမတောင် တန်းကြီးတွေ မြောက်ဘက်နှင့် အရှေ့ဘက်မှာ ကာဆီးနေ၏။ တောင်ဘက်မှာတော့ ရှမ်းပြည်နယ်မြောက်ပိုင်း၏ ခံတပ်ကြီး တွေဖြစ်သည့် ကချင်တောင်တန်းကြီးတွေနှင့် ညီနောင်သွေး ချင်း မြန်မာပြည်၏ အားမာန်ပြည့်ဝသော တောင်တန်းကြီးတွေ ထံ စိတ်က ရောက်နေစဉ် မိုးကျော်အောင် ခေါ်သံကြောင့် သတိပြန်ဝင်လာပါတော့၏။

'ကျွန်တော်တို့ လုပ်ဆောင်မှုတွေ အောင်မြင်ပြီ ထင် တယ်'

'အေး… ဟုတ်တယ်'

'ဆရာကျော်၊ မီးရှို့တာ အကောင်းဆုံးပဲ'

'ဟုတ်တယ် တင်မြတ်၊ ဝိညာဉ်တစ်ခုကို မီးလောင် တိုက်သွင်းပြီး အပြတ်နှင်ရာမှာ မင်းမိန့်၊ မင်းအာဏာဟာ တာဝန်ကြီးတယ်။ ငါတို့ဆရာ ဗိုလ်ကြီးတီမောင်စိန် ပြောဖူး တယ်ကွ၊ တပ်မတော်သားတစ်ဦးမှာ စစ်ခရာ ကြိုးတပ်နိုင်ပြီ ဆိုတာနဲ့ အမိန့်တို့ အာဘော်တို့ သုံးရပြီ။ ဒါပေမဲ့ နေရာတကာ

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူးနော်၊ သုံးတဲ့သူဟာလည်း သစ္စာရှိရတယ်၊ ကြောက်ရွံ့တတ်မှု ထိတ်လန့်တုန်လှုပ်တတ်တဲ့စိတ် မရှိရဘူး၊ အမိန့်ကို အမိန့်နဲ့တူအောင် ပြည်သူအတွက်၊ တပ်မတော်အတွက်၊ နိုင်ငံတော်အတွက် ရဲရဲရင့်ရင့် ပြတ်ပြတ်သားသားနဲ့ အမှန်ဘက်က ရပ်တည်ပြီး မိမိအသက်၊ မိမိခန္ဓာကို အရင်းပြုပြီး သစ္စာဆိုတဲ့သဘောပေါ့၊ သစ္စာတည်ကြည်ကြည်နဲ့ အမိန့်ပေးရင် တစ္ဆေသရဲ မကဘူး၊ ဂုမ္ဘာန် ယက္ခ နာဂ ခြင်္သေ့ ရင်ဆိုင်တွေ့လည်း ဆိုသကဲ့ သို့ပေါ့ကွာ၊ အရာရာကို နိုင်တယ် အောင်မြင်တယ် ဆိုတာ ငါ ယုံတယ်ကွ၊ မင်းတို့မှတ်မိမှာပေါ့၊ တို့ သိန်းတော်ရွာမှာတုန်းက ရွာသားတစ်ယောက်ကို ဝင်ပူးကပ်နေတဲ့ တစ္ဆေကို၊ ငါလည်ပင်းမှာ ခရာကြိုးစွပ်ပြီး အမိန့်နဲ့ မထွက်ရဘူးဆိုတော့ အတင်းတောင်းပန်တယ် မဟုတ်လား၊ ထွက်လို့ လည်း မရဘူး၊ နောက်ပြီး တို့ကို ခြောက်လှန့်လို့လည်း မရဘူးလေ၊ ကြောက်တတ်ရင်တော့ ခြောက်လှန့်လို့ ရတာပေါ့၊ နောက်ပြီး ကတိသစ္စာမတည်တဲ့ သစ္စာမဲ့သူဆိုရင်တော့ ဒီအရိပ်ကောင်ဝိညာဉ်တွေက ပိုသိတာပေါ့၊ အဲဒီ အမိန့်ပေးတဲ့သူဟာလည်း သစ္စာ သမာဓိရှိသူ ဖြစ်ရမယ်ဆိုတာ ဗိုလ်ကြီး မှာကြားတယ်၊ ငါကိုယ်တိုင် စမ်းသပ်လုပ်ဆောင်ခဲ့တယ်၊ တကယ် အောင်မြင်ခဲ့တယ်လေ၊ သူ့ အပိုင်းကိုယ့်အပိုင်းဆိုတာ ရှိသလို သူ့နယ်ကို မကျူးနဲ့၊ ကျူးခဲ့ရင်လည်း မေတ္တာစကားနား သစ္စာပွားပြီး အမျှအတန်း ပေးဝေရင် သူတို့ဆိုတဲ့ဝိညာဉ်တွေဟာ အလိုလို အသိ





တရား ဝင်လာမှာပဲကွ၊ သူတို့ဟာ တစ်ချိန်တစ်ခါက လူသားတွေ၊ ဒါမှမဟုတ်လည်း သက်ရှိသတ္တဝါတွေပဲ၊ အယူမှားတာတို့၊ တွေးခေါ်စိတ် ဒေါသမောဟတွေကြောင့် တိမ်းစောင်းသွားကြတာကို မေတ္တာနဲ့ ဝေမျှ၊ အေး… မရရင်တော့ အပြတ်ချေမှုန်းပေါ့’

‘အေး… တို့တစ်တွေဟာ သစ္စာဆိုတဲ့ သစ္စာတွေ ချိုသိပ်ထားတဲ့ နိုင်ငံတော်ရဲ့ အလံတော်ကို ရင်မှာပွေ့ဖက်ပြီး ကတိသစ္စာဆိုထားမှတော့ ဘယ်တော့မှ သစ္စာမဲ့ဘူး၊ ဒါကြောင့် ကိုယ့်ဘက်က မှားတဲ့အပြင် မှန်စေချင်တဲ့ စေတနာသာထား မိုးကျော်နဲ့ တင်မြတ်ရေ၊ အားလုံး အမှန်တွေ ဖြစ်ကိုဖြစ်စေရမယ်ကွ’

ကျွန်တော်သည် အရိုးတွေအားလုံး မီးတိုက်ရင်း သူတို့နှစ်ဦး မြှုပ်နှံခဲ့သော မြေကျင်းတွေပါ မီးမှုံရှို့ရင်း မှန်သောသစ္စာစကားကိုဖြင့် အနန္တောအနန္တငါးပါးကို ဦးထိပ်ထား၏။ ဆရာသမားများ၏ အမှာအကြား၊ မိမိ၏ စေတနာစရေးတို့ဖြင့် နှုသားမပါ ပြောကြားနေခြင်းသည် ထိုနာနာဘာဝမှ ဝိညာဉ်တွေ သိပါစေဟုလည်း ရည်ရွယ်ပြီး စကားကို ရှည်ရှည်ပြောလိုက်ပါသည်။

‘ကဲ… မိုးကျော်နဲ့ တင်မြတ်၊ ဒီတစ်ည တို့ ဟောဒီတော်ဝန်းကျင်မှာ ဝိညာဉ်တွေ ပြေးမပြေးစောင့်ကြည့်မယ်၊ ဘယ်လိုလဲ လုပ်ကြမလား’



www.burmeseclassic.com

www.burmeseclassic.com



'ဆရာကျော်ကလည်း ဒီကောင်တွေ ပြေးပါပြီ၊ ဒါဝေ မဲ့ ဒီတစ်ညစောင့်ရင်း နောက်ထပ် ကျားတစ်ကောင် ပစ်ရ အောင်လေ'

'အေး… ကောင်းတယ်၊ ကဲ… ရွာသားတွေ ဘယ်သူ တွေ ဒီမှာနေရဲလဲ'

'ရော်… ဆရာကြီးတို့ ရှိနေတာပ၊ နေရဲတာပအေး၊ ဒီမှာ တစ်ညလုံးနေရဲတာပ၊ ကျွန်တော်တို့ရဲ့ ကြောက်တတ်တဲ့ စိတ်တွေ စွန့်ပစ်ပြီးတာပအေး၊ ဟား… ဟား… ဟား… ဟား…'

'ကိုကျော်ဆွေ တကယ့်သတ္တိကောင်းတယ်ဗျာ'

'ရော်… ကိုကျော်ဆွေ အလူးပ၊ တစ်ယောက်တည်း ထားကြည့်ပအေး'

'ဟော့ကောင်… စိုင်းခမ်း၊ မင်းနဲ့ငါ နှစ်ယောက်တည်း နေမလား'

'ဆရာကြီးပအေး၊ ဒီကောင်ဟာ ကပ်သပ်ပြောတဲ့ အကောင်၊ ခုကြည့်၊ သရဲအစား ကျားဖြစ်သွားပြီ၊ ဟား… ဟား… ဟား… ဟား…'

'ကဲ… တော်ကြစမ်းပါ၊ ဒီည ဆရာကြီးတို့နဲ့ တို့ နေကြတာပ'

ကျွန်တော်တို့ မီးရှို့မှုတွေ ပြီးပါပြီ။ အချိန်ကြည့် ပြန်တော့ နံနက် ဆယ့်တစ်နာရီ ထိုးသည့်အတွက် နံနက်စာ



စားရန် အခင်းတဲသို့ပြန်ခဲ့သည်။ တဲရောက်တော့ ထမင်းစား ပြီးသော နန်းခင်ယုတို့တွေ့ရသည်။ နန်းခင်ယုက အပြုံးနှင့်ကြို နေသည်။ ကျွန်တော့်နှလုံးသားတွေဝယ် သမုဒယနှင့် အနုအလှ လေးတွေ ဝင်ရောက် ကိန်းအောင်းနေသည့်အတွက် သာယာ အေးမြလွန်းသည့် တောပစ်မုဆိုး သေနတ်သမား၏ နှလုံးသား နှင့်သမုဒယ မေတ္တာတရားတွေကြောင့် လှပလွန်းသည်ဟုပင် ဆိုရမည်လားမသိတော့။

'ရော်… နန်းနွယ်နဲ့ နန်းခင်ယုပ၊ အစီနဲ့ထမင်း ပြင် ထားပအေး၊ ဘာလုပ် ငေးကြည့်နေတာပ'

'ဟုတ်ပ၊ ပါးစပ်ကြီးတွေ ဟပြီး ငေးနေတာပ၊ ယင် ကောင်ဝင်ပြီး ယင်ကောင်ဥတွေ ဥတော့မှာပ'

'ရော်… စိုင်းခမ်းပ၊ ပြောရင်လွန်တာပအေး'

'ရော… မဟုတ်တာပြောမှတော့ မပြောတတ်ပ'

'ကဲပါ… တို့လည်း ဆာပြီ၊ ပြင်ကြတာပ'

နန်းနွယ်နှင့် ကိုစိုင်းခမ်းတို့ ငြင်းနေသည့်အကြား သို့ ကိုကျော်ဆွေ ဝင်ပြော၏။ နန်းခင်ယုမှာတော့ ပါးချိုင့် နှစ်ခွက် ပေါ်အောင် ပြုံးနေရင်းမှ ကျွန်တော့်ကို ကြည့်နေသည်။

'ဆရာကျော်'

'ဘာလဲ တင်မြတ်'

'အကြည့်ချင်းဆုံတော့ ရင်ခုန်တယ်နော့'

'မင်းကလည်း'

www.burmeseclassic.com

www.burmeseclassic.com



'အံ့တာပဲ ဆရာကျော်၊ မယုန့် တစ်ပုံစံတည်းကပဲ ဗျာ၊ အမြွာညီအစ်မကျနေတာပဲ'

'အေးကွာ'

'တင်မြတ်'

'အေး'

'မုဆိုးမှာလည်း နှလုံးသားနဲ့ပါကွ၊ ဟား… ဟား… ဟား… ဟား…'

'ရှူး… တော်ကြတော့၊ ကြည့်နေတယ်'

'ဆရာကျော်ကလည်း အချိန်ပြည့် ကြည့်နေတာပဲ၊ အဆန်းလုပ်လို့၊ ကြည့်ပါစေတော့၊ ဟဲ… ဟဲ… ဟဲ… ဟဲ…'

ကျွန်တော် ဘာမျှမပြောတော့ပါ။ ထမင်းစားကြသည်။ ကြက်ကြော်တွေ ရွာက ယူလာကြောင်း၊ အဘဦးပန်းမောင်နှင့် ဦးကြက်ဖတို့မှ ကြက်တွေပေး၍ လူငယ်တွေ ကြက်သတ်ကြ၏။ အမျိုးသမီးတွေက ချက်၏။ ကြော်၏။ ရွာသားတွေမှာတော့ ချွေသားဟင်းကို ကောင်းကောင်း စားကြသည်။ ကျွန်တော်တို့မှာတော့ ကြက်ကြော်တိုသာ အာမိနှင့်မြည်းရင်း ရင်တွင်းက လှုပ်ရှားမှုတွေ ရစ်မူးနေသလိုလို ခံစားနေရသည်သာ။

'အားကို'

'ပြောပါ ညီမလေး'





အများရှေ့တွင် ကျွန်တော့်အား နန်းခင်ယုမှ ခေါ်လိုက်ည်။ သူ့လက်ထဲမှ မြေပဲပြုတ်တွေလည်း ချပေးရင်း ကျွန်တ် ပြန်ထူးလိုက်သည်ကို သိပ်တော့ မကျေနပ်ချင်မှန်းတော် သိပါ၏။ သို့သော် အများရှေ့တွင် အထင်မသေးင်ဖြင့် ယဉ်ယဉ်ကျေးကျေးလေး ထူးရသည်။

'ရော်… သရဲတွေနှင်တာ ကြောက်စရာပအေး၊ နော်ကို'

'ဟောဒီတစ်ရွာလုံး ညီမလေးတို့တွေ အားလုံးကြောက်မလန့်ရအောင် လုပ်ပေးတာပါ ညီမလေး'

'ရော်… အားကိုတို့ကို သရဲတွေက စိတ်ဆိုးမှာပ'

'အင်း… စိတ်ဆိုးချင်ဆိုးမှာပေါ့ကွယ်၊ အများအတွက်တော့ လုပ်ရမှာပေါ့'

'မနေ့က ကျားကြီး အားကိုတို့ ပစ်ကြတာပနော့'

'ဟုတ်ပါတယ်'

'ကြောက်စရာပနော့'

'အစ်ကိုတို့အဖို့ မထူးပါဘူးကွယ်၊ လုပ်နေကျ အလုပ်ခုပါပဲ၊ ဟိုကျားဆိုတဲ့ အန္တရာယ်ကောင်ကြီးတွေကလည်းတို့ကို အားလုံးကို ဒုက္ခပေးနေတယ် မဟုတ်လား၊ ညီမတို့တွက် အားလုံးအတွက် ရှင်းပေးရတာ၊ အစ်ကိုတို့ ကျေနပ်ပါတယ်'



www.burmeseclassic.com

www.burmeseclassic.com



'ရော်… ကိုဆွေ ပြောတာပ၊ နောက်တစ်ကောင်… ရှာရဦးမယ်ဆို'

'ဟုတ်တယ်၊ တစ်ကောင် ကျန်သေးတယ်ဆိုတော့… ပြီး ရှင်းလင်းပေးရမှာပေါ့'

'ရော်… အားကိုရယ်၊ ဂရုစိုက်ပအေး၊ ယု စိုးရိမ်… ပ'

နန်းခင်ယုနှင့် ကျွန်တော် ပြောနေသည်ကို ပထ… အားလုံးက ဂရုတစိုက် နားထောင်ကြ၏။ ရိုးရိုးသားသ… ပြောဆိုနေကြောင်းသိသကဲ့သို့ တင်မြတ်နှင့် မိုးကျော်အောင်… ရွာသားတွေနှင့် အခြားမိန်းကလေးတွေ အာရုံပြောင်းသွားအော… မနေ့က ကျားကြီးကို ပထမတွေ့ဆုံပုံကို တမင် ပြောပြ… သည်တွင် သိပြီးသား ဖြစ်ကြသော်လည်း တင်မြတ်၏ အားမာ… စကားကြောင့် စိတ်ဝင်စားခြင်းကို နန်းခင်ယုသိပြီး ကျွန်တေ… အပေါ် သူ့ စိုးရိမ်ကြောင်းနှင့် ကျွန်တော်ချစ်သော ယု၏လေး… ကလေး သူ ဘယ်ကရလာသည်မသိ။ ပီတိသောမန ရင်ထဲ… တလှပ်လှပ် ခံစားနေရသည်က အမှန်ပင်။

ကျွန်တော် တာရှည် သည်းမခံနိုင်တော့။ နှလုံးသာ… အလိုကို အဘယ်သို့ လိုက်လျောမိသည် မသိပါ။ မပွင့်တ… တီးတိုးလေး ထွက်သွားသော စကားလုံးလေးတွေကြော… နန်းခင်ယုဆိုတဲ့ ယုကလေး၏အပြုံးသည် ဝင်းလက်တော… သွားပါပြီ။

'ဪ… ယုလေးရယ်၊ စိုးရိမ်တယ်လား'

'အင်း… မောင့်အတွက် ယု စိုးရိမ်တာပအေး'

ကျွန်တော် နန်းခင်ယုဆိုတဲ့ ယုကလေးအား ကြည့်… …ိုက်တော့ မျက်တော်မခတ် အချစ်ငတ်နေသော သမီးပျိုလေး၊ …တွေ့မကြုံဖူးသော အချစ်ငတ် ပန်းပွင့်လေး လန်းလာသည် …နှင့် ကျွန်တော် သတိရပါပြီ။ သို့သော် တား၍မရ ဆီး၍မနိုင် …ဘောင်ကျရေ ဖြိုင်ဖြိုင်ဖြင့် အတတ်နိုင်ဆုံး ထိန်းရင်း–

'ယုလေး'

'ရှင်'

'သတိထား၊ သိကုန်မယ်'

'ရော်… ယု မောင့်ကို ချစ်တာပ မောင်ရယ်'

'ဟူး…'

'မောင် စိတ်ဆိုးတာပ'

'ချစ်တဲ့အကြောင်းလေးတွေ ပြောနေချင်တာပေါ့ …ွယ်၊ ဘာလို့ စိတ်ဆိုးရမှာလဲလို့'

'ဒါဆို မောင် ယုကို ဟို…'

'ဆရာကျော် စောစောထွက်ချင်တယ်'

'အေး… သွားမယ်လေ'

'မိုးကျော်ရေ၊ စောစောထွက်ချင့်ရင် တို့ ထမင်း ထုပ် သွားရအောင်'

'တောထဲမှာ စားမယ်ပေါ့'



www.burmeseclassic.com

www.burmeseclassic.com



'အေး'

'စီစဉ်ကြလေ၊ ထွက်ကြတာပေါ့'

'မောင် ... ဟို ... အားကို ဆိုးတာပအေး'

နန်းခင်ယု မကျေမနပ်။ ကျွန်တော်က မနေတ... တော့။ သူတို့လေးတွေမှာ အလွန်အမင်း ရှိုးသားကြ၏။ မကွ... မဝှက်တတ်ပါ။ ချစ်ရင်ချစ်သည်။ မုန်းရင်မုန်းသည့် တစ်... တည်းသော စကားကို တစ်လုံးတည်းနှင့်တန်အောင် အားရပါး... ပြောတတ်သော ဖြူစင်သော နှလုံးသားပိုင်ရှင်လေးများ... သမုဒယ သံယောဇဉ်ကို ကျွန်တော် အဘယ်သို့ ဖြတ်ရမည်... မသိ။

'မြန်မြန်လေ ပြောတာပအေး၊ ပြောဆို'

'ဩော်... အင်း... ဟို... မောင်လေ ယုလေး... ချစ်တာပေါ့ကွယ်'

'ဝမ်းသာတာပ မောင်ရယ်၊ ယု... ယု... ဝမ်း... သာတာပ'

'ဟော့... တိုးတိုး'

နန်းခင်ယုကလေးသည် ဝမ်းသာအားရ ပြေးထွက်... သွားပါပြီ။ ကျွန်တော် လူတစ်ဦးတစ်ယောက်၏ ဝမ်းသာ... ကြည်နူးမှုကို မျှဝေခံစားရပါသော်လည်း ကျွန်တော်၏ သတ်... လက်လွှတ်မှုသည် ကြည်နူးစရာလား၊ ဝမ်းနည်းကြေကွဲစရာ... လားတော့ မသိ။





'ဟား...'

'ဆရာကျော်'

'အေး'

'သွားကြစို့'

'ဘယ်ကိုလဲ'

'ဟောဗျ... မိုးကျော်ရေ'

'တင်မြတ်'

'မိုးကျော်ရေ၊ သွားကြစို့၊ ဟား... ဟား... ဟား... ဟား...'

တင်မြတ်တစ်ယောက် ရွှတ်နောက်နောက်ဖြင့် စကား လမ်းကြောင်း ပြောင်းလိုက်၍ တော်ပါသေး၏။ ဆက်နောက် နေပါက ကျွန်တော် ဘာလုပ်ရမှန်းမသိတော့ပါ။ ကျွန်တော် မိုးကျော်အောင်အား လှမ်းကြည့်လိုက်သောအခါ တင်မြတ်က သွားကြစို့သာ ပြောသည်။ မိုးကျော်အောင်မှာ တဲအပြင်သို့ပင် ရောက်နေပါပြီ။ ကျွန်တော်လည်း ကပျာကယာ သေနတ်ဆွဲ ... အိကွင့်မင်းပတ်လိုက်၏။ စိတ်တွေ ကယောင်ချောက်ချား ဖြစ်နေသည်ကို မနည်းကြိုးစားရင်း သတိထားကာ လိုက်ခဲ့ပါ သည်။

ကျွန်တော်တို့ တဲမှထွက်ပြီး ဘုန်းကြီးကျောင်း ဘက်... ထွက်တော့ နန်းခင်ယုတို့နှင့် တော်တော်လှမ်းသဖြင့် ကျွန်တော် ဝမ်းသာမိပါသော်လည်း ခေါင်းစီးပဝါအနီလေးနှင့် နန်းခင်ယု



www.burmeseclassic.com

www.burmeseclassic.com



ဆိုသော ယုကလေးမှာ တစ်ယောက်တည်း မတ်တတ်ရပ်ပြီး လက်ပြ၏။ နောက်တစ်ယောက်မှလည်း ထပြီး လက်ပြသည်တွင် ယုသည် သူ၏ဦးခေါင်းမှ ပဝါနီနီလေး ဖြေ့ယမ်းပြနေရှာသည်။ ကျွန်တော် လက်မြှောက်ဖြေ့ယမ်းပြတော့မှ သူ ကျေနပ်သွားပါ၏။

'ဩော်... ချစ်ရသော ယုဆိုတဲ့ မိန်းကလေးရယ်'

ညိုညို့မှိုင်းသော လှိုင်းထနေသည့် တောင်တန်းကြီးများအား ရမ်းရော်ကာ မှန်းလို့ကြည့်လိုက်မိသောအခါဝယ် အဆုံးအစမရှိသော မိုးကောင်းကင်ကြီးသည် ကျွန်တော့်အား သင်ခန်းစာများ ပေးနေသည်လား မသိ။ အချစ်ဟူသည် အဆုံးအစမရှိသကဲ့သို့ ချစ်ခွင့်ကြုံ၍ ဆုံခဲ့သော အဖြစ်တွေသည်ကား မှုချမဟုတ်သော်လည်း အတွေ့ မဟုတ်ကြောင်း ကျွန်တော့်ရင်မှာ ကြိုတင်ခံစားခြင်းသည်က အမှန်ပင်။

'ရော်... ဆရာတော်ပအေး'

'ဩော်... ဘုန်းဘုန်းဘုရား'

'ရော်... ဒကာတို့ ကျားတစ်ကောင်ရကြောင်း ရွာလူကြီးတွေ ပြောပြတာပအေး၊ ဝမ်းသာတာပ၊ အင်း... ဟိုနှစ်ကောင်တော့ နှင်တယ်ဆိုတာ သိတာပအေး၊ ရကော ရမှာပလား၊ ကိုယ်တော်လည်း ရစေချင်ပါတယ်၊ သိပ်တော့မထင်ပအေး'

'တပည့်တော်တို့ တာဝန်ယူပါတယ် ဘုရား၊ ဒီနေ့



စပြီး လုံးဝမရှိတော့ပါဘူး၊ သူတို့ မနေရဲတော့ပါဘူး၊ မယုံရင်တော့ တပည့်တော် မတတ်နိုင်ပါဘုရား။ တပည့်တော်တို့ အခု နောက်ထပ်ကျားတစ်ကောင်ကို ရှင်းလင်းဖို့ ထွက်ခဲ့တာပါဘုရား'

'ကောင်းတာပ၊ အောင်မြင်ပါစေ ဆုတောင်းတာပ'

'ခွင့်ပြုတော်မူပါ ဘုရား'

'ရော်... ရတာပ၊ ရတာပ၊ ဆက်ပြီး ဆောင်ရွက်ကြတာပအေး'

ကျွန်တော်တို့ ကျောင်းထိုင်ဆရာတော်အား ကန်တော့ပြီး ဆက်လက်၍ ကျောင်း၏ အထက်တောင်စောင်းပေါ်သို့ စတင် တက်ခဲ့ပါပြီ။ ကျွန်တော်တို့ ရည်ရွယ်ချက်မှာ စောစော တောနင်းပြီးမှ ညပိုင်းရောက်က တောစပ်တွင် အခြေအနေ စောင့်ကြည့်ကာ စတင်စောင့်မည်။ တစ်ဖန် ထိုသို့ဆောင်ရွက်သော်လည်း ကျားမတွေ့လျှင်တော့ ကျွန်တော်တို့ သုံးယောက် လမ်းပြတစ်ယောက်နှင့် တောင်ပေါ်တက်ရမည်။ ယခု တောအစပ်အထက်မှစ၍ တောမောင်းရင်း တောင်ခြေအထိ ကျွန်တော်တို့ပါ လိုက်ဆင်းမည်ဟုဆုံးဖြတ်ကာ ရွာသားငါးယောက်၊ ကျွန်တော်တို့သုံးယောက် စုစုပေါင်းရှစ်ယောက် တောင်စောင်းသို့ တက်ခဲ့ခြင်းဖြစ် ပါသည်။ တောင်ပေါ်သို့ တစ်မိုင်ခွဲခန့် ရောက်ပြီးသည်နှင့် -

'ဆရာကျော်၊ တော်လောက်ပြီ၊ အချိန်လည်း ဂရုပြုမှ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မယ်ထင်တယ်'

'အေးလေ၊ ဒီနေရာမှာ အမှတ်အသားလုပ်ထားခဲ့၊ တို့ မနက်ဖြန် ကိစ္စအတွက် အထောက်အထားပေါ့'

'ဟုတ်ကဲ့'

'မိုးကျော်အောင်အား ကျွန်တော်မှ အမှတ်အသား ပြုလုပ်ထားရန် မှာကားသည့်အတွက် မိုးကျော်အောင်သည် သူ၏ခါးတွင် ချိတ်ဆွဲထားသော လုံစွပ်ဖြင့် ကျွန်းပင်ကြီးတွင် မှတ်သားလိုက်၏။ အနားတွင်ရှိသော တောကြက်မောက်ပင်ကြီးနှင့် ချုံငယ်တွေအား ရှင်းလိုက်ပြီး တောကြက်တက်ပင် ထီးထီး အရှက်သတ် အကိုင်းဖြတ်ထားလိုက်သည်။

တင်မြတ်လည်း သူ့ဘေးတွင်ရှိသော ကင်ပလင်းပင် နှစ်ပင်အား ခါးမှပိုင်းလျက် ပြတ်မသွားစေဘဲ အညွန့် ဇောက်ထိုး တွဲလောင်းကြီးချထားသည်ကို တွေ့ရသည်။

အကြောင်းမှာ ကျွန်တော်တို့ နောက်နေ့ လာမည်ဆိုပါက ဤအမှတ်အသားတွင် ရောက်ခဲ့ပြီးပြီ။ အပေါ် ဆက်တက်ရန်အတွက် အောက်ခြေအမှတ်အသားထားခဲ့ခြင်းသာ ဖြစ်၏။ အောက်ဘက်တွင် ကျားနေနိုင်သော နေရာရှိမရှိကိုပါ သိနိုင်ကြောင်းကို ပြသနေသော အမှတ်အသား သတ်မှတ်ထားခြင်း ဖြစ်ပါ၏။

'ကဲ.. အားလုံး ခေတ္တနားကြမယ်'

'ဩော်... ကိုထွားမောင်တို့၊ ဒီနယ်မြေကို ရောက်



ဖူးကြမှာပေါ့'

'ရောက်ဖူးတာပေါ့အေး'

'ရောက်ခဲ့ဖူးတယ်နဆိုရင် ဒီနယ်မြေဟာ ဟောဒီတောအတွင်း ကျားခိုနိုင်တဲ့ ကျောက်ဂူတွေရှိလား၊ ဝါးတောတွေပေါသလား'

'ရော်... ကျောက်ဂူမရှိပ၊ ဝါးတောတွေတော့ ဟောဟို လျှိုဘက်မှာ ရှိတာပ၊ အဲဒီလျှိုကို စိတ်မချ၊ ကျားကြီးတွေ ရှိနိုင်တာပအေး'

'လျှိုက တော်တော်ကြီးလား'

'ကြီးတော့ မကြီး၊ တောင်စောင်းရေစီးတဲ့ ချောင်းဘေးပ၊ အခုတော့ ရေနည်းနည်းပဲရှိတာပအေး၊ ကျားနေနိုင်တာပ'

'ဒါဆို တို့ အဲဒီလျှိုဘက် အမိကထားကြရအောင်၊ မိုးကျော်နဲ့ တင်မြတ်'

'ဒီဘက်မှာ ကျားသိပ်မနေနိုင်ဘူးပေါ့'

'ဟုတ်တာပအေး၊ နေမယ် မထင်ပ'

'အင်း... ကျားဆိုတဲ့ သတ္တဝါကြီးတွေဟာ နေ့ဘက်ဆို အစာဝပြီး တစ်ကောင်တည်းနေကြတယ်၊ သစ်တောကြီးတွေ၊ နောက်ပြီး ကိုင်းတောကြီးတွေ၊ အများအားဖြင့် သူတို့နေတာ ဝါးတောအောက်မှာ အနေများတယ်ဗျ'

'ရော်... ဒါဆို လျှိုဘက်တောင်စောင်းမှာ ဝါးတော

www.burmeseclassic.com

www.burmeseclassic.com



တွေ့ရှိတာပအေး’

‘ကဲ… ဆင်းကြမယ်’

‘ခါတိုင်းလိုပဲ ကျွန်တော် ထွက်မယ်၊ ကိုထွားမောင် လမ်းပြပေးပါလား’

‘ဟုတ်… ဟုတ်’

တင်မြတ် ရှေ့ဆုံးမှ ထွက်၏။ တင်မြတ်နောက်ဝယ် ကိုထွားမောင် ကပ်ပါပြီး လမ်းပြ၏။ ကိုထွားမောင် နောက်ဝယ် ကိုစိုင်းခမ်း လိုက်ပါ၏။ ကျွန်တော်နှင့် ကိုကျော်ဆွေ အတူ လျှောက်ရင်း ကျွန်တော်နှင့် မိုးကျော်အောင် အကြားဝယ် ကိုလှလေးနှင့် ကိုကျားကြီးတို့လိုက်၏။ မိုးကျော်အောင်မှာတော့ နောက်ဆုံးမှ ကပ်ပါလာသည်။

တောင်စောင်းမှ ပြေပြေလေး ဆင်းခဲ့၏။ နာရီဝက်ခန့် လျှောက်မိသောအခါ သူတို့ပြောသော ဝါးရုံတွေနှင့်အတူ ရေချောင်းရှိသည့်လျှိုအား တွေ့ပါပြီ၊ အောက်ခြေတော့ တော်တော်လေး ရှုပ်၏။ ချုံငယ်တွေပေါသကဲ့သို့ ဝါးရုံကြီးတွေလည်း တစ်ရုံနှင့်တစ်ရုံ ယှဉ်ပေါက်နေသဖြင့် ဝါးတောကြီးဖြစ်နေသည့် အပြင် ဝါးရုံတွေကြားအောက်ခြေရှုပ်သည့် အပင်ငယ်များမှာ ကင်ပလင်း၊ တောကြက်မောက်တွေ အလွန်ပေါ၏။ တောကြက်မောက်ပင်အား မိုးကျော်အောင်ထက် တင်မြတ်က ပိုကြောက်၏။ အဘယ်ကြောင့်ဆိုသော် တောကြက်မောက်ပင်တွေဝယ် ခါချဉ်ထုပ်တွေ အလွန်ပေါသောကြောင့် တောကြက်



မောက်ပင်တွေအား ရှောင်ချင်ပါသော်လည်း ရှောင်မရ။

‘တင်မြတ် ရပ်တော့၊ မိုးကျော်ရေ တို့အားလုံး ရင်ပေါင်တန်းပြီး အောက်ဘက်ဆင်းမယ်ဟေ့’

‘မောင်းမလား’

‘မောင်းမယ်၊ ကိုထွားမောင်တို့ ကိုကျော်ဆွေတို့ရေ၊ တောမောင်းမယ်ဗျို့၊ ဝါးတွေခုတ်ပြီး ဝါးချွန်ကြပါ၊ ချုံတွေကို ရိုက်ကြ မောင်းကြပါ။ ပစ်စရာမြင်ရင် ကျွန်တော်တို့ကို ပြော’

‘ဆရာကျော်’

‘ဘာလဲတင်မြတ်’

‘တောမုဆိုးပဲလား၊ တခြားအကောင်တွေ့ရင်ကော’

‘တွေ့သမျှ ပစ်ကွာ’

‘ကောင်းပြီ၊ ကြိုက်ပြီ’

‘ကဲ… ဝါးတွေ အသင့်ဖြစ်ရင်စမယ်၊ ချုံတွေကို ရိုက်မယ်၊ ပါးစပ်က အော်ဟစ်ပြီး မောင်းကြတာပေါ့၊ ထွက်မပြေးကြနဲ့၊ ကြောက်စရာ မလိုဘူး’

‘ဟုတ်ကဲ့…စိတ်ချတာပအေး၊ အားလုံး အသင့်ပ’

‘မိုးကျော်နဲ့ တင်မြတ်’

‘ဟုတ်ကဲ့ ဆရာကျော်’

‘ဆရာကျော် အသင့်ပဲ’

‘ကဲ… စကြဟေ့’

‘ဟေး… ဟေး… ဟေး’

www.burmeseclassic.com

www.burmeseclassic.com



'ဝုန်း… ဝုန်း… ဘုန်း… ဘုန်း'

'ဟေး… ဟေး… ဟေး'

တင်မြတ်နှင့် မိုးကျော်အောင်မှ စတင်အော်လိုက်သည်တွင် ရွာသားတွေ ပိုင်းအော်၏။ ချုံတွေကိုလည်း ရိုက်နှက်ခြောက်လှန့်ကြသည်။ ကျွန်တော်တို့သုံးယောက် အထူးသတိထားသည်မှာ ဝါးရုံအောက်ပင် ဖြစ်ပါသည်။ နွေခင်းဖြစ်၍ ကျားကြီးသည် ဝါးရုံအောက်တွင် အိပ်စက်နေမည်ဟု ကျွန်တော်တို့ ယူဆပြီး ဝါးရုံရှိသမျှ လျှိုစောင်း၊ ရေချောင်းနှင့် တောင်စောင်းအား အခိကထားကာ ကွက်လပ်မရှိအောင် ဆက်မောင်းနေကြပါသည်။

'ဝူး… ဝူး… ဝူး'

'ဟေး… ဟေး… ဟေး'

'ရိုက်ထား၊ ရိုက်ထား'

'ဝုန်း… ဘုန်း… ဘုန်း'

'ဝူး… ဝူး… ဝူး'

'ဟာ… တော… တောဝက်ပအေး'

'ဆရာကိုမိုးကျော် တောဝက်၊ တောဝက် တောင်စောင်းတက်လာတာပအေး၊ နှစ်ကောင်ပ… နှစ်ကောင်'

'ဟေး… ဟေး… ဟေး… မောင်းထား'

'ဒိုင်း'

'ဖောက်… ဖောက်… ဖောက်…'



'ဝုန်း… ဝူး'

မိုးကျော်အောင် တောဝက်ဟု အသံကြားသည်နှင့် …အနားတွင် ရှိနေသော အင်ပင်ကြီးဘေး ပြေးကပ်ပြီး ကြည့်…ခဲ့ တောဝက်နှစ်ကောင်ကို တွေ့ရပါပြီ။ တစ်ကောင်မှာ …ထီး၊ တစ်ကောင်မှာ အမ၊ စောင်းမွေးတွေ ကားနေအောင် …ဆောင်ထားသည်။ အထီးမှာ တော်တော်ကြီး၏။ အမမှာတော့ …ကောင်သေးသဖြင့် မပစ်ပါ။ မိုးကျော်အောင် စိတ်ထဲဝယ် …တ်မသည် ဇီးရှိနေသော ဝက်မတစ်ကောင်ဖြစ်၍ တောဘက်…သို့ စည့်တည့်မလာဘဲ တောင်ပေါ်သို့ ဖားလွှယ်ခုတ်အတက်…ွင် ပစ်ခတ်လိုက်ခြင်းပင် ဖြစ်၏။

မိုးကျော်အောင် ပစ်ခတ်သည်မှာ တောင်စောင်း…ာက် တောဝက်နှစ်ကောင်မှာ နိမ့်လျှောသွားသည့် အောက်…ဘက်တောင်စောင်းဖြစ်၍ မိုးကျော်အောင်အတွက်အရေးမထား။ …ာက်တစ်ခု ညဥ့်အချိန်ဆိုပါက တောဝက်သည် မီးခိုးလျှောက်…ာင်းကောင်းလိုက်တတ်၏။ ယခုလို ပစ်ခတ်သူက အပေါ်စီး…ည်းဖြစ် အကာအကွယ်လည်း ကောင်းပြီး ဘေးတိုက်ဖား…ွယ်စောင်းဖြစ်၍ မိုးကျော်အောင် ကျေနပ်သွားပါသည်။

စိတ်ကြိုက်ပစ်ရသော မိုးကျော်အောင်သည် တစ်ချက်…ည်း ပစ်လိုက်သည်တွင် တောဝက်ကြီးမှာ ဝုန်းခနဲ ထခုန်ရင်း…ပ်မှလည်း ကျယ်လောင်စွာ ဝူးဟူသော အသံနက်ကြီး…ာက်ရာမှ သုံးလေးလှမ်းမျှသာ ပြေးရင်း လဲကျသွားသည်ကို

www.burmeseclassic.com

www.burmeseclassic.com



မြင်လိုက်ရသည်။ တောဝက်ကြီးအား ပြု၍ထ၏။ ပြန်၍လဲကာ အောက်ဘက်သို့ ဒလိမ့်ကောက်ကွေး လိမ့်ကျသွားရင်းမှ အသံကြားလိုက်ရသည်မှာ တဝူးဝူး မြည်နေရင်း တဖြည်းဖြည်း ငြိမ်ကျသွားပါပြီ။

'မိုးကျော် ဘယ်လိုလဲ'

'ငြိမ်သွားပြီ၊ အောက်ဘက်မှာပါ ဆရာကျော်'

'အေး… မင်း ရှေ့ကတိုးပြီး ထပ်ကြည့်'

'ဟုတ်ကဲ့'

'ကဲ… ဆက်မောင်းကြ'

မိုးကျော်အောင်၏ ပစ်ခတ်မှုကြောင့် တိတ်ဆိတ် ငြိမ်သက်သွားရာမှ တစ်ဖန် ထပ်မံ၍ အော်ဟစ်သံတွေ ဆူညံလာပါပြီ။ တောင်စောင်းလျှိုနှင့် ဆင်ခြေလျှော ဝါးတောဝယ် ပွက်ပွက်ညံနေပါပြီ။ သားကောင်တွေသည် တောမောင်းသူအား လှည့်စားတတ်၏။ နောက်ကြောင်းပြန်ကာ လန်တတ်သော အတတ်ပညာတွေ တတ်ကြသည်သာ။

တချို့သော ချေ၊ ဒရယ်၊ တောဝက်၊ ဆတ်တို့မှာ ပြေးစရာ မရှိပါက ချုံကောင်းကောင်းတွင် ဝပ်နေ၏။ တိတ်ဆိတ်စွာ ခိုကပ်နေရာမှ လူနှင့် နီးကပ်လာသည်တွင် ရှေ့သို့ ဆက်မပြေးတော့ဘဲ ထိုတောမောင်းသူအား ရန်ပြု၍သော်လည်းကောင်း၊ ရန်မပြုဘဲ သူတို့လွတ်ကင်းရာ တောင်စောင်း သူ၏ နောက်ဘက် တောင်ပေါ်တောနက်ထဲသို့ ခြေကုန်သုတ် ပြေး



လွှား ပျောက်ကွယ်သွားတတ်သည်ကို ကျွန်တော်တို့ သိ၏။

'ဟေး… ဟေး… ဟေး'

'ဝူး… ဝူး… ဝူး'

'ဘုန်း… ဝုန်း… ဝုန်း'

'ဝူး… ဝူး… ဝူး… ဝူး'

'ဝုန်း… ဝုန်း… ဘုန်း… ဘုန်း'

'မောင်းထားကြ၊ မောင်းထားကြဟေ့၊ မောင်းကြ တောင်အောက်ရောက်တော့မယ်၊ အားမလျှော့နဲ့၊ မောင်းကြတာပအေး'

ကိုထွားမောင်၏အသံမှာ အားလုံးကြားနိုင်အောင်ပင် အသံဝါကြီးဖြင့် ပြောနေသည်မို့ အားတက်လာကြပြီး မောင်းကြ၏။ ချုံတွေကို တဘုန်းဘုန်းရိုက်ကြနှင့် ဆူညံနေသကဲ့သို့ တောဆုံးတော့မည်ဟူသော အသိကြောင့် ပို၍ အားတက်နေကြသည်။

ကျွန်တော်နှင့် တင်မြတ် ဘာကောင်မျှ မပစ်ရပါ။ နောက်တစ်ချက် တောနက်ပါသော်လည်း ကျားကြီး မတွေ့ရသေး။ သို့အတွက် နောက်နေ့ ဆက်ရတော့မည်ဟူသော အတွေးတွေကြောင့် စိတ်ထဲ အနည်းငယ် မောလာသည်တွင် အသံတွေ ဆူညံနေသည့်အကြားမှ-

'ဒိုင်း'

'ဘုန်း'

www.burmeseclassic.com

www.burmeseclassic.com



'ဟာ… ဘာကောင်ကြီးလဲပ'

'ရော်… ကိုတင်မြတ်၊ ချေလားပ'

'မဟုတ်ဘူး၊ ဒရယ်ဗျ'

'မှန်သွားတာပ၊ အောက်ဘက် ကျသွားပြီ၊ ကျွန်တော် ပြေးလိုက်မှာပအေး'

'မလိုက်နဲ့၊ မလိုက်နဲ့။ အောက်ဘက်ဆင်းရင်တွေ့မှာပေါ့၊ ရှေ့မထွက်နဲ့ ကိုထွားမောင်၊ ရှေ့မတိုးနဲ့'

'ရော်… ဟုတ်တာပအေး'

'ကဲ… ဆက်မောင်းကြ၊ ဆက်သာမောင်းကြ'

'ဟေး… ဟေး… ဟေး'

'ဗူး… ဗူး… ဗူး'

'ဗုန်း… ဘုန်း… ဗုန်း'

'ဆရာကိုမိုးကျော်ပအေး၊ တောဝက်ကြီး သယ်တာပ'

'ဒီလိုလုပ်၊ ခြေနှစ်ချောင်းကိုဆွဲခဲ့ကြဗျာ'

'ဟုတ်… ဟုတ်'

မိုးကျော်အောင် ပစ်သော တောဝက်ကြီးအား ခြေနှစ်ချောင်းမှဆွဲ၍ တောင်အောက်သို့ ဆင်းခဲ့ကြ၏။ ပါးစပ်တွေကတော့ အော်ဟစ်ကြဆဲ၊ တင်မြတ်ပစ်သော ဒရယ်ကိုတော့ ကိုထွားမောင်တစ်ယောက်တည်းထမ်း၏။ ကိုထွားမောင်အား ခွင်အပြည့်ဖြစ်ပြီး ဝမ်းသာကျေနပ်စွာ ပီတိတွေ ဖြာနေသည်ကို တင်မြတ်ကြည့်ပြီး သဘောကျမိသည်။



ကျွန်တော်သည် တစ်ကောင်မျှ မပစ်ရပါ။ ကျွန်တော်တို့အားလုံး တောင်အောက်ရောက်ကြပါပြီ။ တောဝက်ထီးကြီးတစ်ကောင်နှင့် ဒရယ်ကြီးတစ်ကောင် ထင်ရ၏။

'တင်မြတ်ရေ'

'ဘာလဲ မိုးကျော်'

'သိုကို လှီးထုတ်ရအောင်'

'အေး… ဟုတ်တယ်၊ မြန်မြန်လုပ်ခဲ့'

ပြောပြောဆိုဆို တင်မြတ်နှင့် မိုးကျော်အောင်သည် တောဝက်ထီးကြီး၏ သိုတန်နှင့် ဥနှစ်လုံးအား အမြန်လှီးထုတ်နေကြသည်ကို ရွာသားတွေ ဝိုင်းကြည့်နေသည်။ သူတို့သည် မိုးကျော်အောင်နှင့် တင်မြတ်အား အထူးအဆန်း ဖြစ်နေကြသည်တွင် ကိုကျော်ဆွေမှ-

'ရော်… ဘာဖြစ်လို့ လှီးတာပအေး'

'ဩော်… ကိုကျော်ဆွေ၊ ဝက်သိုးကြီးဗျ၊ ဒါတွေ ထုတ်မထုတ်ရင် အသားပါ နံတတ်တယ်'

'ဘာစော်လဲပအေး'

'ဟို… ကိုထွားမောင်လိုပေါ့'

'ရော်… ကျွန်တော့်တို့ ဘာလဲပ'

'ဟား… ဟား… ဟား… ဟား… နောက်တာပါဗျာ၊ တောဝက်ထီးကြီးတွေရရင် ချက်ချင်း ဒီဟာတွေ ထုတ်ရတယ်ဗျ၊ ဒါမှ အနံ့မရတော့ဘူးလေ၊ ကြာရင် အနံ့

www.burmeseclassic.com



ထွက်တယ်’

‘ရော်… သိပြီပအေး၊ ဟား… ဟား… ဟား… ဟုတ်တာပ’

‘ရော်… ဘာဖြစ်တာပအေး’

‘ရော်… ဆရာတို့ပြောတာပ၊ ကိုထွားကြီးလိုပ၊ ဟား… ဟား… ဟား… ဟား…’

‘ဟဲ့… ကျားကြီးပ၊ တော်တော်ကြာ နင့်အစ်မသိပြီး ထွက်ပြေးမှာပအေး၊ ဟား… ဟား… ဟား… ဟား…’

‘ရော်… ကိုလေးကျော်ပအေး၊ ကျွန်တော့်အစ်မကို ပြောမှာပ၊ ကိုကြီးထွားဟာ သိုးဖော်နံတာပလို့၊ ဟား… ဟား… ဟား… ဟား…’

‘ဝါး… ဟား… ဟား… ဟား… ဟား…’

တစ်ယောက်တစ်ယောက် နောက်ကြပြောင်ကြ ပျော်ရွှင်နေကြသည်။ တောဝက်တစ်ကောင်နှင့် ဒရယ်တစ်ကောင် အကောင်ကြီးနှစ်ကောင်ဆိုတော့ သူတို့ပျော်မှာပေါ့၊ ကျေနပ်မှု၊ ပျော်ရွှင်မှုတွေကြောင့် ကျွန်တော်တို့ အမိက ဦးတည်ထားသည့် ကျားကြီးအန္တရာယ်ကို သူတို့ရွာသားတွေ တစ်ယောက်မှ သတိမရပါ။ ကျွန်တော်သည်သာ သူတို့အားလုံး မိုးကျော်အောင်နှင့် တင်မြတ်တို့၏ လုပ်ဆောင်ချက်နှင့် မတွေ့ဖူး၊ မကြုံဖူးသော ထူးခြားသည့် သားကောင်နှင့် လှုပ်ရှားမှုအပေါ် အာရုံစိုက်မှုအတွက် ကျွန်တော်မှ လုံခြုံမှု ယူထားရပါသည်။ မပြောနိုင်ပါ။





သတိလက်လွတ် ဖြစ်နေသူတွေအတွက် ကျွန်တော့်မှာ တာဝန်သာ ဖြစ်နေ၏။

‘ဆရာကျော်၊ လုံခြုံမှု ယူပေးနေရတယ်ပေါ့’

‘အေးလေ၊ အားလုံးက မင်းတို့နှစ်ယောက် လုပ်နေတာ ဝိုင်းပြီး သဘောကျနေတော့ တောမုဆိုးက အလစ်ဝင်တိုက်ရင် ခံရမှာပေါ့ကွ’

‘ရော်… ဟုတ်တာပအေး’

‘ဟုတ်ပ၊ ဆရာကြီး သတိကောင်းတာပ၊ ကြည့်တာပ၊ ကျွန်တော်တို့ အားလုံး ဒီတောဝက်ဆီ ရောက်နေကြတာပ’

‘ကဲ… မိုးကျော်ရေ၊ သယ်နိုင်းကွ၊ အားလုံး တဲဘက် ပြန်နိုင်းလိုက်၊ တို့သုံးယောက် ပတ်ဝန်းကျင် အချိန်ရတုန်း ညဆက်လုပ်ရအောင် နေရာရှာကြစို့’

‘ဟုတ်ကဲ့ ဆရာကျော်’

‘ကဲ… ကိုထွားမောင်နဲ့ ကိုကျော်ဆွေတို့ရေ၊ သားကောင်တွေသယ်ယူပြီး ပြန်နှင့်ဗျာ၊ ကျွန်တော်တို့ သုံးယောက် လုပ်စရာလေးတွေ လုပ်ဦးမယ်’

‘ကျွန်တော် နေခဲ့ဦးမလားပ’

‘ကိစ္စမရှိဘူး၊ ပြန်နှင့်ကြ၊ ကျွန်တော်တို့ပါ လိုက်ခဲ့မှာပ’

‘ဟုတ်… ဟုတ်’

‘ကဲ… နှစ်ဖွဲ့ခွဲပြီး ထမ်းကြတာပ’

www.burmeseclassic.com

www.burmeseclassic.com



'ပြန်မှာပအေး'

အားလုံး တောဝက်နှင့် ဒရယ်အားထမ်းပြီး တဲဘ
သို့ ပြန်ကြပါပြီ။ ကျွန်တော်တို့သုံးယောက်သာ ကျန်ခဲ့ပြ
သုံးယောက်စလုံး ရေဘူးတွေဖြုတ်ကာ အာမီရမ်အား ငုံနေ
ပါသည်။ စကားမပြောဖြစ်ကြပါ။ သုံးယောက်စလုံး၏ အ
တွေမှာ ဦးတည်ချက် ကျားဆိုးကြီးတစ်ကောင်ပျောက်နေ
ဒီတစ်ကောင် ဘယ်ရောက်နေသည် မသိ။ ညဥ့်တုန်းက ကြ
သည်မှာ တောင်ပေါ်ဝေးဝေး တောင်ထိပ်ပေါ်ကတော့ အ
သွဲ့သွဲ့ ကြားမိ၏။ ထိုသို့ ကြားပါသော်လည်း ပျောက်နေသေ
ကျားဆိုးဟု ကျွန်တော်တို့ မထင်မိပါ။ တခြား တောမုဆိုး
သာ ထင်ခဲ့ပါသည်။ ပျောက်နေသူ ရှာရင်တွေ့ရမည်။ ယ
ခုတော့ ပျောက်သောကျားဆိုး ဘယ်တော ဘယ်တောင်မှာ တိ
နေသည်မသိ။ တောင်ထိပ်ပေါ်တော့ ရှိမယ်ထင်ပါ။ အနေ
သိပ်လျက်အကွက် ချောင်းနေသည်သာ ဖြစ်ပေမည်။

'မိုးကျော်နဲ့ တင်မြတ်'

'ဟုတ်ကဲ့'

'ဆရာကျော် ဘာလဲဟင်'

'အခုရတဲ့ တောဝက်နဲ့ ဒရယ်ကို သတိထားမိလား'

'ကျွန်တော် သတိထားမိတယ်၊ နောက်ထပ်အ
တစ်ကောင်ရမယ်'

'မိုးကျော် လျှာသွက်မနေနဲ့၊ တောဝက်ကော ဒရ



ကော နောက်ထပ် အထီးရမယ်ဆိုတာ နှစ်ကောင်စလုံး ပြနေ
တယ်ကွ'

'ငါတောဝက်ပဲ သတိထားမိတယ်'

'ဟုတ်တယ် မိုးကျော်၊ ဒရယ်လျှာက သိပ်တော့
မထွက်ဘူး၊ ဒါပေမဲ့ အထီးရမှာတော့ သေချာတယ်'

'အင်း… အဲဒီ အထီးဟာ ကျားထီးဖြစ်နေရင် အလွန်
ကောင်းမှာပဲ'

'အေးကွ'

ကျွန်တော်တို့ သုံးယောက်စလုံး သိလိုက်ကြ၏။ ကျွန်
တော့်ကောင်တွေ ပါးနပ်ပြီး စေ့စပ်ကြောင်း ကျွန်တော် သဘော
ပေါက်သွားပါပြီ။ မုဆိုး ပီသပါပေတယ်၊ အစစ အရာရာ
သတိထားတတ်သည့်အတွက် ကျွန်တော် ဝမ်းသာမိသည်။

အကြောင်းမှာ ကျွန်တော်တို့၏ မုဆိုးသင်္ကေတဝင်။
သားကောင်တစ်ကောင်အား ပစ်ခတ်ပြီး သားကောင် ရရှိပါက
သားကောင်သေနေသော်လည်း ထိုသားကောင်၏ လျှာထွက်
သေဆုံးမှုအား ကြည့်၍ နောက်ထပ် သားကောင်ရမည် မရမည်
ကို ခန့်မှန်းတတ်သော အသိတစ်ခု ရှိပါသည်။

သေဆုံးသည့် သားကောင်သည် လျှာမထွက်ဘဲ သေ
ဆုံးနေပါက နောက်ထပ် သားကောင်မရနိုင်။ တကယ်တည်း
မရသည်က များပါ၏။ သို့မဟုတ်ဘဲ သေသွားသောသား
ကောင်၏လျှာသည် ယခုရရှိသော တောဝက်နှင့် ဒရယ်ကဲ့သို့

www.burmeseclassic.com

www.burmeseclassic.com



နှစ်ကောင်စလုံး၏လျှာမှာ ညာဘက်သို့ထွက်နေသည့်အတွက် နောက်ထပ် အထီးတစ်ကောင် ထပ်ရမည်ကို ကျွန်တော်တို့ သိထားလိုက်ပါပြီ။

အကယ်၍ ဘယ်ဘက်ထွက်သေပါကလည်း နောက်ထပ်သားကောင်တစ်ကောင် ရကိုရမည်။ ထိုသားကောင်သည် အမသာဖြစ်မည်ကို ကျွန်တော်တို့သုံးယောက် တတ်အပ်သေချာ သိနေကြသည်။ ထို့နည်းမှာ ကျွန်တော်၏ ဆရာကြီးတွေ သင်ပြထားသော သင်္ကေတ အမှတ်အသားပင်။

ကယားလူမျိုး ဆရာကြီးရှီအိမ့် ကျွန်တော့်အား-

'ကျော်မင်း ညာဘက်ထွက်သေရင် အထီး၊ ဘယ်ဘက်ထွက်သေရင် အမ ရကိုရမယ်ကွ'

တစ်ဖန် တောပစ်မုဆိုးလည်းဖြစ်၊ ကျွန်တော်၏ ဆရာကြီးလည်းဖြစ်သော တပ်ကြပ်ကြီး မှတ်ထမ်းဆရာကြီးမှလည်း သေသေချာချာ တိတိကျကျကို သင်ပြပါ၏။ သူနှင့် တောပစ်စဉ် ရရှိသည့် သားကောင်အား အသေအချာကြည့်ပြီး-

'ကျော်မင်း'

'ဟုတ်ကဲ့ ဆရာပါ'

'ဒီမှာ ကြည့်ထား၊ လျှာက ဘယ်မှာထွက်သေနေတာ နောက်ထပ် အမတစ်ကောင် ထပ်ရမယ်ကွ'

'ဟာ·· ဒီအကောင် လျှာမထွက်ဘူး၊ နောက်ထပ် မရတော့ဘူး၊ ပြန်စို့'





'အဲ··· လျှာထွက်သေနေပါလားကွ၊ ညာဘက်ကွ၊ ညာဘက်၊ နောက်ထပ်အထီးရမှာ သေချာပြီ'

ဟု သင်ပြ၏။ လက်တွေ့လည်း ထပ်ရသည်များရှိသလို လျှာမထွက်ဘဲ သေသည့်သားကောင်ရပြီး နောက်ထပ် တကယ်ပင် မရတော့။ အံ့သြကြားရ၏။ အကောင်ကို ရိမ်ခန့်ခြင်လိုက်ရ၏။ ပစ်ခွင့်ကြုံ၍ လျှင်လျှင်မြန်မြန်ပစ်ပါသော်လည်း မရတော့သည်များနှင့် ကြုံရ၍ ဆင့်ပွား သင်ကြားပေးခဲ့သည်။

ကျွန်တော်တို့သုံးယောက် တောပစ်ထွက်တိုင်း ထိုသင်္ကေတနှင့်ကြုံတိုင်း တိတိကျကျဖြစ်ခဲ့သည့်အတွက် ယုံကြည်ခဲ့သည့်အပြင် ဆရာကြီးမှတ်ထမ်းမှ ပြောပါသေးသည်။

'မုဆိုးဆိုတာ သားကောင်ကို ပိုင်ဆိုင်တာ ရှိတယ်၊ ဥပမာ တို့မှာ ဟင်းလျာမရှိလို့ ဒါမှမဟုတ် လူကြီးတွေ ပစ်ခိုင်းလို့ ညွှန်ခံဖို့ပေါ့ကွာ၊ အဲဒီလို ပစ်ပြီးရတဲ့ အကောင်ကို အားလုံးမပေးရဘူး၊ မုဆိုးပိုင်တဲ့အတိုင်း လုပ်ကြရမယ်ကွ'

'ဘယ်လိုလုပ်ရသလဲ ဆရာပါ'

'အေး··· မှတ်ထား၊ မုဆိုးဟာ သားကောင်တစ်ကောင်ရဲ့ ဦးခေါင်းနဲ့ ပေါင်တစ်ပေါင်ဟာ မုဆိုးအတွက် ရသင့်ရထိုက်တဲ့ အခွင့်အရေးတစ်ခုပဲ၊ အေး··· အပျော် ပစ်တာဆိုရင်တော့သဘောပေါ့ကွာ၊ ဒါပေမဲ့ စည်းမဖောက်ရဘူး၊ မှတ်ထား'

'ဦးခေါင်းဆိုတာဟာ ချိုကအစပိုင်တယ်၊ နားတိုပြီး



www.burmeseclassic.com

www.burmeseclassic.com



အဲဒီခေါင်းကို ဘာလုပ်ရသလဲဆိုတော့ ဖွင့်ပြတ်ပေါ့ကွာ၊ လှ
ပြီး မုဆိုးက အားလုံးကို တိုက်နိုင်တယ်ကွ'

'အင်း… ပေါင်ဆိုတာတော့ မုဆိုးရဲ့ အဓိက ရှိ
ခွင့်ပဲ၊ ရောင်းစားစား အသားလှမ်းပြီး သိမ်းထားချင်ထား
ဒါမှမဟုတ် ကဲ… အားလုံးချက်ကွာဆိုပြီး ချက်စားလည်း
ရတယ်ဆိုတာလည်း မှတ်ထားကွ၊ ဒါဟာ မုဆိုးရဲ့ ရပိုင်ခွင့်
ပဲ'

ဆရာကြီး မှတ်ထမ်း၏စကား ကျွန်တော် အမြဲ မှ
သားပြီး ယခု ကျွန်တော့်ညီတွေဖြစ်သော မိုးကျော်အောင်န
တင်မြတ်အား မှာကြားခဲ့ပါသည်။ ကျွန်တော်တို့ ဆရာကြီး
မှာတမ်းစကားကို မမေ့မလျော့ဘဲ သားကောင်ရတိုင်း ဦးခေါင်း
ကို ပြုတ်သောက်သည့်အခါ ရှိသကဲ့သို့ မပြုတ်နိုင်သည့်အခါ
ကဲ… အားလုံးပြုတ်စားပြီပေါ့လို့ နှုတ်မှ ကတိစကားဆိုပါ
လက်တွေ့မလုပ်နိုင်သည့်အနေအထားကြောင့် ကတိစကားဖြ
နှစ်သိမ့်ရသော်လည်း ပေါင်တစ်ပေါင်တော့ စခန်းမှာနေပြီး
ပစ်ခတ်၍ရရှိပါက ကျွန်တော်တို့သုံးယောက် ယူပါသည်။ မိုး
ကျော်အောင်မှ တာဝန်ခံကာ အခြောက်လှမ်း၏။ မြို့ပြန်သည့်
အခါ လက်ဆောင်ပေးရသည်မှာ မျက်နှာပန်း အလွန်လှသည်
သာ။

'အေး… မင်းတို့ ပြောသလိုပဲ၊ နောက်ထပ်ရမည့်
အထီးဟာ ကျားဆိုးကြီးပဲဖြစ်ပါစေတော့လို့ ဆုတောင်းရမှာ



'ဟုတ်တယ် ဆရာကျော်၊ ဒါမှလည်း ကျွန်တော်တို့
တာဝန်လည်း ကျေမယ်၊ ပင်ပန်းရမှုလည်း အကျိုးဖြစ်မှာပေါ့
ဆရာကျော်'

'အေး… ဟုတ်တယ်၊ တို့ဘဝကလည်းကွာ၊ တစ်
နေရာရောက်ရင် တစ်ခါကြုံရပြီ၊ များသောအားဖြင့် ကျားပစ်
ရတာနဲ့ အခင်းတွေ တောဝက်ဖျက်လို့ ဝက်ပစ်ပေးရတာနဲ့ပဲ
ကြုံရတာများတယ်ကွာ'

'ဟုတ်တယ် ဆရာကျော်၊ ကိုကျော်တို့ ကိုကျင်ဖေတို့
သတိရတယ်ဗျာ၊ သူတို့နဲ့က တောပစ်သက်သက်ဆိုတော့ စိတ်
ထဲမှာ ဘာမှ အခက်အခဲမရှိဘူးလေ'

'ဟုတ်တာပေါ့ကွာ၊ သူတို့တစ်တွေနဲ့က မုဆိုးပီပီသသ
တောကောင် ရှာပစ်ကြတာပဲလေ၊ ဒီတော့ လွတ်လွတ်လပ်လပ်
ရှိတာပေါ့၊ ခုဟာက ပစ်ကြတာပဲလေ၊ တစ်ခုကို မပြီးမချင်း
ထမ်းနေရတာဆိုတော့ တာဝန်ကြီးတာပေါ့၊ သဘောကတော့
အချုပ်အချယ်နဲ့ လုပ်နေရတာပေါ့ကွာ'

'အင်း… ဆရာကျော်နဲ့ မိုးကျော်ပြောတာလည်း
ဟုတ်ပါတယ်၊ နောက်ပြီး ကျွန်တော်တို့ ပစ်ခတ်ရတဲ့ သား
ကောင်ဟာ ကျေးရွာသူ ကျေးရွာသားတွေ ဒုက္ခပေးနေတဲ့ တော
ထဲက ကျားနဲ့ တောဝက်ပဲလေ၊ တောထဲက သားရဲတွေကို
ရင်ဆိုင်ရှာဖွေရတာ ခက်သလို တောဆိုတော့လည်း ကျားက
အဓိက ဖြစ်နေပြန်ကော'

www.burmeseclassic.com

www.burmeseclassic.com



'အင်း… တို့က လူမှုဆိုး၊ ကျားကတောမှုဆိုး၊ ဘဝတူပေမယ့် စည်းဖောက်ပြီး လူသားတွေ ဒုက္ခပေးမှတော့ ပစ်ရတော့တာပေါ့ကွာ'

'ဒါပေါ့ ဆရာကျော်၊ ဘယ်တတ်နိုင်မလဲ၊ ပွဲထဲက ပြောသလိုပေါ့နော်၊ တတ်သည့်ပညာ မနေသာဆိုတော့ ကျွန်တော်တို့ တတ်တာက မုဆိုး၊ တောပစ်ဖို့ပဲဆိုတော့ ပစ်ပေါ့'

'မုဆိုး ဆိုပေမယ့် တင်မြတ်ရေ၊ တို့မှာ နှလုံးသားရှိပါတယ်ကွ၊ အကောင်တွေ့တိုင်း ရက်ရက်စက်စက် သတ်ဖြတ်တဲ့ မုဆိုးမှ မဟုတ်တာ'

'အေးလေ… တို့အကြောင်း တို့အသိပဲ၊ တချို့က တောမုဆိုးဆိုတာ ကြမ်းတမ်းခက်ထန်တယ်ပေါ့ကွာ၊ အဲဒီလို ထင်ကြတာကွ၊ နောက်ရှိသေးတယ်၊ ဟိုမှာ မုဆိုးကြီးတွေ လာနေတယ်၊ ဝေးဝေးက ရှောင်ဆိုတာ ရှိသေးတယ်လေ'

'ဒါပေါ့ကွာ၊ ပြောကြပါစေ၊ ပုံမပါပါဘူး၊ နောက်တစ်ခုက တို့မှာ မိုးကျော် ပြောသလိုပဲ၊ သနားကြင်နာတတ်တဲ့ နှလုံးသားရှိပါတယ်ကွ'

'ဟုတ်ပါတယ်၊ ဟိုကောင်မလေးဆို ချစ်စရာအကြည့်လေးတွေနဲ့ မယု ကျနေတာပဲ၊ သူ့အကြည့်က တော်တော်လေးကို ရဲတယ်၊ အင်း… တောသူမလေးဆိုတော့လည်း ရိုးသားပြီး ပွင့်ပွင့်လင်းလင်း ရှိတာပေါ့လေ၊ ဒါကြောင့် ဆရာကျော်က မုဆိုး၊ ဒါပေမဲ့ ဆရာကျော်ရဲ့နှလုံးသားတွေဟာ နူးညံ့



ပါတယ်'

'မိုးကျော်ကတော့ လုပ်ပြီ'

'ကျွန်တော် တကယ်ပြောတာပါ ဆရာကျော်၊ ဆရာကျော့်စိတ်ဓာတ် ကျွန်တော်တို့ သိပါတယ်၊ မယုကလွဲလို့ ဖွဲနဲ့ ဆန်ကွဲ ဆိုသလိုပေါ့၊ ဒါပေမဲ့ ထပ်တူထပ်မျှ စူးနေတော့လည်း ရက်စက်တယ်နော်'

'မိုးကျော်'

'ဘာလဲ တင်မြတ်'

'ဆရာကျော့်နှလုံးသားထဲမှာ ဒီလိုကွ၊ တို့က မုဆိုးတွေနော်'

'အေး… ဘာဖြစ်လဲ ပြောပါဦး'

'ဘာဖြစ်ရမလဲ၊ ခုတော့ တောသူမလေး နန်းခင်ယုနဲ့တွေ့တော့ မုဆိုးဆိုတဲ့ သေနတ်သမားရဲ့ နှလုံးသားထဲမှာ နုံညံ့စရာတွေ မွေ့နှောက်လို့၊ ဟိုကွာ… ဆရာကျော့် နှလုံးသားကို ငါက ဒီလို ပြောချင်တယ်'

'ဟုတ်ကဲ့ မိုးကျော်'

'သြော်… အချစ်ဆိုတဲ့ မေတ္တာတရားတွေနဲ့ ရောယှက်ခံဝတ်နေတဲ့အတွက် ဆရာကျော်ကို သမုဒယမုဆိုး လို့ခေါ်ရတော့မယ်ကွ'

'ဟား… ဟား… ဟား… ဟား… မိုးကျော်၊ မိုးကျော်၊ မင်း ရင်ထဲမှာလည်း ဗန်းမော်သူ ညိုချောလေး

www.burmeseclassic.com

www.burmeseclassic.com



မခင်ဝင်းအတွက် သမုဒယ မုဆိုးဆိုတဲ့ မိုးကျော်ပေါ့'

'အေး… မင်းလည်း မထူးပါဘူးကွာ၊ မကြည်မြိုင်အတွက် သမုဒယမုဆိုးပဲဟာ၊ ဟား… ဟား… ဟား… မှား…'

ကျွန်တော့်အား မိုးကျော်အောင်မှ ကင်ပွန်းတပ်နေပါပြီ။ သမုဒယ မုဆိုးတဲ့။ မုဆိုးဆိုတာ သားကောင်ကို ရအောင်ပစ်ခတ်မည်။ သို့သော် ချစ်သူအတွက်ချစ်ရသူအတွက်ဆိုရင်တော့ သမုဒယလေးတွေ ငင်ပြီး အံယုအယလေးတွေနဲ့ ယှဉ်နေတာမို့ အနုအလှလေးတွေရဲ့ စံအိမ်နှလုံးသားမှာဖြင့် ရယူပိုင်ဆိုင်မှုတွေတွက် ပေးဆပ်ချင်သော အချစ်ဆိုတဲ့ သမုဒယကြောင့် ယုဆိုတဲ့ နှစ်ဘဝအတွက် မုဆိုးကျွန်တော် ရတက်မအေးနိုင်အားပါ။

'မိုးကျော်နဲ့ တင်မြတ်'

'ဟုတ်ကဲ့ ဆရာကျော်'

'တို့ရဲ့ တာဝန်တွေအကြားမှ ထူးထူးဆန်းဆန်း လာကြုံရတယ်လို့၊ စိတ်မကောင်းစရာတွေတော့ တွေ့ကြုံရပြီ'

'အင်း… နန်းခင်ယုက ဆရာကျော့်အပေါ် အသည်းစွဲဖြစ်နေပြီ ထင်တယ်'

'စိတ်မောတယ်ကွာ၊ ငါတော့ မြန်မြန်ဆန်ဆန် ကျားဆိုးကြီးရန်က အပြီးအပိုင် နိမ်နင်းရပါစေလို့ ဆုတောင်းနေမိတယ်ကွာ'





အမှန်ပင် ကျားဆိုးရန် နိမ်နင်းပြီးပါက ကျေးရွာ…တက် စိတ်အေးရပေတော့မည်။ ကျေးရွာအတွက် စိတ်အေး…တာ ကျွန်တော် ဒီနယ်မြေမှ ထွက်ခွာခြင်းသည် ကျွန်တော့်…တက်ထက် နန်းခင်ယုဆိုတဲ့ ယုလေးအတွက် ပိုမို အဆင်ပြေ…ဟု ထင်မိသည်။ သူ့အရပ်နှင့် သူ့ဇာတ်တော့ ရှိကြမည်…း ကျွန်တော်ပင်လျှင် ကျွန်တော်၏မြို့ဟု ဆိုရမည့် ဇန်းမော်…် ချစ်ရသူ ယုလေးရှိနေသည့်အတွက် နောက်ထပ် ဒုက္ခ…းချင်တော့ပါ။ အချစ်ကြောင့် ရင်မနာချင်ပါ။

'ကဲ… အဲဒါတွေဖယ်ထားပြီး ကျားဆိုးအန္တရာယ်…တ် ဦးစားပေးကြစို့'

'ဟုတ်တယ် ဆရာကျော်၊ မိုးကျော်ပြောသလို ကျွန်…တို့ရဲ့ ဦးတည်ချက် အပျောက်မခံနိုင်ဘူး၊ အခြေအနေ…ပြီး စီစဉ်ရအောင်'

'အေး… ကဲ… လက်ရာခြေရာတော့ တွေ့မှာ…တ်ဘူး၊ ဒါပေမဲ့ ဒီညစောင့်ဖို့ စီစဉ်ကြမယ်'

သုံးယောက်သား တောစပ်စပ်ထဲ ဝင်ရောက်၍ တစ်ည… လုပ်ဆောင်မှုအတွက် အထောက်အကူပြုမည့် နေရာ…ခင်း သားကောင်၏ဝင်လမ်းထွက်လမ်း၊ အများဆုံး သား…င်ဆင်းမည် ထင်သည့် လမ်းကြောင်းအတွက် ရှာဖွေကြ…

'မိုးကျော်တို့ရေ'



www.burmeseclassic.com

www.burmeseclassic.com



'ဗျာ…'

'ဟောဒီမှာ ကြည့်စမ်း'

'ဩော်… မီးရှို့ခဲ့တဲ့ နေရာ'

'အေး… ဒီဘေး ဟောဟို လက်ပံတောမှာ နေရာ ရွေးချင်တယ်'

'ရွေးလေ၊ အဲဒီ လက်ပံတောဆိုတော့ တဲဘက်လည်း မြင်ရမယ် ဆရာကျော်'

'ဒီည တို့သုံးယောက်ထဲ စောင့်မယ်၊ ရွာသားတွေ အားလုံး ကိုကျော်ဆွေရဲ့တဲမှာပဲ စုအိပ်ခိုင်းမယ်'

'မအိပ်ခိုင်းနဲ့ ကင်းစောင့်ခိုင်းရင် ကောင်းမယ်'

'ဟုတ်တယ်၊ ငါဆိုလိုတာ အားလုံး စုအိပ်တဲ့ သဘော ပဲ၊ လူနှစ်ယောက်စီ အစောင့်ချမယ်၊ သူတို့ဘက် ရောက်လာ ရင် အသံပေး ပိုင်းခြောက်ရင် တို့ဘက်ပဲ ဒီကောင်ကြီး ပြေး စရာ ရှိတယ် မဟုတ်လား၊ တို့က စောင့်ပစ်ရုံပဲကွ'

'ဒါလည်းကောင်းတာပဲ ဆရာကျော်'

'တို့တစ်တွေ လက်ပံတောမှာ စခန်းချအောင်၊ လာ သွားကြည့်စို့'

သုံးယောက်သား လက်ပံပင်တွေဘက် လျှောက်ခဲ့ သည်။ လက်ပံပင်ကြီးတွေမှာ နှစ်ပေါင်း ကြာရှည်ခဲ့၍ အပင် အိုကြီးတွေ ရှိသကဲ့သို့ အမြစ်မှ ပြန်ထွက်သည်လား မသိ သော အပင်ငယ်တွေလည်း ရှိနေသဖြင့် ကျွန်တော်တို့ အနီး



ဘူ ရှင်းလင်းရှင်း လုံးစလုံခြုံပြီး စိတ်ချရသော ပစ်ကွင်းရှင်း၍ပစ် အချိန်ယူ ရှင်းလင်းရင်း အနှောင့်အယှက် မရှိသော လက်ပံပင်ကြီးတစ်ပင်အား ရှာဖွေတွေ့ရှိပါပြီ။ ထိုအပင်ကြီးမှာ ဤအုပ်စုထဲဝယ် အသက်အရှည်ဆုံးဖြစ်ပေမယ့် လက်ပံကြီး ပေါင်းကြီးသည် အလွန်ကြီး၍ လူတစ်ယောက်မက နှစ်ယောက်လောက် တက်ထိုင်လို့ရ၏။

'ဆရာကျော်၊ ဒီမှာပဲ နေကြတာပေါ့၊ နေရာတော် တော်ကောင်းတယ်ဗျ'

'အေးကွ… ဒီကြီးပေါင်းကြီးကို လူနှစ်ယောက် လောက် တက်ထိုင်နိုင်ပြီး အောက်ခြေ ဟောဒီလက်ပံပင်ရဲ့ ပင်မကြီးကို ကောင်းကောင်း အကာအကွယ်ပေးနိုင်တဲ့ အကာ အကွယ်တွေ ထိုင်လို့ရတဲ့ အမြစ်ဆုံကြီးတွေပဲ၊ လှတောင်လှ နေသေးတယ်'

မိုးကျော်အောင်တစ်ယောက် ဘာတွေ ရှာဖွေတွေ့ ရှိနေသည် မသိ။ စုံထောက်ကြီးတစ်ယောက် ရွက်ခြောက်နှင့် မြက်ပင်တွေအကြား ရှာဖွေနေသည်ကို တွေ့လိုက်ရပါ၏။ ခါးကုန်းကုန်းမှ ဆောင့်ကြောင့်ထိုင် အနေအထားဖြင့် ရှာဖွေ နေသည်။

'ဟေ့ကောင်… မိုးကျော်၊ ဘာတွေ စုံထောက် လုပ် နေတာလဲကွ၊ မြက်ပင်နဲ့ ရွက်ခြောက်ကြားမှာ ဆယ်ပြားစေ့ ကျပျောက်လို့ ရှာနေတာလား မိုးကျော်'

www.burmeseclassic.com

www.burmeseclassic.com



'ခွေးတောင်၊ ဒီမှာ လာကြည့်စမ်း၊ ဟောဒီမှာ'

'ဘာလဲ'

'ရွက်ခြောက်တွေကို နင်းထားတဲ့ ခွာရာလေ၊ ဘာကောင်လဲကွ၊ ဒီမှာကြည့် ဟောဒီမြက်ပင်တွေမှာလည်း ခြေရာတွေကွ၊ ကျွဲ ဒါမှမဟုတ် ပြောင်တွေဖြစ်မယ်ထင်တယ်'

'ဟုတ်တယ် မိုးကျော်၊ ပြောင်ကြီးရင် ပြောင်အိုကြီးဆိုရင်တော့ တစ်ကောင်တည်း နေတတ်တယ်ကွ'

'ဆရာကျော်... ခြေရာက တစ်ကောင်တည်းနေတဲ့ပုံစံ မဟုတ်ဘူး၊ သုံးလေးကောင်ရဲ့ ခြေရာပဲဗျ'

'အေး... ဟုတ်တယ်၊ ပြောင်ဆိုတာ မိုးအခါမှာ တောင်ကျောပေါ်မှာ နေတတ်ပြီး အခုလို ပွင့်လင်းရာသီ နွေကာလ ဆောင်းကာလတွေဆိုရင် စွတ်စိုတဲ့ တောင်ခြေ လျှိုမြောင်တွေမှာနေကြတာဟာ သူတို့ရဲ့ သဘာဝအသိပဲ၊ ပြောင်ပဲထင်တယ်၊ အရေးကြီးတာက ကျားကွ၊ တို့ရဲ့ဦးတည်ချက် ပြောင်းအောင် တောကလှည့်စားနေတာလား မသိဘူး တင်မြတ်နဲ့ မိုးကျော်'

'အင်း.. ကျားရှာရင် တောဝက်နဲ့ ဒရယ်ရခဲ့ပြီ၊ အခုတစ်ခါ ပြောင်ခြေရာက သက်သေပြနေပြန်ပြီ၊ ဘာပဲ ဖြစ်ဖြစ်ပေါ့ ဆရာကျော်၊ ကျွန်တော်တို့တစ်တွေ တွေ့မရှောင်ဘဲဗျ'

'အေးပေါ့ကွာ၊ ပစ်ခွင့်ကြုံရင်ဖြင့် ပစ်ကြတာပေါ့'

မိုးကျော်အောင်ပြသည့် ခြေရာတွေအားလုံး ဂရုတစိုက်



ကြည့်ရှုရင်းမှ ပတ်ဝန်းကျင်အား သတိထားမိသည်။ လက်ပံပင်အုပ်အုပ်တွေဘေးဝယ် ရေချောင်းလား၊ စမ်းချောင်းလား မသိ ဖုန်းဆိုးမြေနှင့် ဆက်စပ်နေ၏။ မြက်လည်းပေါ၏။ ဝါးတောတွေလည်း ရှိသည်။ လက်ပံပင်တွေ လှုပ်သော်လည်း ခြေရာတွေ့ရသည့်ဘက်မှာတော့ အပင်ကြီးတွေ သိပ်မရှိတော့။ ချောင်းဘက်သို့ ဆင်ခြေလျှော နိမ့်ဆင်းသွားသော အပင်ငယ်တွေ၊ သက်ငယ်ပင်တွေနှင့် ဟိုတစ်ရုံ သည်တစ်ချုံကြီးတွေ ဝါးတောကြီးတွေသာ ရှိတော့၏။

မိုးကျော်အောင်နှင့် တင်မြတ် ခြေရာခံသော်လည်း မြေမာသည့် ဝါးရုံဘက်တွင် ခြေရာပျောက်၏။ သို့သော် ဝါးပင်တွေ၏ အခြေဝယ် မျှစ်တွေစားထားသည့်အတွက် ပြောင်တွေရောက်နေပြီဟုလည်း တွေးလို့ရ၏။ တစ်ဖန် တင်မြတ်ကြည့်သည့်နေရာမှာ ဝါးရုံပင်ကြီးအောက် ဝါးရွက်ခြောက်တွေပေါ် အကောင်ကြီးတစ်ကောင် အိပ်စက် ထားပုံရသည်။

တင်မြတ် ထိုနေရာအား အနီးကပ်မတိုးမီ ဝါးရုံနှင့်တကွ ချုံငယ်တွေ၊ သက်ငယ်ပင်တန်းဘက် သတိထားရင်း မိုးကျော်အောင်နှင့် ကျွန်တော့်အား သတိထားရန် ချုံတန်းနှင့်သက်ငယ်တောဘက်သို့ လက်ညှိုးထိုးပြပြီး သူ၏ ရင်ဘတ်ကို လက်မနှင့် ထောက်ပြ၏။ နောက် ဝါးရုံဘက် လက်ညှိုးထိုးပြန်သည်။ ကျွန်တော်နှင့် မိုးကျော်အောင် သဘောပေါက်လိုက်ပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



သူဝါးရုံပင်ဘက် ဝင်မည်။ သက်ငယ်တောဘက်အား သတိထားပေးရန် အချက်ပြသည့်တွင် မိုးကျော်အောင်သည် သူ့ဘေးတွင်ရှိနေသော တောသရက်ပင်ကြီး ဘေးကပ်လိုက် သည်။ ကျွန်တော်လည်း တင်မြတ်အတွက် ကြိုတင်ကာကွယ် ပေးရန် အင်ပင်ပေါက်ဘေးဝယ် နေရာယူထားလိုက်သည်။

တင်မြတ် ဝါးရုံဘက်လျှောက်သွား၏။ သူ့အတွက် အချိန်မရွေး ထွက်ပေါ်လာနိုင်သော ကျား သို့မဟုတ် ပြောင် စသည့် အကောင်ကြီးတွေ၏ အန္တရာယ်ကို သတိထားရင်း ရှေ့တိုးသွား၏။ သားကောင်ကြီးတစ်ကောင် အိပ်သွားသည့် နေရာအရောက် ထိုနေရာတွင် လက်နှင့် စမ်းကြည့်လိုက်၏။

'အင်း… ဒီမှာ အိပ်သွားတာ သေချာတယ်'

'တင်မြတ်'

'ဟုတ်ကဲ့ ဆရာကျော်'

'ဘယ်လိုလဲ၊ ဒီမှာအိပ်သွားတာ သေချာတယ်'

'ဘာကောင်ဖြစ်မလဲ'

'ပထမကျား၊ ဒုတိယပြောင် ဒီနှစ်ကောင်ပဲ'

'အေး… မြေကမာတော့ ခြေရာတွေ မတွေ့ရဘူး ဒါပေမဲ့ ကျားဆိုတာ သေချာတယ်'

'ဗျာ…'

'မဗျာနဲ့၊ မင်းနှာခေါင်းမှာ အနံ့မရဘူးလား၊ ပုပ် အက်အက် အနံ့လေ'



'ဟုတ်တယ် ရပါတယ်၊ ကျွန်တော် ဒါကြောင့် ကြည့်နေတာ၊ ပြောင်ရဲ့သေးနံ့လား၊ အီးနံ့လား၊ ဒါမှမဟုတ် လည်း ကျားကြီးရဲ့ သေးနံ့လားပေါ့၊ ကျားသေးနံ့တော့ မဟုတ် ဘူး၊ ဆရာကျော်ပြောသလိုပဲ အနံ့ပုပ်အက်အက်ကြီးဆိုတော့ ကျားပဲ သေချာတယ်'

'ဆရာကျော်'

'အေး'

'ဒီကောင်ကြီး ထသွားတာ မကြာသေးဘူးဗျ၊ သူ အိပ်သွားတာ နွေးနေသေးတယ်၊ ကျွန်တော်တို့ အသံတွေကြား လို့ အသာလေး လစ်သွားတာပဲ ဖြစ်မယ်'

'ဒီလိုဆိုရင် ဒီဘေးမှာ ချောင်းလား စမ်းလား၊ အင်း… စုပ်တပုပ် သူ့အစာလည်း ရှိမယ်ကွ'

'သေချာတယ် ဆရာကျော်၊ ရှေ့တိုးကြစို့'

'အေး… မိုးကျော်၊ လာဟေ့'

ကျွန်တော် မိုးကျော်အောင်အားခေါ်လိုက်ပြီး တင်မြတ် နှင့် ကျွန်တော် ရင်ပေါင်တန်းကာ အနံ့လည်းခံ၊ အသံလည်း နားထောင်၊ မျက်စိကိုလည်း လျှင်လျှင်ထား၍ စမ်းချောင်း ဘက်သို့ အသာဆင်းခဲ့၏။ သူလည်းမုဆိုး၊ ကျွန်တော်တို့လည်း မုဆိုး၊ မုဆိုးအချင်းချင်း အထူး သတိထားရမည်သာ။ သူက လည်း မခေ၊ လူတွေကိုပင်ရန်ပြုနေသော အံတုရဲသည့် ကျား ဆိုးကြီး ခြေလုံ၏၊ သတိကြီး၏။ အပိုင်တိုက်ခိုက်တတ်သော

www.burmeseclassic.com

www.burmeseclassic.com



သားရဲကြီးမို့ ကျွန်တော်တို့ ပေါ့၍မရပါ။ သတိလက်လွှတ်နေ၍မဖြစ်၊ သူ့ထက်သာအောင် ကျွန်တော်တို့ သတိကြီးစွာထားရင်း ရှေ့သို့ တိုးနေရပါသည်။

ကျားသည် ပထမ၊ အသားသည် ဒုတိယ၊ အသားဆိုသည်မှာ ကျားစားထားသော သားကောင်ဖြစ်ပါသည်။ သားကောင်ကိုတွေ့ချင်သည်။ သားကောင်တွေ့လျှင် ကျားဆိုးကြီးအား အထူးရှာရန် မလိုတော့။ သို့အတွက် ပထမ ကျား ဒုတိယသားဟုဆိုသော်လည်း နှစ်ခုစလုံးတွေ့လျှင် ကိစ္စပြီး၏။ မတွေ့သေးပါက နှစ်မျိုးစလုံး ပထမချည်း ဖြစ်ပေသည်ဟု တွေးရင်းရှာ၏။

'ရှူး'

'အေး'

အကြောင်းမှာ ပုပ်အက်အက်အနံ့က ပိုမိုစူးရှလာသည်။ သတိထား၍ ကြည့်ရမည်သာ။ ကျားကြီးကား ရှိတော့မည် မထင်။ တစ်နေရာရာသို့ ရောက်နေမည်ဟု တွေးမိသော်လည်း အရေးမကြီးပါ။ အရေးကြီးသည်မှာ ပုပ်အက်အက် စူးရှရှဖြစ်နေသော ကျားကြီးစားထားသည့် သားကောင် အကြွင်းအကျန် တွေ့ရင် တော်ပါပြီဟုတွေးကာ ရှာနေစဉ်–

'ဝူး…. ဝေါ… ဝေါ… ဝေါ… ဝေါ

'ဝူး…'

ယင်ကောင်တွေ အုပ်လိုက်ထပျံသံကြောင့် လိုချင်



သော အဖြေကို ရပါပြီ။ စိတ်ထဲမှာ ကျေနပ်သော အဖြေတစ်ခုမို့ ထိုအသံလာရာဘက်သို့ လျှောက်လိုက်သည်တွင် တောဝက်မတစ်ကောင်အား ကျားစားထား၏။ ပေါင်တွေ အရိုးတွေပေါ်နေသည့်အပြင် ဝမ်းဗိုက်ကြီးလည်း ဟောင်းလောင်းကြီး ဖြစ်နေ၏။ ပေါင်သားနှင့် ဝမ်းတွင်းသားတွေကို တစိမ့်စိမ့်စားရင်း ရေသောက်၏။ ရေသောက်ပြီး စားပြန်စားပြီး ရေသောက်ပြီးနောက် အနားယူအိပ်စက်ရာမှ ကျွန်တော်တို့အား တွေ့၍ သို့မဟုတ် အိပ်ရေးဝသည့်အတွက် တစ်နေရာရာသို့ ထွက်သွားလေပြီလား မသိ။ ဘာပဲဖြစ်ဖြစ် ဒီတောဝက်ကြီးကို စားထားသော ကျားကြီးသည် ပြန်လာဦးမည်သာ။ ဤနေရာမှာ ဆက်စောင့်နေရမည်လား၊ တဲသို့ပြန်ကာ ထမင်းစားရမည်လား။

'ကဲ… ကျွန်တော်တို့ မြန်မြန်ပြန်ပြီး ထမင်း စားကြရအောင်'

'ဟုတ်တယ်၊ ဒီမှာ ပြန်စောင့်ရင်ကောင်းမယ်ဗျ'

'ဩော်… ဆရာကျော်၊ နေရာရှာခဲ့ရအောင်လေ၊ ကျွန်တော်တို့ ထိုင်စောင့်ရမယ့် နေရာလေ'

'အေး… ဟောဟိုမှာ ဝါးရုံလေ၊ အဲဒီဝါးရုံအောက်မှာ စောင့်တာပေါ့ကွာ'

'ဟုတ်သားပဲ'

မိုးကျော်အောင်သည် ကျွန်တော် ညွှန်ပြသည့် တော

www.burmeseclassic.com

www.burmeseclassic.com



သရက်ပင်ကြီးနှင့် ရောနှောပေါက်ရောက်နေသော ဝါးရုံကြီးထံ ရောက်သွား၏။ ကျားကြီး ဘယ်ကပေါ်လာမည်နည်း။ ဝါးရုံကြီး၏ ကြီးမားသော အုံကြီးအတွက် အရေးမကြီးသော်လည်း တောသရက်ပင်ကြီးအောက်တွင်ရှိသော ချုံတွေမှာ စိတ်မချတော့။ သေချာပေါက် ကျားကြီး ရှိနိုင်သည်မို့ တင်မြတ်ထံ ကျွန်တော် ကပ်သွားသည်ကို မိုးကျော်အောင်က နောက်ပိုင်းအတွက်ပါ တာဝန်ယူထားရင်း ကျွန်တော်တို့အား စိတ်မချတော့။

'ပလုံ… ပလုံ… ပလုံ'

'ပလုံ… ပလုံ… ပလုံ'

ကျောက်တုံးပေါ်မှနေ၍ ရေစီးကျနေသော အသံ သိပ်မြင့်မြင့်ကြီးတော့မဟုတ်ပါ။ အောက်ဘက်မှာ ရေအိုင် ဖြစ်နေမည်။ ထိုရေအိုင်သည် ကျောက်နှင့်သဲတွေကြောင့် ရွံ့နွံတွေ မရှိနိုင်။ ထိုရေအိုင်သည် သားကောင်ကြီးအတွက် ရေစိမ်ရာသို့မဟုတ် ရေသောက်ရာ အိုင်ဖြစ်မယ်ဟု တွေးကာ တင်မြတ်အား တီးတိုးမှာကြားလိုက်၏။

'တင်မြတ်၊ ဟိုမှာ တွေ့လား၊ မင်း အဲဒီကို အရောက်သွား၊ မင်းရောက်တာနဲ့ မြင်အောင်ကြည့်၊ မမြင်ရင်လည်း ကိစ္စမရှိဘူး၊ မင်း ရောက်ပြီးတာနဲ့ ငါ ရေအိုင်ဘက်သွားမယ်၊ မင်းက အပေါ်ကနေတာဝန်ယူထား၊ မိုးကျော် မင်းက နောက်ပိုင်းရယ် တင်မြတ်က ဘယ်ဘက် ရယ်ကြည့်၊ ငါ့ကို 'တင်မြတ် ကြည့်မယ်၊ ဒီနေရာက ဝါးရုံတောကြီးတော့ လုံခြုံတယ်၊ ကဲ…



တင်မြတ်၊ သစ်ငုတ်ဘက်သွားနေရာယူပြီး ရှင်းတာနဲ့ လှတ်အောင်လိုက်၊ ငါ ဆက်လုပ်မယ်'

'ကျွန်တော် သွားမယ်'

'အေး'

တင်မြတ်သည် ဝဲယာတစ်ချက်ကြည့်ပြီး ပေလေး ဆယ်ခန့်ဝေးသော သစ်ငုတ်တိုဘက် ပြေးပါပြီ။ ခြေလုံနိုင်အောင် သစ်ကိုင်းခြောက်တွေ ရှောင်ရ၏။ မိမိအား စောင့်ကြို ဘိုက်ခိုက်မည့် သားကောင်ကြီးတွေမှအစ တောကြီးနေမြေကြီးများ အန္တရာယ်ကလည်း မသေး။ ဒုက္ခ ကောင်းကောင်းပေးနိုင်၏။ ဤကဲ့သို့သော ဝါးရုံတွေပေါသည့်မြေပြန့်မဟုတ်၊ တောင်မကြီးနှင့် ဆက်နေသော တောင်စောင်းတွေဝယ် မြွေများ နေတတ်၏။ တောကြီးနေမြွေဆိုပါက အန္တရာယ်ပေးမည်မှာ ဤနေရာတွင် မဟုတ်၊ မိမိနေထိုင်ရာ အိပ်စက်ရာအထိ ရှေ့မြေခြားပါစေ၊ လိုက်လံနှောင့်ယှက် သတ်ဖြတ်တတ်သော အမှတ်ကြီးသည့် ငန်းမြွေများအတွက်လည်း ကျွန်တော်တို့ စိုးရိမ်သကဲ့သို့ တင်မြတ်လည်း သတိထားပါ၏။ တင်မြတ်သည် သစ်ငုတ်ကြီးဆောသို့ ရောက်သည်နှင့် မျက်စိလျှင်လျှင် နားဝါးဝါးဖြင့် ကြည့်ရှုရှင်းလင်း၏။ သူ့အတွက် အန္တရာယ်မရှိတော့၍ ရေသံကြားရသော ရေအိုင်ဘက်သို့ ကြည့်လိုက်၏။ ရေအိုင်ငယ် တစ်ဝက်ကျော်ကျော်လောက်တော့ မြင်ရ၏။ ရေအိုင်ကြီးကြီး တော့ မဟုတ်။ ဆယ့်ငါးပေ၊ ပေနှစ်ဆယ်ခန့်လောက် ရှိမည်။

www.burmeseclassic.com

www.burmeseclassic.com



ဘာကောင်မျှ မတွေ့ရ။ တင်မြတ် လက်ထောင်ပါပြီ။

'မိုးကျော်၊ ငါ ဟိုရှေ့က ချတောင်ပို့ဘေးက တောသရက်ပင်ဘက်သွားမယ်၊ မင်း သတိထား'

'ဆရာကျော်၊ ဟို ချတောင်ပို့ကို ရှောင်နော်'

'အေး.... အေး'

'ကဲ... ငါသွားမယ်'

ကျွန်တော် ပြောပြောဆိုဆို ချတောင်ပို့ဘေးတွင်ရှိသော တောသရက်ပင်ကြီးဘေးသို့ အရောက် ချဉ်းကပ်လိုက်သည်။ ထိုနေရာရောက်သည်နှင့် တောပတ်ဝန်းကျင်ကို ရှာဖွေကြည့်ရှုပြီးနောက် ရေအိုင်ဘက် ကြည့်လိုက်၏။ ဘာကောင်မှ မရှိပါ။ ရေကျနေပြီး ရေအပြည့်မရှိ၊ အောက်သို့လည်း စီးမကျသည့်အတွက် ထူးတော့ ထူးခြားနေ၏။

ဘာကောင်မျှမရှိသော ရေအိုင်ဘေးမှနေ၍ ကျွန်တော် မိုးကျော်အောင်အား လက်ထောင်ပြသည်တွင် မိုးကျော်အောင် ရောက်လာ၏။ တင်မြတ်ကိုပါ ခေါ်ကာ ရေအိုင်အား လေ့လာသည်တွင် ရေအိုင်၏အောက်နားဝယ် စောစောက ကျွန်တော်တို့ အနံ့ရသလို ယင်ကောင်တွေ ထပျံသံကိုပါ ကြားနေရသော သားကောင်တစ်ကောင် ထပ်တွေ့ရပြန်ပါပြီ။

'ဆရာကျော်၊ စောစောက တောဝက်၊ ခု ဘာကောင်လဲ မသိဘူး'

'အေးကွ... ဒီအတိုင်းဆိုရင် အခြေအနေ သိပ်မကောင်းဘူး၊ တောမုဆိုးက တစ်ကောင်တည်းလား၊ ဒါမှမဟုတ် နှစ်ကောင်လား'



'ဆရာကျော်၊ ကျွန်တော်တို့ မနေ့ကပစ်တဲ့ အကောင်နဲ့ နောက်တစ်ကောင်ပဲဆိုတာ သေချာပြီ၊ နောက်ထပ် နှစ်ကောင်တော့ မဖြစ်နိုင်ဘူးထင်တယ်၊ ဒီအကောင်က ပိုပြီးပုပ်နေတယ်'

'မိုးကျော် နောက်ထပ် နှစ်ကောင်ဆိုရင်ကော ဘယ်လိုပြောမလဲ'

တင်မြတ် မသင်္ကာသည့်သဘောသည်လည်း မှန်ပါ၏။ ကျွန်တော် တွက်ကြည့်ထားသည့်အတိုင်းပင် ကျားသည် နှစ်ကောင်ပဲ ဖြစ်ပါသည်။ သုံးကောင်တော့ မဖြစ်နိုင်၊ တစ်ခုရှိနေသည်မှာ ကျားကိုကြောက်သော တောသူ တောင်သားများအတွက် ကျားနှစ်ကောင်နှင့် သရဲနှစ်ကောင်ကြောင့် ကျားလည်းကြောက်၊ တစ္ဆေသရဲလည်းကြောက်နှင့် ရောထွေးပြီး အခင်းတွေ လုပ်ကိုင် စားသောက်ရမှုအတွက် အခက်အခဲ အသက်အန္တရာယ် စိုးရိမ်နေကြသည်တွင် အဓိက ကျားနှစ်ကောင်မှာ သူတို့အတွက် ပိုမိုအရေးကြီးနေပြီဟု ကျွန်တော်တွေးထားသည့်အတွက် သုံးကောင်မဟုတ်နိုင်။ နှစ်ကောင်တော့ သေချာပြီ။

'မိုးကျော်နဲ့ တင်မြတ်ရေ၊ တို့ မြန်မြန်ပြန်မယ်၊ တို့အတွက် ငါးစားချစရာ မလိုတော့ဘူး၊ ကျားနှစ်ကောင်ကို တို့ တစ်ကောင်ရပြီးပြီ၊ ဒီတော့ နောက်တစ်ကောင်နဲ့ အသေကျက်စားရာ တို့သိရပြီကွ'

www.burmeseclassic.com

www.burmeseclassic.com



'ဒီတော့ တို့အချိန်မီ ပြန်လာမယ်၊ မလွတ်နိုင်ဘူး ကဲ... သတိထား ဆင်းမယ်'

'ဆရာကျော်'

'ဟင်'

'ရေအိုင်မှာ ရေကျနေတာလည်း သိတယ်နော်'

'သြော်... အေး... သိတယ်၊ ရေယိုပေါက်စိမ့်တွင်း ဒါမှမဟုတ်ရင် တူးပေါက်ရှိရမယ်၊ ဒုတိယ သတိထားရှာရမယ်၊ ကဲ... ပြန်ကြစို့၊ ဖြစ်နိုင်ရင် ထမင်းမစားဘဲ ထမင်းထုပ်ယူခဲ့ရင်'

'ဆရာကျော် မြန်မြန်စားတာပေါ့'

'အေး... သွားစို့'

ကျွန်တော်တို့သုံးယောက် တောင်အောက်သို့ ဆင်းခဲ့သော်လည်း စိတ်ထဲမှာတော့ တောမုဆိုး ကျားကြီးအား တွေ့ပြီး စိတ်မချနိုင်ပါ။ ဒီကောင်ကြီး ကျွန်တော်တို့အား ကြည့်နေမည်လားမသိ။ စိတ်ထဲမှာ အနှောင့်အယှက်ဖြစ်နေ၏။ နောက်ဆံတင်းနေသည်ဆိုပါက မမှားပါ။ ထိုသို့ဖြစ်နေပါက သေချာပေါက် ကျားကြီးနှင့် ရင်ဆိုင်ရတော့မည့်သာ။

အခင်းတဲရောက်၍ နုတ်နေသူတွေ မရှိတော့ပါ။ တဲပေါက်ဝမှ ကျွန်တော်တို့အား မျှော်နေသော ရွာသားတွေ ကျွန်တော်တို့ မြင်တော့မှ စိတ်အေးသွားလေပြီ။ ကျွန်တော်တို့ မရောက်သေး၍ စိတ်ပူနေကြ၏။ ကျွန်တော် နန်းခင်ယုတို့



ရှိတော့ဟု သိလိုက်ပါပြီ။ မရှိတော့လည်း သူ့မျက်နှာလေး မြင်ချင်သေးသည်။ နန်းခင်ယုလေးသည် ကျွန်တော့် မျက်နှာ မြင်မသွားရတော့ စိတ်ကောင်းမည် မထင်။ မြင်သွားချင်ရှာလိမ့်မည်ဟု ကျွန်တော် တွေးမိ၏။ သနားမိပါ၏။ သို့သော် မတတ်နိုင်တော့ပါ။ ဝေးဝေးကရှောင်ပါမှ ကောင်းပေမည်။ အဆိပ်တက်ခင်၊ ဒဏ်ရာမရခင် ကြိုတင်ပြင်ဆင်ရန် ကျွန်တော် ဆုံးဖြတ်လိုက်သည်။

'ဧော်... ဆရာကြီးတို့ကို စိုးရိမ်ရတာပအေး'

'ဟုတ်ကဲ့... ကျေးဇူးပဲဗျာ'

'ဘယ်သွားနေကြတာပအေး၊ ကျွန်တော်တို့ လိုက်လာလို့ပ'

'ကျွန်တော်တို့ ထမင်းစားပြီး ပြန်ထွက်မလို့'

'ကျွန်တော်တို့ လိုက်မှာပ'

'ကိစ္စမရှိ ကိုထွားမောင်၊ ကျွန်တော်တို့သုံးယောက် သွားမယ်၊ ခင်ဗျားတို့ကိုလည်း တာဝန်ပေးထားခဲ့မယ်ဗျာ'

'ရတာပ၊ ဒါပေမဲ့ ကျွန်တော်တို့ တစ်ယောက်လောက်တော့ လိုက်ခွင့်ပြုတာပအေး'

'ကျွန်တော် လိုက်မှာပအေး'

'ကဲ... ထမင်းစားမယ်ဗျာ'

ကျွန်တော်တို့ ထမင်းမစားခင် အရက်နှစ်ခွက်လောက် သောက်ကြ၏။ ထိုသို့ အရက်သောက်ရင်းမှ ကျွန်တော်တို့ထွား

www.burmeseclassic.com

www.burmeseclassic.com



မောင်နှင့် ကိုလှလေးတို့ နှစ်ဦးအား ခေါင်းဆောင်ထားတာ ကိုကျော်ဆွေနှင့် ကိုစိုင်းခမ်းတို့နှစ်ယောက်အား ခေါ်သွားရန် မိုးကျော်အောင်နှင့် တင်မြတ်အား ပြောပြ၏။

'ကဲ... ကိုထွားမောင်ဦးစီးပြီး ရှာသားတွေ ဒီတဲမှာနေ ပြီး နေခဲ့ကြ၊ တကယ်လို့ ကျားထွက်လာရင် ဒီအခင်းထဲပေါ့၊ တဲပတ်ဝန်းကျင်ကို ရောက်တာနဲ့ မောင်းကြ၊ ကျားကြီးပြေးစရာ တောပဲရှိတယ်၊ အဲဒီတောစပ်မှာ ကျွန်တော်တို့ ရှိနေမယ်'

'နောက် လောက်လေးခွတွေ သုံးကြရမယ်၊ သံပုံး တီးကြပါ၊ အသံပြုပြီး လောက်လေးခွနဲ့သာပစ်၊ ဒီကောင်ကြီး ခင်ဗျားတို့ကို ဘာမှမလုပ်ရဲပါဘူး ကြားလား'

'စိတ်ချတာပအေး၊ လုပ်မှာပ'

'ခြော်... လုပ်ရမှာက တဲထဲကနေပြီး မောင်းကြ ခြောက်ကြပါ၊ လောက်လေးနဲ့ပစ်ရင်လည်း တဲထဲကနေ တံခါး အသာဟပြီး ပစ်ကြဗျာ'

'ကျွန်တော် ကိုကျော်ဆွေနဲ့ ကိုစိုင်းခမ်းကို ခေါ်သွားမယ်၊ နောက် ကျွဲချည်တဲ့ ကြိုးနှစ်ချောင်းလောက် ယူခဲ့ကြဗျာ'

'ဟုတ်... ဟုတ်'

ကျွန်တော် ထမင်းစားရင်း သေသေချာချာ မှာ၏။ နောက်တစ်ခု တဲအပြင် မထွက်ကြရန်နှင့် ကျွန်တော်တို့ ဒီတစ် ညလုံး ပြန်ချင်မှပြန်မယ်။ တကယ်လို့ ကျားကြီး ပစ်ပြီးလျှင် တော့ ပြန်ခဲ့မည်ဟု မှာကြားကာ ထမင်းစားပြီးသည်နှင့် ကျွန်



တော်တို့ငါးယောက် ပြန်ထွက်ခဲ့ပါ၏။ ထွက်ပြီးနောက် ကျွန် တော်သည် ရေအိုင်ဘက် တောက်လျှောက်မသွားရန် တင်မြတ် ကို မှာပြီး ကျောင်း၏အရှေ့မြောက်ဘက်သို့ တက်၏။ ထိုမှတစ် ဆင့် တောင်စောင်းအတိုင်း အပေါ်စီးယူကာ လက်ပံတောဘက် ဆင်း၏။ ထိုမှတစ်ဆင့် ချောင်းလား၊ စမ်းလားမသိ ရေအိုင် ဘက်မရောက်မီ နေ့လယ်ကတွေ့ခဲ့သော တောခက်သေတစ် ပိုင်းအား ကိုကျော်ဆွေနှင့် ကိုစိုင်းခမ်းတို့အား သယ်ယူစေပြီး ရေအိုင်ဘက်ဆင်း၏။

'တင်မြတ်... သေသေချာချာရှင်းပော့'

'စိတ်ချပါ ဆရာကျော်'

'အေး... တို့တွေ့ခဲ့တဲ့ ချေသေဘက်ဆင်းမယ်'

'ဟုတ်ကဲ့'

ကျွန်တော် သတိထားခိုင်း၍ တင်မြတ် ပိုမိုသတိထား ၏။ ကျွန်တော့်အကြံအား ဘယ်သူ့ကိုမှ မပြောပါ။ ဆက်ဆင်း ရင်း ချေသေထံသို့ ရောက်ပါပြီ။ ချေသေအား ကြည့်တော့ ချေအသေအား ကျားကြီး နောက်ထပ်လာ မစားသေးသဖြင့် ကျွန်တော် ကျေနပ်သွားပါ၏။

'ကဲ... ကိုကျော်ဆွေနဲ့ ကိုစိုင်းခမ်း'

'ရော်...ဆရာကြီးပ၊ ဒီမှာ ချေသေတစ်ကောင်ပ'

'ဟုတ်တယ်၊ ကျားစားနေတာလေ'

'ရော်... ကျားကော ရှိမှာပအေး'

www.burmeseclassic.com

www.burmeseclassic.com



'တစ်နေရာရာမှာ သွားအိပ်နေတာဗျ၊ လာစားမှာပေါ့ သူ မလာခင် ကျွန်တော်တို့ လုပ်သင့်တာတွေ လုပ်ရမယ်'

'တင်မြတ်ရေ၊ လုံခြုံမှုကို သတိပြုနော်၊ တို့စီစဉ်စရာတွေ စီစဉ်မယ်'

'စိတ်ချပါ ဆရာကျော်၊ အနံ့ကတော့ ပိုထွက်လာပြီ'

'ပိုထွက်လေ ကောင်းလေပေါ့၊ ဝက်နဲ့ချေ နှစ်ကောင် ပေါင်းတော့ အနံ့ပိုထွက်တာပေါ့'

'ကိုကျော်ဆွေနဲ့ ကိုစိုင်းခမ်းရေ၊ ခင်ဗျားတို့မှာ ပါလာ ကျွဲချည်တဲ့ကြိုးနဲ့ သေသေချာချာ ချည်ဗျာ'

'ဟုတ်... ဟုတ်'

'သေသေချာချာဆိုတာ သူတို့ကို တွဲလောင်းဆွဲထား အောက်ပြုတ်မကျအောင် ဆွဲမှာဗျ'

'စိတ်ချတာပေအေး'

သူတို့သည် ကျွန်တော် ခိုင်းသည့်အတိုင်း တောဝက် တစ်ပိုင်းနှင့် ချေတစ်ခြမ်းတို့အား ပေါင်း၍ ချည်နှောင်လိုက် သည်။ တင်းတင်းချည်ပြီး ဆွဲကြည့်ရာ အဆင်ပြေပါပြီ။ ... ပြုတ်မကျနိုင်တော့။ ကျွန်တော်သည် နေ့လယ်ကတည်းက ကြည့်ထားခဲ့သော ရေသဖန်းပင်ကြီးအား မှတ်ထားခဲ့၏။ ... သဖန်းပင်ကြီးပေါ်သို့ ကိုစိုင်းခမ်းအားတက်ခိုင်းလိုက်၏။ အပေါ် ရောက်သော် အောက်မှကြိုးစကို ပစ်ပေးလိုက်၏။ ကိုကျော် ဆွေ ပစ်ပေးသော ကြိုးစအား ကိုစိုင်းခမ်း ဆွဲယူကာ ကျွန်...





ချည်နှောင်ခိုင်းသည့်အတိုင်း အကိုင်းကြီးပေါ်မှနေ၍ ထိုသား ကောင်နှစ်ကောင်အား ဆွဲယူကာ တွဲလောင်းချိတ်ဆွဲ၏။ ကျွန် တော်သည် ကျားတစ်ကောင် ခုန်နိုင်သည့် အနေအထားမှာ ခြောက်ပေခန့်အထိ ကောင်းစွာခုန်နိုင်သဖြင့် ခြောက်ပေကျော် ကျော် တွဲလောင်းချထားကာ အသေအချာ ချည်နှောင်ထားလိုက် ပါသည်။

'ကဲ... မိုးကျော်၊ တို့ဟောဟိုချုံဘက် စောင့်မယ်'

'ဆရာကျော်၊ တင်မြတ်ဘက်ကနေရင် ကောင်းမလား ဘဲ'

'နည်းနည်းလှမ်းတယ်ကွ၊ ဒီနေရာ ပိုကောင်းတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ရေသောက်ဆင်းရင် တင်မြတ်ဖက်က မမြင်ရဘူးကွ'

'ဟုတ်တယ် ဆရာကျော်၊ ဒါဆို လာ ကျွန်တော်တို့ အရင်သွားရှင်းရအောင်၊ ရှင်းပြီးမှ တင်မြတ်ကို ခေါ်မယ်လေ'

'အေး... သွားစို့'

ကျွန်တော်တို့လေးယောက် ချုံနှင့်အတူ တောသရက် နှစ်ပင်ဘေးသို့ရောက်တော့ ရှင်းပြီး နေရာယူလိုက်၏။ တင် မြတ်လည်း ရောက်ပါပြီ။ အားလုံးသုံးယောက်သား ရှေ့မှနေ၍ ကိုကျော်ဆွေနှင့် ကိုစိုင်းခမ်းတို့နှစ်ယောက်အား တောသရက် ပင်အကြားတွင် နားနားနေနေ နေကြရန် မှာကြားရင်း အခြေ အသေး၍ စောင့်နေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဝေါက်… ဝေါက်'

'ဖြောက်… ဖြောက်… ဖြောက်'

'ဝေါက်'

ကျွန်တော်တို့ ရှေ့တည့်တည့် ရေအိုင်ဘက်သို့ ချေ အထီးတစ်ကောင် ရေသောက်ဆင်းလာပါပြီ။ ရေသောက်နေစဉ် တင်မြတ်သည် ချေအား ချိန်လိုက်သည်။ ကျွန်တော်က ဘာမှ မပြောပါ။ တင်မြတ်နှင့် မိုးကျော်အောင်တို့သည် ကျွန်တော်၏ ပစ်ခွင့်မပြုပါက သူတို့အား ဝင်တိုက်သွားပါစေ၊ အလေးမထား ပါ၊ မပစ်ခတ်ပါ။ ကိုကျော်ဆွေသည် တင်မြတ် ချိန်ရွယ်သည် ကိုကြည့်ကာ ပစ်မည်ဟုထင်၏။ တင်မြတ် မပစ်တော့ သူ မကျေနပ်ချင်။

'ရော်… ဘာဖြစ်လို့ မပစ်တာပ'

'ရှူး… ကျွန်တော်တို့ပစ်မှာ ကျား'

'ရော်… ဟုတ်တာပအေး'

ချေအား မြင်တွေ့နေရသော ကိုကျော်ဆွေနှင့် ကိုစိုင်း ခမ်းတို့သည် ကျွန်တော်တို့ မပစ်၍ အားမရပါ။ သို့သော်လည်း ကျွန်တော်မှ တိုးတိုးဟု သတိပေးသကဲ့သို့ ကျွန်တော်တို့ပစ် မည့် ကျားဆိုးအကြောင်း အသိပေးလိုက်သည်တွင် သူတို့ဆက် မပြောတော့။

သူတို့နှစ်ယောက်ပင်လျှင် မြက်စားနေသော ချေအား ကြည့်ကာ ပစ်စေချင်သကဲ့သို့ ကျွန်တော်တို့ သုံးယောက်မှာ



မုဆိုးတွေမို့ ချေ၊ ဒရယ်၊ တောဝက်၊ ဆတ်စသည့် သားကောင် အား မပစ်ခတ်သော မုဆိုးသည် အလွန်မိုက်မဲသူဟု ဆိုကြမည် သာ။ သို့သော်လည်း နေရာဒေသ၊ အချိန်အခါ၊ ဆောင်ရန် ရှောင်ရန်ဆိုသည့်အတိုင်း ရှောင်ရမည့်အချိန်၊ ပစ်ရမည့်အချိန် အခါ မဟုတ်သောကြောင့် ကျွန်တော်တို့ အံကြိတ်နေခဲ့ရသည်။ စိတ်ထဲကတော့ ပစ်မိသည်။ စောစောက ရေသောက်နေစဉ်မှာ ပင် တင်မြတ် ကြိတ်မနိုင် ခဲမရ၍ ချေအား ချိန်လိုက်မိသည်။ ဒီတော့လည်း ရသေ့စိတ်ဖြေဆိုသကဲ့သို့ ကိုယ့်စိတ်ကို ဖြေလိုက် ရသည်။

ချေသည် မပစ်ပါဘူးဆိုကာမှ မြက်တွေစားနေပုံမှာ အေးအေးဆေးဆေး။ အစောကြီးထွက်၍လည်း ကျွန်တော်အံ့သြ မိသည်က အမှန်ပင်။ သားကောင်တွေ ဘယ်အချိန်မှ ထွက်ရ သည်ဟုတော့ အတိအကျ ကျွန်တော်တို့ မသိပါ။ သိထားသည် မှာတော့ နေဝင်စမှ ညဆယ်နာရီလောက်အထိ ထွက်တတ် သောအချိန်ကို သိထား၏။

ယခုထွက်သည်မှာ ငါးနာရီသာ ရှိသေး၏။ သို့သော် လည်း သူထွက်ချင် ထွက်ပေမည်။ ရေဆာနေသော ချေပေါက် ရေသောက်စောစောထွက်ရင်း ရေသောက်ပြီး မြက်တွေစားနေ သည်အား ကြည့်ပြီး စိတ်မရှည်ချင်စရာပင်။ အားမတန်၍ မာန်ကို ချပြီး ဆက်စောင့်နေရသည်။

ချေသည် အစာစားပြီးနောက် တောင်စောင်းပေါ်သို့

www.burmeseclassic.com

www.burmeseclassic.com



တက်လေပြီ။ ထိုချောက်သည့်နေရာမှာ စောစောက တင်မြတ် နေရာယူခဲ့သော သစ်ငုတ်ကြီးဘက်မှတစ်ဆင့် တောထဲသို့ တစ်လှမ်းချင်းလှမ်းရင်း ဝင်သွားပါပြီ။ ချော လမ်းလျှောက်မှုအား ကြည့်၍ ကောင်းနေသည်ဟုသာ ထင်ရသည်။ ဘာမှ မတတ်နိုင်၊ ပစ်ကွင်းထဲက သားကောင် တစ်ကောင်ကောင်ကို တော့ဖြင့် လွှတ်ပေးလိုက်ရပါပြီ။ သို့သော်လည်း သားကောင်မဟုတ်သော ကျားကောင်အား ပစ်ခတ်ရန် ဆက်လက်စောင့်ရန်မှာ ကျွန်တော်တို့၏ တာဝန်သာဖြစ်ပါသည်။ အပုပ်နံ့သည် အပေါ်သို့ဆွဲထားသည့်အတွက် ပိုမိုထွက်နေသည်ကို ကျွန်တော် အကြိုက်ဆုံးပင်။

ထိုအပုပ်နံ့ရပါက သူ၏အစာအား သတိပိုမိုရမည်။ အနံ့က ဝမ်းဗိုက်ပိုမို ဆာလောင်စေမည်သာ။ သို့အတွက် ကျားကောင်ကြီး မကြာမီ ထွက်ကိုထွက်မည်ဟု ကျွန်တော် တွေးပြီး ကျေနပ်နေပါသည်။

အချိန်သည် တဖြည်းဖြည်း မှိုးချုပ်လာပါပြီ။ တော ထဲမှာ တိတ်ဆိတ်နေ၏။ သို့သော် ပုစဉ်းရင်ကွဲသံသဲ့သဲ့ ကြားရ၏။ ကျွန်တော်တို့၏ အထက်ဘက်မှာ လှိုင်ကြီးတစ်ခု ရှိသည်ကို ကျွန်တော်သိထား၏။ ထိုလှိုင်ကြီးထဲမှာ ပုစဉ်းရင်ကွဲတွေ၊ ပုရွက်တွေ ခိုညှိနေမည်ကိုလည်း ကျွန်တော် တွေးမိသည်။

တင်မြတ် ရော့ဘူးဖြုတ်ပြီး မော့ပါပြီ။ မိုးကျော်အောင်ကတော့ မမော့။ ကိုကျော်ဆွေအား တင်မြတ်ပေးသည် မော့ပါ





အစ်ဖန် ကိုစိုင်းခမ်းလည်း သောက်၏။ မိုးချုပ်သည်မှာ ညဥ့်ဆယ်နာရီ မကတော့။ ကျွန်တော်တို့ ဒီနေရာကို ရောက်သည်မှာ ခြောက်နာရီခန့် ရှိပါပြီ။ ချောတစ်ကောင်ပဲ တွေ့ကြ၏။ ကျွန်တော် ဆင်ထားသော ကျားကြီး အဘယ်သို့ ရောက်နေပါသနည်း။ ဘာကြောင့်မထွက်သေးသည်ကို စဉ်းစား၍မရပါ။ မှန်းချက်နှင့် နှမ်းထွက် မကိုက် ဖြစ်နေသည်။

'မိုးကျော်နဲ့ တင်မြတ်'

'ဟုတ်ကဲ့'

'မထွက်သေးဘူး'

'ထွက်အောင် စောင့်မယ် ဆရာကျော်'

'စောင့်ရမှာပေါ့ကွာ'

'ဝေါင်း'

'ဝေါင်း'

'ဝေါင်း'

'ဟော… အပေါ်က အသံပဲ'

'အေး… အားတက်ပြီကွ'

'ဆရာကျော်၊ ဒီကောင်ကြီးတွေဟာ တစ်ခါစားရင် အချိန်တစ်ဆယ်လောက် ကောင်းကောင်းစားပြီး သုံးရက်လောက်အထိ နေနိုင်တယ်လေ'

'ဘာနေနိုင်တာလဲ မိုးကျော်'

'ဩော်… မင်းကလည်း တံပိုးနှင့်အောင်စားပြီး သုံး-



www.burmeseclassic.com

www.burmeseclassic.com



ရက်လောက် အစာမစားဘဲနေနိုင်တာ မင်းအသိပဲ၊ ဒီကောင်ကြီး အခု စားထားတာက တောဝက်ကို အချိန်တစ်ဆယ်ကောင်းကောင်း ရှိတယ်။ အေး… ချေတောင် သုံးလေးပိဿာပဲ ကျန်တာကွ'

'ဒါဆို မနေ့က ဒါမှမဟုတ် တစ်နေ့က စားထားတာပဲကွ'

'အေး… ဒါကြောင့် ဒီနေ့ည ဒါမှမဟုတ် မနက်စောစော အစာရှာထွက်မှာ သေချာတယ်'

'အစာရှာထွက်လို့ကတော့ကွာ၊ ဒီမှာပဲလာမှာကွ'

'ဟုတ်တယ်၊ ဟုတ်တယ်'

ကျွန်တော်တို့ ကျားဆိုးကြီးအသံကြားရ၍ ဝမ်းသာကြသည်။ အသံမှာ တောင်ပေါ်က ဆင်းလာလေပြီလား မသိ။ ဘာပဲဖြစ်ဖြစ် ဆင်းလာပါစေဟုသာ ဆုတောင်းနေမိပါသည်။ အသံကြားရ၍ အားတက်နေရင်း ကိုယ်ရှိရာ ချွဲယူတွေးရင်း ဆက်စောင့်မည်ဟူသော ဆုံးဖြတ်ချက်ဖြင့် စောင့်ရမည်မှာ စောစောကလို အသံမကြားရသော အနေအထားမဟုတ်တော့၍ စိတ်လှုပ်ရှားလာသည်ကတော့ အမှန်ပင်။

ကျားဆိုးကြီးအသံကား ပျောက်သွားသည်မှာ လုံးဝ တိတ်ဆိတ်သွားပါပြီ။ ကိုကျော်ခွေ၏ အိပ်ချင်စိတ်နှင့် သမ်းလိုက်သောအသံကို ကျွန်တော်တို့ ကြားရ၏။ အိပ်ချင် အိပ်ပါစေတော့ဟု ကျွန်တော် ယောင်ဝါးဝါးဖြင့် နာရီအား မြှောက်ကြည့်



လိုက်သည်တွင် ဆယ့်တစ်နာရီ ထိုးတော့မည်။

ခုလောက်ဆို တဲကလူတွေအိပ်ကြပြီလား၊ အသားတွေ တစ်ဝစားကာ အရက်နှင့် ပျော်နေကြလေမည်လား ဟူသော အတွေးတွေ တွေးရင်းမှ နန်းခင်ယုထံ စိတ်က ရောက်သွားမိသည်။ သူမများ အိပ်၍မှပျော်ပါလေစ။ အိပ်မပျော်ပါက မနက်ဖြန် မြေပဲလာနုတ်နိုင်မည်လား။ မလာနိုင်ရင် မတွေ့ရဟုတွေးရင်း ရင်မောလာ၏။ ရင်မောရသော ကျွန်တော်၏ဆုံးဖြတ်ချက် ကျွန်တော် မထိန်းနိုင်ဖြစ်ပြီး နန်းခင်ယုလေးအား သနားခြင်းနှင့်အတူ နွယ်တစ်မျှင်လိုတွယ်ငင်မိသော သမုဒယသံယောဇဉ်တို့ ရင်မှာ မောဟိုက်နေမိပြန်ပါသည်။

'ဩော်… ယုလေးရယ်၊ သနားလိုက်တာကွယ်'

'မောင်ဟု အတန်တန် ခေါ်တတ်လေသော ဗန်းမော်မှ ချစ်ဦးသူယု၊ ချစ်ဦးသူကဲ့သို့ တစ်ဖန် တောတောင် ထူထပ်သည့် ကျေးရွာလေးမှ တောသူမလေး ယုဆိုသည့် နန်းခင်ယုမှ သည်း အုံသြစရာ ကျွန်တော့်အား မောင်တဲ့၊ ယုရဲ့ ခေတ်ပုံထဲက အလုံးလေးတွေနဲ့အတူ မောင့်အတွက် ယုဆိုသော အသုံးအနှုန်းလေးတွေဖြင့် ကျွန်တော့်အား မောင်တဲ့၊ နောက်… နောက် ချစ်တယ်တဲ့၊ ဩော်… ညီမလေးရယ်'

'ဆရာကျော်'

'ဘာလဲ မိုးကျော်'

'အသံတွေ'

www.burmeseclassic.com

www.burmeseclassic.com



'ဟင်'

'ဟုတ်တယ် မိုးကျော်ရေ၊ တဲဖက်ကကွ'

'ဝူး... ဝူး... ဝူး'

'ဘုန်း... ဘုန်း... ဘုန်း'

'ဟေး... ဟေး... ဟေး'

'ဝေါင်း... ဝေါင်း'

'ဘုန်း... ဘုန်း... ဘုန်း'

ကျားဆိုးကြီးသည် ဘယ်ကနေ ဘယ်လို တောင်ခြေသို့ ဆင်းသွားသည် မသိ။ ကျွန်တော်တို့ မီးရှို့ခဲ့သည့် နေရာလား သို့မဟုတ် ဘုန်းတော်ကြီးကျောင်းဘေးမှ ကပ်ဆင်းသွားသည်လားမသိ။ သူ၏ အစာထံသို့ မလာသေးဘဲ လူတွေအတွက် အနှောင့်အယှက် ပေးချင်သည်လား။ အလစ်အငိုက် လူချောင်းပြီး တိုက်ကွက်ဆင်လေပြီလား ဟူသော အတွေးတွေကြောင့် စောစောက သမုဒယကလေးတွေ ပျောက်ခဲ့ရပြန်ပါပြီ'

'ဆရာကျော်၊ ကျွန်တော်တို့ တောစပ်ဘက် ဆင်းမလား၊ ကြိုစောင့်ရအောင်'

'မမီတော့ဘူး ထင်တယ်ကွ'

'ဟုတ်တယ် တင်မြတ်၊ မမီနိုင်တော့ဘူး'

'ဒီကပဲ စောင့်တာပေါ့ကွာ'

ဆက်စောင့်နေသော်လည်း အကြောင်းက ထူးမလာပါ။ တောမုဆိုးကြီးသည် မုဆိုးပီပီသသ ခြေလုံလက်လုံပင်



သူ၏အန္တရာယ်ကို သူ ကာကွယ်စောင့်ရှောက် နိုင်သည်လား။ ကျွန်တော်တို့အား ဂရုမစိုက်သည့်သဘောဖြင့် လှည့်ထွက်၍ တဲဖက်ဝင်ရောက် နှောင့်ယှက်သည်လား မသိ။

'အင်း... ကျွန်တော်တို့ကို လှည့်စားသလားပဲ'

'အေးလေ... တို့လုပ်ထားတာ သိတယ်ဆိုတဲ့သဘောပဲ တင်မြတ်'

'မိုးကျော်နဲ့ တင်မြတ် သူ့ကို တို့က ထောင်ထားတယ်၊ သူက သိတယ်ဆိုပြီး ရှောင်ရင်း ငါထင်ထားတဲ့အတိုင်း တဲဖက် သူသွားတာ သူ့အမှားပဲကွ'

'ဟုတ်တယ် ဆရာကျော်၊ ထွက်တဲ့အကွက်ထဲ ဒီကောင်ကြီး တိုးဝင်သွားတာပဲဗျ၊ သူကလည်း ကျွန်တော်တို့ကို လှည့်တာပါချင် ပါမှာပါပဲ၊ ဒါပေမဲ့ တစ်ကွက်မှားသောကျားက သူ ဖြစ်သွားပြီလေ'

'ဒါကြောင့် ဒီကောင်ကြီး တို့ဖက်လာမှာပါကွ'

လူမုဆိုး၏ လှည့်ကွက်ကို ကွင်းရှောင်သွားသော ကျားမုဆိုးသည် လူမုဆိုး တွက်ထားသည့် အကွက်ထဲ ရောက်မှန်းမသိ ရောက်သွားလေပြီ။ ခါတိုင်းလိုပဲ သူသည် အခင်းဘက်သို့ ဝင်နေကျဖြစ်သောကြောင့် ကျွန်တော်တို့ရှိသည့်ဖက် မထွက်ဘဲ လှည့်ကွက်ဆင်ကာ ဘုန်းတော်ကြီးကျောင်းဘေးမှ ခြေလုံလက်လုံ ထွက်သွားသည်ကို ဘုန်းတော်ကြီးကျောင်းတွင်ရှိသော ခွေးတွေပင်မသိလိုက်။ ဘုန်းတော်ကြီးကျောင်းမှ ခွေးဆယ်ကောင်ခန့်ရှိ

www.burmeseclassic.com

www.burmeseclassic.com



သည့်အနက် ချွေးနက်ကြီးနှစ်ကောင်မှာ ကျားလည်းမကြောက်၊ အနံ့ရသည်နှင့် တဟဲဟဲ ရဲရဲတင်းတင်း ဟောင်ကြ၏။ သို့အတွက်ကြောင့် ကျားကြီးမှာ ကျောင်းဝင်းထဲသို့ မဝင်ရဲပါ။ ထိုချွေးနက်ကြီးနှစ်ကောင်သည်လည်း ကျောင်းပြင်သို့ မထွက်။ ကျောင်းဝင်းထဲမှာတော့ သတ္တိခဲပင်။ အထဲဝင်ခဲ့ပါက တကယ်ဝိုင်းကိုက်မည့် မိုက်ခဲညီနောင်ပင်ဖြစ်ကြောင်း ဘုန်းတော်ကြီးပြောပြ၍ သိခဲ့ရပါ၏။

ယခု တောမုဆိုး ကျားကြီးသည် ကျောင်းဝင်းဖက်မကပ်ဘဲ သက်ငယ်တောအစပ်မှ အောက်ဘက် ဆင်းသွား၏။ တောင်ခြေရောက်သည်နှင့် ကာရံထားသည့် ခြံစည်းရိုးတုံးတင်အကာအား လွှားခနဲကျော်ပြီးသည်နှင့် ခြံအတွင်းဘက်တွင်ရှိသော ပြောင်းပင်တွေ အလယ်တွင် နေရာယူပြီးမှ သူ့အတွက်အန္တရာယ်ကင်းပြီဟူသော အသိဖြင့် တဲဘက်ထွက်ခဲ့သည်။

'တီတီတူး… တီတီတူး'

'တီတီတူး… တူး… တူး… တူး'

'တီတီတူး… တူး… တူး'

'ရော်… ကျားလား၊ ဆရာတို့လား'

'မီးရောင်ကြည့်တာပ'

'ရော်… ဆရာတို့ မဟုတ်ပ'

'လူလေးမ'

'ဟုတ်… သေသေချာချာကြည့်၊ အစီ သံပုံးတွေ



အသင့်ပြင်ထား'

'ကျားကြီးပ'

'ဟုတ်… ဟုတ်'

'လောက်လေး ကိုင်ထား၊ အကောက်ကောလောခတ်လေး အသင့်ပြင်ကြပအေး'

'ဟုတ်… ဟုတ်'

အားလုံး အသင့်ပြင်ထားကြသည်။ တဲအပေါက်ဝတံခါးအား အသာကလေး ဖွင့်ဟထားရင်း အပြင်သို့ ချောင်းကြည့်နေစဉ်မှာပင် တဲတွင်းရှိ ကျွဲတွေထံမှ–

'ရှူး… ရှူး'

'ညွှ… ညွှ… ညွှ… ရှူး'

'ကျားကွ၊ သတိထားကြ'

ကျားကြီးသည် လူတွေ သူ့ကိုစောင့်နေသည်ဟု လုံးဝထင်။ ခါတိုင်းလိုပင် တဲဖက်သို့အပြေးတဝက်ဖြင့် ပြောင်းခင်းဘက်မှ ထွက်ခဲ့ပါပြီ။ ပြောင်းခင်းသာ ဆိုရသော်လည်း ပြောင်းဖူးတွေ ချိုးပြီးသည့်အပြင် အရွက်နုတွေလည်း ကျွဲစားခြင်း၊ ကျွဲနင်းခြင်းကြောင့် အပင်တွေ တော်တော်ကြဲနေ၍ ကျားကြီးကြာကြာမနေနိုင်ဘဲ တဲဖက် ပြေးလာခြင်းပင်ဖြစ်ပါသည်။

ကျားကြီးအား ကြည့်နေကြသော ရှာသားတွေ တော်တော်လေး ကြောက်ရွံ့သော်လည်း အင်အားများသည့်အတွက် တစ်ယောက်ကိုတစ်ယောက် အားကိုကာ ရဲစိတ်တွေမွေးရင်း

www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေသည်။ သဲသဲကွဲကွဲတော့ မမြင်ရသေးပါ။ ကျွဲတွေလည်း အနံ့ရလေပြီ။ ကျွဲသည် ကွင်းပြင်ဝယ် ကျားမပြောနှင့်၊ ဆင်ကိုပင် သူ မကြောက်တတ်၊ ယခုလည်း အနံ့ရသည့်အတွက် ကျွဲပေါက်ကြီး သုံးကောင်မှာ တရှူးရှူး ဖြစ်နေသကဲ့သို့ ကျွဲမနှင့် ကျွဲငယ်တွေ တညီညီ အော်နေကြ၏။

'ရော်… ပြေးလာနေကြတာပအေး'

'အော်ပြီး မောင်းတာပ ကိုထွား'

'ရော်… စောင့်နေကြတာပအေး၊ ကြောက်စရာမလိုပါ၊ အထဲဝင်နိုင်တာမှ မဟုတ်၊ အနားရောက်မှ လေးနှစ်လက်ကမှန်အောင်ပစ်တာပ၊ တို့က မောင်းမယ်၊ အစီ သံပုံးထုရမယ်နော့'

'ဟုတ်… ဟုတ်'

'ရော်… ကြောက်နေသလားပ'

'ရော်… ကြောက်တော့ ကြောက်တာပ ကိုထွား ကိုထွားတို့ရှိတော့ ကြောက် မကြောက်ပအေး'

'ရော်… အရေးထဲ ကြောက်မကြောက် လုပ်နေတာပအေး'

'ကိုထွား အနားရောက်တော့မှာပအေး'

'နေပါဦးဟ၊ ရောက်ပါစေ၊ ငါက စအော်ရင် ဝိုင်းအော်ကြ၊ ပစ်လည်းပစ်၊ သံပုံးလည်းတီးတာပ'

'စိတ်ချပအေး'



ထိုသို့ ပြောနေစဉ် ရွာသားတွေအားလုံး ဝိုင်းပြီး ထုနက်ကြတော့မည်ကို ကျားကြီး လုံးဝမသိပါ။ တောမုဆိုး ကျားကြီးသည် သတ္တိတော်တော်ကောင်း၏။ နောက်တစ်ခု ထူးခြားသည်မှာ လုံးဝအသံမပေးသော တိုက်ကွက်တစ်ခုသည် မညာသားပါ၏။ တော်တော် ပါးနပ်သော ကျားကြီးမင်း။

'ရော်… ကိုထွားပ'

'အေး… အသင့်ပြင်'

'ဟေး… ဟေး… ဟေး'

'ဝူး… ဝူး… ဝူး'

'ရူး… ရူး… ရူး'

'ဘုန်း… ဘုန်း… ဘုန်း'

'ဖောက်… ဖောက်'

'ဖောက်… ဖောက်'

'ဟေး… ဟေး… ဟေး၊ ပစ်ကွ၊ ပစ်တာပအေး'

ပထမဆုံး ကိုထွားမောင်း၏ ဟေးဟေးဟေးဆိုသည်နှင့် ဝိုင်းအော်ကြသော အသံတွေကြောင့် ပြေးလာသော ကျားကြီး တုန်လှုပ်ကာ ရပ်အသွား၊ သံပုံးတီးနှင့် ထပ်တူထပ်မျှသော လောက်စာလုံးတွေက သူ့ဘေးမှ ပွတ်၍ တာဝီဝီ အသံတွေကြောင့် တောမုဆိုးကျားကြီး ခြေစုံရပ်ပြီး တွေဝေကာ အပစ်ခံလိုက်ရပြီ။

'ဘုတ်'

www.burmeseclassic.com

www.burmeseclassic.com



'ဝေါင်း'

'ဘုတ်… ဘုတ်… ဒေါက်'

'ခွီး… ငူး… ငူး'

'ဝေါင်း… ငူး… ငူး'

ကျားကြီးအား ကောင်းစွာထိမှန်သော လောက်စာလုံး ပထမအချက်မှာ ဘေးသို့ထိရာမှ နာကျင်မှုအတွက် ဘေးသို့ စောင်းလိုက်သည်တွင် သူ၏ဘေးသို့ နောက်ထပ် လောက်စာလုံးနှစ်ချက်မှန်သဖြင့် တဲဖက်ပြန်အကြည့် ဦးခေါင်းတည့်တည့် အရိုးပေါ်သို့ ဒေါက်ဟူသော လောက်စာလုံးက ပြင်းထန်စွာထိသွားစဉ် လန့်ကာ ခွီး၊ ငူး… ငူး… ဝေါင်းဟူသော ပထမဆုံး ကျားသံကြီးထွက်လာရာမှ နောက်ဆုံးအသံတွေနှင့် လောက်စာလုံးတွေ တဝီဝီကြောင့် နောက်ကြောင်းပြန်လှည့်ပြေးကာ ဘယ်ကိုပြေးရမည် မသိတော့။ မွှန်ထွန်ကာ ဦးတည်ရာမဲ့ပြေးရင်း သတိရကာ တောတန်းတောင်ခြေသို့ ပြေးခဲ့ပါတော့သည်။

'တီတီတူး… တူးတူး'

'တီတီတူး… တီတီတူး… တီတီတူး'

'တူး… တူး… တူး'

'ဆရာကျော်၊ လာနေပြီ၊ တောစပ်ရောက်တော့မယ်ဗျ'

'မြင်လား မိုးကျော်'

'သဲသဲကွဲကွဲတော့ မမြင်ရဘူး။ မည်းမည်းနဲ့ တောစပ်ဖက် ပြေးလာနေတာ တွေ့တယ်'



'ဟုတ်တယ် ဆရာကျော်၊ မြင်နေရတယ်'

'အေး… တီတီတူးတွေ တောစပ်မှာ ထိုးနေပြီကွ၊ တောစပ်ရောက်ပြီ'

'ဟုတ်တယ်… ဟုတ်တယ်'

'ဝေါင်း… ဝေါင်း… ဝေါင်း…'

'အောင်မာ… သူလာတဲ့အကြောင်း သတင်းပို့နေပြီ ဆင်တယ်'

'ကောင်းတာပေါ့ မိုးကျော်ရာ၊ တို့အတွက် ပစ်ခွင့်ကြုံတော့မှာပါ'

'ဆရာကြီးပ'

'ဟုတ်ကဲ့… ကိုကျော်ဆွေ'

'ကျားကြီး လာပြီလားပ'

'တောစပ်ထဲတော့ ပြန်ရောက်ပြီဗျ၊ ဒီကောင်ကြီးကို ဘဲကအဖွဲ့တွေ ကောင်းကောင်း ပညာပေးလိုက်ပုံရတယ်ဗျ'

'ရော်… ဝမ်းသာတာပ၊ ဆရာကြီးတို့ တွေးတာမှန်တာပ'

'ကိုကျော်ဆွေရေ၊ သိပ်အထင်မကြီးနဲ့ဦးဗျ၊ ဒီကိုလာဖို့ အရေးကြီးတယ်ဗျ၊ ဒီလာမှ လုပ်ငန်းအစအဆုံး ပြီးမှာ'

'ကဲ… စကားမပြောကြနဲ့တော့'

'ဟုတ်'

အားလုံး ငြိမ်သက်သွားကြပါပြီ။ တောမုဆိုး ကျားကြီး

www.burmeseclassic.com

www.burmeseclassic.com



လည်း တောစပ်ထဲ ပြန်ရောက်နေပြီမို့ ကျွန်တော်တို့ အသံလိုခြင်းမှုရှိမှ ဖြစ်ပေတော့မည်။ ကျွန်တော် နာရီကို မြှောက်ကြည့်တော့ သုံးနာရီပင် ထိုးတော့မည်မို့ ကျေနပ်မိသည်။ ဒီကောင်ကြီး တော်တော်လေး ဆာလောင်နေမည်ဟု ထင်သည်။ ဘာပဲဖြစ်ဖြစ် သူ့အစားအစာရှိသော နေရာသို့ ဆာလောင်မွတ်သိပ်မှုအတွက် အရောက်လာပေမည်ဟု တွက်ပြီး မိုးလင်းပိုင်းရောက်လာမည်ကား သေချာပါပြီဟု တွေးရင်း စိတ်အေးရသည့်အပြင် ကျားဆိုးကြီး ကျွန်တော်တို့အောက် တောစပ်ထဲသို့ရောက်ရှိနေသည်ကား သေချာပါ၏။

မိုးကျော်အောင်နှင့် တင်မြတ်တို့ မြင်ရကြောင်း၊ ကျွန်တော်နှင့် ရွာသားနှစ်ယောက်တော့ မတွေ့ရပါ။ ကျွန်တော်တို့ရှေ့ဝယ် အပင်နှင့် အရွက်တွေကြောင့် ကောင်းစွာ မတွေ့လိုက်ရ။

'ဆရာကျော်'

'အေး'

'အသံကြားတယ်'

'ဟင်... ဘာသံလဲ'

'ရှူး'

'အူး... ဂူး... ဂူး... အူး... ဂူး...'

'ဖူး... ဂူး... ဂူး...'

'ဖူး... ဂူး... ဟော... ဟော... ဟော'

'မိုးကျော် ဘာထင်သလဲ'





'လူသံလိုလိုပဲ၊ နောက်တစ်ခုက ဒဏ်ရာရထားတယ်ထင်တယ်'

ကျွန်တော်လည်း ကြားရသည်။ သေသေချာချာနားထောင်ကြည့်လေ အတွေးရခက်လေပင်။ ကျွန်တော်တို့ပစ်ကွင်းနှင့် အစာတွဲထားသည့်နေရာနှင့် မနီးမဝေး ရေစပ်ဖက်မှဖြစ်မယ်ဟု ကျွန်တော် တွေးမိ၏။ သို့အတွက် လက်ထဲမှလက်နှိပ်မီးအား အသင့်ပြင်ကာ စဉ်းစားရင်း ထပ်မံ နားထောင်ကြည့်၏။ အသံမှာ တစ်ချက်တစ်ချက် နာလွန်း၍ ညည်းညူသံလည်း ထင်ရ၏။

'ဟော... မောလာတဲ့အသံကွ'

'ဒါဆို ကျားကြီးပဲထင်တယ်'

'ဆရာကျော်၊ မီးကစားမလား'

'နေဦး'

ကျွန်တော် မီးမထိုးချင်သေးပါ။ အကြောင်းမှာ သတ်ကွင်းထဲ မရောက်သေးသည့်အတွက် မီးထိုးရှာရန် အလုပ်သည် မကောင်းပါ။ မိမိ သတ်ကွင်းထဲသို့ မီးထိုးရပါက အရေးမကြီးပါ။ မိမိသတ်ကွင်းထဲမှာ အကာအကွယ် ဘယ်နေရာမှာရှိသည်ကို သိပြီးသားဖြစ်၍ သားကောင်အား လွယ်လွယ်ကူကူရှာဖွေနိုင်ပါသော်လည်း သတ်ကွင်းထဲ မရောက်သေးသည့်အတွက် စဉ်းစားရသည်။ သားကောင်အား လျှောက်၍မရပါ။



www.burmeseclassic.com

www.burmeseclassic.com



'ဖော့… သတ်ကွင်းထဲ ရောက်နေပြီ ထင်တယ်'

'ဟုတ်တယ်၊ ရောက်နေပြီ၊ ဒါပေမဲ့ ကျားတော့ မဟုတ်ဘူးထင်တယ်'

'ဘာဖြစ်လို့လဲ မိုးကျော်'

'အသံလေ၊ အသံပေါ့၊ အသံက ညည်းညူနေပုံရတယ်၊ ဆွဲလာသလိုလိုလည်း ကြားနေရတယ် ဆရာကျော်'

'ဒါဆို အကောင်တစ်ကောင်ကောင်ကို ကိုက်ဆွဲလာလို့ အကောင်က မသေခင် ညည်းညူနေတဲ့သဘောပဲ ထင်တယ်'

'ဟုတ်မယ် ဆရာကျော်'

'ကဲ… ငါမီးထိုးမယ်'

'နေဦး ဆရာကျော်၊ လထွက်ပြီ'

'အေး… ဟာ… ဘာလဲဟ'

'ရော်… ဆရာကြီးပ၊ ကျားကြီးဆွဲလာတာ လူပအေး၊ လူ… လူပ'

'ရှူး… တိုးတိုး'

ကိုလှလေးမှာ သူတွေ့ရှိသည့် ကြောက်မက်ဖွယ်ရာမြင်ကွင်းအား မှုန်ဝါးဝါးကြားမှ တွေ့ရသဖြင့် သူ့အမြင်အတိုင်း ပြောလာပါ၏။ ကျွန်တော်တော့ မမြင်၊ ကျွန်တော်မြင်နေသည်မှာကား သားကောင်ကြီး တစ်ကောင်ဟုသာမြင်ပြီး ကျားဟုမထင်၊ ဝက်ဝံနက်ကြီးတစ်ကောင်ဟု ထင်၏။ အမြင်တွင်လည်း မည်းနက်နက် ဝက်ဝံကြီးသာမြင်၏။





'ရော်… ဆရာကြီးပ၊ သရဲနှစ်ကောင်မှ သရဲနှစ်ကောင် အစစ်ပ'

'ခင်ဗျား မြင်သလား'

'ရော်… မြင်တာပ၊ ဒါဆို ဟိုစားသရဲ၊ လုံ့သရဲလား ယိတာပ'

'ဟုတ်ပါ့မလား၊ ကျွန်တော်မြင်တာ ဆရာကျော် ပြောသလိုပဲ ဝက်ဝံနက်ကြီး ဘာကောင်ကို ဆွဲလာတာလည်း မသိဘူး'

'တင်မြတ်၊ ဝက်ဝံနက်မဟုတ်ဘူး၊ ငါ့အထင်တော့ ကျားနက်ကြီး လူသေကောင်ကို ဒရွတ်တိုက် ဆွဲလာတာ၊ ဟော… တို့ဖက်တောင် မော့ကြည့်နေတယ်'

မိုးကျော်အောင်သည် သူ၏အမြင်နှင့် တင်မြတ်မြင်သည်ကိုပင် မှားကြောင်း၊ သူမြင်သည်မှာ ကျနက်ခေါ် ကျားနက်ကြီးသည် လူတစ်ယောက်အား ကိုက်ဆွဲလာသည်ဟု အတိအကျ ပြောလာသည်။ ကျွန်တော်နှင့်တင်မြတ် အမြင်တူသလို ကိုလှလေးမှာတော့ ကျားသည် လူတစ်ယောက်အား ဆွဲလာသည်ဟုဆိုသဖြင့် ကျွန်တော်နှင့် တင်မြတ်အမြင် ခပ်ဆင်ဆင်ဖြစ်သော်လည်း ကိုကျော်ဆွေကတော့ သရဲနှစ်ကောင်ဟု ဆိုလာခဲ့သည်။

မိုးကျော်ပြောသလို ကျနက်ဆိုသော ကျားနက် လူကား ဖြစ်နိုင်စရာတော့ရှိသည်။ ဝက်ဝံကော မဖြစ်နိုင်ဟု အတိအကျ



www.burmeseclassic.com

www.burmeseclassic.com



ပြောမရ။ တစ်ယောက်တစ်မျိုးထက် အရေးကြီးသည်မှာ
အကောင်သည် သရဲပဲဖြစ်ဖြစ်၊ ဝက်ဝံနှင့် ကျားနက်ပဲဖြစ်
အချိန်ရှိတုန်း ပစ်ခတ်ရန် အဓိကဟု ကျွန်တော် တွေးမိ
သတိရလိုက်ပါပြီ။ တကယ်တော့ ကျွန်တော်တို့ မျက်စိမှော
နေကြသည်လားတော့ မသိပါ။

'အင်း... တို့အားလုံးကို တောက မှောက်နေပြီ
တောမှောက်ပြီး မာယာနဲ့ကျူးသွင်းခံရတာ၊ ငါ တစ်ယော
တည်း မဟုတ်ဘူး၊ လူငါးယောက်စလုံး၊ တွေ့ကြသေး
ပေါ့ကွာ'

'မိုးကျော်နဲ့ တင်မြတ်'

'ဟုတ်ကဲ့'

'ဆရာကျော် ဘာလဲ'

'အေး... ဘာလဲ လုပ်မနေကြနဲ့၊ အားလုံးကျူးသွင်း
နေရပြီ'

'ဗျာ...'

'မဗျာနဲ့၊ ပစ်ခတ်ဖို့ အသင့်ပြင်ထား'

'ဆရာကျော်'

'ငါ့ခေါ်မနေနဲ့၊ တို့ကို တောကခြောက်လှန့်နေပြီ
မင်းတို့ သတိထားကြ'

'သတိထားပါတယ်၊ တောမမှောက်ပါဘူး ဆရာကျော်
ရယ်'



'တင်မြတ်၊ ငါအမိန့်ပေးနေတယ်၊ ပစ်ရန်ပြင်'

'မိုးကျော်ပါ နှစ်ယောက်စလုံး ပြိုင်တူပစ်မယ်၊ ဒါ
ငါ့အမိန့်'

'ဟုတ်... ဟုတ်ကဲ့'

'မိုးထိုးပြီ၊ ပစ်'

'ဒိုင်း'

'ဒိုင်း'

'ဝုန်း'

'ဝုန်း'

'ဝေါ... ဝေါ... ဝေါ... ဝေါ'

'ဝေါင်း... ဝေါင်း... ဝူး'

'ဝေါ... ဝေါ... ဝေါ'

'ဟူး... ဟူး... ဟူး... ဟူး...'

'ဝါး... ဝါး... ဝူး... ဝူး'

'တီတီတူး... တီတီတူး... တူးတူး'

'တီတီတူး... တီတီတူး'

'ဖေါင်း'

'ဝူး... ဝုန်း... ဝုန်း... ဝုန်း...'

အလွန် ကြောက်မက်ဖွယ် ကောင်းလောက်အောင်
တောင်စောင်းဝယ် သေနတ်သံနှစ်ချက်ထက် ကျယ်လောင်
သော ပေါက်ကွဲသံကြီးလား မသိလိုက်ရသည့်အပြင် တခေါ်

www.burmeseclassic.com

www.burmeseclassic.com



ဝေါ်ခေါ်လျက် တောမကြီးဖက်တက်ပြေးသွားသော အကောင်ကြီးကဲ့သို့ တောနက်ထဲရှိ အပင်တွေဝင်ဆောင့်မိ တိုက်မိ ခြေသံတွေအပြင် ကျားသံကြား၏။ လေတိုက်လေသောကြောင့် တဟူးဟူး တဝေါဝေါအပြင် ရယ်မောသံကဲ့သို့ တဝါးဝါးထွက်ပေါ်ရင်း ကြောက်မက်ဖွယ်ကောင်းသော အသံတွေနှင့် ထပ်တူထပ်မျှ ကျွန်တော်၏ မီးရောင်အောက်တွင် တွေ့လိုက်ရသော မြင်ကွင်းကြောင့် ဆရာကျော် မီးကိုထိုးထား ထိုးထား။

'ဒိုင်း'

'ဒိုင်း'

မိုးကျော်အောင်၏ မီးထိုးထားပါဟုအော်ရင်း သူ နှင့် တင်မြတ် နောက်ထပ်တစ်ယောက်တစ်ချက်စီဖြင့် မြင်ကွင်းအား မုဆိုးဒူးထောက်ပြောင်းထိုင်ကာ ဒုတိယအကြိမ် ပစ်ခတ်လိုက်ပြန်ပါပြီ။ မပစ်၍မဖြစ်၊ ကျွန်တော်၏ မီးရောင်အောက်ဝယ် မြင်တွေ့လိုက်ရသော အကောင်ကြီးသည်ကား ကျားနှင့်လည်းတူ၏။ ဝက်ဝံနက်ကြီးနှင့်လည်း မခြားပါ။

အလွန်ကြီးမားသော အကောင်နက်နက်ကြီးလိုလို ဝါဝါအရောင်သို့ပင် ပြောင်းလာလိုက်၊ ဝင်းလက်နေသော အရောင်အမျိုးမျိုးအပြင် မျက်နှာပြင်မှာ သွေးစုပ်ဖုတ်ကောင်ထင်ရအောင် မျောက်မျက်နှာပမာရှိသော်လည်း အစွယ်တွေနှင့် ကျားပါးစပ်ကြီးထဲမှ သွေးသံရဲရဲ သွေးစိမ်းတွေ ယိုကျနေသည့်အပြင် ကျွန်တော်တို့ဖက်အား မာန်ဖီနေသော ထိုသတ္တဝါကြီး၏



အောက်ဝယ် လက်ကားယား ခြေကားယားနှင့် လူတစ်ယောက်မှာ သွေးတွေရွှဲ၍ ရဲရဲတောက်နေသည်ကို ကောင်းစွာတွေ့ရ၏။

ထိုအကောင်ကြီးအား ပထမ မှန်သည် မှန်သည်ထက် ဒုတိယပစ်ခတ်မှုမှာ ပစ်မလွဲ။ မိုးကျော်၏ ကျည်ဆန်ဖောက်ထွက်မှုနှင့် ထပ်တူထပ်မျှ လျှပ်တစ်ပြက် တင်မြတ်၏ ပစ်ခတ်မှု ကျည်တို့သည် ထိုသတ္တဝါဆိုးကြီးအား ကောင်းစွာ ထိမှန်သွားသည်ကို ကျွန်တော်၏ မီးရောင်ဖြင့်ပင် မြင်ရပါ၏။ ထိုမြင်ကွင်းမှာ အလွန်အမင်း အံ့သြစရာ ကောင်းသည်မှာ ကျည်ဆန်မှန်သွားသော ဒဏ်ရာအပေါက်မှ သွေးတွေ ယိုစီးကျလာသည်ကို မြင်တွေ့နေရပါသည်။ သွေးတွေ စီးကျနေသည်မှာ မြင်မကောင်း။ အောက်မှသေနေသော အကောင့်၏သွေးတွေနှင့် ရောနှောနေသည်ကို တွေ့ရပါသည်။

နောက်ထပ် ထိမှန်သွားသောကြောင့် ထိုအကောင်ကြီး မထနိုင်တော့ဟုထင်နေရာမှ ကြောက်ခမန်းလိလိ နီရဲတောက်ပနေသော ထိုအကောင်ကြီး၏ မျက်လုံးတွေကြောင့် ကိုကျော်ခွေနှင့်ကိုလှလေးတို့နှစ်ယောက် တဆတ်ဆတ် တုန်လှုပ်နေကြပြီး ကျွန်တော် အခြေအနေ သိလိုက်ပါပြီ။ တင်မြတ်လောက် စကားများပြီး မိုးကျော်အောင်လောက် သရဲတွေမှန်းတတ်သောသူ ရှိမည်မထင်ရသော်လည်း ယခုတော့ စကားတစ်ခွန်း မပြော၊ အံ့သြနေကြသည်လား သို့မဟုတ် တုန်လှုပ်နေကြသလိုလိုထင်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ကိုကျော်ဆွေနှင့် ကိုလှလေးတို့ ကြည့်ကာ စိတ်မချရသော အနေအထားသို့ ရောက်နေပြီဟု ကောင်းစွာ သတိထားမိသလို တင်မြတ်နှင့် မိုးကျော်အောင်ပါ မှင်သက်မိ နေကြသည့်အတွက် ကျွန်တော် မနေနိုင်တော့ပါ။

'တင်မြတ်'

'ဗျာ… ဆရာကျော်'

'မိုးကျော်'

'ဟင်… ဩော်… ဟုတ်… ဟုတ်ကဲ့'

'မင်းတို့ ဘာဖြစ်နေတာလဲကွ'

'မဖြစ်… မဖြစ်ပါဘူး'

'တောက်… ဒီတောလောက်ကိုများ မင်းတို့စိတ်ဝင် စားနေကြတယ်၊ မင်းတို့ 'တာဝန်တွေ ထမ်းနေတာကွ'

'ဟုတ်ကဲ့'

သူတို့နှစ်ယောက်၏ စိတ်တွေ ဖောက်ပြန်နေကြသည် ကို ကျွန်တော် သိလိုက်၍ တာဝန်နှင့်အမိန့်ကို သတိပေးသလို လို ခပ်ဆတ်ဆတ်ကလေး ပြောလိုက်၏။ အမိန့်သံပါပါ ပြော လိုက်ပြီးနောက်-

'ကဲ… ကိုကျော်ဆွေကို တင်မြတ် ဖက်ထား'

'မိုးကျော်က ကိုလှလေးကို ဖက်ထားကြ'

'ဟုတ်… ဟုတ်ကဲ့'

'ရော်… ဆရာကြီး၊ ကျွန်တော်… ကျွန်တော်တို့



တက်ပြန်ပြေးချင်တာပဲအေး'

'ဟုတ်တာပဲ ဆရာကြီး၊ ကျွန်တော်တို့ ပြန်… ပြန်ခွင့် ပြုတာပဲ'

'ဘယ်သူမှ မပြန်ရဘူး၊ ဒါ အမိန့်ပဲ'

ကျွန်တော်တို့ အခြေအနေ တော်တော်ဆိုးနေပါပြီ။ ဒီတစ်ခါလောက် အခြေအနေဆိုးမှု မကြုံဖူးပါ။ ပထမရက် တောမကြမ်း၊ ဒုတိယရက်၏ တစ်ညလုံး တောမကြမ်း အေး အေးဆေးဆေး၊ ယခု တတိယရက် ပထမ မိုးလင်းပိုင်းမှာတော့ တောက စတင်ဖောက်ပြန်လာပါပြီ။ ဖောက်ပြန်သည်မှာ တစ္ဆေ သရဲဟူ၍ အတိအကျတော့ ပြော၍မရသေးပါ။ ဝက်ဝံလား၊ ကျားသစ်နက်လား မသိသေး။

'ဂူး… ဟူး'

'ဝုန်း… ဝေါ… ဝေါ… ဝေါ… ဝေါ'

လဲနေသော ထိုသစ်ပင်ကြီးသည် တဟူးဟူး ဖြစ်နေ ခြင်းသည် သေတော့မည်ဟု ကျွန်တော်တို့ အတိအကျ သိထား ရပါပြီ။ မထနိုင်တော့သည့်အဆုံး နောက်ဆုံးထွက်သက် အတွက် လေတွေ မှုတ်ထုတ်နေသည်ကို သတိထားမိစဉ် ကျွန်တော်တို့ ပတ်ဝန်းကျင်နှင့် ထိုအကောင်ကြီး လဲနေရာသို့ လေတွေတိုက်လာပြန်ပါပြီ။

သွေးထွက်၍ လဲနေသော ထိုအကောင်ကြီးအား ကြည့် မိသော ကျွန်တော်တို့သည် သတိမထားမိပါ။ တကယ်တော့

www.burmeseclassic.com

www.burmeseclassic.com



ထိုအကောင်ကြီးသည် တစ္ဆေသရဲသာဆိုပါက ပျောက်သွား မည်ဟု ကျွန်တော် သတိရသောအခါ အားတက်သွားပါပြီ။

'မိုးကျော်နဲ့ တင်မြတ်'

'ဟုတ်ကဲ့'

'တစ္ဆေသရဲဆိုရင် ဒီအကောင်ကြီး ပျောက်သွားပြီ ခုဟာက သေနတ်မှန်ထားတယ်၊ ဒါပေမဲ့ ချုံငယ်တွေနဲ့ မြ တွေကြောင့်အကောင်ကို တိတိကျကျမသိရသေးဘူး၊ သစ်နက် ဝက်ဝံကြီးတစ်ကောင်ကောင်ပဲ ဖြစ်မယ်'

'ဟုတ်တယ် ဆရာကျော်'

'ဟုတ်ပြီ၊ ဟုတ်ပြီ၊ သွေးတွေနဲ့ မထနိုင်တော့ဘူး'

'အသက်ရှူသံ ကြားရတယ် ဆရာကျော်၊ သေတော့ မှာပဲ'

'ဟုတ်တယ် ဆရာကျော်ရဲ့ သေတော့မယ်'

'ဝူး... ဝုန်း'

'ဖြောက်... ဖြောက်... ဖြောက်... ဖြောက်'

'ဂါးဂယား၊ ဂါးဂယား'

'ဟာ... ထပြေးပြီ၊ ပြေးပြီ'

'ဒိုင်း'

'ဝူး... ဂါးဂယား၊ ဝေါ... ဝေါ... ဝေါ'

လေတွေတိုက်၏။ ထိုလေတွေနှင့်အတူ ဝက်ဝံကြီး လား၊ ကျားနက်လား မသိ၊ အတင်းထပြေးသွားပါပြီ။ တောထဲ



ဝင်ပြေးသော ထိုအကောင်ကြီးအား တင်မြတ်သည် လျှပ်တစ် ပြက်ပီပီ ပစ်ခတ်လွှတ်လိုက်သော ကျည်တစ်တောင့်ထိကောင်း ပါ၏။ အမှောင်လွှမ်းသော်လည်း လက်နှိပ်ဓာတ်မီး ထိုး၏။ လက်နှိပ်ဓာတ်မီး အလင်းတန်းရှိပြန်သော်လည်း တောရိပ် တောင်ရိပ်နှင့်အတူ သစ်ပင်ချုံနွယ်တွေ၏ အရိပ်တွေကြောင့် အတိအကျ ပြောမရတော့ပါ။ သူထားခဲ့သော လူသေကောင် လားမသိ။ မှောင်နေသေး၍ မကြည့်နိုင်သေးပါ။

'ကိစ္စတွေတော့ ပြီးသလောက် ပြီးသွားပြီ'

'အေး... ဒါပေမဲ့ တောမုဆိုးမဟုတ်တဲ့ ကျားဆိုး ကြီးတော့ ရောက်မလာနိုင်တော့ဘူး'

'ဆရာကျော်... မိုးလင်းရင် ဆရာကျော်ဆင်တဲ့ အကွက်ထဲဝင်အောင် ဟိုနည်းနဲ့ စမ်းရအောင်'

'ဘယ်နည်းလဲ မိုးကျော်'

'ကြားဖူးနားဝနည်း၊ တစ်နည်းပြောရင်တော့ တန်ပြန် နည်းပေါ့ ဆရာကျော်'

ကျွန်တော် စဉ်းစားလိုက်သည်။ တန်ပြန်နည်း၊ ထို နည်းမှာ ကြားဖူးနားဝရှိခဲ့ဖူးသောနည်းဟု ကျွန်တော် သိထား ပါသည်။ မိုးကျော်အောင် ပြောမည့်မှာလည်း ထိုနည်းပင် ဖြစ်လေမည်ဟု တွေးရင်း ရွာသားတွေရှေ့တွင် မမေးလို မမေးတော့ပါ။

ကျွန်တော်တို့ မိုးစင်စင်လင်းပါပြီ။ မိုးလင်းတော့မှ

www.burmeseclassic.com

www.burmeseclassic.com

ရွှေ့ရဲရဲနှင့် ဧသနေသော အကောင်အားဆင်းကြည့်၍ တင်မြတ်နှင့် မိုးကျော်အောင်မှာတော့ ပတ်ဝန်းကျင် အထူးသတိထား၍ လုံခြုံမှု ရယူပေးနေကြသည့်အတွက် ထိုအကောင်အား အလေးမထားတော့၊ ကျွန်တော်တို့ ညဦးကတွေ့ခဲ့သော လူသေသည်ကား ယခုတော့ တွေ့ရပါပြီ၊ သေလည်း သေနေပါ၏။

'ရော်... ဘာကောင်ကြီးပ'

'လူလည်းမဟုတ်'

ကိုကျော်ဆွေသည် ကြောက်ကြောက်ရွံ့ရွံ့ဖြင့် သေနေသော အကောင်ကြီးအား ကြည့်လိုက်သောအခါဝယ် လူလည်း မဟုတ်ဟုပြော၏။ ဘာကောင်ကြီးလဲဟူသော ကြောက်စိတ်ဖြင့် မကြည့်ရဲကြည့်ရဲ ပြောလာကြသည်။

'အဲဒါ မျောက်ညိုကြီးဗျ၊ သေသေချာချာ ကြည့်ကြပါ'

'ရော်... ကြီးတာပ၊ လူအတိုင်းပအေး၊ ရုပ်ကလည်း ဆိုးမှဆိုး၊ လူလေး ကျနေတာပဲ'

'ရော်... လူကိုများ မျောက်လို့နိုင်းတာပ၊ ထွီ'

'ဒီမျောက်ညိုမျိုးဟာ ကြောက်စရာလည်းကောင်းတယ်၊ သူတို့ အုပ်နဲ့တွေ့လိုကတော့ မလွယ်ဘူး၊ မောင်းမတစ်ထောင်နဲ့ စံမြန်းနေတဲ့ ဘုရင်ဗျ၊ ဟဲ... ဟဲ... ဟဲ... ဟဲ...'

'ရော်... ဒါဆို'





'ဪ... ဒီအကောင်က ကျားနက်ဖြစ်မယ်ဗျ၊ သစ်နက်လို့လည်း ခေါ်တယ်၊ အင်မတန် ဆိုးတယ်၊ ကျားက ပေါက်ပြီး အနက်ရောင်ဗျ၊ စိတ်ကြမ်းသလောက် ခေါ်သလည်း ကြီးမှကြီးပဲ၊ ကျားထက် ကြောက်စရာကောင်းတယ်'

'ဆရာကျော်'

'ဘာလဲ တင်မြတ်'

'ကျွန်တော့်အထင်ကတော့ ကျားသစ်နက်လို့ မထင်တော့ဘူး'

'ဟေ...'

'ဟုတ်တယ်၊ တင်မြတ်ပြောသလိုပဲ၊ သစ်နက်မဟုတ်နိုင်ဘူး ဆရာကျော်၊ သစ်နက်ဆိုရင် ဒီလောက်မှန်ထားမှတော့ သေပြီပေါ့ ဆရာကျော်ရဲ့၊ ကျွန်တော်ထင်တာတော့ ကိုကျော်ဆွေတို့ ကိုလူလေးတို့ မကြောက်ကြနဲ့နော်'

'ဗျာ...'

'ရော်... ဘာများပ'

'မကြောက်နဲ့နော်... ဟော'

'ရော်...'

'ကိုကျော်ဆွေ ကြောက်နေပြီထင်တယ်၊ ဟား... ဟား... ဟား... ဟား...'

တင်မြတ်သည် မိုးကျော်အောင် စကားမပြောခင်မှာပင် ဝင်နှောက်သည့်အတွက် ကိုကျော်ဆွေ လန့်သွားကာ မျက်လုံး



www.burmeseclassic.com

www.burmeseclassic.com



များ ပြုံးသွား၏။ ကိုလှလေးလည်း ကျွန်တော့်ဖက်သို့ပင် တိုးလာသည်တွင် ကျွန်တော်ပါပြုံးပြီး တင်မြတ်အား ကြည့်လိုက်တော့ တဟားဟား ရယ်နေ၏။

'ဒီလိုပါ၊ တင်မြတ် နောက်နေတာဗျ၊ ဆရာကျော် သေသေချာချာ စဉ်းစားမိပြီး သွေးစက်တွေ ကြည့်တယ်၊ နောက် ခြေရာတွေကြောင့် ကျားနက်မဟုတ်ဘဲ ဝက်ဝံပဲဖြစ်မယ် ဆရာကျော်'

'အင်း… ဖြစ်နိုင်တယ်၊ ငါလည်း သေနိုင်တဲ့ ဒဏ်ရာတွေရပေမယ့် ထပြေးသွားကတည်းက စဉ်းစားမိတယ်၊ ဝက်ဝံဟာ သူ့ရင်ဘတ်ပေါ်က မြင်းခွာပုံသဏ္ဌာန်ရှိတဲ့ အဝါလိုလို အဖြူညစ်ညစ် အရောင်ရှိတဲ့အကွက်ကို တိတိကျကျမှန်ရင် ပွဲချင်းပြီးပဲကွ၊ ခုဟာက ဘေးတွေပဲ ထိထားတယ်နဲ့တူတယ်'

'ဟုတ်တယ်၊ ဆရာကျော်ပြောသလို လခြမ်းကို မထိပေမယ့် ဒဏ်ရာတော်တော်များတော့ သေမှာပါ၊ တောထဲရောက်ရင် သေမှာပဲ ဆရာကျော်'

'ကဲ… ဒီမျောက်ညိုကြီး သယ်ခဲ့ကြပါလား၊ မျောက်သား စားကြမယ် မဟုတ်လား'

'ရော်… ထွားမောင်တို့ မျောက်သားစားတာပ'

'ဆရာကြီးပ'

'ဟုတ်ကဲ့ ကိုကျော်ခွေ၊ မသယ်ချင်ဘူး၊ ရုပ်ကြီးကိုက မင်္ဂလာမရှိဘူး'



'ကဲ… ဒါဆို ချုံကောင်းကောင်းထဲမှာ ထားခဲ့တာ ညီ'

ပြန်ခဲ့ကြသော ကျွန်တော်တို့ ငါးယောက် ဘာကောင် မပါသောအခါ ရွာသားတွေ အံ့ဩနေကြ၏။ သေနတ်သံ လည်း ကြား၏။ တောကြီးဆူသံလည်း တော်လဲသံပမာ ကြားရပါသော်လည်း ဘာကောင်မျှ မရသည့်အတွက် မေး ည်းမမေးရဲပါ။

'ဆရာကျော်'

'ပြော'

'ကျွန်တော်ပြောတဲ့ တန်ပြန်နည်းလုပ်ရင် ကောင်း လားပဲ'

'ဘာလဲ မိုးကျော်၊ သနပ်ခါးလိမ်း ပန်းပန်လား'

'ဟုတ်တယ် ဆရာကျော်'

'အေး… စမ်းကြည့်တာပေါ့'

'ဒါဆို ကျွန်တော် စီစဉ်မယ်လေ'

'အေး… တို့ ညမှပြန်ထွက်မယ်'

'ကျွန်တော် ကိုထွားမောင်နဲ့ စီစဉ်ဦးမယ်'

'လုပ်လေ… ဒါဆို တို့ ညနေခပ်စောစော ပြန်ထွက် တာပေါ့'

'ဟုတ်တယ်၊ စောစောထွက်ပြီး စီစဉ်မယ်'

ကျွန်တော်တို့ပြန်ရောက်တော့ မိန်းကလေးတွေ ခြေဖဲ

www.burmeseclassic.com

www.burmeseclassic.com



နတ်နေကြပါပြီ။ သူတို့နတ်သည်မှာ အောက်ဘက် အနည်းငေ ရောက်၍ ကျွန်တော်တို့ပြန်လာသည်ကို သူတို့ မသိ၊ မမြင်ကြ ကျွန်တော်လည်း မမေးပါ။ အသံတွေ ကြား၍ ထွက်ကြည် လိုက်၏။ မိန်းကလေးတွေ ရှမ်းသီချင်း ဆိုနေ၏။ ရှမ်းသီချင် မှန်သမျှ လွမ်းလွမ်းဆွေးဆွေး အသံမျိုးဟု ကျွန်တော် ထင် သည်။ သူတို့တေးသံသည် ဆွဲဆွဲငင်ငင် သံစဉ်ချိုမြ ကြားရေ အတွက် ရှမ်းစကား နားမလည်ပါကလည်း အလွမ်းရသ ခံစ ရသည်သာ။

တင်မြတ်နှင့် ကျွန်တော် အိပ်လိုက်၏။ မိုးကျော်အော နှင့် ကိုထွားမောင်တို့ စီစဉ်စရာရှိတာတွေ စီစဉ်ကြ၏။ ရွာသာ လူငယ်နှစ်ယောက်အား လိုအပ်သည်များ ရွာပြန်ယူခိုင်းသည် ကျွန်တော် ကြားလိုက်ပါသည်။ တစ်ညလုံး အိပ်ပျက်ထားသည အတွက် အိပ်ချင်သည့်အပြင် ကျွန်တော်၏ အလေ့အတ အတိုင်း ခေါင်းချရင် ဘာကိုမျှအလေးအထား၊ ကျန့်သူ၏တာ ဟူသော ဆုံးဖြတ်ချက်ကြောင့်အိပ်ပျော်သွားပါပြီ။

အသံတွေ ဆူညံဆူညံ မဟုတ်သော်လည်း တိတ်ဆိ မှုအား ဖြိုခွင်းနိုင်သည့် အသံတွေကြောင့် ကျွန်တော် လန့်နိ သည်။ တင်မြတ်မှာ ကောင်းကောင်းအိပ်နေဆဲ ကျွန်တေ မျက်စိဖွင့်ကြည့်လိုက်သောအခါ မြေပဲနတ်ကြသည့် ညီမငေ တွေ ထမင်းစားပြီး၍ စကားပြောနေကြ၏။

'ရော်… အားကို နိုးပြီပအေး'



ပထမဆုံး ကြားလိုက်ရသော နန်းခင်ယု၏ အသံကို ကောင်းစွာ ကြားရသည့်အပြင် သူ့ခမျာ ပျော်ရွှင်ကြည်နူးသွား သော အသံမျိုး အားရဝမ်းသာ ဖြစ်နေသော အပြုံးလေးတွေ ပြည့်ပြည့်ဝဝ ပါးချိုင့်ကလေးတွေ ခွက်ဝင်အောင် ပြုံးနေသည်။ ပုလဲလုံးလေးတွေ စီထားသည့် သွားကလေးများပင် ပေါ်နေ ပါသည်။

'ဩော်… ယုလေးတို့ ထမင်းစားပြီးပြီပေါ့'

'ဟုတ်'

ကျွန်တော် ယုလေးလို့ခေါ်လိုက်သည့်အတွက် အလွန် ဝမ်းသာ ကြည်နူးသွားသည့်အတွက် ဟုတ်ဟူသော အသံလေး ဖြင့် သူ၏ သမင်မျက်လုံးလေးတွေမှာ အခိုးအငွေ့လေးတွေ ရီဝေယှက်သန်းနေရသည်မို့ ကျွန်တော်သည် ခိုးမည့်လတ် ရှက် နေသည့်အလား ပတ်ဝန်းကျင်ကို အကဲခတ်လိုက်၏။ ရွာသား တွေတော့ မနေ့က ရထားသော တောဝက်နှင့် ဒရယ်အသား တွေ တချို့ကင်နေကြ၊ တချို့လည်း အိပ်နေကြသည်။

ကိုကျော်ဆွေနှင့် ကိုလှလေးတို့သည်လည်း တင်မြတ် နှင့်အိပ်နေဆဲ တဲထဲတွင် ယုလေးတို့ အမျိုးသမီးလေးယောက် နှင့် ရွာသားနှစ်ယောက်သာ တွေ့ရသည်။

'မိုးကျော်… အိပ်တော့'

'ဟုတ်ကဲ့… ကျွန်တော် အားလုံးစီစဉ်ပြီးပြီ၊ အဆင်ပြေ ညနေသုံးနာရီကျော်ကျော်လောက် ထွက်မယ်၊ ကိုထွားမောင်နဲ့

www.burmeseclassic.com

www.burmeseclassic.com



ကိုကျားကြီး ခေါ်သွားမယ်၊ သူတို့လည်း အိပ်နေကြတယ်၊ ကဲ… ကျွန်တော် အိပ်တော့မယ်'

'အေး… အိပ်တော့၊ တအောင့်ကြာရင် တင်မြတ်ကို ငါ နှိုးမယ်'

'ဟုတ်ကဲ့'

မိုးကျော်အောင် အိပ်သည်နှင့် ကျွန်တော် မျက်နှာသစ်လိုက်ပြီး တဲထဲပြန်ဝင်တော့ နန်းခင်ယုလေးသည် သူ၏ပခုံးပေါ်မှ ပဝါနီနီလေး ကမ်းပေးရင်း တိုးတိုးလေး ပြောလိုက်၏။

'ရော့… မောင့်မျက်နှာ သုတ်တာပအေး'

'ယုလေးရယ်၊ ဟူး'

ကျွန်တော် ပြုံးပြရင်း သူ ပေးလာသော\ပဝါနီနီလေးဖြင့် မျက်နှာသုတ်လိုက်သည်တွင် နန်းခင်ယု၏ သူငယ်ချင်းတစ်သိုက်သည် တဲအပြင်တွင်ကင်နေသော မီးဖိုကြီးဖက်တွက်သွားကြပါပြီ။ တမင်သက်သက် အလိုက်သိသိ ရှောင်ပေးကြသည်တွင် ကျွန်တော် နန်းခင်ယုလေးအား ကြည့်ရင်း ပဝါနီနီလေးအား ကျွန်တော့် ပခုံးပေါ် အသာတင်လျက်–

'ယုလေး ညက အိပ်ပျော်ရဲ့လား'

'ရော်… အိပ်မရပ၊ မနေ့က မောင့်မျက်နှာ မမြင်ရတာပ မောင်ရယ်၊ ယုလေ ယု မောင့်ကို သိပ်ချစ်တာပအေး'

'ယုကို သတိရနေပါတယ်၊ ဒီလိုပေါ့ ယုလေးရယ် တာဝန်တွေက ရှိနေသေးတော့လည်း ဟူး'



'မောင်'

'ယု'

'ယုကို ချစ်လားပ'

'ချစ်ပါတယ်ကွယ်'

'ဝမ်းသာတာပအေး၊ ဝမ်းသာတာပ မောင်ရယ်'

'ပြောလေ'

နန်းခင်ယု ကျွန်တော့်ထံသို့ တိုးလာသည့်အတွက် ကျွန်တော် မရဲတရဲ ယုလေး၏ လက်ကလေးကို ဖမ်းဆုပ်မိရင်း နှလုံးသားထဲဝယ် ဗန်းမော်မှာ ကျန်ခဲ့သော မေတ္တာရှင်မလေးယုဟု ကျွန်တော် ခံစားရပြီး သတိလစ်သွားသည်လား မသိတော့ပါ။ ယုလေးအား ရင်ခွင်ထဲ ဆွဲသွင်းပွေ့ဖက်မိလိုက်သည်တွင် ယုလေးသည်လည်း အလိုက်သိစွာ ရင်ခွင်ထဲဝယ် တယုတယဖြင့် သမုဒယနွေးထွေး ပန်းကလေးတွေ မွှေးနေရင်း ကျွန်တော် သတိရလိုက်သည့်အတွက် မတတ်သာ၍ ခပ်ခွာခွာဆိုသည့်အတိုင်း လူချင်းခွာကာ တဲပေါ်သို့ ပြန်ထိုင်လိုက်၏။

'ယုလေး'

'မောင်'

'ယု သူငယ်ချင်းတွေ သိကုန်ပြီလား'

'ရော်… ယုပြောထားတာပ၊ မောင်နဲ့ စကားပြောချင်တာပလို့'

'ဒီတော့'

www.burmeseclassic.com

www.burmeseclassic.com



'ရော်… သူတို့ ရှောင်ပေးတာပ'

'တော်တော် ချစ်စရာကောင်းတယ်'

'ယုကိုလား မောင်'

'ယုကိုလည်း ချစ်တယ်၊ သူတို့လေးတွေကိုလည်း ကျေးဇူးတင်တာပေါ့နော်'

'ဟုတ်'

'မောင်'

'ပြောလေ ယု'

'အင်း… ယု ဘာပြောရမှန်းမသိ။ မောင့်ကိုချစ်တာပအေး'

ကျွန်တော် ယုလေးအား ကြည့်ပြီး သနားသွားသည်။ သနားစရာကောင်းလွန်းသူအား နှိပ်စက်ရာကျမည့် ကျွန်တော် အလွန်စိုးရိမ်မိသည်က အမှန်ပါ။ တောသူမလေးအား မရက်စက်လို၊ မြို့စံပယ်နှင့် တောစံပယ်ရနံ့တွေ ကြွယ်ဝသည် မို့ အခူးရခက်ချေပြီ။

'မောင်ရယ်… ဘယ်တော့ပြန်မှာပ'

'မပြန်သေးပါဘူး ယုလေး၊ မောင်တို့ စီအူးမှာ ကြာဦးမှာပါ'

'ယုလာခဲ့မယ် မောင်'

'မောင်လည်း လာခဲ့မှာပေါ့'

'ရော်… မောင်မလာနဲ့ကွယ်'





'ဘာဖြစ်လို့လဲ'

'အဘတို့ သိမှာစိုးတာပ'

'ဟို… ကိုကျော်ဆွေက ယုရဲ့အစ်ကိုဆို'

'ဟုတ်တာပ၊ သူက အိမ်မှာ မနေပ၊ သူ့ယောက္ခမအိမ်မှာ နေတာပ'

'ယုလေး အသက်ဘယ်လောက်ရှိပြီလဲ'

'နှစ်ဆယ့်တစ်ပ'

'မောင်'

'ပြောပါ ယု'

'ဟိုမြို့က မမယုကော ချစ်လား'

'မြို့က မမနဲ့ ဒီကညီမဟာ တစ်ဦးတည်းဆိုပြီး မောင်ချစ်တာပါ'

'ရော်… မောင် စကားတတ်တာပ'

'ယု'

'ရှင်'

'မောင့်ကို တကယ်ချစ်တယ်ပေါ့'

'ရော… ချစ်တာ ညာရမှာပအေး၊ ချစ်တာ ချစ်တာပ'

'ရှူး…'

ကျွန်တော်တို့နှစ်ဦးထံသို့ မိန်းကလေးတွေ ဝင်လာပြီး မြေပဲနုတ်ဆင်းရန် ပြောကြပါပြီ။ ယုလည်း မလိုက်ချင် လိုက်ချင်



www.burmeseclassic.com

www.burmeseclassic.com



ချင်ဖြင့် ထရင်း ကျွန်တော့်အား တိုးတိုးလေး ပြောလိုက်ပြန်၏။

'မောင်… ညနေ ဘယ်အချိန် တောဝင်မှာပ'

'သုံးနာရီခွဲလောက်ပေါ့'

'ယုတို့ ပြန်လာမှ သွားတာပ၊ ညအိပ်လို့ရအောင် မောင့်မျက်နှာလေး ကြည့်ပါရစေ'

ယုလေး၏ အသနားခံ ပြောလာပုံလေးအား ကျွန်တော့်ရင်တွေ တုန်လှုပ်စေပါသည်။ သနားလိုက်ရတာ ယုလေးရယ်ဟု ရင်ထဲမှာ ခံစားရင်း မိန်းကလေးတွေ တဲထဲမှ ထွက်ခွာသွားသည်တွင် ကျွန်တော်ပါ တဲပေါ်မှဆင်းပြီး ယုလေးထံ လျှောက်သွားလိုက်၏။ ယုလေး ကျွန်တော့်ရင်ခွင်ထဲ တိုးဝင်လာသည့်အတွက်တွေးပွေ့ရင်း မျက်ဝန်းရွဲရွဲ အသည်းဖွဲ့အောင် ပါးကလေးတွေ ရဲရဲဖြင့် မော့အကြည့်၊ ကျွန်တော်သည် မုဆိုးတစ်ဦးဝင်ဖြစ်လင့်ကစား သမုဒယကြောင့် တယုတယဖြင့် ဖွဖွလေးနမ်းလိုက်မိသည်။ ယုလေး၏ တွယ်တာစရာ နှလွှာပါးကလေးတွေမွေးသလို ယုလေးကလည်း ကျွန်တော်၏ ပါးပြင်အား အနမ်းပန်းလေးပေးရင်း–

'မောင်ရယ်၊ ယုလေ ယု ချစ်လိုက်ရတာကွယ်'

'မောင့်ရင်ထဲက ယုလေးရယ်'

'နန်းယုပ၊ သွားကြတာပအေး'

'ရော်… မောင် ခေါ်နေကြတာပ၊ သွားမယ် မောင်၊ ညနေ ယုကို စောင့်ပါမောင်ရယ်'



'စောင့်ပါ့မယ် အချစ်ရယ်'

'ချစ်တယ် မောင်'

'ကွာစို့ ကွာစို့ (သွားစို့… သွားစို့)'

ရင်ခွင်မှာ ဟာ၍ ကျန်ခဲ့ပါသည်။ တယုတယတွေတွယ်လျက် အချစ်ဆိုတဲ့ နွယ်တစ်ခက်ကြောင့် အဖယ်ရခက်ရပြီ။ အချစ်ဟူသည် အနီးကပ်ဆုံး ထိတွေ့မှုတွေက အနိုင်ယူခြဲ အသည်းထဲမှာနစ်၊ စွဲမြဲစရာအချစ်တွေကြောင့် အမြစ်တွယ်ခဲ့ရသော ချစ်ရသူ ယုလေးအား ကြည့်ရင်း ရင်တွင်းမှာ ဆို့နစ်၊ ဩော်… ဗန်းမော်မှာကျန်ခဲ့တဲ့ ယုအတွက် ကျွန်တော်ဆိုတဲ့ မုဆိုးတစ်ယောက် သားကောင် ဖြစ်သွားလေသော ယုဆိုသည့် ဗန်းမော်သူအပေါ် သစ္စာမဲ့သွားလေပြီလား မသိတော့ပါ။

ကျွန်တော် ရေဘူးထဲမှ အာမီလက်ကျန် တစ်ငုံငုံရင်း တဲပြင်သို့ထွက်လိုက်၏။ ကြပ်စင်မှ ဒရယ်သားတစ်မျှင် ယူငင်ကာ စားရင်း အားတင်းကာ ဖျောက်ဖျက်ပါသော်လည်း ယုဆိုတဲ့ တောစံပယ်လေး၏ အငွေ့အသက်လေးတွေ ကျွန်တော်၏ နှာဝထဲသို့ တိုးဝင်လျက် တိုးဝင်နေဆဲ အသည်းနှလုံးစကား ပြောကြားနေဆဲပင်။

'ဆရာကျော်'

'တင်မြတ် နိုးပြီ'

'ဘယ်နှနာရီလဲ ဆရာကျော်'

'နှစ်နာရီခွဲပြီ'

www.burmeseclassic.com

www.burmeseclassic.com



တင်မြတ်သည် မျက်နှာသစ်ပြီးနောက် ဒရယ်ကြပ်တင် တစ်မြှောင်းယူပြီး တဲပေါ်တွင် အာမီရမ်ဖြင့် သောက်နေသည်။ ကျွန်တော်လည်း တင်မြတ်ဘေးတွင် ထိုင်ရင်း ဒရယ်သား စားနေစဉ်-

'ဆရာကျော်'

'အေး'

တင်မြတ် ကျွန်တော့်အား ဘာပြောမည် မသိ ရင်တွေခုန်သွား၏။ အကြောင်းမှာ ခိုးယူသောသူ၊ ခိုးဝှက်ပြီး နမ်းခဲ့သော တောစပယ်ပန်းကလေးနှင့် ထိတွေ့ခဲ့သော သမုဒယမုဆိုးအကြောင်းများ ပြောလေမလားဆိုပြီး ရင်တွေခုန်က တုန်နေခဲ့၏။ မလုံမလဲဖြင့် ရဲရဲပင် မကြည့်မိတော့။ သူပြောလာမည့် စကား ကြားလည်း ကြားချင်၏။ ကြားလည်း မကြားချင်ပါ။

'မိုးကျော်အောင် စီစဉ်ပြီးပြီလား'

'ဩော်… အေး… ဟို စီစဉ်ပြီးပြီတဲ့'

တင်မြတ် ကျွန်တော့်အား တစ်ချက် မျက်စိလှန်ကြည့်၏။ ကျွန်တော် သတိထားမိသည်။ သို့သော် တင်မြတ်ဆက်မမေးတော့သလို ဆက်မပြောတော့ပါ။ အရက် နောက်ထပ် ငုံနေပြန်၏။

'ဒီည ဘယ်လိုစီစဉ်မလဲ'

'မိုးကျော် ပြောတယ်၊ သုံးနာရီ လေးနာရီလောက် တောထဲသွားမယ်၊ သူလိုအပ်တာတွေ စီစဉ်ပြီးပြီတဲ့'





'ဒါဆို ကျွန်တော်တို့ စောစော ထမင်းစားရမှာပေါ့'

'ထုပ်ယူသွားတာပေါ့၊ သိပ်စောလွန်းတော့ မဆာဘူးကွ'

'ဟုတ်တယ်၊ ကျွန်တော်တို့ တောထဲ ရောက်မှစားတာပေါ့'

'လေးနာရီလောက် ထွက်တာပေါ့၊ ဒီည ကိုထွန်းခောင်နဲ့ ကိုကျားကြီးခေါ်ဖို့ပါ မိုးကျော် စီစဉ်ထားတယ်'

'ကောင်းတယ် ဆရာကျော်၊ ဒီတောက ကျွန်တော်တို့ဆင်ထားတာထက် ပိုဆိုးနေတယ်'

'အေးလေ… ငါဒီလောက်မထင်ဘူး၊ ညက အနှောင့်အယှက်ပါနေတာ သေချာတယ်ကွ၊ မီးရောင်အောက်မှာ တွေ့ရတာကိုက လူတွေရဲ့စိတ်ကို ချောက်ချားသွားအောင်အထိ စွမ်းဆောင်နိုင်တယ်ကွ'

'ဟုတ်တယ် ဆရာကျော်၊ ဆရာကျော် အမိန့်ပေးမှ သတိရပြီး မနည်းစိတ်ကို တင်းရတယ်ဗျ'

'ငါပါရောပါသွားတယ်၊ ဒီညတော့ အပြတ်ချဲရမယ်ကွ၊ တောထဲအဝင် တောစပ်မှာတည်းက အမိန့်နဲ့အတူ ဒီတောဒီကောင်ကို ဖနှောင့်သုံးကြိမ်ပေါက်မယ်'

'ဟုတ်တယ် ဆရာကျော်၊ ကျွန်တော်လည်းမကျေနပ်ဘူး'

ကျွန်တော်နှင့်တင်မြတ် စကားပြောနေစဉ် မိုးကျော်



www.burmeseclassic.com

www.burmeseclassic.com



အောင်ပါ နိုးပါပြီ။ ကျွန်တော်တို့တောထဲဝင်ပါက သုံးယောက်စလုံး ဖနောင့်ပေါက်ရန် ဆုံးဖြတ်ခဲ့သည်။ မိုးကျော်အောင်သည် သူလုပ်ထားသော ကိစ္စတွေအသင့်စီစဉ်ပြီး ပြသလိုက်၏။

တစ်ဖန်ထမင်းချက်သော အစီသည်လည်း ထမင်းထုပ်တွေထုတ်ကာ လူငါးယောက်အတွက် စီစဉ်နေပါသည်။ ညနေသုံးနာရီကျော်သည်နှင့် မိုးကျော်အောင် စီစဉ်ပါပြီ။ စောစောထွက်ရန် ပြင်ဆင်နေသည့်အတွက် ကျွန်တော် အခက်တွေ့နေပြီ။ ဘယ်လို ဆင်ခြေပေးရမည် မသိသေး။ သို့အတွက် အစီအား လှမ်းခေါ်ရင်း-

'အစီရေ... အစီ'

'ဟုတ်... ဟုတ်'

'စောစောက ဘာတွေ ကြော်ထားတာလဲကွ'

'တောဝက်အသားပအေး'

'ရှိသေးလား'

'ရော်... ရှိတာပ၊ အများကြီးပအေး၊ ဘာလုပ်မှာပ'

'အရက်နဲ့ မြည်းချင်တယ်ကွာ'

'ရတာပအေး'

အစီသည် သံပန်းကန်ပြားဖြင့် တောဝက်သားကြော်တိုက်ကို ပြန်ကြော်ထားသည့် ဝက်သားကြော်တွေ ထည့်လာ၏။ ပန်းကန်တစ် (မုံညင်းချဉ်)တွေလည်း ယူလာပေးပြီးနောက် ကချင်အရက်တစ်လုံး လာချသည်။



ကိုထွားမောင်နှင့် ကိုကျားကြီးတို့လည်း ရောက်လာကြသဖြင့် နောက်ထပ် အရက်တစ်လုံး ထပ်ယူကာ သောက်ကြသည်။ ကိုကျားကြီးသည် ဒရယ်သားကြပ်တိုက် သွားယူပြီး ပန်းကန်ပြားထဲထည့်ကာ သူလည်း စား၏။ တင်မြတ်လည်း သောက်ယူဝါးနေစဉ်-

'ဆရာကျော်၊ သုံးနာရီခွဲပြီ၊ သွားကြစို့'

'အေးပါ၊ သွားတာပေါ့၊ စောပါသေးတယ်'

'သုံးနာရီခွဲပြီလေ'

'လေးနာရီလောက် ထွက်တာပေါ့ကွာ'

'ဩော်... ဟုတ်ကဲ့'

မိုးကျော်အောင် ကျွန်တော့်အား မော့ကြည့်ပြီး သူ၏သေနတ်အား ကျည်အိမ်ဖြုတ်၍ ညကပစ်ခဲ့သော ကျည်ဆန်အား ဖြည့်လိုက်၏။ သူကျည်ဖြည့်သည်ကို မိုးကျော်လည်း သတိရကာ ကျည်ဖြည့်၏။ ကျွန်တော် သူတို့ကိုကြည့်ပြီး ပြုံးလိုက်သည်ကို မိုးကျော်အောင် ကောင်းကောင်း သိသွားသည်။ ရွာသားတွေတော့ မသိကြသေးပါ။

ထိုအချိန်တွင် မြေပဲနုတ်ကြသည့် အမျိုးသမီးငယ်တွေ တဲထဲသို့ ပြန်ဝင်လာသည်။ နန်းခင်ယုလေး ပြုံးနေ၏။ သူ၏ဆံစမှ ချွေးစက်လေးတွေကို ပဝါနုလေးဖြင့် သုတ်ရင်း-

'သွားကြတော့မှာပ'

'ရော်... သွားမှာပအေး၊ နင်တို့ ဒရယ်သားစားကြ'

www.burmeseclassic.com

www.burmeseclassic.com



တာပ'

ကိုထွားမောင်မှ ဒရယ်သား ကြပ်တိုက်တွေစားကြရန် ပြော၏။ အမျိုးသမီးလေးတွေ တဲပြင်သွားပြီး ဒရယ်ကြပ်တိုက် သွားယူကြစဉ် နန်းခင်ယုသည် ကျွန်တော့်ဖက် တိုးလာရင်းမှ–

'ရော်… ဒါဘာကြောင့်ထားတာပ'

'သြော်… ညီမလေးရဲ့၊ တောဝက်သားစားလေ'

'အားကို ကြိုက်လား'

'ကြိုက်ပါတယ်၊ ညီမလေးလည်း ကြိုက်မှာပါ စား… စား'

'ဟုတ်… ဟုတ်'

နန်းခင်ယု တောဝက်သားကြော်ကလေးအား ဇွန်းဖြင့် ယူစား၏။ ကျွန်တော့် အရက်ပန်းကန်ထဲမှ အနည်းငယ်မျှကျန် သော အရက်ကလေးကို ကောက်ယူသောက်လိုက်သည်တွင် ကိုထွားမောင်က ပြုံးလျက်ပြောလာ၏။

'ရော်… နန်းခင်ယု အားနာစရာပ၊ ဆရာကြီး ဒီ ကောင်မလေးက ကလေးလိုပအေး၊ သူများစားရင် လိုက်စား တာပအေး၊ ဟိုနေ့ကလည်း ဒီလိုပ'

'ရော်… ဘယ်နေ့ကပအေး'

'ရော်… တစ်နေ့က ဆရာကြီးတို့ မလာခင်နေ့က ပအေး'

'ရော်… ဘာဖြစ်တာပ'



'တို့အိမ်နောက်က ဝက်စာ ငါကျွေးတာပ'

'ရော်… ဟုတ်… ဟုတ်၊ ကျွန်မလာတော့ လေးထွား ဝက်စာကျွေးနေတာပ'

'ဟုတ်ပ၊ ဆရာကြီးပ'

'ဟုတ်ကဲ့ ကိုထွားမောင်'

'နန်းခင်ယုပ၊ ဝက်တွေစားနေတဲ့ ဝက်စာကို လုစား တာပ၊ ဟား… ဟား… ဟား… ဟား… ဟား… ဟား… ဟား… ဟား'

'ရော်… တော်တော် နောက်တာပ၊ မိယုက အဟုတ် ထင်တာပ၊ တော်တော်ဆိုးတာပအေး'

'ကဲ… သွားကြစို့'

မိုးကျော်အောင်နှင့် ကိုထွားမောင်တို့ ယူစရာတွေ ယူ ကြ၏။ ကိုကျားကြီးမှာ ပုလင်းထဲတွင် ထမင်းထုပ်တွေထည့်ပြီး ဓားကိုလွယ်လျက် ထွက်ပါပြီ။ တင်မြတ်လည်း ထွက်သွားစဉ်–

'ယု'

'မောင်'

'မောင်တို့ သွားမယ်နော်၊ မောင့်မျက်နှာ တွေ့ရပြီနော်'

'ဝမ်းသာတာပ'

ကျွန်တော်သေနတ်လွယ်ပြီး တဲပေါ်မှအဆင်း ယုလေး လည်း လိုက်ပါဆင်းရင်း ကျွန်တော့်လက်မောင်းအား ဖက်တွယ် ကာ ပြုံးနေ၏။ သူ့အပြုံးသည် ကျေနပ်လွန်းသော အပြုံးတော့

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်။ တစ်ခုခုလိုနေသော အပြုံးမို့ ကျွန်တော် တဲပေါက်ဝအား လှမ်းကြည့်တော့ ဘယ်သူမှမရှိ၊ တဲပေါ်မှာတော့ ကိုကျော်ဆွေတို့ အိပ်နေဆဲတွင် ယုအားတွေးပွေ့ကာ အနမ်းပန်းကလေးတွေ ပန်ပေးလိုက်ပါသည်။ ယုကလည်း ကျွန်တော်၏ ပါးနှစ်ဖက်အား တအားပင်မွှေးပြီး ကြည်နူးစွာ ကျေနပ်စွာပြုံးရင်း-

'ချစ်တယ် မောင်'

'ချစ်ပါတယ် ယုလေးရယ်'

'မောင်သွားတော့မယ်နော်'

'ဟုတ်'

'ဒီည ကောင်းကောင်း အိပ်နိုင်ပါစေလို့ မောင်ဆုတောင်းပါတယ်'

'မောင့်အတွက် ယုဆုတောင်းတာပ၊ အန္တရာယ်ကင်းပါစေပေါ့ မောင်'

'ကျေးဇူးတင်ပါတယ် အချစ်ရယ်၊ ကဲ... သွားပြီ'

'ဟုတ်... ဟုတ်'

ကျွန်တော် တဲထဲမှထွက်ခဲ့ပြီး တဲပေါက်ဝအား မီးပုံကြီးဝယ် ရှမ်းပျိုဖြူလေးတွေ ကျွန်တော့်အားကြည့်ပြီး ပြုံးနေကြ၏။ သူတို့လေးတွေ၏အပြုံးကို ကျွန်တော် ကောင်းကောင်းသိပါ၏။ ဩော်... ကြိုက်မရှက်၊ ငိုက်မရှက်၊ ဝတ်မရှက် မရှက်သုံးပါးထဲမှာ ကျွန်တော်နှင့် ယုတို့ ကြိုက်မရှက်တော့ခံစားနေကြရပါပြီ။ ကျွန်တော် သူတို့အား ပြုံးပြပြီး ခပ်သွက်





သွက်ကလေး မိုးကျော်အောင်တို့နောက်သို့ လိုက်ခဲ့ပါတော့သည်။

တောထဲရောက်တော့ အပုပ်နံ့က တော်တော်ထွက်နေပါပြီ၊ ထိုအပုပ်ကောင်တွေဝယ် ယင်ကောင်တွေ ဝိုင်းအုံ စားသောက်နေကြသည်။ မိုးကျော်အောင်သည် ထိုတောဝက်နှင့် ချေအား ချည်နှောင်ထားသော ကြိုးအားလျှော့ချစေကာ ကိုထွားမောင်နှင့်အတူ တောဝက်၏မျက်နှာနှင့် ချေ၏ မျက်နှာတို့အား ဖုံးလာသော သနပ်ခါးလိမ်း၏။ တောစံပယ်နှင့် နှင်းဆီနီပန်းတွေအား ဦးခေါင်းတွင်ကပ်ချည်ကာ အပေါ်သို့ ပြန်ဆွဲခဲ့သည်။

'ကဲ... ဆရာကျော်၊ တန်ပြန်တိုက်ခိုက်နည်းပဲ'

'အေးလေ... ဒီည တို့ရဲ့ တိုက်ကွက်ထဲ ဝင်လာမှာပါ'

'ကျွန်တော်ခေါ်မယ် ဆရာကျော်'

'ခေါ်လေ'

မိုးကျော်အောင်သည် တောင်မကြီးဖက် လှည့်ကာ သနတ်လွယ်လျက် လက်နှစ်ဖက် ခါးထောက်ရင်း ရင်ဖွင့်ကာ ခပ်ကျယ်ကျယ် အော်ပြောနေပါသည်။ သူ့စကားကို အားလုံး ကြားနေကြသည်။

'ကဲ... တောစောင့်၊ တောင်စောင့်တွေ တို့ကိုရှောင်သွက်နဲ့ပေါ့၊ တို့ရဲ့ တန်ပြန်တိုက်ခိုက်မှုအတွက် မကျေနပ်ချင်



www.burmeseclassic.com

www.burmeseclassic.com



မနှောင့်ယှက်ပါနဲ့၊ ဒီည လူတွေကို နှောင့်ယှက်တဲ့ ကျားဆိုးကြီးကို အပြီးအပိုင် သုတ်သင်မယ်၊ မနေ့ညကလို တောခြောက်ရင် တောမမှောက်ပါနဲ့လို့ ကြိုတင်သတိပေးတာ၊ အမိန့်ကို နာခံပါ တို့ဟာ နှောင့်ယှက်တာတို့ ခြောက်လှန့်တာတို့ကို ဘယ်တော့မှ မကြောက်ဘူးဆိုတာ သိထားရင် ကျေနပ်ပြီ၊ ဒီည ကျားဆိုးကြီး ပစ်မယ်ဆိုတာ အသိပေးပါတယ် ဒါပါပဲ'

မိုးကျော်အောင် ပြတ်ပြတ်သားသား တောစောင့်အား ပြောပြနေ၏။ အကူအညီ လုံးဝမတောင်း၊ သူလုပ်မည့် အလုပ်အား မနှောင့်ယှက်ရန် အမိန့်ပေး၏။ ကျွန်တော် မိုး ကျော်အောင်အား ကြည့်ပြီး သဘောကျနေ၏။

အလုပ်တစ်ခု လုပ်မည်ဆိုလျှင် မိုးကျော်အောင်သည် မဖြစ်မနေ လုပ်တတ်သူ၊ ကြောက်ရွံ့မှုမရှိ၊ နောက်ဆုံး သူ့ လုပ်ရပ် မှားသွားပါစေ သူ ဂရုမစိုက်၊ သို့အတွက်ကြောင့် လည်း ကျွန်တော်နှင့် တွဲ၍ရသည်သာ။ တင်မြတ်သည် တော စောင့် တောင်စောင့်ကို မနှောင့်ယှက်သကဲ့သို့ အနည်းငယ် လည်း အလေးအထား ဖားသိဖားသာနေ၏။ စကားပင် ထည့် မပြော။ ကျွန်တော်လုပ်သမျှ မှန်၏။ မိုးကျော်အောင် ဆောင်ရွက် သမျှ ဘယ်တော့မှမကန့်ကွက်။ မကျေမနပ်ဖြစ်လျှင် သူ၏ ထဲသို့ အာမီတစ်ပက်မှ နှစ် က်အထိ မျိုချလိုက်၏။

သိန်းတော်ဖက် တောပစ်ရန် အနှောင့်အယှက်မ မကြာခဏ ပေါ်ပေါက်လာတတ်၏။ လေတိုက်လိုက် အ





တွေ ကျိုးသံ လဲပြိုသံတွေအပြင် နောက်ဆုံး တောနက်ကြီးထဲမှ ကျားဟိန်းသံ၊ ဆင်အော်သံတွေကြောင့် လျှပ်တစ်ပြက် တင် မြတ်သည် ဒေါသကိုမထိန်းနိုင်တော့ဘဲ ကျားသံ ကြားရာဖက် နှင့် ဆင်သံကြားသည့်ဘက်သို့ ကျည်ဆန်မိုး ရွာခဲ့ဖူးသည်။

ပါးစပ်က မပြော။ လက်ကပြော၏။ တောကြီး ငြိမ် သက်သွားအောင် ကျည်ဆန်မိုးရွာချပေးခဲ့သော တင်မြတ်အား ကျွန်တော် သဘောကျ၏။ သို့သော် သူကို ထိန်းတော့ ထိန်းရ သည်။

မှောင်ရီမသန်းတသန်း တောတန်းလေးဝယ် လေနု အေးလေး ဝေ့ဝဲနေပါသည်။ သဘာဝတော၏ သဘာဝလေမို့ အေးမြမြ၊ ထိုလေကြောင့် အပုပ်နံ့သည် တောမကြီးနှင့် ကျေ နပ်လိုက်သည်။ အကြောင်းမှာ တောင်ပေါ်တွင် အိပ်နေသော ကျားဆိုးကြီး အပုပ်နံ့ရကာ အစာဆာမည်သာ။ အဆာစားပါက သူ၏အစာရှိရာသို့လာမည်၊ အနံ့ကလည်း ရနေ၏။

'ဆရာကျော်'

'အေး'

'နေတော့ဝင်ပြီ၊ ဒီတောမှာ ထူးခြားတာတစ်ခု တွေ့ နေတယ်'

'ပြော်... ဒီပတ်ဝန်းကျင်မှာ ကျားလည်းလာတယ်၊ တောဝက်ခြေရာလည်း တွေ့တယ်၊ ဝက်ခြေရာတွေ ချေခြေရာ တွေ ခြေရာစုံနေတာပ'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်လေ'

'ဒါပေမဲ့ ချေဟောက်သံတို့၊ ကျားသံတို့၊ တောဝက် တွေ အောက်မေးရိုက်သံကအစ မကြားရဘူး'

'မိုးကျော်'

'အေး'

'သားကောင်တွေမပြောနဲ့၊ တောကြက်တို့၊ ဒေါင်းတို့ ကြက်တူရွေး အဲဒီအကောင်တွေရဲ့ အသံတောင် မကြားရဘူး လေ၊ မင်း စဉ်းစားသာကြည့်တော့ မိုးကျော်'

'အေးကွနော်'

'မိုးကျော်နဲ့ တင်မြတ်ရေ၊ ဒီတောကို လျှော့တွက်လို့ မရဘူး ကိုယ့်လူ၊ တော်တော်ကြမ်းတဲ့ တောကွ၊ ဩော်... ကိုထွားမောင်၊ ဒီတောအကြောင်းသိလား'

'ရော်... မသိပအေး၊ ကျွန်တော်တို့ မှိုရှာ မျှစ်ရှာ လောက်ပဲ တောထဲကို ရောက်တာပ၊ သစ်လိုတဲ့အခါလည်း တစ်ခါတစ်ရံပ'

'ဆရာကြီးပ'

'ဟုတ်ကဲ့ ကိုထွားကြီး'

'ကျွန်တော့်အဘ ပြောတာပ၊ ဒီတော အထက်တောင် တစ်ဝက်မှာ နတ်ရေတွင်းရှိတာပ၊ အဲဒီ နတ်ရေတွင်းမှာ လူတွေ မသန့်ရှင်းလို့ ရေခန်းတာပ၊ အဲဒီရေခန်းတော့ ရွာက လူကြီးတွေ ကို တောင်စောင့်က ပြောဖူးတာပအေး'



'ဘယ်လိုပြောလဲ'

'ဒီရွာသားတွေဟာ မိုက်တာပ၊ စေတနာနဲ့ မတန်လို့ ပြောတာပအေး၊ ဒေါသထွက်ပြီး ဒီတောထဲက အစားအစာ မပေးလို့ ပြောသွားတာပ'

'အဲဒီတော့ ဘာဖြစ်သေးလဲ'

'ဘာမှတော့မဖြစ်၊ ဟိုတုန်းကလို မျှစ်တို့ မှိုတို့တော့ ရှာမှရှား မျှစ်တွေချိုးမယ်လို့ မျှစ်ရှာမတွေ့၊ မှိုရှာမတွေ့၊ တွေ့ တော့ မှိုတွေဟာ ရော်နေတာပ စားမရ။ မျှစ်တွေက ရှာရင် မတွေ့၊ တောဝက်တွေ ချေတွေစားထားတာ တွေ့ရတာပအေး'

'ဒါဆို မှန်တယ်ပေါ့'

'ဟုတ်တာပ၊ ကျွန်တော်တို့ ရွာက ကုလားသိန်းမောင် ကြက်ထောင်တာပ၊ ကြက်မရ၊ သူ ဒီမှာထောင်ရင် ဟိုမှာ ထွက်၊ ဟိုမှာထောင် ဒီမှာထွက်ပ၊ ဒါကြောင့် ကုလားသိန်းမောင် တောကြက်ထောင်တစ်ကောင်မှမရ၊ ကြက်ချေးရဆိုတာပ'

'အင်း... ကိုကျားကြီး ပြောသလိုဆိုရင် တောစောင့် တောင်စောင့်တွေရဲ့ ကျိန်စာသင့်ထားတာပေါ့၊ နောက်နေ့ ကျွန်တော်တို့ အဲဒီ နတ်ရေတွင်းကို သွားရအောင်၊ ရေထွက် အောင် ကျွန်တော် စီစဉ်ပေးမယ်လေ၊ ဒါမှ ရေလည်းထွက်၊ သားကောင်တွေလည်း ရတာပေါ့'

'ရော်... တကယ်ပြောတာပအေး'

'အဟုတ်ပြောတာပေါ့ဗျ'

www.burmeseclassic.com

www.burmeseclassic.com



'ဟား… ဟား… ဟား… ဟား၊ ဝမ်းသာတာပ၊ ဆရာကြီးတို့ ဟိုရေအိုင်က ရေတွေ ဘယ်ကိုဆင်းတာ တွေ့သလားပ'

'ဟုတ်ပ မတွေ့ပါဘူး၊ ရေတွေ သူ့ဘာသာသူ ခမ်းကုန်တာလား'

'မဟုတ်၊ ရွာသားတွေ မသုံးရအောင် ပျောက်သွားတာပ'

'ဟား… ဟား… ဟား… ဟား၊ ရေတွေပျောက်ကုန်တယ်၊ အံ့စရာပေါ့ဗျာ၊ ဟား… ဟား… ဟား… ဟား'

တင်မြွတ် သဘောကျနေသည်။ ကျွန်တော်လည်း ရေတွေ ဘယ်စီးသည်မသိ၍ ဂယ်ပေါက်ရှိမည်ဟု ထင်ခဲ့မိ၏။ ကိုကျားကြီးပြောသလိုများ ဖြစ်နေလေသည်လား။ တစ်ခုတော့ ကြုံခဲ့ရပါပြီ။ ကျွန်တော်တို့ ပစ်ခတ်မှုကြောင့် ရွာသားတွေ ချေတစ်ကောင်၊ ဒရယ်တစ်ကောင်၊ ကျားကြီးတစ်ကောင်အပြင် တောဝက်ကြီးတစ်ကောင်ပင် ရရှိခဲ့ပြီးပါပြီ။ ကျွန်တော်တို့ကို တောကကျွေးသည်လား တောင်က ပေးသည်လားတော့မသိ၊ ရွာသားတွေအတွက် တောကြက်ပင် ထောင်မရသော တောသည် ကျွန်တော်တို့အတွက် တောက အနိုင်မရနိုင်ပါ။ သာမန်တောလည်သက်သက်ဆိုပါက သူတို့အနိုင်ယူကာ ခြောက်လှန့်နိုင်သော်လည်း ကျွန်တော်တို့အား အမိန့်ပေးစေခိုင်းသည်မှာ အမိန့် နာခံထားသဖြင့် ကျွန်တော်တို့ အရာရာကို အမိန့်နှင့်





လုပ်ရ၏။

ကြောက်လွဲ၊ ရဲမင်း ကျွန်တော်တို့ ရဲရင့်သော မင်းမိန့် မင်းအာဏာဖြင့် လုပ်ရသောကြောင့် ကျွန်တော်တို့ နိုင်မည်ကို ရဲရဲဆိုရ၏။ သို့အတွက်ကြောင့် တောသည် ဆက်လက်မခြောက်ရဲတော့ပါ။ ရွာသားနှစ်ယောက်ကိုတော့ လက်မလွှတ်ရဲသည့်အတွက် ဖက်ထားရသည်အထိ ကျွန်တော် သတိထားခဲ့ရသည်။ ကျွန်တော်တို့သုံးယောက်ပင် အကြောင်းကြောင်းဖြစ်ကာ မိုးကျော်အောင်နှင့် တင်မြွတ်ဆိုလျှင် သတိလွတ်သည်အထိ ညှို့ယူခံစားခဲ့ရသည်။

ကျွန်တော်တို့ငါးယောက် မနေ့ကနေရာတွင်ပင် စနစ်တကျ နေရာယူထားလိုက်၏။ ဆည်းဆာက လှနေသည်။ ဆည်းဆာ၏ အလှတရားကို ညွှန်းဆိုနေသော တောအုပ်အုပ်နှင့် တောင်တန်းတွေထက် ပိုမိုလှနေသည်မှာ မိုးပြာပြာ တိမ်လွှာလွှာသည် အပြာကိုအနီကွတ်သဖြင့် နီဆွတ်ဆွတ် အလှအပလေးတွေ မြင်တွေ့ခံစားရင်း ယုလေးရဲ့နီမြမြပါးပြင်လေးကို သတိရမိပြီး တရှိုက်မက်မက် ဖွဲလမ်းတမ်းတခဲ့ပါ၏။

'သြော်… ခုလောက်ဆို ယုလေးတစ်ယောက် အိပ်ရာထက်ဝယ်အတွေးတွေကြွယ်ရင်း တမ်းတမ်းတတ အလွမ်းရောလေးတွေ ခံစားနေမည်လားကွယ်'

ဟုလည်း တွေးမိပါသည်။ ပထမနေ့ ကျွန်တော့်မျက်နှာလေး မတွေ့ရ၍ အိပ်မရ



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့ ဒီညမှာတော့ အိပ်မက်လှလှလေးတွေပင် မက်နိုင်တော့မည်ဟု တွေးရင်း ယုဇနပါးပြင်နုနု ပန်းရောင်နုလေးတွေ၏ ရှက်သွေးနှင့် ရောခဲ့သော ပန်းကလေးတွေ ပွင့်လှာ ရင်နင့်စွာ တွေးရင်း အိပ်ပျော်သွားပါစေဟု ဆုတောင်းနေမိသည်။

'ဝေါင်း'

'ဝေါင်း'

'ဝေါင်း'

ကျွန်တော်၏ လှပလွန်းသော အတွေးထဲသို့ တိုးဝင်လာသော လေသည် တောထဲမှ ကျားဆိုးကြီး၏ ဟိန်းဟောက်သံ၊ မာန်ဖီသံတွေကား ကျွန်တော်တို့နှင့် မဝေးလှပါ။ အထက်နားမှနေ၍ ရေစီးချောင်းဘေးအတိုင်း ဆင်းလာနေသည်က အမှန်။ ယုအကြောင်းတွေးပြီး ကြည်နူးမှုအား ကျားဆိုးကြီးမှ နှောင့်ယှက် ဖျက်ဆီးလိုက်သည့်အတွက် အတွေးတွေ ပျက်၍လည်း ဒီကျားဆိုးကြီးအား ပစ်ခတ်ရန်ပင် မဟုတ်ပါလား။

'တင်မြတ်'

'ဟုတ်ကဲ့'

'မိုးကျော်၊ ငါပစ်မယ်၊ မင်း မီးထိုး'

'ဗျာ…'

'ငါကိုယ်တိုင် ပစ်မယ်'

'ဟုတ်ကဲ့'

'မိုးကျော် မထိုးနဲ့ဦးနော်'



'ငါသိပါတယ်'

ဒီနေ့ည ရှစ်နာရီမှာပင် လသာနေပြီ။ လပြည့်တော့ ညဖြစ်သည့်အပြင် မနေ့တုန်းက မိုးရိပ်တွေက ဆင်နေ၏။ တိမ်လိပ်တွေက ကောင်းကင်တစ်ပြင်လုံး မှုန်တိုင်းအသွင်ဆင်ခဲ့၍ ငွေလမသာ၊ ကြယ်ပြာမလင်းသော်လည်း ဒီနေ့မှာတော့ ငွေလသော်တာ ပျော်စံရာကောင်းကင်ပြာပြာမှာ ကြယ်တာရာတွေနဲ့ အလှပန်းဆင်နေလေပြီ။

'ဒီနေ့တော့ လကသာလိုက်တာ'

'အေးကွ၊ မနေ့က မိုးအုံ့တယ်၊ ဒီနေ့တော့ လသာတယ် တင်မြတ်၊ လက ဘာဖြစ်လို့သာနေတာလဲ မသိဘူး'

မိုးကျော်အောင်၏မျက်နှာမှာ မချိုမချဉ် တမင်ဟန်ရေးလုပ်ထာ ကျွန်တော့်ကို ကျီစားနေသည်ကို ကျွန်တော် ဘာမျှမပြောပါ။ မိုးကျော်အောင် နောက်သည်ကို တင်မြတ်လည်း ရိပ်မိ၏။ လသာကြောင့်သာရတယ်ဆိုတဲ့ အမေးအဖြေတွေ သူတို့နှစ်ယောက် သိပြီးသား။

'ရော်… လသာတာပအေး၊ နောက်နှစ်ရက်ဆို လပြည့်မှာပအေး၊ ဒါကြောင့် လသာတာပ'

'သြော်… ဟုတ်ပနော်'

တင်မြတ် သွက်သွက်လက်လက် နောက်လိုက်၏။ ထိုကျားကြီးမျာ မသိရှာပါ။ ရိုးရိုးလေးကြားထဲ ဝင်နေသွားမှုကြောင့် ကျွန်တော်တို့သုံးယောက်စလုံး ပြုံးလိုက်၏။ ထို့ကြောင့်

www.burmeseclassic.com

www.burmeseclassic.com



မောင်မှာ မပြုံးမရယ်၊ ကျားကိုပဲ သဲမဲနေသည်လား မသိတော့။

'ကိုကျားကြီး အသံကြားရတာပဲ၊ ဘာကောင်လဲ'

'ရော်... ကျားပအေး'

'ကျားဆိုရင် ပစ်မယ်ဗျ'

'ရော်... ဆရာကြီး မရောက်သေး၊ အသံက အပေါ်မှာပဲ ရှိသေးတာပဲ'

'ဘယ်ကိုလဲ ကိုထွားမောင်၊ အသံကြားတာနဲ့ ခန့်မှန်းတတ်ပြီ'

'ရှူး'

တင်မြတ်မှ ရှူးဟူသော အသံနှင့် ထပ်တူထပ်မျှ ကျွန်တော်တို့ထင်ထားသော အကွက်ထဲသို့ သားကောင်လားမသိ ရောက်လာနေပါပြီ။ သေသေချာချာကြည့်တော့ အကောင်တစ်ကောင်တော့ မှန်၏။ ပထမမြင်ရသည်မှာ နှုတ်ကပစ်ခဲ့သော ဝက်ဝံကြီးလိုလို၊ ကျားနက်လိုလို သေသေချာချာကြည့်သော အခါ အားလုံးအံ့သြရသကဲ့သို့ ထိတ်လန့်စရာကောင်းလှန်းသော မြင်ကွင်းက စပြန်ပါပြီ။

'ဆရာကြီး'

'ပြော ကိုထွားမောင်'

'အမျိုးသမီးဗျ'

'ကိုကျားကြီး ဘာကောင်လဲ'

'ရော်... လူပအေး၊ အထီး အမ မသိသေး'



'အရေးထဲ နောက်နေပြန်ပါပြီ၊ ယောကျ်ားလား မိန်းမလား'

'မသိဆို၊ ခွဲမရပဲ'

'သူဝတ်ထားတာက ဘာအရောင်လဲ'

'အဝါနဲ့ အနက်'

'ကျွန်တော်တို့ အမြင်မှားနေတာပဲ'

'ဘာမှားတာလဲ ကိုအေးမောင်'

'မသိတော့ မသိ၊ ရော်... မပြောတတ်ပအေး'

ကျွန်တော် သဘောပေါက်ပါ၏။ ကျွန်တော်တို့တွေ့မြင်နေရသည်မှာ လရောင်အောက်ဝယ် လူတစ်ယောက်သည် ဘယ်က ဘယ်လို ဤတောထဲသို့ ရောက်ရှိလာသည် မသိပါ။ ရောက်လာသော ထိုလူသည် ကျွန်တော်တို့ ထင်ထားသော တောဝက်ပုပ်နှင့် ချေအကောင်ပုပ်တို့အား လှမ်းမျှော်ကြည့်နေသောကြောင့် သာမန်လူ မဟုတ်တော့။ နာနာဘာဝမှလာသော အကောင်နဲ့မဟုတ်၊ ဘီလူး တစ္ဆေကဲ့သို့သော သွေးစုပ်ဖုတ်ကောင်ဟု ဆိုခဲ့ပါလျှင် ဟုတ်မည်လော။

'ဆရာကျော်'

'ဟင်...'

'ဓာတ်လမ်းကတော့ စပြီဗျ'

'ဘာလဲ တင်မြတ်'

'ကြည့်လေ'

www.burmeseclassic.com

www.burmeseclassic.com



'ဩော်… ဒါလား၊ အေး… ဟုတ်တယ်'

တကယ်တော့ ထိုအကောင်သည် မလှုပ်မယှက် အပေါ်မော့ကြည့်နေ၏။ ဘာသံမျှလည်း မကြားရတော့။ ကျွန်တော် မီးထိုးရန် သတိရသော်လည်း အခြေအနေစောင့်ကြည့်ရင်းမှ ပစ်ခတ်မှုအတွက် သတိမရ။ သူကြည့်ရသည်မှာ သနားစရာပင် ကောင်းနေသေးသည်။ သူစဉ်းစားနေ၏။ အစာအား ဘယ်လိုယူရမည်နည်း။ တစ်ဖန် ထိုအစာသည် အဘယ့်ကြောင့် အပေါ်တွင်ရောက်ရှိနေပါသနည်း စသော အတွေးတွေဖြင့် ကြည့်နေရာမှ-

'ဝေါင်း… ဝေါင်း… ဝေါင်း'

'ရော်… ကျားကြီးပ'

'ဝုန်း… ဝေါင်း… ဝေါင်း… ဝုန်း'

'မိုးကျော် မီးထိုး၊ တင်မြတ် ပစ်'

မိုးကျော်အောင်၏ လက်နှိပ်မီးသည် လရောင်အောက်မှ ဟိန်းဟောက် ဒေါကန်နေသော ကျားကြီးထံ အရောက် ကျားကြီးသည်လည်း ဒေါသဖြင့် ဟိန်းဟောက်လိုက်စဉ် ကိုကျားကြီး၏ လန့်ပြီးထအော်သံနှင့်အတူ နောက်ထပ် ဒေါသဖြစ်သော ကျားကြီးသည် အစာထံမဲနေရာမှ လှသံကြားရသည်တွင် ပထမ အစာကို ထခုန်ဆွဲလိုက်၏။

ကျွန်တော်လည်း ပစ်မိန့်ပေးရန် ကျားကြီးထံ သေချာစွာ ချိန်တွယ်ရင်း ပစ်ခတ်ရန်စောင့်နေစဉ် တင်မြတ်ထံမှ ကျည်



ထွက်မှု စောင့်သည့် စက္ကန့်ပိုင်းအတွင်းမှာပင် ကျားကြီးသည် အစာမရဘဲ အောက်သို့ ပြန်ကျသွားရာမှ ပြန်အထ-

'ဝေါင်း… ဘုန်း… ဝူး… ဝေါင်း'

'ဒိုင်း… ဒိုင်း… ဒိုင်း…'

'ဒိုင်း'

တင်မြတ်၏ လျှပ်တစ်ပြက် ပစ်ခတ်သည့် ကျည်ဆန်မှာ တစ်တောင့်တည်းမဟုတ်။ သုံးတောင့်ပစ်ခတ်ပြီး ကျွန်တော်လည်း တစ်ချက်ပစ်လိုက်သည်။ မီးရောင်အောက်တွင် ကျားကြီးမှာ သုံးလေးပတ် ကျွမ်းပစ်ခုန်ပေါက်နေရာမှ ကျွန်တော်တို့အား ကြည့်လိုက်သည်မှာ မျက်လုံးတွေ ရဲရဲတောက်နေ၏။ မီးရောင်ကြောင့်ကျားကြီး၏ကိုယ်ဝယ် သွေးတွေရဲနေ၏။ မှန်ချက်တွေကောင်းပါလျက်နှင့် လဲမသွားသည့်အပြင် ပြေးတက်လာပြီး အားရပါးရ ခုန်အုပ်ပါတော့သည်။

'ဆရာကျော် ပစ်'

'ဒိုင်း'

'ဒိုင်း'

ကျွန်တော် တစ်ချက်ပစ်လိုက်သော ကျားကြီးကား ရာနှုန်းခန့်ဖြစ်သွားသော်လည်း လေထဲမှာဝဲကာ မီးထိုးနေသည့် မိုးကျော်အောင်ပေါ်သို့ ခုန်ပျံလာမှုအား တင်မြတ်မှပစ်ခတ်ရင်း-

'မိုးကျော်… မိုးကျော် သတိထား'

'အေး…'

www.burmeseclassic.com

www.burmeseclassic.com



မိုးကျော်အောင်သည် ကျွန်တော့်ဘေးမှ သူ၏ဝဲဘက်သို့ လျှင်လျှင်မြန်မြန် လှိမ့်ချသည်တွင် ကျွန်တော် သတိထားလိုက်ရသည်မှာ ကျွန်တော့်ဘေးမှ ကိုကျားကြီး ထအပြေး ကျွန်တော်၏ဝဲဘက်ခြေအား ကိုကျားကြီး၏ ခြေထောက်နှစ်ချောင်းအား လျှင်လျှင်မြန်မြန် ထိုးသွင်းစဉ်-

'အား… ဝုန်း… ဘုန်း'

'ကိုကျားကြီး'

ကျွန်တော်၏ ဘယ်ဘက်ခြေထောက် တော်တော်မှာ သွားသော်လည်း လှည့်ကာခုန်ထရင်း လဲကျသွားသည့် ကိုကျားကြီးအပေါ်ဖိကာ ခွထိုင်လိုက်ရသည်။ တင်မြတ်မှာတော့ သူ သတိထား ပစ်ခတ်ရင်း ကျားကြီးခုန်လာသည်တွင် ကိုထွားမောင်၏ ခါးပေါ်သို့ သူ၏ညာဘက်ခြေထောက်ဖြင့် လှမ်းခွထားရင်း-

'ကိုထွားမောင်၊ မပြေးနဲ့၊ မပြေးနဲ့၊ မကြောက်နဲ့'

'ဟုတ်… ဟုတ်… ဟုတ်'

တုန်လှုပ်နေသော ကိုထွားမောင်အား တင်မြတ် ဖိထားမှု မလွှတ်၍ တော်ပါသေး၏။ မိုးကျော်အောင်ဖက် ခုန်ဝင်လာသော ကျားကြီးသည် မိုးကျော်အောင်နှင့် ကျွန်တော်တို့အား ကျော်လွှန်ပြီး တောင်စောင်းအနိမ့်ထဲသို့ ရောက်သွားသည်။ ကျွန်တော်သာ ကျားကြီးကို အချိန်မီ မတားဆီးနိုင်ပါက မတွေးရဲတော့ပါ။





ကိုကျားကြီး ရောက်သွားမည့် ပြေးလမ်းကြောင်း တောင်စောင်းအနိမ့်ထဲအရောက်၊ ကျားဆိုးကြီးသည် ဒဏ်ရာဒဏ်နှင့် အပေါ်မှခုန်အုပ်ပြီးသား ဖြစ်သွားမည်သာ။ ကျွန်တော် ချိန်းထားရာမှ ကျားကြီးအား ပစ်ခတ်ရန် ကြိုးစားပါသော်လည်း ဆီးလိုက်တော့ ကျားကြီးလုံးဝ ပျောက်ကွယ်သွားလေပြီ။ ကျားကြီးသည် ဤမျှဒဏ်ရာတွေ ကျည်ဆန်တွေ ထိုးဖောက်ထားသော ခန္ဓာကိုယ်ကြီးအား သယ်ယူထွက်ပြေးနိုင်သည်မှာ အံ့ဩစရာပင် ကောင်းလှပါ၏။ သူ့တွင် မှန်ထားသော ကျည်ဆန်တွေမှာ တင်မြတ် ကျည်ဆန်ပထမသုံးချက်၊ ကျွန်တော်တစ်ချက်၊ နောက် တင်မြတ်၏ လျှပ်တစ်ပြက် တစ်ချက် ကျွန်တော် တစ်ချက် ကျည်ဆန်ခြောက်တောင့် ခြောက်ချက် လုံးဝ မလွဲ ကောင်းကောင်း ထိမှန်သွားသည်ကို မြင်တွေ့ရပါသည်။

တစ်ဖန် ကျွန်တော်တို့၏ လက်နက်များသည် သာမန်သေနတ်များမဟုတ်။ ယမ်းအား ပြင်းထန်လွန်းသော ကျည်ဆန်များ၊ ဤကျည်ဆန်ထိမှန်ပါက ဝင်ပေါက်တွင် လက်သန်းမျှသာ ငယ်သော်လည်း ပြောင်းအရစ်စိတ်ခြင်း၊ ကျည်ဆန်အား ပြင်းထန်မှုတို့ကြောင့် ပေါက်ထွက်သွားသည့် ထွက်ပေါက်တွင် ကျည်ဆန်ထိပ်ဖူး မွှေနှောက်ဖောက် သွားခြင်းသည် အသားစိုင် အသားခဲများ နှစ်ဆယ်သား အစိတ်သားခန့် ပွင့်ထွက်ပြတ်ထွက်သွားသကဲ့သို့ အရိုးဆိုပါကလည်း ကြေမွပြတ်သွားပါသည်။ ယမ်းအား ပြင်းထန် သော သေနတ်များဖြင့် ဆယ်ငါးပေ



www.burmeseclassic.com

www.burmeseclassic.com



ပေနှစ်ဆယ်သာသာမှ ပစ်ခတ်ရသောကြောင့် ပစ်တိုင်းမှန်ကာ မှန်တိုင်းသေနိုင်သည့် သေနတ်၊ ကျည်ဆန်တွေ၏ ထိရောက်မှုကြောင့် သွေးသံရဲရဲဖြင့် ထွက်ပြေးလွတ်မြောက်သွားခြင်းအတွက် အံ့ဩမိသည်က အမှန်။

'မိုးကျော်'

'ဟုတ်ကဲ့'

'မင်း ထိသွားသေးလား'

'မထိဘူး၊ သွေးစက်တွေတော့ ပေသွားတယ်'

'အဲဒီ ဒီသွေးတွေကို ရေဆေးပစ်လိုက်'

'ရေမပါဘူး'

'ကိုထွန်းမောင် ရေဘူးပါတယ်နော်'

'ရော်… ပါတာပ၊ အင့်… အင့်'

မိုးကျော်အောင်သည် သူ၏ပေါင်တွင် ပေသွားသော သွေးများအားဆေးနေစဉ် ကျွန်တော်သည် ကျားကြီးအား ဖိထားရာမှ လွှတ်လိုက်၏။ တစ်ဖန် ကိုကျားကြီး၏ ပုလိုင်းအတွင်းမှာပါလာသော ကချင်အရက်ပုလင်းယူ၍ မိုးကျော်အောင်ပေါင်ပေါ် လောင်းချရင်း ကိုကျားကြီး တော်တော်နာသွားလားဟု မေးမည်အပြု-

'ရော်… ဆရာကြီးပ၊ ကျေးဇူးတင်တာပအေး'

'ကဲ… ထား၊ နာသွားသေးလား'

'အဟီး… ခြေထောက်လည်းနာ၊ လက်လည်းနာ



တာပ၊ နာတာ အရေးမကြီး၊ ဆရာကြီး ကယ်တာပ'

'ခင်ဗျားလိုပဲ အဟီး၊ ကယ်ရတာ အရေးမကြီး ကျွန်တော့် ဘယ်ခြေထောက်လည်း နာသွားတာပ၊ ဟား… ဟား… ဟား… ဟား…'

ကျွန်တော် ချော်လဲရာထိုင် လုပ်လိုက်ရသည်။ အမှန်ပင် ကျွန်တော်၏ ခြေထောက်လည်း တော်တော်နာသွားသည်။ သို့သော် မကျိုးနိုင်ပါ။ ကျိုးသွားလေဦးတော့ လူတစ်ယောက်၏အသက်ကို ကာကွယ်ပေးရသည့်အတွက် ကျွန်တော် ကြည်နူး၏။ နာတော့နာသည် ထ၍ရပါသည်။

'ဆရာကျော် သွေးတွေဆေးနိုင်းတာဘာဖြစ်လို့လဲ'

'အေး… ဟုတ်တယ်၊ ငါ မင်းတို့ကို ပြောဖို့မေ့နေတယ်၊ တင်မြတ် အခု မိုးကျော်ပေါ် စွန်းသွားတဲ့သွေးဟာ ကျားသွေးတော့ ကျားသွေးပဲ၊ ဒါပေမဲ့ အဲဒီကျားကြီးမှာ တောမှီနေတယ်ကွ၊ သဘောက သွေးစုပ်တဲ့သဘောပေါ့ကွာ၊ သေခါနီး နာတာရှည်လူကြီးတွေမှာ ဖုတ်ဝင်တယ်ဆိုတာမျိုးပေါ့၊ သူတို့ဟာ သူတစ်ပါးရဲ့ အသားကို ထိလိုက် ကိုင်လိုက်ရင် သူတို့က အဲဒီလူရဲ့ ခန္ဓာကိုယ်ထဲက သွေးကို ဖုတ်တစ္ဆေက စုပ်ယူတယ်လို့ ပြောတာ ကြားဖူးတယ်ကွ'

'အဲဒါကြောင့် အခုတောမှီနေတဲ့ ကျားကြီးရဲ့သွေးဟာ တောမှီနေတဲ့အတွက် သဘောက မကောင်းဆိုးဝါး သွေးအထိ မခံနဲ့၊ အစွန်းမခံနဲ့၊ ထိတယ် စွန်းတယ်ဆိုရင် အမြန်ဆေး

www.burmeseclassic.com



ကြောပြီးတာနဲ့ အရက်နဲ့လောင်း၊ တကယ်လို့ ရွာထဲမှာ မြို့ပေါ်မှာဆိုပါစို့၊ မသင်္ကာရင် ဘုရားစင်ကသောက်တော်ရေ၊ နောက်ဆုံး ညောင်ရေအိုးထဲကရေနဲ့ လောင်းရမယ်လို့ ငါ့ကို ဆရာသမားတွေ မှာကြားထားဖူးတယ်ကွ၊ ဒါကြောင့် အမြန်ဆုံး လုပ်လိုက်တာ၊ အန္တရာယ် ကင်းတာပေါ့ကွာ'

'မသိပါဘူး၊ ဆရာကျော် အလောတကြီးနိုင်းတော့ တစ်ခုခုတော့ထူးပြီဆိုတာ သိလိုက်လို့ပါ'

ကျွန်တော်တို့ စကားပြောမှုများ ခေတ္တ ငြိမ်သက်သွားပါ၏။ ထိုသို့ ငြိမ်သက်နေစဉ် တောင်ပေါ်ဖက်မှာတော့ လေတွေတဝူးဝူး တဟူးဟူး တိုက်ခတ်နေသည်။ ကျွန်တော်တို့ ပတ်ဝန်းကျင်ဝယ် စောစောက ပစ်ခတ်သံ ကျားကြီးဟိန်းသံ၊ လဲပြိုသံတွေကြားရပြီး ပွက်လောရိုက်နေပါသော်လည်း ယခုတော့ တိတ်ဆိတ်ငြိမ်သက်နေပါပြီ။

'ဆရာကျော်၊ မိုးလင်းရင်တော့ သွေးစက်ခံလိုက်မှ ဖြစ်မယ်'

'အေး... ဒီကျားဆိုးကြီးရဲ့ လမ်းကြောင်းဟာ ညက ပစ်ခဲ့ရတဲ့ ဝက်ဝံလမ်းကြောင်းနဲ့ ခပ်ဆင်ဆင်ပဲကွ၊ အပေါ်ပြန်တက်သွားတယ်၊ ဒါဟာလည်း ထူးခြားချက်တစ်ခုပဲ'

'ဟုတ်တယ်၊ မိုးလင်းရင်တော့ အဖြေတွေ့မှာပါ'

ကျွန်တော်တို့ အရေးမကြီးတော့။ ကျားနှစ်ကောင်စလုံး ပစ်ခတ်ပြီးပါပြီ။ သရဲနှစ်ကောင်လည်း နှင်ပြီးဖြစ်၍



စိတ်အေးရသည်ကအမှန်။ မိုးလင်းမှုကို စောင့်ရမည်။ မိုးလင်းရင် တောနင်းမည်ဟူသော ဆုံးဖြတ်ချက်ချကာ သားကောင်များ လာရင်တော့ အပြန်လက်ဆောင် တစ်ကောင်ကောင်တော့ သယ်ယူသွားမည်ဟု စဉ်းစားရင်း အချိန်ကုန်စေခဲ့ပါသည်။

'ဆရာကျော်၊ ဟိုဆွဲထားတဲ့ အပုပ်ကောင်တွေ ပစ်ချလိုက်မယ်'

'အေး... လုပ်လိုက်တော့'

တင်မြတ်သည် မိုးစင်စင် လင်းနေသည့်အတွက် တွဲလောင်းကြီးဆွဲထားမှုတွေ ကြည့်မကောင်းသည့်အတွက် သူ၏ ပစ်ခတ်မှုအား အစွမ်းပြလိုက်ပါ၏။ သေချာစွာထိုး ချိန်ရင်း ခလုတ်ဆွဲလိုက်သည်။

'ဒိုင်း'

'ဖောက်'

'ဘုန်း'

'ရော်... ဆရာကိုတင်မြတ် လက်တည့်တာပအေး၊ တော်လိုက်တာ အံ့တာပ၊ ကျွတ်... ကျွတ်... ကျွတ်...'

'ဘာဖြစ်သွားလို့လဲ ကိုကျားကြီး'

'ရော်... ဒီကောင် ဒီလိုပအေး၊ သူက တော်တဲ့လူတွေ့ရင် သူ့ညီမလေးနဲ့ ပေးစားချင်တာဗျ၊ ဟား... ဟား... ဟား... ဟား...'

'ရော်... ဆရာကိုတင်မြတ်သာယူရင် ပေးစားဖို့ပဲဟ၊

www.burmeseclassic.com



ညီမနှစ်ယောက်တောင်ပ၊ အချောတွေပအေး၊ ဒီလူပျိုသိုးထွား မောင်နဲ့တော့မဖြစ်'

'ဘာဖြစ်လို့ မဖြစ်ရတာလဲ ကိုကျားကြီးရဲ့'

'ရော… နာမည်ကိုက ထွားမောင်ပဲ၊ ငယ်ငယ်တည်းက ထွားမှထွား ကြီးလာတော့ ထွားလွန်းလို့ ရွာထဲက ဘယ်အမျိုးသမီးမှ မကပ်ကြတာ စဉ်းစားကြည့်တာပ'

'ရော်… ငါ မပြောချင်တာပ၊ ဟား… ဟား… ဟား… ဟား…'

ကျွန်တော့်လူတွေ ခုမှ ရ[illegible]မောနိုင်ကြပါပြီ။ ကျွန်တော် ၏ခြေထောက်လည်း အနည်းငယ်သက်သာသွားသလို ကိုကျား ကြီးလည်း ခြေနာတာထက် လက်တံတောင်ဆစ်မှာတော့ ပွန်း သွား၏။ သွေးလည်း သက်သာပါပြီ။ အားလုံး စိတ်အေးလက် အေး ရှိသွားပြီ ဖြစ်၏။

'ထွက်ကြစို့'

'ဘယ်ကိုလဲ ဆရာကျော်'

'သွေးစက်ခံမယ်လေ'

'ဒါဆို ကျွန်တော် သွေးစက်ခံမယ်နော်'

'အေး… ကိုထွားမောင်နဲ့ ကိုကျားကြီးတို့ ကျွန်တော့် နောက်ကလိုက်၊ မိုးကျော်ကတော့ နောက်ကနေ'

'ဟုတ်ကဲ့'



ကျွန်တော်တို့ သွေးစက်ခံလိုက်ရပါပြီ။ သွေးစက် အပြင် တချို့နေရာဝယ် ကျားကြီး၏ ဝမ်းထဲမှ အစာအိမ်ပါ ပေါက်ထွက်ကျနေသော ပုပ်သိုးနေသော အစာများသည် သွေး တွေနှင့် လူးနေသည်ကို ကောင်းစွာတွေ့ရသဖြင့် တင်မြတ် သေသေချာချာကြည့်ရင်း–

'အင်း… ဒီကောင်ကြီး ဒီလောက်မှန်ထားတာ မလဲသေးဘူးဆိုတော့'

'တင်မြတ် ကျားနာနော်၊ ရိုးရိုးကျားနာ မဟုတ်ဘူး၊ အပသွေး ရောနေလို့ ဒီလောက်အထိ ဆက်တက်နေတာကွ၊ အဆင်းမဟုတ်ဘူး၊ အတက်ခရီးကွ'

'ဆရာကျော်'

'ဘာလဲ မိုးကျော်'

'ဟိုဘက်မှာလည်း သွေးတွေတွေ့တယ်'

'ဟာ… ဟုတ်တာပ ဆရာကျော်၊ ဒါဝံရဲ့သွေးတွေပဲ'

'ကိုထွားမောင်'

'ဟုတ်ကဲ့'

'နတ်ရေတွင်းကိုသိလား'

'ရော်… သိတာပ၊ အထက်နားမှာ ရှိတာပ'

'ဒါဆို တင်မြတ်ကို လမ်းပြပေးလိုက်၊ တင်မြတ်ရေ သတိလည်းထား၊ ဒါပေမဲ့ အခုလောက်ဆိုသေပါပြီကွ'

'ဗျာ…'

www.burmeseclassic.com

www.burmeseclassic.com



'မဗျာနဲ့၊ ဆက်တက်'

ကျွန်တော် စကား ဆက်မပြောတော့။ တင်မြတ်အား ဆက်တက်ရန် တာဝန်ပေးလိုက်သည်တွင် ကိုထွားမောင်အား ခေါ်၍ တောင်ပေါ်သို့တက်လိုက်ရာ လူသွားလမ်းလိုလို လမ်းကြောင်းတွေ့ရ၏။ ထိုလမ်းအတိုင်း သွေးစက်တွေပေါင်းပြီး ဆက်တက်နေရာမှ တင်မြတ်အဖို့ လမ်းကြောင်းရှာရန် မလိုတော့။ တောနက်ကြီးပေါ် တက်ရသည်မှာ သိပ်မရှုပ်၊ ချုံရှုပ်သည်မှာ တောင်ခြေ တောင်စောင်း တောနက်ကြီး၍ တောင်မြင့်လေ အပင်ကြီးတွေ အများစုကြောင့် သွားလာရမှု သိပ်မခက်။

'နေရာယူ'

'ဟာ..'

တင်မြတ် နေရာယူဟုအော်ရင်း ကိုထွားမောင်၏ လက်ကိုပါဆွဲကာ အနီးရှိ အပင်ကြီးတွေဘေး ပြေးကပ်လိုက်သည်ကိုသာ မြင်ရ၍ ကျွန်တော်လည်း ကိုကျားကြီးကို ဆွဲရင်း အပင်ကြီးဘေး ကပ်ထားလိုက်သည်။

ကျွန်တော် မိုးကျော်အောင်အား ကိုကျားကြီးကို သတိထားရန် လက်ဟန်ပြပြီးနောက် တင်မြတ်ထံ တက်သွားသည်။ တင်မြတ်ဘေးရောက်တော့မှ တင်မြတ် လက်ညှိုးထိုးပြသော နေရာသို့ ကြည့်လိုက်ရာ ကျွန်တော်တို့အား အန္တရာယ်ပြုခဲ့သော ကျားကြီးနှင့် ဘေးချင်းကပ် သေနေသော ဝက်ဝံကြီးအား



ကောင်းစွာ တွေ့လိုက်ရပါပြီ။

'တင်မြတ်'

ကျွန်တော်ခပ်တိုးတိုးခေါ်ရင်း ဘာလဲဟုသည့်သဘောဖြင့် မေးလိုက်သည်တွင် တင်မြတ်သည် ထိုနှစ်ကောင်အား ကြည့်ပြီး-

'နှစ်ကောင်လုံး မသေသေးဘူး'

'ဘာကွ'

'စောစောကနှစ်ကောင်လုံးခေါင်းထောင်ပြီး ကျွန်တော်တို့ကိုကြည့်တယ်'

'ဟုတ်လား၊ ကဲ... ငါ့ဓာတ်သိမ်းတော့မယ်'

ကျွန်တော်၏ ပြောင်းရင်းထဲမှ ကျည်ကိုထုတ်၏။ ကျည်အိမ်ကိုလည်း ဖြုတ်ထားပြီးနောက် ကျည်တစ်တောင့်ထပ်ထုတ်ရင်း ကျွန်တော့်အင်္ကျီအိတ်ထဲမှ ကျည်နှစ်တောင့် ထုတ်ယူကာ ကျည်အိမ်ထဲ ပြန်ထည့်ပြီးသည်နှင့် ကျွန်တော်ရှေ့သို့ အနည်းငယ် တိုးလိုက်သည်။ နှစ်ကောင်စလုံး မလှုပ်တော့၊ ဆက်တိုးသော်လည်း မလှုပ်။

'ကိုထွားမောင်၊ လှုပ်တာ တွေ့သေးလား'

'မတွေ့ပ၊ စောစောက နှစ်ကောင်စလုံး ခေါင်းထောင်တာ အမှန်ပဗျာ'

'ကဲ... အမှန်ဆို မှန်အောင် လုပ်ရတာပေါ့'

'တို့ကို နှောင့်ယှက်သမျှ ဓာတ်သိမ်းပြီပေါ့'

www.burmeseclassic.com

www.burmeseclassic.com



'ဒိုင်း'

'ဒိုင်း'

'ဝေါ… ဝေါ… ဝေါ… ဝေါ'

'ဟူး… ရူး… ဟူး… ဟူး… ဟူး'

တောကြီးသည် ကျွန်တော်၏ နောက်ဆုံးကျည်ဆန် နှစ်တောင့်၏ အစွမ်းထက်မှုဒဏ်ကို မခံနိုင်တော့၍ကြောက်ပါပြီဟူသော အသံကြီးတွေ ဟစ်အော်ရင်း အဆုံးသတ်သွားပါပြီ။ ဇာတ်သိမ်းသွားပါပြီ။ ကျွန်တော်လည်း ထိုနှစ်ကောင်နား ရောက်သွားတော့ ဝံကြီး၏ပါးစပ်တွေဝယ် သွေးတွေခြောက်ကပ်နေသလို ဒဏ်ရာတွေ ဗလပွ၊ ကျားကြီးမှာတော့ သွေးတွေထွက်နေဆဲ၊ မှန်ထားသည့်ဒဏ်ရာ ကျွန်တော်၏ နောက်ဆုံးကျည်ဆန်အပါအဝင် ခုနစ်ချက်ကြောင့် ကျားသားရေလှလှ မရနိုင်တော့ပါ။

'ကဲ… ဝက်ဝံကြီးတော့ ထားခဲ့ဗျာ၊ ကျားကြီးပဲ တစ်လှည့်စီ ထမ်းကြတာပေါ့'

'ရော်… ဆရာကြီးတို့နေတော့၊ ကျွန်တော်တို့နှစ်ယောက် ဝါးနဲ့လျှိုထမ်းမှာပအေး'

'ဩော်… ကိုထွားမောင် နတ်ရေတွင်းက…'

ကျွန်တော် နတ်ရေတွင်းအားကြည့်ရင်း စိတ်မကောင်းပါ။ ကျွန်တော် ရွှေကူနယ်မြေ မြို့ကုန်းလမ်းမှ နတ်ရေတွင်း၊ ကျောက်ကွေ့ချောင်းတွင် တွေ့ရသော နတ်ရေတွင်း၊ ဝိလာသ



တောင်ခြေမှ နတ်ရေတွင်းတွေကဲ့သို့ တစ်ပုံစံတည်း ဖြစ်သော်လည်း ရေခန်းနေပါသည်။ သို့အတွက် ကျွန်တော်မှ သစ္စာဆိုလိုက်ပါသည်။

'အို… တောစောင့် တောင်စောင့်နှင့်တကွ ဤတောဤတောင်ပိုင်ဆိုင်သော သူတော်ကောင်းအပေါင်းတို့ ရွာသူရွာသားတွေ၏ မသိစိတ်အမှားကြောင့် ခွင့်လွှတ်ပါ၊ ပါလာသောသောက်ရေဖြင့် ဆေးကြောပါသည်။ ဤရေဆေးပြီးနောက် ဤခရီးတွင်သွားလာသော လူပုဂ္ဂိုလ်အသီးသီးနှင့်အတူ သတ္တဝါအပေါင်းအတွက် ရေကြည်ရေအေးများ ပြန်လည်ထွက်အောင် ဆောင်ကြဉ်းပေးပါလော့၊ ကျွန်ုပ် မေတ္တာရပ်ခံအပ်ပါတယ်'

ကျွန်တော်သည် ကိုကျားကြီးထံမှ ကျန်နေသေးသော သောက်ရေဖြင့် နတ်ရေတွင်းအား ဆေးကြောကာ လက်ခုပ်ဖြင့် ထိုဆေးကြောရေတွေ ရနိုင်သမျှသန့်စင်ပြီး စိတ်ထဲမှဆုတောင်းလိုက်သည်။

'ဤသို့ပြုလုပ်ရသော အကျွန်ုပ်၏ မေတ္တာ၊ စေတနာတွေကြောင့် ဤနတ်ရေတွင်းတွင် ကျွန်ုပ်တို့၏ သောက်ရေအကပ်အသပ်များမခန်းခြောက်ပါစေနှင့်၊ ရေများတဖြည်းဖြည်း ယိုစိမ့်ပါစေသား'

တိုးတိုးလေး ရေရွတ်ရင်း ဆုမွန်ကောင်းတောင်းကာ မေတ္တာပို့ခြင်း၊ အမျှပေးဝေ သာဓုခေါ်လိုက်ပါသည်။ ကျွန်တော်သည် ဆရာသမားအချို့၏ မှာကြားချက်အတိုင်း အချ

www.burmeseclassic.com

www.burmeseclassic.com



ပေးဝေ သာခုခေါ်စေခြင်းသည် မကျွတ်သေးသောသူများ ကျွတ်လွတ်သွားကြပါစေဟူသော အတွေးတွေဖြင့် မေတ္တာပွား များခဲ့ပါသည်။

ကျွန်တော် အခိဋ္ဌာန်ပြုခဲ့ပြီးနောက် ကျွန်တော်တို့ ကျားကြီးအား သယ်ယူလျက် တောင်ပေါ်မှ ပြန်ဆင်းခဲ့ကြပါပြီ။ ကိုထွားမောင်နှင့် ကိုကျားကြီးတို့သည် နတ်ရေတွင်းအကြောင်း မမေးကြ၊ သူတို့ ဝမ်းသာနေသည်မှာ ကျားဆိုးကြီးရခဲ့ပြီဖြစ်၍ ကြည်နူးပျော်ရွှင်အားသစ်တွေဝင်လျက် အပြန်လမ်း ကျားထမ်းခဲ့ပါပြီ။

'ကိုထွားမောင်၊ နောက်တစ်ပတ်လောက် ကြာရင် နတ်ရေတွင်းဖက် တက်ကြဗျာ၊ နတ်ရေတွင်း ရေပြန်ထွက် မထွက်ကြည့်ပြီး ကျွန်တော့်ထံ ဆက်ဆက်လာပြောပါလား'

'ခော်… စိတ်ချပအေး'

'ဆရာကြီးပ၊ ကျွန်တော်တို့ ဆက်ဆက်သတင်းပို့မှာပ'

'ကျေးဇူးပဲဗျာ'

ကျွန်တော်တို့ တဲပြန်ရောက်ကြပါပြီ။ နံနက်ကိုးနာရီထိုးနေ၍ မြေပဲနုတ်သူတွေ အခင်းထဲဝယ် မြေပဲနုတ်နေကြသည်။ ကျွန်တော်တို့အားလုံး တဲမှတစ်ဆင့် ရွာသို့ပြန်မည်။ ရွာရောက်ပြီးပါက စီအုံးစံခန်းပြန်ရတော့မည် ဖြစ်ပါ၏။ သို့အတွက် ကျွန်တော် နန်းခင်ယုလေးနှင့် တွေ့ချင်သေးသည်။





'ဆရာကြီးတို့ပ၊ ထမင်းစားပြီးမှ ရွာထဲသွားတာပ'

'ဟုတ်တယ် ဆရာကျော်၊ ဒီမှာနားရင်း ထမင်းစားကြတာပေါ့'

'အေးလေ… ပျော်ပျော်ပါးပါး ထမင်းလက်ဆုံစားကြတာပေါ့'

ကျွန်တော်တို့အဖွဲ့မှ မိုးကျော်အောင် ရွာသားတွေနှင့်အတူ ထမင်းလက်ဆုံစားရန်အတွက် သူကိုယ်တိုင် ဝင်ရောက်ချက်ပြုတ်နေ၏။ ကျွန်တော် တစ်ယောက်တည်း အာမီရမ်နှင့် ကြက်သားကြော်၊ ဒရယ်သားကင်တို့ဖြင့် တစိမ့်စိမ့် သောက်နေခဲ့မှာပင် မြေပဲနုတ်အဖွဲ့ ပြန်ရောက်လာကြလေပြီ။

'ရော်… အားကိုတို့၊ ကျားကြီးထပ်ရတာပ'

'ဟုတ်တယ် ညီမလေးတို့ရေ၊ အားလုံးအတွက် စိတ်အေးသွားရပြီပေါ့'

'အားကိုတို့ ပြန်ရတော့မှာပအေး'

'ဒါပေါ့ကွယ် ပြန်ရတော့မှာပေါ့၊ ဟိုမှာလည်း တာဝန်တွေ ရှိသေးတယ်လေ၊ စီအုံးနဲ့ စီမော်ရွာဆိုတာ ဝေးတာမှမဟုတ်ဘဲ'

ကျွန်တော် ရွာသားတွေအကြား အလေးမထားသော်လည်း နန်းခင်ယုအား နှစ်သိမ့်သည့်သဘော ပြောသာပြောသည်။ စိတ်ထဲမှာတော့ မော်ဟိုက်နေပါပြီ။ ယု ရှက်ရွံ့စွာဖြင့်သည်းညို့းငယ်နေသည်ကို ကျွန်တော် ကောင်းစွာ သိလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။

'ညီမလေးတို့ အားလုံး စီအူးရောက်လာခဲ့ရင် အစ်ကိုတို့ဆီ ဝင်ခဲ့ကြပါလို့ ဖိတ်ခေါ်ပါတယ်'

'ဟုတ်'

မိုးကျော်အောင်သည် ချက်ပြုတ်နေသူများနှင့် ကူညီနေသကဲ့သို့ တင်မြတ်သည်လည်း ရွာသားတွေအား ကျားသေကြီးထံ ဆွဲခေါ်မသွားသော်လည်း လှည့်ဖြားကာ ညကအဖြစ်အပျက်တွေပြောနေသည့်အတွက် အမျိုးသမီးတွေပါ နားထောင်ရင်း ကျားကြီး၏ ပြန်လည်အန္တရာယ်ပြုပုံနှင့် သူနှင့် ကျွန်တော်တို့ ပစ်ခတ်ပုံပြောပြစဉ်-

'ရော်… ဆရာကြီးလည်း သတ္တိကောင်းတာပ၊ ဒီဆရာ ကိုတင်မြတ်ကလည်း ပစ်တာ တော်မှတော်'

'ရော်… လာပြန်ပြီပေါ့၊ ဟား… ဟား… ဟား… ဟား…'

'ရယ်ကြတာပအေး၊ ငါကတော့ ဆရာကြီးကယ်တာပ၊ ဆရာကြီးသာ မကယ်ရင် ညက သေတာပ'

'ရော်… ဘာဖြစ်တာပ ကျားမောင်'

'ရော်… ကျားကြီး ခုန်လိုက်တာပ၊ ငါကလန့်ပြီး ပြေးမလို့ အထ၊ ဆရာကြီးက လှဲလိုက်လို့ ငါ လဲသွားတာပ၊ ငါပြေးရင် ကျားကြီးကိုက်တာနဲ့ တစ်ထပ်တည်းပအေး'

'ရော်… ကျားကြီးက ကျားကြီးကို ကိုက်မလို့၊



ဟား… ဟား… ဟား… ဟား…'

သူတို့ ကျွန်တော့်အတွက် အကြွက်ဆင်နေပါ၏။ ကူညီနေကြသည်ကို ရွာသူရွာသားတွေ မသိသော်လည်း ကျွန်တော် ကောင်းကောင်းသိပါ၏။ သို့အတွက် အားငယ်နေသော သူကလေးအား ကြည့်ရင်း-

'မောင်တို့ စခန်းဘက်လာခဲ့ပါလား ယု'

'မောင့်ဆီကို လာရင် ခေါ်မှာပ'

'ယုရယ်၊ မောင် အမြဲကြိုနေမှာပါ'

'ယု ဆက်ဆက်လာခဲ့မယ် မောင်'

'ယုလေးရယ်'

'မောင်… ယုကို ချစ်ရဲ့လား'

'ရှူး… တိုးတိုး၊ မငိုနဲ့ အချစ်ရယ်၊ မောင်ချစ်တာပေါ့၊ မောင်ဟာလေ မုဆိုးဖြစ်ပေမယ့် ချစ်တတ်တဲ့ နှလုံးသားရှိပါတယ်၊ အခု ယုလေးအပေါ် သမုဒ္ဒယတွေ တွယ်မိတဲ့ မုဆိုး၊ သမုဒ္ဒယမုဆိုးဖြစ်နေပါပြီ'

ကျွန်တော် မနည်းတားနေရသည်။ သူမျက်ရည်ဝဲနေ၏။ ထမင်းဝိုင်းပြင်ပြီး အားလုံးဝိုင်းစားရန် ဖြစ်သော်လည်း မိန်းကလေးတွေက မစားသေးဘဲ ထမင်းဟင်းတွေ ပြင်ပေးဘာ လိုအပ်သော ဟင်း၊ ထမင်း လိုက်ထည့်ပေးကြသည်။ သူသည်လည်း အတတ်နိုင်ဆုံး ဂရုစိုက်ဆယ်ထားသည်ကို ကျွန်တော် အသိဆုံးပင်။

www.burmeseclassic.com

www.burmeseclassic.com



ယု၏ မျက်နှာလေး အင်မတန် ညှိုးငယ်နေရှာသည်။ သူ၏ဦးဆောင်မှုဖြင့် မြေပဲခင်းဝယ် မြေပဲနုတ်ကြသော သူ၏ သူငယ်ချင်းတွေလည်း ရိပ်မိနေကြပြီမို့ ကျွန်တော်သည် ကိုထွားမောင်နှင့် ကိုကျော်ဆွေတို့အား မသိမသာကြည့်တော့၊ သူတို့တွေ ရိပ်မိဟန်မတူ၊ အရက်အရှိန်လေးလည်းရနေပြီမို့ ပျော်ရွှင်ခြင်းနှင့်ထပ်တူထပ်မျှ စကားတွေဖောင်နေကြသဖြင့် ထမင်းစား၍ပြီးသည်နှင့် ကျွန်တော် အကူအညီတောင်းခံလိုက်သည်။

'ကိုထွားမောင်နဲ့ ကိုကျော်ဆွေကို ကျွန်တော် အကူအညီတစ်ခု တောင်းချင်တယ်'

'ရော်… ရတာပ၊ လိုတာပြော အားလုံးရတာပအေး၊ ဆရာကြီးတို့ ကျေးဇူးရှိတာပ'

'ပြောတာပ၊ ကျော်ဆွေ အာလူးမဟုတ်ပ၊ ဆရာကြီးတို့အတွက် ရတာပအေး၊ ရတာပ'

'ဒီလိုပါ၊ ဒီနေ့ အောင်ပွဲအတွက် ရွာကိုပြန်ကြရအောင်ဗျာ၊ အလုပ်တွေလည်း ဒီတစ်ရက်တော့ နားကြပါ၊ ဒီညီမတွေရော အတူတူရွာပြန်ပြီး ရွာရောက်တော့ တစ်ရွာလုံးအတွက် အောင်ပွဲအထိမ်းအမှတ်လုပ်ကြရင် ကောင်းမလားလို့ ပြောတာပ'

'ရော်… ခက်တာ မဟုတ်၊ ကဲ… မြေပဲတွေ မနုတ်ကြနဲ့၊ အားလုံးပြန်မယ်'

ကိုကျော်ဆွေမှ ဝမ်းသာအားရပြော၏။ လူငယ်တွေအားလုံး ပျော်ရွှင်ကြသလို ယုလေးမျက်နှာ ကြည့်လိုက်တော့ အပြုံးလေးတွေ ဝင့်သွားသည့်အတွက် ကျွန်တော်၏ အကြံအစည်အောင်မြင်သွား၍ ယုနှင့်အတူ ရွာပြန်ရန်ကိုတွေးရင်း ကျေနပ်လိုက်ပါသည်။



'ဆရာကျော်'

'ပြော မိုးကျော်'

'ဒီလိုလုပ်မယ်၊ ကျွန်တော်နဲ့ ကိုကျော်ဆွေ၊ ကိုထွားမောင်တို့တစ်သိုက် ရှေ့ကသွားမယ်၊ ရွာကို အရင်ရောက်အောင်ပေါ့၊ လူငယ်တွေက ကျားကြီးထမ်းပြီး ရွာထဲဝင်မယ်လေ'

'ရော်… ကောင်းတာပ၊ ကျော်ဆွေတို့ ရွာထဲကြွားရမှာပ၊ ဟား… ဟား… ဟား… ဟား…'

'ဟုတ်တယ်၊ မိုးကျော်ပြောတာ ကောင်းတယ်၊ ဟိုရောက်ရင် ကြက်ကြော်လေး ဘာလေး စီစဉ်ကွာ'

'ရော်… ဆရာကိုတင်မြတ်နဲ့ ဆရာကြီးတို့ အေးအေးဆေးဆေး လိုက်ခဲ့တာပ'

'ကဲ… ဒါဆို ယောကျ်ားလေးတွေ ကျားကိုထမ်းကြ၊ ကြော်… တဲမှာစားဖို့ တောဝက်သားနဲ့ ဒရယ်သားထားခဲ့ပြီး ရွာကို ကျန်တာသယ်မယ်လေ'

'ဟုတ်တာပ'

မိုးကျော်အောင်၏အစီအစဉ်သည် ရွာသားလူငယ်တွေ သူနှင့်အတူ ခေါ်ယူသွားပါပြီ။ ကျွန်တော်နှင့် တင်မြတ်ရယ်

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးငါးယောက်သာကျန်ခဲ့၏။ တဲစောင့်အစီနှင့် အကောက်တို့ နှစ်ယောက်လည်း ညနေ ရွာသို့လိုက်ခဲ့မည်ဟု ပြောရာ ကိုကျော်ခွေမှ တဲကိုပိတ်ပြီး လိုက်ခဲ့ရန် မှာကြားသွားပါ၏။

ရွာသားတွေနှင့် မိုးကျော်အောင်တို့ ရှေ့ပြေးအဖွဲ့ ထွက်ခွာပြီး နာရီဝက်ခန့်အကြာ ကျွန်တော်တို့ ထွက်ကြရာဝယ် တင်မြတ်သည် မိန်းကလေးတွေနှင့် ရောနှောကာ စကားတွေ အရွှန်းဖောက်ပြီး ရှေ့မှသွားကြ၏။ ကျွန်တော်နှင့် ယုမှာတော့ နောက်ဆုံးမှလိုက်ရင်း စကားတွေပြောကာ မသိမသာ ခပ်ခွာခွာ လေး လိုက်ခဲ့ရာ ခြံမှထွက်ပြီး ရွာလမ်းဖြစ်သော လှည်းလမ်း အတိုင်း တောစပ်စပ် ချုံငယ်ငယ်လေးတွေအား ကွင်းရှောင် ရင်း-

'ယု'

'မောင်'

'ယု… ဘယ်နေ့လာမလဲ ဟင်'

'ရော်… မြေပဲက မနက်ဖြန်ဆို ပြီးတာပအေး၊ နောင် နေ့ လာခဲ့မှာပ၊ စီအူးမှာ အရီးတို့ရှိတာပ၊ မောင့်ဆီကို အရီးတို့ အိမ်ကနေ လာခဲ့မှာပအေး၊ မောင် မခေါ်ဘဲ မနေနဲ့နော်'

'ယုကလည်းကွာ၊ မောင် ယုကို ကြိုနေပါ့မယ်ဆိုး မယုံဘူးလား'

'မယုံပေါင်'



ပြုံးချိုချို အမူအရာဖြင့် မယုံပေါင်ဆိုလာသော ယုအား ကျွန်တော် ပွေ့ဖက်လိုက်သည်။ ချုံငယ်ကလေးတွေက ကျွန် တော်တို့အတွက် အကာအကွယ်ကလေးတွေမို့ ရှေ့က ညီမငယ် တွေ မမြင်နိုင်၊ ကျွန်တော် ယုလေးကို ပွေ့ရင်း ယုလေး၏ ပါးချိုင့်ချိုင့်လေးတွေဝယ် ပန်းပွင့် မွှေးမွှေးလေးတွေ ပေးလိုက် သည်။

ယုကလည်း ကျွန်တော့်အလို လိုက်၏။ အကြိုက်ကို ဆောင်နေသည်လား မသိ၊ တအားဖက်ရင်း အသက်ရှူသံလေး တွေပင် ပြင်းပျနေပါသည်။ တစ်ဦးကိုတစ်ဦး လွတ်ထွက် သွားအောင် သမုဒယအနှောင်တွေက တွယ်ယှက်ထားလေ သည်။

'မောင်'

'ယု'

'ချစ်တယ် မောင်ရယ်'

'မောင်လည်းချစ်ပါတယ်၊ သြော်… သွားစို့နော်'

'ဟုတ်'

ကျွန်တော်တို့ တယုတယ တစ်နှွယ်ငင်ကာ မခွဲချင်ကြ သောဝါ။ ရှေ့ကိုလျှောက်နေသော ခြေတွေနောက် ပြန်ရောက် နေချင်သည်။ မတတ်သာ၍ ဆက်လျှောက်ရင်း ကျွန်တော်၏ သံယောဇဉ်အမျှင်တန်းကိုဖြင့် ကျွန်တော်နှင့် ယုတို့၏ ရင်နှင်းမှာ ဆင်မြန်းခဲ့ပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



ရွာရောက်၍ ပျော်ပွဲရွှင်ပွဲသဖွယ် ကြည်နူးဖွယ် ကူညီခွင့်ရခဲ့သည့်အပြင် ချစ်ရသူ အမြွာအသည်းကို ခွဲမြဲခဲ့သော်လည်း တာဝန်အတွက် ကျွန်တော်တို့အား မိုးချုပ်စအချိန်ဝယ် တောစပ်လမ်းမှ စခန်းရှိရာ စီအူးသို့ ပြန်ခဲ့ပါ၏။ ယုနှင့်ပြောထားသည့်အတွက် ယုလည်း ကျေနပ်၏။ ယုကို ကျွန်တော် မျှော်နေမည်၊ ယုကလည်း ဆက်ဆက်လာမည်ဟု ကတိတွေ တည်ခဲ့ကြပါသည်။

'ဆရာကျော်'

'အေး'

'ဒီနေ့ နန်းခင်ယု ရောက်မယ့်နေ့ပဲနော်'

'ဟုတ်တယ်လေ'

'ဗန်းမော်က ယုကို ဘယ်လိုစီစဉ်မလဲ'

'ငါတွေးမိပါတယ် မိုးကျော်၊ ဗန်းမော်က ယုရဲ့အဒေက ငါနဲ့ လုံးဝ သဘောမတူဘူး၊ နောက်တစ်ခုက သူ မကြာခင် သူနာပြုသင်တန်းသွားတော့မယ်၊ သင်တန်းက သုံးနှစ်အတွင်း အိမ်ထောင်မပြုပါဘူးလို့ စာချုပ်မှာ လက်မှတ်ထိုးရမယ်လေ'

'ဟင်… ဒါဆို'

'အေးလေ… သုံးနှစ်ကျော်မှ စီစဉ်မယ်လို့ဆိုပေမယ့် အဲဒီသုံးနှစ်ပြည့်တာနဲ့ ယုကို သူ့အဖေက ယောက်ျားပေးစား စီစဉ်ပြီးပြီကွ'

'ကျွန်တော့်ကို ရဲမြင့်လေး ပြောတယ်၊ ယုလည်း



တယ်လို့တော့ ပြောတာပဲ'

'ယုက လက်ခံလား'

'ယုကတော့ လက်မခံဘူးပေါ့ကွာ၊ ဒါပေမဲ့ သူတို့တစ်တွေရဲ့ အုပ်ထိန်းသူ ဖခင်ရဲ့စကားကို ဘယ်သူကများ သွေဖီရဲလို့လဲ'

'ဟော… ကြည့် ယုက ကျောင်းဆရာမ ဝါသနာပါတယ်၊ သူ့အဖေ မလုပ်ရဘူး၊ သူနာပြုပဲလုပ်နိုင်းတယ်၊ စီမံချက်က အဘိုးကြီးရွေးထားတဲ့ သားမက်လောင်းက ဆရာဝန်လောင်းတဲ့၊ ကောင်လေးကလည်း ယုကိုနှစ်သက်တယ်၊ နောက် ပြီး သူတို့မိဘနှစ်ဖက်စလုံးက စေ့စပ်ပြီးသားတဲ့'

'ဒုက္ခပါလား ဆရာကျော်ရဲ့'

'ဘယ်တတ်နိုင်မလဲကွာ'

ကျွန်တော် ဗန်းမော်မှ ယုအား ချစ်ပါသည်။ ယုကလည်း ချစ်သည်မှာ အသက်နှင့်ထပ်တူပင်။ သို့သော် သူ၏အဖေစကား နားထောင်ရမည်သာဟု ကျွန်တော် တွက်ထားပါ၏။ နောက်တစ်ခု ကျွန်တော်သည် ချစ်သောယုအတွက် ယုကောင်းစားရေးကို ဦးစားပေးရမည်။ ဆရာဝန်ကတော်၊ သူနာပြုဆရာမဆိုသော လိုက်ဖက်သောညီမျှခြင်းအတွက် ကျွန်တော် နောက်ဆုတ်ပေးမည်ဟု ဆုံးဖြတ်ပြီးသား။

ထိုသို့ဆုံးဖြတ်ပြီးကာမှ ယုနှင့်တူသော နန်းခင်ယုကို တွေ့ခဲ့ပြီး ချစ်ခဲ့ရပြီး အချစ်ကို အစားထိုးသည်တော့ မဟုတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



အကြင်နှာ ရင်မှာအပြည့်ရှိပါသော်လည်း ချစ်သူကောင်းစားရေးအတွက် ကျွန်တော် အရှုံးပေးခြင်းသည်သာ အကောင်းဆုံး နောက်တစ်ခုမှာလည်း တောသူမလေး နန်းခင်ယု ကျွန်တော်ချစ်သော ယုဆိုပါကမမှား၊ သူ့အတွက် သနားသော ချစ်ခြင်းမေတ္တာတွေက သမုဒယ သံယောဇဉ်ဖြစ်ခဲ့ပြီမို့ နန်းခင်ယုလေးဖြင့်သာ ဘဝအတွက် လက်တွဲသင့်ပါပြီဟု ကျွန်တော် တွေး၍ ဆုံးဖြတ်ခဲ့ခြင်းပင်။

ယုတစ်ယောက် စခန်းဝတွင် ကျွန်တော့်အားရပ်၍ ရှာနေသည်ကို တင်မြတ်မြင်လိုက်ပြီး အပြေးအလွှား ကျွန်တော့်ထံ ပြေးလာပြီး ယုကိုခေါ်ရန် ပြောပါပြီ။ ကျွန်တော် ဝမ်းသာခြင်းများဖြင့် ဂိတ်ဝရောက်တော့ ယုတစ်ယောက်တည်း ပြုံးလျက်–

'ယုတစ်ယောက်တည်းလား'

'ဟုတ်'

'ကဲ… လာ… လာ… အထဲဝင်လေ'

ကျွန်တော့်အား ပြုံးနေသော မျက်နှာလေးတွင် ပါးချိုင့်လေးတွေ ခွက်ဝင်သွားအောင် ပြုံးရင်း ကျွန်တော်၏ လက်ကိုဖက်၍ ရဲရဲတင်းတင်း ဝင်ခဲ့ပါသည်။ ကျွန်တော်၏ အိတ်ဆောင်လည်း ဘုတ်သို့မခေါ်မီ ဆရာကြီးထံသွားရောက် သတင်းပို့လိုက်သည်။

'ဆရာကြီး၊ ဒီမှာ ယုရောက်လာပြီ'



'သြော်… အေး၊ တစ်ယောက်တည်းလားကွဲ့'

'ဟုတ်… ရော်… အရီးတို့အိမ်မှာ ပြောခဲ့ပြီး ဒီကို လာခဲ့တာပ'

'မောင်'

'ပြောလေ… ယု'

'ယု ဒီနေ့ည ဒီမှာပဲအိပ်မယ်'

'ဟာ… ယုတစ်ယောက်တည်း'

'မောင်နဲ့ စကားတွေ ပြောစရာရှိတာပ၊ တိုင်ပင်စရာတွေပ'

'တော်တော်ကြာ ယုရဲ့အရီးတို့ လိုက်လာရင် ဘယ်လိုပြောမလဲ'

'မောင်က ယု အားလုံးစီစဉ်ပြီးတာပအေး၊ ယု သူငယ်ချင်းအိမ်မှာ အိပ်မယ်လို့ ပြောခဲ့ပြီးတာပ'

'ဒါဆို ဆရာကြီးကို မောင် ပြောလိုက်မယ် ယု'

'ရော်… ကောင်းတာပ'

ကျွန်တော် မရဲတရဲဖြင့် ဆရာကြီးထံကပ်၍ သတင်းပို့ရပါပြီ။ ဆရာကြီးကား ကျွန်တော်၏ဆုံးဖြတ်ချက်နှင့် ကျွန်တော် လက်ထပ်တော့မည်ဟု ပြောထားသည်ကို သိပြီး ကျွန်တော့် အတွက် ခွင့်ပြုပါသည်။ နောက်နေ့ ယုမိဘတွေထံ သွားရောက် တောင်းရမ်းမည်ဟု ကျွန်တော့် အားပြောကြားရာ ကျွန်တော်နှင့် ယု သဘောတူလိုက်ပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



'ဆရာကျော်၊ ဒီကင်းဘုတ်မှာ မင်္ဂလာညပေါ့၊ ဒါ... တင်မြတ်နဲ့ မိုးကျော်တော့ စားဖိုတဲမှာပဲ အိပ်ရတော့မယ်'

'ခွေးကောင်တွေ နောက်ဖို့ပဲ'

'ရှုပ်ရှုပ်မလုပ်နဲ့၊ ညလာချောင်းမှာဗျ'

'ဟုတ်တယ်၊ ဟုတ်တယ်၊ မုဆိုးကြီးကို မုဆိုးချော... လာချောင်းမှာပဲ ဆရာကျော်'

'လာချောင်းရင် ပစ်မှာပဲ'

'ဟား... ဟား... ဟား... ဟား...'

မိုးကျော်အောင်နှင့် တင်မြတ်တို့ နှစ်ယောက် စား... ဆောင်သို့အိပ်ရာလိပ်မ,ကာ သွားအိပ်ကြသည်။ ကျွန်တော... စိတ်မကောင်းပါ။ သို့သော်လည်း တစ်နေ့နေ့တစ်ချိန်ချိန် ဤ... သို့ ခွဲကြရမည်ဆိုသည်ကို ကျွန်တော် သိပြီးသား။

'မောင်ရယ်၊ ယု ဝမ်းသာတာပဲ'

'မောင်တို့ ကြားဖူးတာက သုံးနှစ်သုံးမိုး စောင့်စား... လက်ထပ်တယ်တဲ့'

'ရော်... မောင်က ယုကို မယုံတာပ'

'အဲဒီစကားက မောင်က ပြောရမှာ မောင့်ကိုယုံ... ယုရဲ့'

'ရော်... ယုံတာပအေး၊ ယုံလွန်းလို့ မောင့်ရင်ခွင်... အတင်းတိုးဝင်ခဲ့တာပ'

ကျွန်တော်၏ ခရီးကြမ်းအတွက် ပန်းကမ်းပေးသေ...

...။ ကျွန်တော် တပ်ရင်းရောက်ပြီး ငါက ရန်ကုန်ကို ခွင့်ပြန် ...ည်။ ကျွန်တော့်ဖေဖေလည်း ဝမ်းသာမည်သာ။ ကျွန်တော် ...ထောင်ပြုရန် ဖေဖေပြောခဲ့၏။ ကျွန်တော့်အတွက် စိတ်မချ ...သော အပြောတွေ စာတွေက ဝဲသည့် ဖြစ်နေသော ဖေဖေ ...းသာကျေနပ် စိတ်ချရမည်သာ။

ချစ်ဇနီးလေးယု၊ မိုးလင်းသည်နှင့် ကျွန်တော့်ရင်မှ ...ွက်ရပေဦးမည်။ သို့သော် ယုပြန်လာမည့်နေ့ ကျွန်တော်တို့ ...မော်ရှာသွားရန် လူကြီးစုံရာဖြင့် လက်ထပ်ခွင့် တောင်း ...ည်ဟူသော အတွေးတွေဖြင့် ယုကို ကျွန်တော်သည် တအား ...ွေးပွေ့ထားမိသည်။ ပြုံးသမျှ နုနေသောယု၊ ကျွန်တော်ချစ် ...သာယုအား ကြည့်ပြီး စဉ်းစားမိသည်။ သို့သော် စိတ်ခိုင်၏၊ ...တ်သား၏။ သို့အတွက်ကြောင့် စစ်သား၏ဇနီးလည်းဖြစ်သင့် ...သည်။ မုဆိုး၏အချစ်ကိုလည်း သမုဒယသံယောဇဉ်ဖြင့် တွယ် ...င်ရစ်ပတ်နိုင်ခဲ့ပါပြီ။

မနက်လင်းတော့ ယုပြန်သွားပါပြီ။ နောက်နေ့ သူ ...ိန်လာသည်နှင့် ကျွန်တော့်အတွက် ဆရာကြီးနှင့် စီအူးရှာသူ ...ကြီးကိုယ်တိုင် လိုက်လံတောင်းခံပေးရန် ပြောမည်ဟု ဆုံးဖြတ် ...ားလိုက်မိပါသည်။

ယု ပြန်သွားသောအခါ ကျွန်တော်၏ ရင်တွေဟာ၍ ...န်ခဲ့သည်။ ဒီနေ့ တစ်ရက်၊ နောက်နေ့ဆို ယုပြန်လာမည် ...ားဟူသော အတွေးနှင့် ရင်အေးနေခဲ့ရာ နောက်နေ့မနက်စော

www.burmeseclassic.com

www.burmeseclassic.com



စော ကျွန်တော်တို့ စီအုံးရွာ၏ တောင်ဘက် မဘိန်းကားလမ်းကြီးအတိုင်း လှုံခြုံလှည့်ကင်း ထွက်ခဲ့စဉ်–

'ဆရာကျော်၊ ဆရာကျော်၊ ဟိုမှာ… ဟိုမှာလေ'

'ဟာ… ချေနှစ်ကောင်၊ တင်မြတ်၊ တင်မြတ် မပစ်ပါနဲ့ကွာ'

'ဗျာ'

'ဟေ့… ပြေးကြ'

'ဝေါက်… ဝေါက်… ဝေါက်'

'ဖြောက်… ဖြောက်… ဖြောက်'

ကျွန်တော်၏ လုပ်ရပ်ကြောင့် တင်မြတ် အံ့သြသွားသည်။ မုဆိုးတစ်ယောက် ခုတော့ ဘယ်လိုပါလိမ့်ဟု တွေးကာ ကြောင်တောင်တောင် ဖြစ်နေ၏။ ကျွန်တော် ပြုံးလိုက်၏။ တင်မြတ် သဘောပေါက်သွားပါပြီ၊ ဒီတော့မှ–

'ဟား… ဟား… ဟား… ဟား… ဟား… ဟား… ဟား… ဟား… ဆရာကျော်… ဆရာကျော်၊ ခုမှ စဉ်းစားမိတယ်၊ မိုးကျော်ရေ ခုမှ သမုဒယမုဆိုး ပီသတယ်'

'ဟုတ်တာပေါ့ကွာ၊ မင်းတွေ့တဲ့ ချေနှစ်ကောင်ဟာ အထီးတစ်ကောင် အမတစ်ကောင်ဆိုတော့ ဆိုတော့ပေါ့ကွာ။ ဟဲ… ဟဲ… ဟဲ… ဟဲ…'

မှန်ပါသည်။ ချေအထီးလေးနှင့် ချေအမတစ်ကောင်၊ ချေဆိုသော သတ္တဝါသည် အမနှင့် တွဲမနေကြ၊ တွဲနေပါက





ခိုက်လိုက်ချိန်မှသာ ရှိသည့်အတွက် ကျွန်တော်တို့ သူတို့၏ချစ်ခြင်းကို မခွဲရက်၍ မပစ်ခွင့်မပေးခဲ့သည်ကို သူတို့ သဘောပေါက်သွားသည်။

အပြန်လမ်းတွင် ဒရယ်တစ်ကောင် တွေ့ပြန်သည်။ ဤတစ်ကြိမ်မှာတော့ ကျွန်တော် မတားပါ။ ဒရယ်အား တင်မြတ်ပစ်၍ ရရှိခဲ့သည်ကို ကျွန်တော် မသိကျိုးကျွံနေခဲ့ပါသည်။ ကျွန်တော်တို့ တပ်စိတ်စခန်းသို့ ပြန်ရောက်တော့ ဆယ်နာရီခွဲပါပြီ။ ဒရယ်ရသည့်အတွက် စခန်းတွင် ဝမ်းသာနေကြ၏။ ကျွန်တော်၏ ရဲဘော်တွေ ဒရယ်အား ဝိုင်းဖျက်နေစဉ်–

'ဆရာကျော်'

'အေး'

'ဒီနေ့ ယုလာမယ် ထင်တယ်'

'အေးကွ၊ သူ ဒီနေ့လာမယ်လို့တော့ ပြောသွားတာပဲ'

'ရွာလူကြီးကော ပြောပြီးပြီလား'

'မပြောရသေးဘူးလေ၊ ယုလာပြီးမှ စီစဉ်မယ်လေ'

'ဟုတ်တာပေါ့ တင်မြတ်ရ၊ ယုက ဘယ်လိုစီစဉ်ခဲ့မယ်ဆိုတာမှ မသိရသေးတာ'

'အေးလေ… ဆရာကြီးကိုလည်း ငါပြောထားတယ်၊ ယုလာမယ်ဆိုတဲ့အကြောင်းပေါ့'

'ဆရာကျော်'

'အေး…'



www.burmeseclassic.com

www.burmeseclassic.com



'လက်ထပ်ခွင့် တင်ရမှာပေါ့'

'တင်မှာပေါ့ကွ၊ ကားကြုံနဲ့ ဆရာကြီး တင်ညွန့်ထံ လက်ထပ်ခွင့်ပုံစံ တောင်းလိုက်မယ်လေ'

'ဆရာကျော်ရဲ့ အစီအမံတွေကတော့ တန်းစီနေတာပဲ'

ကျွန်တော် ဘာမျှမပြောတော့ပါ။ ကျွန်တော့်ရင်ထဲမှာ သူများတွေပြောသလို ကုလားဘုရား လှည့်နေပြီလားမသိ။ တဒိန်းဒိန်း တဒိုင်းဒိုင်း ဆူညံနေသော ဆိုင်းသံတော့ မဟုတ်ပါ။ နှလုံးခုန်သံတွေ၊ မသိမသာ သတိထားလို့ အိတ်ဝကို မျှော်ရသည်ကလည်း မသက်သာလှ။

'ဆရာကျော်မင်း၊ ဆရာကျော်မင်း'

'ဟေ… ငါဒီမှာကွ၊ ဘာကိစ္စလဲ ဉာဏ်ထွန်း'

'ဩော်… စာလာလို့'

'ဟေ'

ကျွန်တော် လန့်သွားသည်။ စောစောက စီအူး၊ ဗန်းမော်ပြေးဆွဲသည့် ကားဂိတ်ဝမှာ ဆိုက်သံကြားမိ၏။ ထိုကားဖြင့် စာပါလာတတ်သည်။ သို့သော် ကျွန်တော် မျှော်စရာမရှိပါ။ ယုထံက စာလာမည့်ရက်မဟုတ်သေးသည်မို့ ဘယ်ကစာပါလိမ့်ဟုတွေးကာ စာအိတ်ကလေးအား ကြည့်လိုက်တော့မှ ရဲမြင့်လေးဆီမှ စာဖြစ်နေသည်။

*ဆရာကျော်*

*မယု မနေ့ကပဲ သင်တန်းတက်ရန် ဗန်းမော်မှသဘော်ဖြင့် ပါသွားပါပြီ။ ဟိုရောက်မှ စာထည့်မယ်ဟုလည်းပြောပါသည်။ သူ၏အဖေ ကိုယ်တိုင်လိုက်ပို့ကြောင်း ကျွန်တော် ဆရာကျော်ထံ အကြောင်းကြားပါသည်။*

*ချစ်ခင်စွာဖြင့်*

*ညီလေးရဲမြင့်*

*ဗန်းမော်*



'ဆရာကျော် ဘယ်ကစာလဲ'

'ရဲမြင့်လေးထံကပါ၊ ယု သင်တန်းတက်ဖို့ ရန်ကုန်ကို ထွက်သွားပြီတဲ့'

'ဗျာ…'

'အေး… သူ့အဖေကိုယ်တိုင် လိုက်ပို့တယ်တဲ့၊ ဒီတော့ သူ့ဘဝအတွက် အေးလေ… ဖြောင့်ဖြူးသော သာယာသော ဘဝဖြစ်ပါစေလို့ပဲ ဆုတောင်းရတာပေါ့ကွာ'

မိုးကျော်အောင်တစ်ယောက် ကျွန်တော့်စာ ယူကြည့်ပြီး စိတ်မကောင်းပါ။ မယုနှင့် သူတို့ ခင်မင်ကြသည်။ နောက်တစ်ခု မိုးကျော်အောင်၏ ချစ်ရသူ မခင်ဝင်းလေးနှင့်လည်း မယုတို့ ခင်မင်ကြသည့်အပြင် ဓာတ်မီးကုန်းရပ်ကွက်တွင် အတူနေထိုင်ကြသူတွေ၊ နောက်တစ်ခု ကျွန်တော်နှင့် မယုတို့၏ ချစ်ခြင်းကို သိပါသော်လည်း မယု၏ ဖခင်ကြီးမှာ ခက်ထန်လွန်းသောကြောင့် တစ်နေ့ဆိုသောအသိက မိုးကျော်အောင်နှင့် မောင်မြစ်

www.burmeseclassic.com



တို့ ကြိုတင်တွက်ပြီးသား’

ယခုတစ်ဖန် ယုဆိုသော တောသူမလေး၏ မယုနှင့်တစ်ထေရာတည်းတူသောကြောင့် သူတို့တစ်တွေ ကျေနပ်ကြသည့်အမြင် ထူးဆန်းသော နှစ်ဖူးစာဖြစ်သည့်အတွက် တအံ့တသြလည်း ဖြစ်ကြရသည်။ ကျွန်တော့်အား ကုသိုလ်ကောင်း၏။ ငါးသိုင်းလွတ်သော်လည်း ငါးကြင်းရသည်ဟုပင် နောက်ခဲ့ကြပြီး ဝမ်းသာဂုဏ်ယူနေကြ၏။

လူတူမရှား၊ နာမည်တူမရှားတဲ့၊ ခုကျွန်တော် တွေ့သူမှာ တကယ်ပင် လူချင်းတစ်ပုံစံတည်း တူ၏။ တောသူမလေးဖြစ်လင့်ကစား အသားဖြူဆွတ်နေသည်မှ လွဲ၍ မထူးခြားလှ။ အရပ်အမောင်း အလုံးအထည် တစ်ရှယ်တည်းပင်။ နာမည်ကိုလည်းကြည့်၊ ဗန်းမော်သူမှာ မသိန်းသိန်းယု၊ စီမော်ရွာသူကလေးမှာကား နန်းခင်ယု၊ စကားပြောသောအခါ ယု… ယုဖြင့်တယုတယ ပြောတတ်ကြသည့်အပြင် ပါးချိုင့်ကလေးတွေ နီနီရဲနေသော ပါးပြင်ဝယ် နေရာယူသည်မှအစ တူညီနေကြသည်မှာ မအံ့သြဘဲ မနေနိုင်တော့ပါ။

‘ဆရာကျော်’

‘ဟော… လာပြန်ပြီ၊ ဘယ်ကလဲ’

‘မောင်ဉာဏ်၊ ဘယ်ကလဲ’

‘မသိဘူး၊ ရွာသားတစ်ယောက် လာပေးတာ၊ ဒီမှာ ဆေးလိပ်တစ်လိပ်’



‘ဘာဆေးလိပ်လဲ’

‘မသိဘူးလေ’

စာလေးတစ်စောင်နှင့် ဆေးပေါ့လိပ်ကလေး တစ်လိပ် ကျွန်တော့်လက်ထဲထည့်ပြီးနောက် မောင်ဉာဏ်ထွန်း ဂိတ်ကင်းသို့ ပြန်သွားပါပြီ။ ကျွန်တော် ဘာမှန်းမသိသော ဆေးပေါ့လိပ်နှင့် စာကလေးအားကိုင်ရင်း အဓိပ္ပာယ်ရှာမရ၍ စာကလေးကို ဖွင့်ဖောက်လိုက်သည်တွင်–

*‘မောင်…*

*ယုစာရေးလိုက်ပါတယ်၊ မောင့်ကို သနားဝါတယ်မောင်၊ ယုရဲ့ မိဘတွေက စိုင်းမောင်မောင်နဲ့ မနေ့က လက်ထပ်ဖို့ တစ်ရွာလုံးကို လက်ကမ်းတယ်၊ မိန်းကလေးတွေအတွက် ယွန်းကမ်းတာပ၊ လူပျိုတွေအတွက်တော့ ဆေးပေါ့လိပ်ပေါ့ မောင်’*

‘ဟာ… အို… ယုရယ်၊ ဘယ်လိုဖြစ်တာလဲကွယ်၊ မောင်… မောင့်ကို ဘယ်လိုပြုစားရတာလဲ အချစ်ရယ်’

*မောင်ရေ ဒီနေ့ ယုနဲ့ စိုင်းမောင်မောင်တို့ လက်ထပ်ရပြီလေ။ အဘရဲ့ဆန္ဒအတိုင်း ယု မလုပ်လို့မရဘူးတဲ့၊ စိုင်းမောင်မောင်နဲ့ ယုတို့ကို ယေ်ယေ်တည်းကစေ့စပ်ထားတာ ယု မသိဘူးပါ မောင်၊ သိရတဲ့ရက်က မောင်တို့ရွာက ပြန်တဲ့ရက်ပေါ့၊ ဘာပဲဖြစ်ဖြစ် ယု မောင့်ထံကိုအရောက် လာပြီးပြောမလို့ပါ၊*

www.burmeseclassic.com

www.burmeseclassic.com



ပြောမထွက်ခဲ့ဘူး မောင်ရယ်။

ခုတော့ ယုလေ မောင့်ကို ချစ်လွန်းလို့ ရှိုက်ကြီးတငင် ငိုခဲ့ရပါတယ်။ မောင့်ရင်မှာခိုဝင်ခဲ့ရတဲ့ တစ်ညတာဟာ ယုဘဝ အတွက် အလှကမ္ဘာပါပဲ၊ ယု ဖန်းမော်မှာ ကျောင်းနေခဲ့တာပ၊ မသိန်းသိန်းယုကို ယု သိတာပေါ့၊ နောက်ဆုံးတော့ မောင့်ကို လေ ချစ်လျက်နဲ့ မသိန်းသိန်းယုရဲ့လက်ထဲကို ပြန်ထည့်ခဲ့ပါ ပြီ။

လွမ်းလိုက်တာ မောင်ရယ်၊ ယု အရမ်းလွမ်းတာပဲ၊ မောင့်ဘဝနဲ့ မောင့်အလှကမ္ဘာမှာ မသိန်းသိန်းယု ရှိနေခဲ့ပေမယ့် ပေဘဒီက တောသူမ မိယုဘဝမှာတော့ အို... မပြောရဲ၊ မတွေးရဲတော့ပါဘူး ရှင်ရယ်'

မိယုလေ... မိယု မောင့်ရင်ခွင်မှာ တစ်ညတာကို တစ်ဘဝတစ်ခါမဟုတ်၊ ဆယ်ဘဝ ဆက်တိုင်းဆက်တိုင်း နားခို ပါရစေလို့ ယု ဆုတောင်းရင်း မင်္ဂလာဖိတ်စာအဖြစ် ယုတို့ရဲ့ တောခလေ့အတိုင်း ဆေးလိပ်ကမ်းလိုက်ပါတယ် မောင်။

ဩ်..မောင်ရေ၊ ကိုမိုးကျော်အောင်တို့၊ ကိုတင်မြတ် တို့ပြောတဲ့စကား ကြားနေမိပါတယ် မောင်၊ဘာတဲ့ 'သမုဒယ မုဆိုး'တဲ့ မောင်၊ မောင့်နှလုံးသားတွေဟာ သမုဒယ အပြည့် အဝနဲ့ ယုဘဝကို လှစေခဲ့ပါတယ်၊ သာယာစေခဲ့ပါတဲ့ မုဆိုးကြီး ရဲ့ အသည်းနှလုံးကို ယု... ယုလေ မခွဲရက်ပါဘူး၊ ခုတော့ သမုဒယ မုဆိုးကြီး မောင်ရေ၊ ယုဘဝတော့ အို... မောင်ရယ်၊



လွမ်းလိုက်တာ။

မောင်... ယုနဲ့အတူတူ ဆယ်တန်းတက်ခဲ့တဲ့ သိန်း သိန်းယုထံ ပြန်ပါတော့ကွယ်လို့ နောက်ဆုံးစကား နှလုံးသား တွေ ကြေမွစွာနဲ့ သိန်းသိန်းယုအပေါ် မိယု သစ္စာမဖောက်တော့ ပါဘူးမောင်လို့ မှာကြားရင်းက လွမ်းချင်းချလို့ ထာဝရငိုနေပါပြီ မောင်။ ဩ်... 'သမုဒယမုဆိုးကြီး မောင်'ရေ၊ လွမ်းလိုက် ရတာ ရှင်ရယ်၊ ခွင့်လွှတ်ပါတော့လို့ တောင်းပန်ရင်း တစ်ည တာ နားခိုခဲ့ရတဲ့ မေတ္တာကမ္ဘာလေးကို တမ်းတမ်းတတ လွမ်း မျက်ရည်ကျလျက်ပါ မောင်ရယ်'

မောင် အပျိုဘဝမှာ မောင့်ရင်ခွင်မှာ ခိုနားခဲ့ရပေမယ့် အအိုဘဝဆိုတော့ သစ္စာဖောက်လို့ မဖြစ်တော့တာမို့ မေတ္တာ ကမ္ဘာပျောက်ခဲ့ရတဲ့ အချစ်ဆိုတဲ့ ချစ်စကားလေးတွေ မကြားရ တော့ပါဘူးရှင်၊ ကြားချင်ပေမယ့် မကြားရတော့ဘူး၊ ခိုင်မောင် မောင်က ယုကို ချစ်ပါတယ်လို့ ပြောလာရင်လည်း ယု... ယုတော့လေ ချစ်တယ်လို့ ပြန်မပြောတော့ဘူးမောင်၊ ယုချစ် တယ်လို့ဆိုခဲ့တဲ့စကား မောင့်ရင်ခွင်ထဲမှာ ထားခဲ့ပါပြီ၊ ဒီဘဝ အတွက်တော့ ဒီမျှပဲပေါ့ မောင်ရယ်၊ ယု ငိုနေပါတယ်၊ လွမ်း နေပါတယ်၊ တမ်းတနေပါတယ်ဆိုတာ မောင် ယုံပါတွယ်လို့ နောက်ဆုံး နှုတ်ခွန်းဆက်သလိုက်ပါတယ် မောင်ရယ်။

မောင့်ရင်ခွင့်ပန်းကလေး ခုတော့ အလွမ်း[illegible]နဲ့ နွမ်းကြေအက်ကွဲ အသည်းတွေကြေသွားပါပြီလေ...

www.burmeseclassic.com

www.burmeseclassic.com



*အလွမ်းလေးတွေနဲ့ ဖန်းကလေး ကြွေသွားပါပြီ ရှင်ရယ်။*

*ယုဆိုတဲ့ နန်းခင်ယု*
*မောင့်ချစ်သူ*

ကျွန်တော့်ရင်တွေ ပူလောင်နေပါပြီ။ ချစ်ကံခေသော ကျွန်တော့်ဘဝအတွက် အံခဲ၍မရတော့ သောကဝေဒနာကို အဖြေရှာမရ၊ ကျွန်တော် ရရှိခဲ့သည်မှာတော့ မိန်းကလေးနှစ်ယောက်စလုံး မိဘစကားနားထောင်သွားကြပြီကောဟု တွေးမိပြီး–

'မိုးကျော်နဲ့ တင်မြတ်'

'ဗျာ...'

'ဟုတ်ကဲ့'

'အေး... မနက်က ချေမောင်နဲ့အတွက် ငါ ခွင့်လွှတ်ခဲ့တယ်၊ မင်းတို့ မကျေနပ်ကြပါစေ၊ ငါကျေကျေနပ်နပ် ချမ်းသာခွင့်ပေးခဲ့ပါတယ်။ ငါလည်း သမုဒယမုဆိုးအမည်ပဲ ခံချင်တယ်၊ ရက်စက်ယုတ်မာတဲ့ မုဆိုးအဖြစ် လက်မခံချင်ဘူးကွာ'

'ခုတော့ မိုးကျော်နဲ့ တင်မြတ်ရေ၊ ငါဆိုတဲ့ သမုဒယမုဆိုးမှာဖြင့် ဘယ်ဘဝက ဘယ်အငြိုးတွေကြောင့် ဒီဘဝမှာလာပြီး သောက ဝေဒနာတွေကို ဘယ်အထိ သယ်ပိုးသွားရမှာလဲလို့ ဟောဒီက သမုဒယမုဆိုး လောကြီးကို အော်ဟစ်လို့မေးလိုက်ချင်တယ်ကွာ'

'ဟူး... ဪ... ဆရာကျော်ဆိုတဲ့ သမုဒယမုဆိုးအဖြစ်ဆိုးလိုက်ပါဘိဗျာ'

မိုးရကျော်အောင်၏ တီးတိုးစကား ကျွန်တော် မကြားတစ်ချက် ကြားတစ်ချက်၊ လောကကြီးသည် ရက်စက်သည်လား၊ မေတ္တာ့ကံမဲ့တဲ့ ကျွန်တော့်ဘဝသည်သာ ဒေါသအမျက်ထွက်ရမည်လား မသိတော့ပါဟု တွေးရင်း ငေးရင်း။ ။

*(၁၉၆၄ ခုနှစ်၊ ဇန်းမော်သူ ယုတစ်ယောက် သူနာပြုသင်တန်း တက်ရောက်သွားခြင်း၏ နောက်ဆုံးအလွမ်းနှင့် စီအူးတပ်စခန်းအား အမှတ်တရမှန်း၍ သမုဒယမုဆိုး၏ တမ်းခြင်းတစ ခံစားမှု။)*

မင်းရဲကျော်



www.burmeseclassic.com